
# ခိုင်ဇင်သက်

## ရှာလွှန်းတဲ့မိုး





ခိုင်ဇင်သက်

# ရွာလွန်းတဲ့မိုး

ဖြန့်ချိရေး
ရန်ပိုင်ဦးစာပေ
စာဘူး၊ ၁၃၁ဖ၊ ဗဟိုစာတိုက်ကြီး
ရန်ကုန်မြို့

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၁၆၃၄/၂၀၀၃ (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၁၅၀/၂၀၀၄ (၂) |
| တန်ဖိုး | - | ၂၃၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါ |



မျက်နှာဖုံးပုံနှိပ် -------- ဦးတိုးဝင်း
(နေလရောင်အော့ဖ်ဆက်)
(ဝ၂၄၃၁) အမှတ် (၉၆/ခ)
(၁၁) လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် -------- ဦးဝင်းအောင်
သန်းထိုက်ရတနာပုံနှိပ်တိုက်
(ဝ၅၁၃၁) အမှတ်(၈၄/၈၆)၊
လမ်း (၅၀)၊ ၁ ရပ်ကွက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။



ထုတ်ဝေသူ　ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေတိုက်)
(၀၁၆၉၂)၊ ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။



## ဒို့တာဝန်အရေး ၃ ပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် ၄ ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် ၄ ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် ၄ ရပ်

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ခိုင်ဇင်သက်

# " ရွာလွန်းတဲ့မိုး "

# " ရွာလွန်းတဲ့မိုး "

အခမ်းထဲမှာစာဖတ်ရင်း မျက်စေ့ညောင်းလာသည်မို့ ေ့တစ်ဆုံးမျှော်ကြည့်မိပါသည်။ နောက်ဖက်လမ်းရှိ နှစ်ထပ် တိုက်ရဲ့ခေါင်မိုးတွေကို မြင်နေရတယ်လေ. . .။ လသာသည့် ာတွေဆို ပိုပြီးသာယာပါတယ်။ ကြည်နူးစရာလည်း ကောင်းတာ ပေါ့ . . .။ အခုလို လမိုက်ရက်မှာတော့ မီးရောင်တွေသာ ကြီးစိုးဆဲ . . .။

" ကိုဆင့် . . . အမလေးကွာ . . . မင်းလိုလူချည်းသာဆို ငြ်ပလောကကြီးက ပျင်းစရာကြီးဖြစ်တော့မှာပေါ့. . . လာပါကွာ . . . လက်ဖက်ရည်လိုက်တိုက်ပါ သူဌေး သားရယ်. . ."

အဆောင်မှာအတူရှိနေကြသူတွေထဲမှာ ကိုဟန့် ကိုတော့ ခင်ပါတယ်။ ပျော်တတ် နောက်တတ်ပြီး စိတ်ရင်း ကောင်းပါတယ်။

ရန်ပိုင်ဦးစာပေ

တခါတခါ သဘောကောင်းလွန်း၍သူငယ်ချင်းတွေ ခေါ်သမျှ မညည်းမညူလိုက်တာ ငွေကိုရေလိုသုံးနေတာတော့ ကျွန်တော်မကြိုက်။

" လာပါကိုဆင့်ရာ . . . ခုမှအစောကြီးရှိပါသေးတယ် . . . စာတွေချည်းဖတ်နေရင်း . . . ကိုဆင့်မျက်မှန်ပါဝါပိုတက်လာပြီး ပုလင်းဖင်ဖြစ်လာလိမ့်မယ် . . . "

စာအုပ်ကို စားပွဲပေါ် တင်လိုက်တယ် -

ပြီးတော့ နံရံမှာချိတ်ထားသည့် ရှပ်အင်္ကျီကိုယူဝတ်လိုက်တယ် . . . ။ အခန်းမီးကို ပိတ်လိုက်ပြီး ဘယ်ဆိုင်သွားမလဲ ကိုဟန် . . . ။

" ထုံးစံအတိုင်း လဝန်းသစ်မှာ သွားထိုင်ရအောင် "

နှစ်ယောက်အတူလျှောက်ခဲ့တော့ . . . သူ့ထက်စာ အရပ်ပုသော ကိုဟန်က မော့ကြည့်ပြီးစကားပြောပါတယ်။ ကိုဟန်က သာမန်ထက် အရပ်ပိုပုတာရယ်၊ ကျွန်တော်က သာမာန်ထက် အရပ်ပိုရှည်တာရယ် . . .၊ အတူတွဲသွားကြရင်ရယ်စရာ လိုလိုနှင့် အဆင်မပြေ။

" ကိုဆင့် ဘာပြုံးတာလဲ "

" ကျွန်တော်နဲ့ ကိုဟန့်ကို တဖက်ခမ်းက အန်တီညိုက အိုင်တီအစ်လို့ခေါ်တာလေး အမှတ်ရလို့ပါ. . . "

" ခင်မင်မှုဆိုတာ အရပ်နဲ့မဆိုင်ဘူးလေ ကိုဆင့်ရဲ့

ဲ့လိုဘဲ အချစ်လည်း အတူတူပေါ့ . . . အရပ်အပုအရှည်
ဆိုင်ပါဘူး . . . ကျွန်တော်ပုပေမယ့် အရပ်ရှည်တဲ့
ကောင်မလေးနဲ့ ချစ်ချင်လဲ ချစ်နိုင်တာပေါ့ . . . ကိုဆင့်
အရပ်အရှည်ကြီးနဲ့ ပုပုကောင်မလေးလဲ တွေ့နိုင်တယ် . . .
းစာဆိုတာ ကြိုမြင်နိုင်တာလိုက်လို့ . . . ”

လက်ဖက်ရည်ဆိုင်လေးက လူစည်နေဆဲ။

စားပွဲထိုးကောင်လေး အာကာရဲ့အော်သံက ပိုတောင်
ရှကျယ်လောင်နေသေး. . . ။ ကိုမန်က ထုံးစံ အတိုင်းကျစိမ့်
စ်ခွက်မှာတယ်လေ. . . ။ ဘာစားရ ကောင်းမလဲ . . .
ချိန်ကြမှ ပေါက်စီလည်းမစားချင်. . . ။

မွှေးပျံ့သောရနံ့ကိုရတယ် . . .

စပယ်ရနံ့လို့သေချာသိတာပေါ့ . . . ရွှေငွေပန်းတွေရဲ့
နံ့လဲပါတယ်။

လှည့်ကြည့်တဲ့အခါ ခပ်လှမ်းလှမ်းမှာ လျှောက်လာ
နေတဲ့ ပန်းသည်ကောင်လေးကို မြင်ရတယ် . . . ။ ပန်းကုံး
တွေက အများကြီးပါဘဲ . . . ။

“ ကိုဆင့် ပန်းဝယ်မလား . . . ”

ကျွန်တော် အိမ်မှာတော့ ကျွန်တော်သာ အိမ်ထောင်
ီးစီး ကျွန်တော်သာ အိမ်ရှင်မ မဟုတ်လား . . . ။

သည်တော့ ဘုရားစင်မှာ ပန်းလဲလဲကျွန်တော် ရေချမ်းကပ်လည်းကျွန်တော် ဆွမ်းတော်ကပ်လည်း ကျွန်တော်ပါဘဲ။ ကျွန်တော်မှ မဖြေရခင် ကိုဟန်ကပန်းသည်လေးကို လှမ်းခေါ်ကာ စပယ်ငါးကုံးဝယ်လိုက်တယ် . . .။

သည်အခိုက်မှာ တဖက်ဝိုင်းက ကောင်မလေးကလည်းပန်းဝယ်တယ်လေ. . .။

" ကိုဆင့် . . . အဲသည့်ကောင်မလေးက အောက်ဆုံးထပ်ကို ပြောင်းလာတာ . . . သူလဲ အမြဲလိုဘုရားပန်းဝယ်တတ်တယ် . . . ပုပုသေးသေး ချစ်စရာလေးနော် . . . "

" တိုးတိုးပြောပါ . . . ကြားသွားပါဦးမယ် ကိုဟန်ရယ် ကိုဟန်ဘဲ တိုက်တတိုက်လုံးရဲ့ အပြောင်း အရွှေ့ လူပိုလူလိုစာရင်းတွေသိနေတယ် . . . ကျွန်တော်ဖြင့် မသိပါဘူး. . . "

" လေ့လာရတယ်လေ ပတ်ဝန်းကျင် လေ့လာမှုဆိုတာ လူတိုင်းရှိသင့်တယ် . . . "

" ဒါဆိုလဲ ကိုဟန်ဘဲ လေ့လာပါတော့ဗျာ . . . ကျွန်တော်ဖြင့် စိတ်မဝင်စားပါဘူးကိုဟန်ရာ . . . "

" ကိုဆင့်ဆီက ကျွန်တော် စိတ်ဝင်စားတယ် ကိုဟန်ဆိုတဲ့ စကားတခါမှ မကြားဖူးဘူးဗျာ . . . ဘယ်တော့ များမှကြားရမလဲကြားချင်တယ် . . . "

ကျွန်တော်ပြုံးမိတယ် . . .

ရန်ပိုင်ဦးစာပေ

မြှားနတ်မောင် အိပ်ပျော်နေတယ်လို့ဘဲဆိုဆို . . . ဖူးစာရှင် မမွေးသေးဘူးဘဲပြောပြောရတယ်လို့ ကိုဟန့်ကို ပြန်ပြောမိတယ် . . . မချစ်တတ်သေးဘူးဆိုတာ ချစ်ဖို့ အချိန် မရောက်သေးဘူးလို့ ပြောလို့ရပါတယ်. . .။

" ကိုဆင့် . . . ကျွန်တော် မနက်ဖြန်ခါ မြို့ပြန်ဦးမယ် . . . အမေ့ဆီ ငွေပြန်ယူမယ်လေ . . . "

" ကိုဟန့်ကို ညီအစ်ကိုလိုခင်လို့ပြောတာ . . . ကိုဟန့် အမေက ငွေကြေး အဆင်ပြေတယ်ဆိုပေမယ့် . . . သူ့ခမျာ မုဆိုးမတယောက်က ရှာဖွေနေရတာ . . . ကိုဟန်အလုပ် မရခင် ငွေပြန်တောင်းနေရတာတွေကို ချွေတာ သင့်တယ်. . . "

ကျွန်တော်ကတော့ ဖေဖေချန်ထားရစ်ခဲ့တဲ့ ငွေတော်တော် များများ ဘဏ်ထဲမှာရှိပေမယ့် . . . အလုပ်ရှိနေတော့လည်း လခနဲ့လောက်ငအောင်သုံးတဲ့ အကျင့်ဘဲကျင့်တယ်လေ. . .၊ မိဘမရှိတော့တဲ့ အချိန် ကိုယ်အားကိုယ်ကိုး ရမှာဘဲ မဟုတ်လား။

❀ ❀ ❀

" ကိုမိုးဆင့်ဝေ . . . သဘက်ခါလောက် မော်လမြိုင် သွားရမယ် . . . မကွေးကိုတော့ ကိုဇော်အောင်တို့ လွှတ်မယ် အဲဒါ ခရီးသွားဖို့ အစစပြင်ဆင်ပါ . . . ပစ္စည်းတွေတင်ဖို့

ထုတ်ဖို့ အားလုံးအဆင်သင့်ပြင်ထားပါ . . . "

" ဟုတ်ကဲ့ ဦးလေးညို . . . "

မန်နေဂျာဦးညိုကခေါ်တယ် ဆိုကတည်းက ပစ္စည်းပို့ရမယ်ဆိုတာ သိပါတယ်။ ပစ္စည်းပို့တိုင်း ခရီးထွက်နေရတာ မဆန်း တော့ပါဘူး . . .။ အရင်တခါကဆို မူဆယ်ဖက်ထိ ရောက်လိုက်သေးတယ်။

" ဘာတဲ့လဲ ကိုဆင့် . . . "

" ခရီးထွက်ရမယ်လို့ ခေါ်ပြောတာပါ . . . မမစောရယ် . . . ဘာဟင်းချက်လာလဲ ကျွန်တော်တော့ ထုံးစံအတိုင်း ဘဲဥကြော်ဘဲ . . . "

" မိုးဆင့်ဝေ မိုးဆင့်ဝေ . . . နင်မစွံတာလဲမပြောနဲ့ . . . ကပ်စေးနဲတာကိုး . . . ကောင်မလေးတွေက ကပ်စေးနဲတဲ့ ကောင်လေးကို ကြောက်တယ်ဟဲ့ . . . "

" ကျွန်တော်က ကပ်စေးနဲတာမဟုတ်ပါဘူး . . . ချွေတာက . . . စည်းစနစ်ထားတာပါ . . . "

" အမယ် အမယ် . . . စကားကိုလှအောင် သုံးပြနေပြန်ပါပြီ . . . ကပ်စေးနဲက ကပ်စေးနဲပေါ့ . . . နင်နဲ့ငါ တမြို့ထဲမှာ နေလာကြတာပါ . . . မိုးဆင့်ဝေရယ် . . . နင့်မိဘဆုံးတော့ အမွေတွေ ဘယ်လောက်ကျန်ခဲ့တယ်ဆိုတာ ငါအသိဆုံး . . . ဘဏ်ကိုးနဲ့တင် . . . နင်အလုပ်မလုပ်ဘဲ

စားနိုင်တယ်ဆိုတာ ငါသိတယ် . . . အခုတော့ ချွေတာတယ် ချွေတာတယ်နဲ့ ဘဲဥစားလိုက် ကန်စွန်းရွက်ကြော်လိုက် လက်ဖက်သုပ်နဲ့ထည့်လိုက် . . . ”

“ မမစော . . . ကျွန်တော့်ကို အမွှေတွေအများကြီး အများကြီးလို့ ခဏခဏ မပြောနဲ့လေ . . . တော်ကြာအဟုတ် မှတ်နေကြဦးမယ် . . . ”

“ မဟုတ်လို့လား . . . ”

ကျွန်တော်ရယ်နေမိပြီ. . . ။

ဟုတ်နေပေမယ့် . . . မဟုတ်ဘူးလို့ဘဲ ပြောမိတယ်။ မြို့က အိမ်ကိုရောင်းပြီး ကန်တော်လေးမှာ တိုက်ခန်းတခန်း ဝယ်လိုက်တယ် . . . ခင်မင်တဲ့သူငယ်ချင်းတွေက အတူနေချင် ပါတယ်ဆိုတော့ သူတို့လဲနေစရာအဆင်ပြေအောင် သူလည်း ဈေးဘိုးရအဖော်လဲရှိ အခန်းလေးကို အဆောင်လို လုပ်ထား လိုက်တယ်။ အခန်းလေးခန်းမှာ နှစ်ယောက်တခမ်းနဲ့ လူ ရှစ်ယောက် ရှိလာတယ်လေ. . . ။

ကိုဆင့် ကျွန်တော့် အရင်းနှီးဆုံးသူငယ်ချင်းပါ အလုပ် မရခင် နေစရာခက်ခဲနေလို့ပါဆို တဖက်ခန်းမှာနေသည့် ဇေယျာ တောင်းပန်လွန်းလို့ . . . ကိုကိုဟန်ကို သူ့အခန်းထဲ ခေါ်ထား ခဲ့ရတယ်လေ. . . ။ အစကတော့ ကျွန်တော် တယောက်ထဲ တခန်းတည်းနေရတာ ပိုလွတ်လပ်ပါတယ်။

ခုတော့လည်း ကိုဟန်နှင့်က ညီအစ်ကိုလို ပြောမနာ ဆိုမနာ စိတ်တူနေခဲ့ပါပြီ. . .။

" မိုးဆင့်ဝေ . . . ထမင်းစားရအောင် . . . ပပကို သွားခေါ် . . . "

" မမစော ဖာသာ သွားခေါ်ပါ . . . အဲသည့် ကွန်ပျူတာခန်းထဲ ကျွန်တော် မဝင်ချင်ဘူး ဇာနည်နဲ့ သင်းသင်းဇော်က တမျိုးဘဲ . . . "

" ဘာတမျိုးလည်းဟဲ့ . . "

" ဟိုဗျာ . . . ပပနဲ့ ကျွန်တော့်ကို စချင်တယ်. . . "

" အမလေးဟယ် . . . ဘာများလည်းလို့ ကိုကိုရယ် . . . စတော့လည်း ချော်လဲရောထိုင်လိုက်ပေါ့ . . . ပပ့ကို ရတာများ နင်ကနာရသေးတယ် . . . သည်လောက်ချော သည်လောက်လှတဲ့ သစ်ခွပွင့်ကလေးလေ . . . လိုချင်တဲ့သူ ဝိုင်းဝိုင်းလည်နေတာ . . . သူဌေးရဲ့တူ . . . ဇော်မောင်မောင် ကတောင် ပပကိုသဘောကျနေတာ လူတိုင်းသိ ကောင်မလေး ကသာ . . . ကိုဆင့်မှ ကိုဆင့်ဖြစ်နေတာ . . . "

" မဟုတ်တာတွေ မမစောရာ . . . သူငယ်ချင်း အချင်းချင်း မျက်နှာပူပြီး မခေါ်ရဲမပြောရဲအောင် မလုပ် ပါနဲ့. . . သူငယ်ချင်းပါ . . . "

" ဒါဆို နင့်သူငယ်ချင်း နင်သွားခေါ် "

မမစောကတော့လေ . . .။

အဲသည့်ကွန်ပျူတာခမ်းလာရတာ မလွယ်။

ကောင်မလေး သုံးယောက်ရှိတယ်။

ပပကတကဲ့ကို အလှဆုံးပါ . . .။ လှတာနဲ့ဘဲ ချစ်ရရောလား . . .။

" ပပ . . . ထမင်းစားမယ်တဲ့ . . . "

" လာမယ် . . . ကိုဆင့် လာမယ် . . . "

" လာမယ် ကိုဆင့်တဲ့ . . . ချိုနေတာဘဲနော် သင်း . . . ကိုဆင့်အကြိုက်ဟင်းတွေလည်း . . . တနေ့တမျိုး မရိုးအောင် ချက်ရတာနဲ့ . . . "

သူတို့စကားတွေ မကြားအောင်နေပြီး အမြန်ပြန်လာခဲ့ရတာ။ မျက်နှာပူတယ်။ ပပက ကျွန်တော့်အပေါ် တကဲ့ကို ဂရုစိုက်မှန်း သိပါတယ်. . .။ ဒါပေမယ့် . . . ပပကို ကျွန်တော် မချစ်ဘူးဆိုတာ ကျွန်တော်နှလုံးသားကို ကျွန်တော် အသိဆုံးပေါ့. . .။

" ကိုဆင့် . . ဘာဟင်းလဲ . . . "

" ဘဲဥကြော် "

" ဘဲဥကြော်လား ကောင်းတယ် ပပကြိုက်တယ် . . . ပပဟင်းက ငါးသလောက်ဥ . . . ကိုဆင့်ဟင်းနဲ့ လဲစားရအောင် "

" ငါလည်းငါးသလောက်ဥ ကြိုက်ပါတယ်ဟဲ့ ပပရဲ့. . . "

" စားရမှာပေါ့ မမစောရယ် . . . "

ပပက စားရမှာပေါ့မမစောရယ်သာ ပြောတယ်။ ငါချိုင့်ထဲ ရောက်လာတာထက် မိုးဆင့်ဝေချိုင့်ထဲ ရောက်သွားပါရောလားတဲ့ ပပကတော့ ပြုံးနေတာပါဘဲ။ ပပနောက်ကွယ်ကြရင် မမစောကို ပြောထားရဦးမည် ကျွန်တော့်ဖက်က ဘယ်လိုမှ မချစ်နိုင်ပါဘဲ ပပမျှော်လင့်မနေစေချင်ပါ။ ပြောထားမှပါလေ . . .။

" မိုးဆင့်ဝေ မြန်မြန်စား . . . ဆိုင်တွေပစ္စည်းသွားပို့ရမယ် . . . "

" ကိုသက်စိုးကလည်းလေ . . . ကိုဆင့်နင်နေပါဦးဟယ် ဘယ်လိုဖြစ်ပြီး လောနေတာလည်း . . . ထမင်းလေးတော့ အေးအေး စားပါစေ . . . "

" ပပ နင်ဘာသိလည်း . . . ဆိုင်သွားရဦးမှာ . . . စား မိုးဆင့်ဝေ . . . "

ထမင်းစားလက်စကို ရပ်လိုက်ရတယ် . . .။

ပပကတော့ ကိုသက်စိုးတို့ အလိုက်မသိတတ်ဘူး . . .။ ထမင်းစားနေတုံး လာခေါ်ရတယ်လို့ . . . ကိုဆင့်ထမင်းဝရဲ့လား ဆိုပြီးရေတခွက်ငှဲ့ပေးပါသေးတယ်။ ပပရဲ့

ဂရုတစိုက် အပြုအမူတွေကို . . . နောက်ဆိုရှောင်မှ ဖြစ်တော့မယ် . . .။

" ကိုဆင့် ညနေအမီပြန်ရောက်ပါ့မလား . . . "

" ပြန်နှင့် ပပ . . . ကျွန်တော့်ကို စောင့်မနေနဲ့ . . . အလုပ်တိုက်ပြန်မလာဘူး . . . "

ပပနှင့်အတူ မပြန်ဖြစ်အောင်လည်း ဂရုစိုက်ရတော့မှာပေါ့ . . .။

ꕥ ꕥ ꕥ

" ရှင်းကျော် . . . "

" ရှင့် . . . "

" ထူးသံထားခဲ့ လူအရင်လာ . . . "

ခေါ်သံကြားကြားခြင်း ပြေးလာတာတောင် မီကာ မကြိုက်ချင် အနားရောက်လာတာနှင့် ခပ်လှမ်းလှမ်းမှာ ရပ်ရတယ်. . . မှီရှေ့ရောက်တယ်ဆိုရင်ကိုဘဲ ရင်မှာ တထိတ်ထိတ်နှင့် စိုးရွံ့နေရပြီ။ အနားလာခဲ့စမ်းဆိုပြီး လက်မောင်းကိုများ လိမ်ဆွဲလိုက်လေမလား . . . ။ ကျောပြင်ကို ဖြန်းခနဲဆို လက်ဖဝါးနှင့် ရိုက်လိုက်မလား . . .။

" သည်နေ့ နောက်ဆုံးချိန် မရှိဘူး . . . နာရီဝက်စောဆင်းမှာဆိုတော့ . . ဈေးဝယ်ခဲ့ ဝယ်ရမယ့် ပစ္စည်းတွေကို

ဒေါ်နီဆီမှာ စာရင်းတောင်းသွား . . . ဈေးဘိုးကိုလဲ စာရင်းနဲ့ ပြန်အပ်. . . "

" ဟုတ်ကဲ့ . . . "

" ဈေးဝယ်ပြီးတာနဲ့ ပြန်လာနော် သိပ်နောက်မကျစေနဲ့ ကြားလား . . . "

" ဟုတ်ကဲ့ . . . "

" ဒါဆိုသွား . . . ကိုယ့်ကားကိုယ်မောင်းနော် . . . သူများပေးမမောင်းနဲ့ . . . "

" ဟုတ်ကဲ့ . . . "

မျက်ဝန်းတို့ကို မော့မကြည့်ရဲလောက်အောင် ခံစားနေကြရင်ထဲက လှိုက်ဖိုမှုတွေ . . .။ မီ ရှေ့ကနေ ချက်ခြင်းကျော်ခိုင်းပြီး လှည့်ထွက်တာကို မီက မနှစ်သက်ပါဘူး။ ခပ်လှမ်းလှမ်းရောက်သည်အထိ ခြေလှမ်းတွေကို နောက်ဆုတ်ရပါတယ်ပြီးမှ လှည့်ထွက်ရတယ်။

အခန်းပြန်ရောက်တာနှင့် အဝတ်အစားလဲရတယ်။ ဘီရိုထဲမှာရှိသမျှ အဝတ်တွေမှာတထည်မှ ရှင်းကျော့ မကြိုက်ပါဘူး . . .။ ဘာလို့လဲဆိုတော့ အင်္ကျီလုံချည်တွေရဲ့ အရောင်တွေက တောက်ပလွန်းလို့ပါ။

ကြိုက်သည်ဖြစ်စေ

မကြိုက်သည် ဖြစ်စေ . . . မျက်ဝန်းရှေ့ရှိနေသော

အဝတ်တစုံကို ယူဝတ်နေကြဘဲ မဟုတ်လား။

မီဝယ်ပေးသော အဝတ်တွေကို ငြင်းပယ်၍ရသည်မှာ မဟုတ်တာ။

ဟိုးအရင်ကဆို မှီခြေသံကို ရှင်းကျော့အရမ်း ကြောက်တယ်။

အခုချိန်ကြတော့လည်း . . . မီ့ရဲ့ဘီးတပ် ကုလားထိုင် ရွေ့သံဟာ ရှင်းကျော့ကို စိုးထိတ်စေဆဲပါဘဲလေ။

“ မီးဖိုထဲမှာ စက်ရုပ်တရုပ်လို အသံတိတ်ရွေ့လျား နေသော ဒေါ်နီ့ဆီမှာ ဈေးစာရင်းဝင်ယူရတယ်။

“ကော်ဖီမစ်က စူပါဘဲဝယ် ကျန်တာတွေ မဝယ်ခဲ့နဲ့. . ”

“ ဟုတ်ကဲ့ . . . ”

တခါတခါတော့ ရှင်းကျော့ဆိုတာ လူစင်စစ်က ပုတ်သင်ညိုများ ဖြစ်နေပြီလားလို့ ကိုယ့်ကိုယ်ကိုတောင် ထင်မိတယ်။ ဘယ်သူက ပြောပြော . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ ဟုတ်ကဲ့နှင့် ခေါင်းဘဲငြိမ့်နေရတယ်။ ယူစရာပစ္စည်းအားလုံးလဲ စုံပြီး ကားပေါ်ရောက် စက်နှိုးမောင်းထွက်ခဲ့တော့ . . . ။

သည်အိမ်ရိပ်က လွတ်ရင်ပတ်ဝန်းကျင်မှာရှိတဲ့ လေတောင်မှာ ပိုပြီးလတ်ဆတ်သန့်ရှင်းလာသလိုပါဘဲ . . . ။

ဒါပေမယ့် မှာထားသော မှာလိုက်သောကိစ္စ အားလုံး ကတော့ မှားယွင်း၍မရပါ။

မီ့ကို အိမ်မှာနေနေပြီဘဲ-

ပြီးတော့ ဘီးတပ်ကုလားထိုင်ပေါ်မှာ နေရသော ဘဝရောက်ပြီလို့ အထင်သေးလို့ရသည်မှ မဟုတ်တာ . . .။

မိုကို မုန်းသလားလို့ ရှင်းကျော့ကိုမေးရင် . . .

မုန်းတယ်လို့ဘဲ မြန်မြန်ပြန်ဖြေမှာပါ။

ဒါပေမယ့်လေ . . .

အမုန်းမှာ အရိပ်တခုကရှိ နေပြန်ပါရော . . .။

" နောက်ကျလိုက်တာဟာ . . . ရှင်းကျော့တို့များ ကားနဲ့လာပေမယ့် ကားမောင်းရင် တိကျလွန်းတယ် . . ."

နော်နော်က စောင့်နေရရင်ခိုလိုပင် ပြောနေကြ။

ကားမောင်းရင် မြို့ထဲဘယ်လောက်မောင်း မြို့ပြင် ဘယ်လောက်မောင်း ဘယ်လိုမောင်းစသဖြင့် အနားမှာထိုင်ရင်း သင်ပေးခဲ့သော မိုပညာတွေက ရှင်းကျော့ကို ဘယ်လိုမှ ပြောင်းလဲခွင့်မပေးခဲ့ပါဘူး. . .။ ကားမောင်းတတ်ဖို့ အနား ကနေ လက်မောင်းကိုလိမ်လိုက် ခေါင်း ခေါက်လိုက်နဲ့ . . .။

မျက်ရည်တွေက ကျရလွန်းလို့ ခမ်းနေပြီလား။

" ရှင်းကျော့ . . . ယုဝေမလာသေးဘူး . . ."

ဒါဆို အခမ်းထဲသွား စောင့်မယ်လေ . . ."

" သည်ခုံမှာဘဲ ထိုင်စောင့်မယ် . . ."

" သည်နားက လူများပါတယ် . . ."

" လူများတော့ ဘာဖြစ်လည်း . . . ဘယ်သူကြောင့်

ရမှာလဲ ရှင်းသန့်ရယ် နင့်ကို ဒါတွေကြောင့် ယုဝေက အမြဲဆူတာ . . . လူလူချင်းဘာကြောက်စရာရှိလို့လဲ ကြည့်လိုက်ရင် တအုပ်နဲ့ မျက်နှာကပ်ပြီး ချောင်ကုပ်လူရှောင်ချင်နေတာ . . . ”

ပြော . . .

ပြောကြ . . .

ပြောကြပါစေတော့။ ကိုယ့်အကြောင်းကိုယ်အသိဆုံးပေါ့ . . .။ ရှင်းသန့်ကြောက်ပါတယ် . . .။ နော်နော့်ကိုလည်း ခေါ်လို့ရမှာမဟုတ်တော့ . . . သူ့ဘေးနား ထိုင်ခုံမှာပဲ ထိုင်နေရတယ်။ ပြောချင်လဲပြော စာအုပ်တအုပ်ကို ခေါင်းငုံ့ဖတ်နေလိုက်ရတယ်။

“ ရှင်းကျော့ . . . နင့်ရဲ့မီက ဘာမှာလိုက်သေးလည်း”

“ အပြန်ဈေးဝယ်ခိုင်းလိုက်တယ် . . . ”

“ ကောင်းတယ် ဒါမှ ငါတို့လဲလိုက်မယ် ”

“ သိပ်ကြာလို့မရဘူး နော်နော် . . . အချိန်နဲ့ပြန်ရမှာ င်လဲသိရက်နဲ့ အရမ်းနောက်ကျရင် မီ့ကိုကြောက်တယ် . . . ”

“ ရှင်းကျော . . . နင်ဘာလို့ မိထွေးကို သည်လောက်ကြောက်နေရတာလည်း . . . တကယ်ဆို နင့်အဖေလဲ ရှိတော့ဘူး . . . နင်အဲသည့်မီနဲ့ မနေဘဲ နင့်ဖာသာအဆောင် ာနေ နင့်ဘဝနင် ထူထောင်ပါလား . . . နင်ပြောတော့ င့်အဖေကနင့်အတွက် ထားခဲ့တဲ့ အမွေတော့်တော်များများ

ကလည်း နင်ဘွဲ့ရတာနဲ့ ရှေ့နေဆီမှာ အပ်ခဲ့ပြီးသားဆို . . . ငါ့သာဆို သည်လောက်ကိုယ့်ကို ဒုက္ခပေးနေတဲ့ မိထွေးနဲ့မနေနိုင်ဘူး. . . "

" ငါ့အကြောင်းနဲ့ ငါပါဟယ် . . . မီက မိထွေးဆိုပေမယ့် . . . ငါ့အပေါ် ကောင်းတယ် "

" ကောင်းတယ် ဟုတ်လား . . . ရိုက်ချင်ရိုက် ဆူချင်ဆူ . . . နိုင်လိုက်တာလဲလွန်ရော ကြောက်လိုက်ရတာလဲ အရမ်းဒါများ ဘာကောင်းမလဲ . . . "

" ဟော . . . ဟိုမှာ ယုဝေလာပြီ ယုဝေလာပြီ "

သည်တော့မှဘဲ နော်နော်ပြောနေသည့် မို့မကောင်းကြောင်းတွေ ခေတ္တရပ်သွားပါတယ် . . .။ ယုဝေကတော့ သူ့အမေ မောင်းပို့သည့် ကားပေါ်ကနေဆင်းလာတာ စည်ပိုင်းတလုံးလိမ့်ဆင်းလာသလိုပါဘဲ။ ယုဝေရဲ့ ဝဖြိုးလွန်းတဲ့ ခန္ဓာကိုယ်အတွက် ကောင်လေးတွေကတော့ နောက်စရာ အဖြစ်မကြားဘကြားရော၊ ကြားအောင်ရော ပြောနေကြတာပါ။

လူဆိုတာ အားနည်းချက်ရှိတယ်။

အားနည်းချက်က ခွင့်လွှတ်လို့ရတဲ့ အားနည်းချက်ရှိတယ်။ ခွင့်လွှတ်လို့မရတော့လောက်အောင် အမည်းစက်စွန်းသွားပြီ ဖြစ်တဲ့ အားနည်းချက်ရှိတယ် . . .။

နင်မိုက်မလို့လား . . .။

ပါးပြင်နှစ်ဖက်သည် ထူပူပြီး နှုတ်ခမ်းစွန်းတွေမှာပင် သွေးစတွေစွန်းထင်းခဲ့တယ်။

အံ့မုန်းရိပ်က ခုတော့. . .။

"ဟဲ့ ဩော် . . . ရှင်းကျော့သန့်စင် . . . ခေါ်လိုက် ရတာ . . . နင်ဟာလေ . . . ဘာတွေငိုင်နေမှန်းမသိဘူး . . "

"နော်နော်ကလဲ . . . ရှင်းကျော့က အိမ်မှာမိနဲ့ ဘာဖြစ်လာသလဲမှမသိတာ . . . ပြောမနေနဲ့ . . . လာ . . . အတန်းထဲသွားမယ် . . . ခုချိန်ကစ ဒေါ်ရှင်းသန့်စင် တယောက် . . . ရှေ့ရှိသမျှလမ်းမှာ ဘာတွေများရှိနေမလည်း . . . ခေါင်းငုံ့လျှောက်လာပါ တော့မယ် . . ."

မိုးရှေ့မှာ ခေါင်းငုံ့နေရတယ်. . .

မော့မကြည့်ရဲခဲ့ပါဘူး. . .။

အကျင့်ပါနေပြီဆိုဆို . . . လမ်းလျှောက်တိုင်း ခေါင်းငုံ့ပြီး ကိုယ့်ခြေလှမ်းရှေ့ အနည်းငယ်နေရာမှလွဲ၍ မကြည့်ရဲခဲ့ပါ. . .။

"ယုဝေ . . . ဒေလီယာတောင် ချစ်သူရသွားပြီနော် သူ့ကောင်လေးကလဲဟယ် သူ့အရပ်ရှည်ကြီးနဲ့မလိုက်ပါဘူး . . . ပုတယ် . . . ကောင်လေးက ပုပြီးကောင်မလေးက ရှည်နေတာမျိုး နော်နော်ဖြင့် အရမ်းမုန်းတယ် . . . ရှင်းကျော့ . . . နင်လဲချစ်သူရွေးရင် အရပ်ရှည်ရမယ်လို့ ဦးစားပေး

အချက်ထဲထည့် ရှင်းကျော့အရပ်က မြင့်တယ် အရပ်ပု ကောင်လေးနဲ့ဆို လုံးဝမလိုက်ဘူး . . . "

တော်ပါတော့

တော်ပါတော့ နော်နော် . . . ဘာကိုမှ ရှင်းကျော့ မကြားချင်ဘူး . . . အရပ်ပုတာတွေ အရပ်ရှည်တာတွေလဲ မသိဘူး . . .။ ချစ်သူဆိုတာလဲ မသိဘူး . . .။ တစ်ခါတခါ စိတ်မှာခံစား ချစ်သူဆိုတာလဲ မသိဘူး . . .။ တစ်ခါတခါ စိတ်မှာခံစားနေရတာ တွေဟာ ကြောက်တာနဲ့ ငိုချင်တာ တွေပါဘဲ။

❋ ❋ ❋

" မဝေ . . . "

" ရှင် . . . "

" သည်ပိတောက်ပန်းကို ဧည့်ခန်းစားပွဲမှာ ဘယ်သူ လာထားတာလဲ . . . သွား . . . လွှင့်ပစ်လိုက်စမ်း . . . ဘယ်သူလဲ . . . "

ဘယ်သူပါလိမ့် . . .

တကယ်ဆို . . . သည်အိမ်မှာ ပိတောက်ပန်းဆို ဘယ်တော့မှ အိမ်ပေါ်ယူမလာရတာကိုများ မသိတဲ့လူရှိနေ သေးသလား . . .။ ပိတောက်ပန်းကို ရှင်းကျော့နှစ်သက် ပါတယ် ဒါပေမယ့် ပိတောက်ပန်းကြောင့် ရှင်းကျော့လက်ကျိုး

ရပြီးကတည်းက သည်တစ်သက် သည်အိမ်မှာတော့ တောက်ပန်းဆို ယူလာဝယ်လာဖို့ စဉ်းစားရဲခြင်း မရှိခဲ့ပါ။

" ဟို ဟို . . . ကျွန်မ ညီမလေး မသိလို့ဝယ်လာပြီး ားမိတာနေမှာပါ . . . ကျွန်မလွှင့်ပစ်လိုက်ပါမယ် . . . င့်လွှတ်ပါ မမမီ . . . "

" နင့်ညီမကို အိမ်မှာခေါ်လာကတည်းက . . . ါဘာမကြိုက်ဘူးဆိုတာ ပြောထားပါလား . . . သူပန်းဝယ်လာ ကကိုတောင် မသိရအောင် နင်ကဘယ်သွားနေလဲ . . . စရာစားစရာအလုပ်မရှိလို့ ခေါ်ထားပါလို့ တောင်းပန်လွန်းလို့ င့်ညီမကိုငါခေါ်ထားပေးရတာ . . . ငါ့ကို စိတ်အနှောက် ယှက်ပေးတယ် . . . သည်လ သူ့ကို လခမပေးနဲ့ . . . ကြီးစောရော . . . သွားခေါ် . . . "

ဒေါ်ကြီးစောကတော့ မီရဲ့ အိမ်တော်ထိန်းလို့ပြောရ ပါဘဲ။ မီက ရှင်းကျော့တို့ အိမ်ရောက်လာထဲက ဒေါ်ကြီးစောပါ ါလာတာပါဘဲ။ တအိမ်လုံးရဲ့ အစားအသောက်ကအစ ရဲ့တိုင်ပင်ဖော်လဲ ဟုတ်ပါတယ်။

" ရှင်းကျော့ . . . သည်ပိတောက်ပန်းတွေ . . . ရဲ့အမြင်ဖက်သွားလွှင့်ပစ်လိုက် ခြံရှေ့ဝေးလေကောင်းလေဘဲ ားလား . . . "

" ဟုတ်ကဲ့ . . . "

ပိတောက်ပန်းတွေက အစွမ်းကုန် လှပမွှေးပျံ့ နေတာပါဘဲ . . .။ လွင့်ပစ်ရက်စရာ တကွက်မရှိ။ ဒါပေမယ့် မီမှ မနှစ်သက်တာ ဘဲလေ . . .။ ပိတောက်ပန်းတွေကို မီ ဘာလို့ မနှစ်သက်တာလဲလို့ ဒေါ်ကြီးစောကို ရှင်းကျော့ မေးကြည့်ဘူးတယ် . . .။

မသိချင်ပါနဲ့ ရှင်းကျော့ရယ် တချို့အကြောင်းတွေက မသိလေကောင်းလေပါဘဲ . . .။ ဒေါ်ကြီးစောကတော့ မီ့ကို ငယ်ထဲက အတူနေခဲ့တော့ ချစ်နေပြီ . . . သူ့ကို အပစ်ရှိနေတာတွေတောင် အပစ်မရှိဘူးလို့ ထင်ပေးရလောက်အောင်လဲ သနားနေမိပြီ . . .။ ရှင်းကျော့ကိုလဲ ဒေါ်ကြီးစော သနားပါတယ်။ မီနဲ့ ရှင်းကျော့ဟာ . . . တယောက်တမျိုး သနားစရာကောင်းတဲ့ . . . မြေစာပင်လေးတွေပါတဲ့ . . .။

တံခါးဖွင့်ပြီး ခြံရှေ့ရောက်တော့ . . . ဘယ်နားထိဝေးဝေးလွင့်ပစ်ရမလဲ နေရာရှာတယ်။

" သည်မှာ . . . သည်မှာ . . . "

" ဟင် ဘာလဲ . . . "

လန့်လိုက်တာ၊ သည်လူကို ခုနက မမြင်ပါလား။ ဘာလဲ ဘာကိစ္စရှိလို့လည်း . . .။ မျက်ဝန်းချင်းအဆုံ မျက်ဝန်းတွေ လွဲပစ်လိုက်တယ် . . .။ မြင့်မားလွန်းတဲ့အရပ်ကို ရုတ်တရက် မှတ်မိတဲ့အခါ နော်နော်ပြောတာ အမှတ်ရ သွားပါတယ်။

ရန်ပိုင်ဦးစာပေ

" သစ္စာလမ်းသွယ် (၂)က သည်လမ်းလားဟင် "

" မဟုတ်ဘူး . . . နောက်ဖက်က လမ်း . . . "

ပြောပြီးတော့ ပိတောက်ပန်းတွေကို လွှင့်ပစ်လိုက်ပြီး ခြံတခါးတွန်းဖွင့်ဝင်ခဲ့တယ်။

" ဟော့ . . . ဟော့ . . . ဟော့ . . . ပန်းတွေ ဘာလို့လွှင့်ပစ်ခဲ့တာလဲ . . . ဟော့ . . . ချာတိတ်မ . . . "

ခေါ်သံကနောက်မှာကျန်ခဲ့ပြီ ခြေလှမ်းတွေသုတ်သုတ် လှမ်းခဲ့တယ်။ သည်ခြံထဲမှာ နေရတာ မီ့ကြောင့် အသက်ရှူ ကျပ်တယ် ဆိုပေမယ့် သည်ခြံပြင်ကို ထွက်လို့တယောက်တည်း နေရဲတဲ့သတ္တိလည်း . . . ရှင်းကျော့မှာ မရှိပြန်ပါဘူး . . .။ စိမ်းနေတဲ့ လူတွေကို ရှင်းကျော့ ကြောက်ပါတယ် . . .။

" လွှင့်ပစ်ခဲ့ပါပြီ မီ . . . "

" အင်း . . . "

" မီရေ . . . လိုနေတဲ့ ဆေးတွေဝယ်ဖို့ ရှင်းကျော့ကို ခိုင်းလိုက်မယ် . . . "

" အေး . . . အေး . . . ဒါဆိုရင် ရှင်းကျော့သွား . . . အဝတ်လဲပြီး ကားအသင့်ထုတ်ထား . . . ဒေါ်ကြီးစော လာခဲ့မယ်"

အခမ်းဆီလျှောက်လာခဲ့ပြီ အပြင်ထွက်ရမည်ဆို ရှင်းကျော့ ပျော်လဲ ပျော်တယ် မပျော်လဲ မပျော်ဘူး . . .။

မီးရှေ့ကလွတ်ရင် လွတ်လပ်သွားပေမယ့် . . . ကြောက်စရာတွေကိုလဲ ရှင်းကျော့ ကြောက်နေတာဘဲမဟုတ်လား. . .။

" ရှင်းကျော့ . . . ခုနက ပိတောက်ပန်းတွေဘယ်မှာလွှင့်လိုက်လည်း . . . "

ခြံဝအရောက် ဒေါ်ကြီးစောမေးမှ ကမန်းကတန်းလွှင့်ပစ်ခဲ့တဲ့ နေရာကိုလဲကြည့်ရော ပိတောက်ပန်းတွေမရှိတော့ပါလား။ ခုနက လှမ်းမေးတဲ့ လူများယူသွားပြီလားမသိ။

" သည်နားမှာလွှင့်ပစ်ခဲ့တယ် "

" အင်း . . . ဘယ်အရာမှ တဖက်စွန်းရောက်တာမကောင်းဘူး . . . မီးဘဝပေးဟာ သနားစရာကောင်းပေမယ့်သူ့စိတ်က တဖက်စွန်းရောက်နေတာကတော့ လုံးဝ မကောင်းပါဘူး . . . ကိုယ့်စိတ်ကို ကိုယ်ဒုက္ခပေးရာ ရောက်ပါတယ်. . "

" မီးက ပိတောက်ပန်းကိုဘာ့လို့ သည်လောက်မုန်းပါလိမ့် . . . အကြောင်းတခုခုရှိရမယ် "

" ရှိတာပေါ့ . . . အကျိုးတခုဟာ အကြောင်းမရှိဘဲဖြစ်မလားကလေးရဲ့ . . . မီးဟာ သနားစရာကောင်းပါတယ် "

ဒေါ်ကြီးစော နှုတ်ဖျားမှ အမြဲလိုပြောတတ်တဲ့စကားဟာ မီးသနားစရာကောင်းပါတယ်ချည်းပြောနေကြပါဘဲ။ ဘာတွေ သနားစရာကောင်းမလည်းလို့တော့ ပြောလေ့မရှိပါဘူး။

" ဒေါ်ကြီးစောကတော့လေ . . . မီးကိုလဲသနားတယ်။

မှိုအနားမှာနေတဲ့ လူတွေလဲသနားတယ်။ မီက သူ့ဘဝသူ အပစ်တွေကာင် ဒေါ်သတွေများ အနားရှိတဲ့လူတွေက မြေဇာပင်ဖြစ် . . .အင်း . . . သည်ဒုက္ခတွေ ဘယ်တော့များမှ အဆုံးသတ်ပါမလဲလေ . . . "

" ရှင်းကျော့ကတော့ လူတွေအားလုံးကိုကြောက်နေပါပြီ ဒေါ်ကြီးစောရယ် . . . "

" လူတွေမှာလဲ လူကောင်း လူဆိုးရှိကြတာပါဘဲ . . . ဆိုးတဲ့လူနဲ့တွေ့ဖူးတာနဲ့ဘဲ လူတိုင်းကို လူဆိုးလို့ မှတ်လို့လဲမရပါဘူး . . . "

ဒါပေမယ့် . . . ရှင်းကျော့ကတော့ ကြောက်နေခဲ့ပါပြီ။ တွေးမိရင်ကို မျက်ရည်က ဝဲချင်ချင်။

❀ ❀ ❀

" စာတစောင်ရောက်နေတယ် ကိုဆင့် . . . "

ခရီးရောက်မဆိုက် ကိုဟန်က စာတစောင်ပေးပါတယ်။ ဘယ်ကစာပါလိမ့်။ ခရီးဆောင်အိတ်ကိုချပြီး အဝတ်အစားမလဲနိုင်သေးပါဘဲ အိပ်ယာပေါ် လှဲရင်း စာကို ဖွင့်ဖတ်လိုက်ပါတယ်။

ကိုဆင့်လေး

မမျှော်လင့်ဘဲ သားရဲ့လိပ်စာကို ကိုညွန့်ကျော်ဆီက ရခဲ့တယ်။ သိပ်ဝမ်းသာရတာပါဘဲ။ လေးလေးသိန်းက သားကို

အမြဲသတိရနေတာပါ. . . ။ သားဆီကို လေးလေးလာတွေ့ဦးမယ် . . . ။

လေးလေးသိန်းလို့ သတိရတာနှင့် စိတ်မှာဝမ်းသာလိုက်လှဲ ဖြစ်ရပါတယ်။ ကျွန်တော့်အတွက်တော့ လေးလေးသိန်းဟာ တယောက်တည်းကျန်ခဲ့တဲ့ ဆွေမျိုးပါဘဲ။ လေးလေးသိန်းက ဖေဖေ့ညီပါ။ ကျွန်တော် သူငယ်တန်း၊ တတန်းလောက်မှာ ချီပိုးကျောင်းပို့ ခဲ့တယ်။ အလိုလိုက်၊ မုန့်ဝယ်ကျွေးနှင့် ချစ်ခင်ခဲ့ပါတယ်။ ကျွန်တော်သုံးတန်းလောက်မှာ လေးလေးသိန်းပျောက်သွားတဲ့အခါ တမ်းတပြီး ငိုခဲ့ရဘူးပါတယ်။

အရွယ်ရောက်လို့ သိတတ်လာတော့မှ ဖေဖေပြောပြလို့သိရတာ။

လေးလေးသိန်းက သမီးလေးတယောက်ပါသောမုဆိုးမတယောက်နှင့် သဘောမတူပါဘဲ လက်ထပ်သွားတဲ့အခါ . . . အားလုံးက အမွေပြတ်စွန့်လွှတ်လိုက်ကြ သတဲ့လေ. . . ။

နောက်ပိုင်းတော့လည်း လေးလေးသိန်းကို တခါတရံအမှတ်ရတတ်ပါတယ်။ ဖေဖေဆုံးဘုံးကတော့ ရုတ်တရက်ဆုံးတာလဲ ဖြစ်ပြီး . . . နယ်မှာဆိုတော့ သတင်းစာထဲပင်မထည့်လိုက်ရပါဘူး။

" ကိုဟန် . . . ထမင်းစားပြီးပြီလားဟင် . . . မစားရသေးရင်တော့ ချက်ကြရအောင် . . . ကျွန်တော် နယ်က

လူကြုံပါးတဲ့ စာတစောင် သွားပို့ရမယ် . . .”

“ ကိုဆင့်စားမှာဆို ကျွန်တော်ချက်ထားပါမယ် သွားစရာရှိရင် သွားလိုက်ပါ. . . ”

ပျင်းပြီးတရက်နားနေလို့ မဖြစ်ပါဘူး ။ စာပေးလိုက်တဲ့လူက အဒေါ်အသည်းအသန်ဖြစ်နေတာကို သမီးဖြစ်သူဆီ အကြောင်းကြားတဲ့စာမို့ မြန်မြန်ရောက်ချင်တယ်တဲ့လေ။ ဒါကြောင့် နားမနေနိုင်တော့ဘဲ လူကြုံစာကို ယူပြီး ထွက်ခဲ့ရတယ်။

မိုးအုံ့နေပါလား။

တခါမှမရောက်ဘူးသော နေရာပေမယ့် မေးသွားရင်တော့ရောက်ရမှာပါဘဲလေ။ သည်နေရာတွေက သူဌေးရပ်ကွက်တွေ ခြံဝင်းကျယ်တွေထဲ တိုက်တွေနဲ့ဆိုတော့ မေးရတော့ နည်းနည်းခက်လေမလား . . . ။

သစ္စာလမ်းသွယ်ဆိုတာတွေ့တော့ အဆင်ပြေပြီဆိုဝင်ခဲ့တာ။ အိမ်နံပါတ်က စာပေါ်မှာ တစ်ဆယ်ကျော်ဘဲရှိတယ်။ သည်လမ်းမှာက ရာကျော်တွေပါလား။ တခုခုတော့လွဲနေပြီ။

မေးရတော့မယ်

မေးရတော့မယ် ဆိုမှ မေးစရာလူ တယောက်တလေကိုတောင် လမ်းပေါ်မှာ မတွေ့ရဘူးလေ။ အိမ်ခြံဝင်းတွေကို ဘဲလ်တီး ခေါ်မေးလို့လည်းမကောင်း။ ရပ်နေရင်းမှာ ဘာလုပ်ရ

ကောင်းမလည်းလို့ စဉ်းစားနေဆဲမှာ . . .

ဝမ်းသာလိုက်တာ

တံခါးဖွင့်ပြီး ကောင်မလေးတယောက်ထွက်လာတယ်။

ကောင်မလေးနှယ် . . . အင်္ကျီလိမ္မော်ရောင်က တောက်ပလွန်းပါတယ်။ မျက်စေ့တောင်စူးရောဘဲ . . . ။

ပိတောက်ပန်းတွေပါလား။

သူ့လက်ထဲမှာ ပိတောက်ပန်းစည်းကိုကိုင်ထားတယ်။

ပိတောက်ချစ်တဲ့ ကောင်မလေးဘဲနေမှာပါ . . ။

" သည်မှာ သည်မှာ "

" ဟင် ဘာလည်း . . . "

မော့ကြည့်လာတဲ့ မျက်ဝန်းလေးတွေက . . . လှလိုက်တာ။ ကောင်မလေးကို မြင်ရတာ . . . သိုးဖြူကလေး တကောင်ကို မြင်နေရသလိုပါဘဲလား . . . ။ တကယ့်ကို ရိုးသားဖြူစင်ပြီး စိုးထိတ်တတ်ခြင်းတွေကို မြင်နေရတယ် . . . ။

" သစ္စာလမ်းသွယ် (၂) က သည်လမ်းလားဟင် . . . "

" မဟုတ်ဘူး . . . နောက်ဖက်ကလမ်း . . . "

အသံလေးကလည်း ပီဆိတိုးတိုးလေး . . . ။ ပြောပြီးတာနှင့် လက်ထဲက ပိတောက်ပန်းတွေကို ဖျတ်ခနဲဆို သလို လမ်းဘေးကို လွှင့်ပစ်လိုက်တယ်။

ဟာ . . .

ဒါဘာလုပ်တာလဲ။

လွှင့်ပစ်ရအောင် ပန်းတွေကလှပလန်းဆန်း နေတုံးလေ။ အလွန်လှတဲ့ ပိတောက်ပန်းလေးတွေဟာ လမ်းဘေးမှာကျန်ရစ်ခဲ့ပါတယ်။ တံခါးပိတ်သွားပြီ ကောင်မလေး ပျောက်ကွယ်သွားပါပြီ။

တမျိုးပါလား။

ပန်းတွေနွမ်းရင်လွှင့်ပစ်ကြတာ မှန်ပေမယ့် အခုက ပန်းတွေနွမ်းမှမနွမ်းသေးတာ။ ပန်းကလေးတွေကို ကောက်ယူလိုက်မိတယ်။ အစွမ်းကုန်လှပဆဲပါဘဲ။ ထူးဆန်း အံ့ဩဖွယ်ရာပါဘဲ မိန်းကလေးရယ် . . . ။

" ကိုဆင့်ပြန်လာပြီ ဟာ ပိတောက်ပန်းတွေ ဝယ်လာပါလား . . . မွှေးနေတာဘဲ . . . ဘုရားတင်ဖို့လား "

ဘုရားတင်လို့တော့ မဖြစ်ဘူး။

သူတို့က သည်မျှလှပသော ပန်းတွေကို . . . ဘာလို့လွှင့်ပစ်သည်မှမသိတာ . . .

" စာကြည့်စားပွဲပေါ်မှာ အလှတင်ဖို့ပါ . . . "

ပြောပြီးတော့ စားပွဲပေါ်မှာ ပန်းအိုးလေးနှင့် တင်ထားမိတယ်။

သိုးဖြူလေးရဲ့ မျက်ဝန်းလေးတွေနှင့် ထိတ်လန့်စွာကြည့်နေတဲ့ အကြည့်ကို သတိတရဖြစ်နေပါလား။ ပိတောက်

တွေသာ စကားပြောတတ်ရင် မင်းအကြောင်းလေး မေးကြည့်ချင်တယ် သိုးဖြူကလေးရယ်။

❀ ❀ ❀

" ဟိုမှာကြည့်စမ်း . . . ချစ်စရာလေး . . . "

ယုဝေအပြောကြောင့် ကြည့်မိတာ။

ဟုတ်တော့ ဟုတ်ပါတယ်။

သည်လူ့ပုံစံက ချစ်စရာကောင်းပြီး ပြင်ပုံဆင်ပုံက ကြည့်လို့အရမ်းကောင်းပါတယ်။ ဒါပေမယ့် စိတ်ထဲမှာဘဲ ထားပါလား။ ငါ့ကိုကောင်မလေးတွေ ကြွေနေတာလားဆို အခြောက်တိုက် ဘဝင်မြင့်သွားရင် ရှက်စရာ။ ဒါကြောင့် ယုဝေ ခြေထောက်ကို ခုံအောက်ကနေ အသာလေးတက်နင်းလိုက်တယ်။

သည်အခိုက်မှာ အဲသည့်လူက ဘေးတစောင်းမြင်ရတဲ့ အနေအထားကနေ သေချာလှည့်လာပြီ။

မျက်နှာလေးကိုလဲ သေချာတွေ့ရသည်။

ဘုရား . . . ဘုရား

ညာဘက်မျက်ခုံးပေါ်မှာ မှဲ့တခုက ပီပီပြင်ပြင် ရှိနေတယ်။

အဲဒါ နှစ်များစွာ မြင်ဘူးခဲ့တဲ့ မေ့ပျောက်သွားစရာ

အမှတ်သားလား။

ရင်ထဲ ဆတ်ဆတ်တုန်ခါလာပါတယ်။

လက်ဖျားခြေဖျားတွေလဲ အေးစက်လာပြီ။

မတော်တဆ ရှင်းကျော့ကို မှတ်မိသွားရင် . . . ။

" ငါ ငါ ဗိုက်နာလာသလိုဘဲ "

" ဟယ် ရှင်းကျော့ကတော့ ဖြစ်ပြီ "

" အေးဟဲ့ တကယ်ဗိုက်နာနေပြီထင်တယ် ရှင်းကျော့ ချွေးပျံနေတယ် လာပါ . . . ငါတို့ပြန်ကြစို့ . . . ရှင်းလိုက်တော့"

ယုဝေငွေရှင်းနေတာပင် မစောင့်နိုင်။

ဆိုင်ထဲက အမြန်ဆုံးခြေလှမ်းတွေနှင့် ပြေးထွက်လာခဲ့တယ် ဒူးတွေဆတ်ဆတ်တုန်တာနဲ့ ခြေလှမ်းတွေက ယိုင်နေသလို လိုပါဘဲ။ နောက်ကို လုံးဝ ပြန်လှည့်မကြည့်ရဲ။ အတော်ဝေးဝေးရောက်မှ နောက်ကနေလှမ်းဆွဲလို့ လန့်ဖျတ်ပြီး လှမ်းကြည့်မိပါတယ်။

" နော်နော် "

" အမလေး ရှင်းကျော့ရယ် . . . မနည်းအမီလိုက်ရတယ် . . . နင်ဘယ်သွားမှာလဲ ဗိုက်နာနေရင် . . . "

" ဟင့်အင်း ဟင့်အင်း . . . မနာတော့ပါဘူး . . . ငါဗိုက်မနာတော့ဘူး . . . "

" တကယ် "

" တကယ်ပါ . . . ဟိုဟို ယုဝေရော "

"နင်က အပြေးထွက်တော့ ငါလည်းလိုက်လာတာ လှည့်မကြည့်မိဘူးဟဲ့ . . . သူငွေရှင်းရင်းကျန်ခဲ့ . . . ဩော် ဟိုမှာ ဟိုမှာ . . . "

ခုပုံစံမြင်ရတော့လည်း ယုဝေကို သနားသွားသား ကိုယ့်ခန္ဓာကို မနည်းသယ်ပြီး လိုက်လာရရှာတယ်လေ။ ခုနက စားထားသည့် ဆီချက်ကလေး တပွဲပင် ကျန်သေးရဲ့လားမသိ။ ယုဝေနောက်နားမှာရှိနေသည့် လူတွေကိုလဲ လိုက်ကြည့် ရသေးတယ်။ တော်ပါသေးရဲ့။ ဟိုတယောက်ရဲ့ အရိပ် အယောင်ပင် မမြင်ရ။

" နင်တို့သည်မှာ ရပ်ပြီး ဘာလုပ်နေလည်း . . . "

" ရှင်းကျော့က ဗိုက်မနာတော့ဘူးတဲ့ "

" ဟုတ်လား . . . ရှင်းကျော့"

" အေး အခုကောင်းသွားပြီ "

သည်အချိန်မှာ ယုဝေက စကားတခွန်းပြောပါတယ်။

" နင်အချိန်ပိုင်းကလေး ရှုံးသွားတာလား ရှင်းကျော့"

" ဟင် "

" ခုနဆိုင်ရှေ့မှာ ကားရပ်ထားတာကို မေ့ပြီးသည်အထိ အပြေးလျှောက်လာတာ နင် အချိန်ပိုင်း ရှုံးလို့ပေါ့. . . "

ဟုတ်ပါရဲ့

ဟုတ်ပါရဲ့
ခုမှသတိရတယ်။
ဆီချက်ဆိုင်ရှေ့မှာ ကားကျန်ခဲ့ပါရောလား။
" ဒုက္ခဘဲ . . . "
" နင် ဘာဖြစ်တာလဲ . . . "
" ငါ ဗိုက်သိပ်နာပြီး မေ့သွားတာ . . . "
" ဩော် . . . ဩော် "
ယုဝေရဲ့ အကြည့်က ယုံစရာဘဲဆိုတဲ့ အကြည့်မျိုး မသိချင်ယောင် ဆောင်နေရတယ်။
" နော်နော် "
" ဟင် "
" ဆိုင်ရှေ့ ငါ့ကားကို နင်သွားမောင်းပြီး သည်ပြန်ယူခဲ့ပါနော် ကူညီ . . . "
" ကူညီလိုက်ပါနော်နော် . . . ငါကတော့ မောပြီ . . . စားထားတဲ့ ဆီချက်တပွဲတောင် ဘယ်ရောက်သွားမှန်း မသိဘူး . . . "
သည့်အတွက် ရှင်းကျော့ စိတ်မကောင်းပါဘူး။
တောင်းပန်ပါတယ်။ ဒါပေမယ့် ဘာဖြစ်လို့ပါလို့တော့ မပြောချင်။
" ရှင်းကျော့ "
" အင်း "

" နော်နော်မရှိတုံး ငါတခုမေးမယ် ခပ်ချောချောလူနဲ့ နင်ဘယ်လို ပတ်သက်မှုရှိလည်း"

" ဟာ . . . ဘာ . . . မပတ်သက်ပါဘူး မပါတ် သက်ပါဘူး . . ."

" သေချာလား "

" သေချာပါတယ် "

" ဒါဆိုလည်းပြီးရော . . . "

ယုဝေမျက်နှာကတမျိုး. . .။ ရှင်းကျော့စကားကို ယုံမှယုံရဲ့လားမသိ။ ဆိုင်ထဲကနေ ရှင်းကျော့ထွက်လာတဲ့ အချိန်မှာ ငွေရှင်းဖို့အတွက် ဆိုင်ထဲမှာ ယုဝေကျန်ခဲ့တာ ယုဝေကို သူဘာများ လာပြောလည်း . . .။ ဒါမှမဟုတ် ဘယ်လို ထူးခြားမှုမျိုးကို ယုဝေ တွေ့လိုက်ရလို့လည်း။

" ယုဝေ "

" ပြော . . . "

" နင် . . . နင် ဘာပြောမလို့လဲ ဟင် . . . "

" ဘာမှမပြောပါဘူး "

သက်ပြင်းတွေအကြိမ်ကြိမ်ရှိုက်နေမိပါတယ်။ နော်နော် ကားယူလာပြီမို့ ဘာစကားမှ မဆက်ပါဘဲကားထဲ ဝင်ထိုင်လိုက် ပါတယ် ရှင်းကျော့သန့်စင် ဆိုတဲ့ ကောင်မလေးဟာ ကားကို ကိုယ်တိုင်မောင်းပြီး တခြားသူငယ်ချင်းတွေကို သူ့ကားကို

းမမောင်းတတ်တာ သိနေပါလျှက်. . .။

နော်နော် . . . ကားကို နင်ဘဲဆက်မောင်းလိုက်ပါ တော့ဟယ်"

" မောင်းလိုက်တော့ နော်နော် . . . ရှင်းကျော့က ည့်နေ့ အထူးအဆန်းတွေချည်းဖြစ်နေတယ် "

" ဘယ်သွားကြမှာလည်း . . . "

" နင့်အိမ်ဘဲမောင်း နော်နော် . . . နင့်အိမ်မှာက နို့ဆို အန်တီလေး ဆိုင်သွားနေမှာ . . . ငါတို့သုံးယောက်ဘဲ တယ် . . . ငါခဏနားချင်လို့ပါဟာ . . . "

စိတ်ပင်ပန်းကြီးစွာ ဖြစ်သွားရတာ ဝန်ခံပါတယ်။ နို့ထိ ရင်တွေတုန်ပြီ ရင်ထဲတလှပ်လှပ် ခံစားနေရဆဲလိုပါဘဲ။ ပမယ့် ရှင်းကျော့ မူပျက်လွန်းတာကို ယုဝေက ရိပ်မိနေသလိုလိုမို့ တ်တော့ ထားသင့်နေပြီ။

သိပ်မူပျက်နေလို့တော့မဖြစ် ဒါပေမယ့် . . .။

❋ ❋ ❋

" ကိုဆင့် ခုတလောဘာ ဖြစ်နေလည်း "

" ဘာဖြစ်လို့လဲ ပပရဲ့ . . . "

" ခရီးထွက်ရာက ပြန်လာပြီးတော့လေ . . . အရင်က နေညနေဆို အတူပြန်တယ် အခုအကြောင်းအမျိုးမျိုး ပြပြီး

မပြန်ဘူး ဘာဖြစ်လဲပြော . . . "

ပပ မေးနေပြီ။

ဟုတ်လဲဟုတ်တာဘဲ။

ပပနှင့် အတူပြန်တာကို အားလုံးလိုလိုက သိပ်မကြာခင် ချစ်သူတွေဖြစ်သွားကြမလား၊ အခုပဲသိပ်ချစ်နေကြပြီလား စသဖြင့် ပြောကြခန့်မှန်းကြတယ်။ တချို့က ရှေ့တင် နောက်ပြောင် တတ်ကြတယ်။ ပပအပေါ် သူဘယ်လိုမှမချစ်နိုင်။ နှလုံးသားမှာ ပပအတွက်ဆိုရိုးသားသော ခင်မင်မှုသာရှိပါတယ်။ ဒါကြောင့် အတူသွား အတူပြန်တာတွေ ဆင်ခြင်တော့မည်လို့ ဆုံးဖြတ်လိုက်တယ်လေ။

" အမှန်တိုင်း ဝန်ခံရရင် ကျွန်တော့်ချစ်သူက စိတ်ကောက်တတ်တယ် ပပရဲ့ . . "

" ရှင် . . . ကိုဆင့်ချစ်သူ "

" ဟုတ်ပါတယ် . . . ကျွန်တော့်ချစ်သူက ကလေးဆန်တယ် နားလည်မှုနဲတယ် သိပ်စိတ်ကောက် တတ်တာ မတော်တဆ ပပနှင့်အတူ တွေ့လိုက်ရင် ဘယ်လိုမှ နားလည်ပေးမှာ မဟုတ်ဘူး . . . "

" ဩော် ဟုတ်လား "

ပပမျက်ဝန်းမှ ကြေကွဲရိပ်

တကယ်တောင်းပန်ပါတယ်။

ဘယ်လိုမှ မချစ်နိုင်ပါဘဲရှေ့ဆက် မျှော်လင့်မနေစေ ချင်လို့ပါ ဒါကြောင့်မို့ မရှိတဲ့ချစ်သူကို စိတ်ကောက်ပစ်လိုက်မိ ပါတယ်။

" ဟဲ့ကောင်လေး နှင့်ကိုမေးစရာရှိတယ် "

" မမစော ကျွန်တော် ဆိုင်တွေက သိမ်းလာတဲ့ ငွေစာရင်းတွေစစ်နေတာ အမှားမခံနိုင်လို့ပါ . . . "

သည်လိုပြောတော့ မမစော မကြည်မလင်ကြည့်ပြီး ထွက်သွားပါတယ်။ ကြည့်ရတာ ပပကတော့ မမစောကို ပြောပြလိုက် ပြီထင်ပါရဲ့ . . .။

" ကိုဆင့် "

" မမစော သည်စာရင်းပေါင်းယုံလေး ခဏပါ "

" ငါ ခဏမနေနိုင်ဘူး . . . နှင်က ဘာဖြစ်တာလဲ ငါကတော့ နှင်နဲ့ပပလေးကို တနေ့ချစ်သူတွေ ဖြစ်ကြမှာပဲလို့ ယူဆထားခဲ့တာ အခုဘယ်ကဘယ်လို နှင့်ချစ်သူပေါ်လာ ရတာလည်း . . . ပပစိတ်မကောင်းဖြစ်နေပုံရတယ် နှင် တိတ်ရောဟုတ်လို့လား ကိုဆင့်ရယ် . . . "

" ပပကိုကျွန်တော် ခင်တာပါ . . . သူငယ်ချင်း ထက်ကျော်လို့ပါဘဲ . . . ကျွန်တော့်မှာ ချစ်သူရှိပါတယ် "

" ကဲ ပြောစမ်းပါဦး နှင့်ချစ်သူက ဘယ်သူလဲ ဘယ်ကလဲ

. . . နာမည်ဘာယ်သူလည်း . . . "

ရုတ်တရက်ဘာဖြေရမှန်းမသိ။

ဒါကြောင့်စိတ်မှာ ထင်မိထင်ရာတွေ လျှောက်ပြော ပြလိုက် မိပါတယ်။

" ကျွန်တော့် ဦးလေး သဘောတူတာပါ ကျွန်တော်ကလဲ သဘောကျလို့ ချစ်သွားကြတာ . . . "

" နာမည်ကရော . . . "

" နာမည် . . . နာမည်က . . . ပိတောက်တဲ့ . . . "

ပိတောက်ရေ. . .

မျက်ဝန်းရှေ့မှာ မွှေးပျံ့စွာ မြင်နေရတာ တရက် နှစ်ရက်ဆိုတော့ စိတ်စွဲလန်းစွာ ပြောလိုက်မိတယ်။

ဒါပေမယ့် အဲသည့် ပိတောက်တွေက လွင့်ပစ်ခံခဲ့ရတဲ့ ပိတောက်တွေပါလေ . . .

" နာမည်ကြီးကလည်း ပိတောက်တဲ့ အံ့ဩပါရဲ့ . . . အင်းလေ နင်တို့ကောင်လေးတွေရဲ့ စိတ်ကအမျိုးမျိုး ငါထင် တာက တခြားပါ . . . "

" မိုးဆင့်ဝေ . . . ဖုန်းလာနေတယ် "

ကျေးဇူးတင်လိုက်တာ တယ်လီဖုန်းရယ်။

လောလောဆည် မမစောရဲ့ မေးခွန်းတွေထဲက

ွတ်မြောက်သွားပြီလေ။ သိုးဖြူလေးတကောင်လို ပိတောက်
န်းကလေးရေ . . . ချစ်သူလို့ ပြောမိတဲ့အခါ မင်းရဲ့
ဖြင်စွာထိတ်လန့်ခြင်းကို အမှတ်ရတယ်။

" မိုးဆင့်ဝေပါ အမိန့်ရှိပါ . . . "

" ကိုဆင့် လေးလေးသိန်းပါ . . . "

" လေးလေးသိန်းလား "

" သားဆီ စာထည့်လိုက်တာရသလား . . . "

" ဟုတ်ကဲ့ရပါတယ် . . . "

" ကိုကိုဆုံးတာလဲ ကိုညွန့်ကျော်ပြောမှသိရတာ . . .
အင်းလေ စကားတွေလဲအများကြီး ပြောချင်တယ်။ ပြီးတော့
လေးလေးသိန်း မိသားစုနဲ့လဲ ဆုံပေးချင်တယ် . . . ညနေ
. . . ညနေဆို ခြောက်နာရီလောက် သားရှိမလား . . . သားကို
လေးလေးသိန်း လာခေါ်မယ် . . . ညစာစားရင်း စကားတွေ
ပြောကြရအောင်လေ . . . "

" ဟုတ်ကဲ့ "

" ဒါဆို ညနေမှတွေ့ကြမယ် ဟုတ်လား"

လေးလေးသိန်းနှင့် ပြန်ဆုံရမည်။ သဘောကျပါတယ်။
ခုချိန်မှာရှိသော တဦးတည်းရှိတဲ့ဆွေမျိုးဘဲမဟုတ်လား။ ဖေဖေ
ကိုယ်တိုင်ကလဲ မိဘတွေကြောင့် မပြောသာလို့သာ

လေးလေးသိန်းနှင့် ခွဲခွာခဲ့ရတာ တဦးတည်းသောညီအပေါ် သံယောဇဉ်ရှိခဲ့တာ သူသိပါတယ်။

တယ်လီဖုန်းဆက်ပြီးနေရာ ပြန်လာတဲ့အခါ ပပနှင့် မျက်နှာချင်းဆိုင် တွေ့တယ်လေ။ မျက်ဝန်းတွေ လွဲဖယ်သွားတာ မြင်ရတော့ စိတ်မကောင်းပါဘူး. . .။

ရိုးသားဖြူစင်သော ခင်မင်မှုနှင့် ရေရှည် ခင်ခင်မင်မင် ရှိနေချင်ပေမယ့်လည်း . . .။

မမစောနှင့် စကားမပြောရအောင် ကိုဝေလွင်နှင့် ဆိုင်သိမ်း ငွေတွေအတူ သွားရည်တွက်ပေးနေလိုက်တယ် . . .။

ကြာတော့လည်း ပုံမှန်ပြန်ဖြစ်သွားမှာပါလေလို့ဘဲ စိတ်ကို ဖြေလျော့လိုက်ပါတယ်။

ယုဝေကလည်းလေ။

သည်နေ့ ညနေစာ ရှမ်းကန်မှာကျွေးမှာမို့ ခြောက်နာရီခွဲ လာခဲ့ပါတဲ့။ အဲသည့်အချိန်ကြီး ထွက်မှာဆို မီကို အမှန်တိုင်း ပြောပြရမှာ။ လွှတ်ပါမည်လားမသိ။ မီက ရှင်းကျော့ ညဘက် ကားမောင်းတာကိုလည်း သိပ်ကြိုက်တာမဟုတ်။ ရှင်းကျော့ ကိုယ်တိုင်ကလည်း ညဖက်တွေ အပြင်မထွက်ရဲပါဘူး။ ဒေါ်ကြီးစော အဖော်ပါတာကလွဲပြီး အပြင်မသွားရဘူးလေ။

ငါမလာတော့ဘူး ယုဝေဆိုတော့ ရတယ်။ မလာနိုင်လဲ

တယ်တဲ့ ကျေနပ်ပုံမရ။ ရှင်းကျော့အတွက် သည်သူငယ်ချင်းနှစ်ယောက်ဟာ စစ်မှန်သော စိတ်ခတ်ရှိကြတာမို့ . . . စိတ်ဆိုးမှာလဲ ကြောက်ပါတယ်။

" မီ . . . "

ဆူလဲခံ ရိုက်လဲခံ ခံလိုက်ရတော့မှာ ပြောရတော့မှာပေါ့လေ။

" ပြော . . . "

" ယုဝေက သည်နေ့ ညစာစားဖို့ ဖိတ်ထားတယ် . . . ရှင်းကျော့ သွားချင်ပါတယ်။ သွားရမလားဟင် "

ဘီးတပ်ကုလားထိုင်ဟာ ခပ်လှမ်းလှမ်းကနေ ဖြည်းညှင်းစွာ အနီးကိုတရွေ့ရွေ့တိုးလာနေပြီ ခေါင်းငုံ့ထားရတယ်။ ပေးသမျှအခြေအနေကို ခေါင်းငုံ့လက်ခံ ရတော့မှာပါဘဲ။

" သူ့အိမ်မှာကျွေးမှာလား"

" မဟုတ်ပါဘူး ရှမ်းကန်မှာ "

" ဘာလို့ကျွေးတာလည်း . . . "

" သူ့အဖေ အမေကကျွေးမှာလို့ဘဲ ပြောပါတယ် . . . "

" သူ့အဖေ . . . ဩော် သူ့ပထွေးက ကျွေးတာလား . . . သူ့ပထွေးက မဆိုးပါဘူး သူ့အဒေါ် သူ့အပေါ် အဖေအရင်း လောက်မကကောင်းတာဘဲ. . . "

ရှင်းကျော့သန့်စင်

ရန်ပိုင်ဦးစာပေ

ရင်ထဲမှာရှိတဲ့ ဘာလို့စိုးရိမ်နေရတာလဲ

ယုဝေက ပထွေးလို့နာမည်သာရှိတယ် အန်ကယ်သိန်းက သမီးအရင်းအတိုင်းချစ်တာ ယုဝေအပြောအရရော ရှင်းကျော့တို့ အမြင်အရရောသိနေတာဘဲ။

မီ . . . ရှင်းကျော့အတွက်ကတော့ မိထွေးဆိုတာ အင်မတန်ဆိုးဝါးတဲ့ အတွေ့အထိ တွေကိုပေးနေသူဘဲ မဟုတ်လား . . . ။

အမေအရင်းလိုကောင်းတဲ့ မိးထွေးတယောက်အဖြစ် မီ တခါဘူးမှမရှိခဲ့ပါဘူးလေ။

" ယုဝေအမေနဲ့ ဦးမောင်မောင်သိန်းက အချစ်ကြောင့် လက်ထပ်ခဲ့ကြတာဘဲ မဟုတ်လား . . . ဦးမောင်မောင်သိန်းက မိဘအမွေဖြတ်ခံပြီး ဆွေမျိုးတွေကို ဆန့်ကျင်ပြီးတော့ ခေါ် ခင်ခင်ဝေကို ချစ်ခဲ့တယ် . . . "

ဟင်း . . . မလွယ်ပါလား

ညစာစားပွဲကိစ္စက သွားရမသွားရ မသိသေး။

မပြောရဲ မပြောရဲနှင့် ကြောက်နေတာမို့ ခြောက်နာရီ ထိုးကာနီးမှ ဖွင့်ပြောရတယ် . . . သွားရမလား မပြောနိုင်ပါဘဲ အန်ကယ်သိန်းနှင့် အန်တီဝေရဲ့ အချစ်ဇာတ်လမ်း နားထောင် နေရတယ်။ သည်အကြောင်းတွေ ယုဝေကတောင် ရှင်းကျော့ကို တခါမှ မပြောခဲ့ဘူးပါဘူး . . . ။

ငါ့အဖေအရင်း မဟုတ်ဘူး။

ဒါပေမယ့် အဖေလိုပါဘဲ အဖေလို့ဘဲခံစားလို့ရတယ် လို့ဘဲ ယုဝေပြောခဲ့တာ . . . ကျန်တာရှင်းကျော့မသိ။ ခေါင်းနဲ့ ရင်းပြောသမျှ နားထောင် ပြုသမျှငြိမ်ခံယုံပါဘဲ။

" မင်း သွားချင်သလား "

" သွားချင်ပါတယ် "

ရိုက်လည်းရိုက်လေ. . .

အမှန်အတိုင်းဘဲ ပြောမှ။

ကြောက်တာနှင့် မသွားတော့ပါဘူးဆိုမှ စိတ်ကိုက ခုတမျိုး တော်ကြာတမျိုး မသွားချင်ရင် ငါ့ကိုဘာလို့ လာပြော သလဲဆို ကျောကို ရိုက်ထည့်လိုက်ဦးမှာ. . .။

" မကြီးစောကို ခေါ်သွား မကြီးစောကို ကားပေါ်မှာ ထိုင်စောင့်ခိုင်း . . . ခေါ်မသွားနဲ့နော် စားတဲ့နေရာကို မင်းတယောက်တည်းဘဲသွား . . . "

ဝမ်းသာလိုက်တာ . . .

ဒါပေမယ့် ဝမ်းသာပျော်ရွှင်ရင်လဲ ရင်ထဲမှာဘဲရှိနေပြီး ခြေလှမ်းတွေကတော့ အကျင့်ပါစွာ အေးစက်နှေးကွေး နေခဲ့ပါပြီ။ **ရှင်းကျော့ဆီ**မှာ သွက်လက်ဖျတ်လက်ခြင်းတွေ မရှိတော့ပါလား။

**နာရီကြည့်မိ**တယ်။

**ရန်ပိုင်ဦးစာပေ**

ခြောက်နာရီခွဲပြီး နေပြီ။

နောက်ကျနေပြီလို့ သိပေမယ့် အဝတ်အစားကို တွေ့ရာယူဝတ်ရတယ် ကျစ်ဆံမြီး ကျစ်ထားတော့ ဆံပင်ကို နဲနဲဖိလိုက်ပြီး နောက်ထပ်မဖြီးတော့ပါဘူး။

" နောက်ကျတယ်ဆို ကားမြန်မြန်မမောင်းနဲ့ မကြီးစော ဂရုစိုက်လိုက် "

" ဟုတ်ကဲ့ မီ . . . "

" ကားမောင်းလာခဲ့ပြီး လမ်းရောက်မှ ဒေါ်ကြီးစောကို ကျေးဇူးတင်စကားပြောရတယ်။ ဒေါ်ကြီးစောကတော့ သူ့ထုံးစံအတိုင်း ပြုံးပြုံးလေးနဲ့ ရှင်းကျော့ကို ကြည့်နေပါတယ်။ ပြီးတော့မှ။

" မီနဲ့ရှင်းကျော့ဟာ ဒေါ်ကြီးစော သမီးလေးတွေဆိုလဲ ဟုတ်တယ်လေ . . . ဒေါ်ကြီး စောင့်ရှောက်ရမယ့် သံယောဇဉ် ရှိပါတယ် . . . မီနဲ့ရှင်းကျော့ စိတ်ဆင်းရဲရင် ဒေါ်ကြီးလဲ စိတ်ဆင်းရဲရတာပါဘဲ . . . မင်းတို့နှစ်ယောက် ဘဝလေး ပျော်ရွှင်ချမ်းမြေ့ နေရင်ပြီးတာပါဘဲကွယ် . . . "

ယုဝေဖိတ်တာကို လာခွင့်ရမည် မထင်ပါဘဲ ခုလို မမျှော်လင့်ဘဲ လာရတော့လည်း စိတ်မှာဝမ်းသာ ဝမ်းသာ အစိုင်အခဲတခုက ခုခံနေသလိုဖြစ်နေဘာပါဘဲ။ ပျော်ရွှင်မှုတွေ

ဘယ်လောက်ရှိရှိ ငြိမ်သက်ကြောက်ရွံ့နေတတ်ပါပြီ။

❀ ❀ ❀

တံခါးခေါက်သံကြားတိုင်း လေးလေးလာပြီလားလို့ မျှော်နေရတယ် ကိုဟန့်ကိုတော့ ပြောထားပါတယ် နှစ်အတန်ကြာ ကွဲကွာနေသော ဦးလေးနှင့် သည်ညနေ ပြန်ဆုံရမည်လို့ပေါ့။ ကိုဆင့်ရေ ဧည့်သည်လာတယ်လို့ . . . တဖက်ခမ်းမှာနေတဲ့ ကိုဝင်းအောင်ကလာပြောတော့ ဝမ်းသာသွားပြီ။

" ကိုဆင့် "

" လေးလေး "

လေးလေးရဲ့ ရုပ်ရည်ကို မိုးဆင့်ဝေ မှတ်မိနေဆဲပါဘဲလား. . . ။ မျက်ဝန်းထဲမှာ အများကြီး ပြောင်းလဲသွားသည် မထင်။

" ကိုဆင့်က လူပျိုကြီး ဖြစ်လာမှ ပိုချောလာတယ် . . . "

လေးလေးနှင့် ပြန်တွေ့ရတာ မိုးဆင့်ဝေအတွက် ကလေးပြန်ဖြစ်သွား သလိုပါဘဲ။

" သွားစို့ ကိုဆင့် . . . ကားပေါ်မှာ မင်းအန်တီတို့ သားအမိပါတယ်။

လေးလေးက သူ့ပုခုံးကိုဖက်ပြီး ခေါ်တယ်။

ငယ်ငယ်က သူ့ကိုလေးလေးပွေ့ချီပြီး လျှောက်လည်တတ်တာ ပြန်အမှတ်ရသွား သလိုပါဘဲ။ ကားပေါ်ရောက်တာနှင့် မိတ်ဆက်ပေးပါတယ် . . . ။ အန်တီဝေနဲ့ ယုဝေတဲ့။ အန်တီဝေ သမီး ယုဝေဆိုတဲ့ ကောင်မလေးက တကယ့်ကို ဝဝတုတ်တုတ် ဖက်တီးပုတ်ကလေးပါလား။ မျက်နှာလေးကတော့ တကယ် နုနယ်ပြီး ကလေးလေးလိုပါဘဲ . . . ။

" ကိုဆင့်အကြောင်းကတော့ မင်းလေးလေးက အမြဲ ပြောပါတယ် . . . လူချင်းသာ မတွေ့ဘူးတာ နာမည်က ရင်းနေပါပြီ . . . "

" ဖေဖေ . . . သမီးသူငယ်ချင်းတွေ ခေါ်ထားတယ်"

" ဟုတ်လား . . . နော်နော်နဲ့ ရှင်းကျော့လား "

"ဟုတ်တယ် ဖေဖေ . . . "

ယုဝေဆိုတဲ့ ကောင်မလေးက သူ့သူငယ်ချင်း နှစ်ယောက် ခေါ်ထားသေးသတဲ့။ ကောင်မလေးတွေနှင့်အတူ ထမင်းစားရမှာပါလား။ နောက်ပြီး သည်အရွယ်တွေက လွယ်တာမဟုတ် သူတို့အုပ်စုတွေစုမိရင် ရှေ့တင်အတင်း ပြောပြီး ဟားချင်ဟားတတ် ကြတာမျိုး . . . ။

ကားရပ်လိုက်ပြီးတော့ ဆိုင်ထဲဝင်မည်အလုပ်မှာ ဟော

၉၄ ရွာလွန်းတဲ့မိုး

ုဝေဆိုတဲ့ ခေါ်သံလေးကြားရတယ်။ ငါရောက်လာပြီနော်ဆို
နားရောက်လာတဲ့ ကောင်မလေးကိုကြည့်ပြီး မိုးဆင့်ဝေ
ုးချင်လာတာပေါ့ . . .။ ယုဝေဆိုတဲ့ ဖက်တီးပုတ်ရဲ့
ုယ်ချင်းက တကယ့်ကို ပိန်ညှောင်ရှည်မျောနေပြီး ပုံစံက
ကယ်တခြားစီ. . .။

ရှာဖွေလည်းခင်တတ်ကြပါလေရဲ့ . .။

" ဟဲ့ ရှင်းကျော့ကလာပါ့မလား"

" ငါခေါ်ထားတာဘဲ . . . "

" နင်ခေါ်ပေမယ့် သူကလာရဲဦးမှကိုး . . . သူ့မိထွေး
ာ လွှတ်ချင်မှ လွှတ်မှာ . . . "

" ရှင်းကျော့က အလကား . . . မိုကို အင်မတန်
ကြာက်တယ် . . . "

" သမီးကလဲကွယ် . . . သူ့ခမျာ လာချင်ရှာမှာပါ
ိမ်နဲ့အဆင်မပြေတော့လဲ ဘယ်လိုလာမလဲ "

လေးလေးသိန်းကြည့်ရတာ ယုဝေကိုအလိုလိုက်သလို
ုစ်လဲချစ်ပုံရပါတယ် . . .။ ယုဝေဆိုတဲ့ ကောင်မလေးကလဲ
ပ်ဆိုးဆိုးနွဲ့နွဲ့လေး ထင်ပါရဲ့။

" လာမယ်ဆို လာပေါ့ "

" ဩော် . . . သည်ကလေးနှယ် . . . "

သူတို့မှာထားသည့် ဟင်းတွေ အကုန်စုံရောက်လို့ စားဖို့ပြင်တော့မည့် အချိန်ရောက်တော့မှ လှစ်ခနဲဝင်လာတဲ့ အရိပ်ကလေး . . .။

" အစုတ်ပလုတ် ရှင်းကျော့ နင်ပေါ်လာသေးတယ်နော်"

" ငါမပြောရဲလို့ ပြောတဲ့အချိန်နောက်ကျသွားတာပါ ယုဝေရယ် . . . ဒါတောင်လွှတ်လိုက်လို့ ကံကောင်းငါလဲ ရိုက်ချင်ရိုက်ဆို အရဲစွန့် ပြောရတာ . . . တော်သေးတယ်။ ရိုက်လဲမရိုက်ဘူး လွှတ်လိုက်တာယ် . . . ငါက မီရိုက်တာ ခံနိုင်တယ် . . . နင်စိတ်ဆိုးတာ မခံနိုင်ဘူး ဖက်တီးရဲ့ . . ."

စကားကို အေးအေးလေးပြောနေတဲ့ ကောင်မလေး ကို သူအံ့သြစွာကြည့်နေမိပါတယ်။ ပိတောက်ပန်းတွေလွှင့်ပစ်တဲ့ သိုးဖြူလေးဟာ ထူးဆန်းစွာပင် သူ့ရှေ့ရောက်လာပါရောလား။

" ကိုဆင့် . . . သူတို့တွေက ယုဝေသူငယ်ချင်း တွေလေ. . . သည်ဖက်ကနော်နော် ဟိုဖက်က ရှင်းကျော့ သန့်စင်တဲ့ သမီးတို့ကလဲ ယုဝေအစ်ကိုဆိုတော့ သမီးတို့ အစ်ကိုလိုဘဲ မှတ်ပေါ့ဟုတ်လား . . ."

ဖျတ်ခနဲ ခေါင်းမော့ကြည့်ပြီး ချက်ချင်းခေါင်းငုံ့ သွားပါတယ်။ သူ့ကိုရော မှတ်မိရဲ့လားမသိ။ သူကသာ ပိတောက်ပန်းတွေ လွှင့်ပစ်တဲ့ ကောင်မလေးဆိုပြီး ထူးဆန်း

ခြွှာ မှတ်မိနေခဲ့တာပါ . . . ။

ထမင်းစားကြတော့ ကောင်မလေး ပန်းကန်ထဲကို
ဝနှင့် နော်နော်ကသာ ဂရုတစိုက်ဟင်းတွေ ထည့်ပေး
တယ်။ ကောင်မလေးကတော့ ဘယ်သူ့ကိုမှ ဟင်းမထည့်
ယ့်မက သူ့မပန်းကန်ထဲရောက်လာသည့် စားစရာတွေ
သာ အသွက်လက်ဆုံး စားပါတယ်။

" ဖြည်းဖြည်းစားပါ ရှင်းကျော့ရယ် . . . "

" မဖြည်းနဲ့ ယုဝေ . . . ကားပေါ်မှာဒေါ်ကြီးစော
င့်နေရတာယ် . . . အိမ်မှာ မီက ဘယ်လိုပုံစံနဲ့ စောင့်နေ ဦး
မသိဘူး . . . နင်စိတ်ဆိုးမှာရယ် . . . စိတ်မကော င်း
ဘာကြောင့်သာ ငါလာတာ . . . အန်ကယ်နဲ့ အန်တီ . . .
လွတ်ပါ ယယယ ယုဝေ ရှင်းကျော့ပြန်ပါရစေ . . . "

" ပြောလဲပြော ထမင်းစားနေတာလဲ လက်စသတ်
။ နော်နော်ကမ်းတဲ့ အအေးခွက်ကို သောက်ပြီး . . .
က်ခွာဖို့ပြင်တယ်။

" အားလုံးဘဲခွင့်ပြုပါဦး . . . "

မိုးဆင့်ဝေကို သီးခြားနှုတ်မဆက်ယုံမက တချက်လေးမှ
ကြည့်တော့ပါ။ ရှင်းကျော့သန့်စင် ထွက်သွားရာကို
းကြည့်နေမိဆဲ။ လမ်းလျှောက်နေတာကတော့ မမြန်ဆန်
း . . . ။

" တခါတခါရှင်းကျော့ကို အဲဒါမျိုးတွေ ကြည့်မရတာပေါ့. . . "

" ယုဝေကလဲဟယ် . . . ရှင်းကျော့ဘဝလေးလဲ နင်သိရက်နဲ့ . . . သူက မိုးကိုကြောက်ရတာကိုး . . . "

" သမီး . . . သမီးသူငယ်ချင်းကို ခွင့်လွှတ်လိုက်ပါကွယ် သူ့ခမျာသမီးလိုမျိုး စိတ်သွားတိုင်း ကိုယ်ပါနိုင်တဲ့ ဘဝမှ မဟုတ်တာ . . . သူက ပြောသွားဘဲ သမီးစိတ်မကောင်းဖြစ်မှာ စိုးလို့သာ လာရတာ . . . ရိုက်ချင်ရိုက်ဆို ဖွင့်ပြောခဲ့ရတာပါလို့ . . . သမီးခေါ်ရာ သူဖြစ်အောင်လာပြီဘဲ ခွင့်လွှတ်ရမှာပေါ့. . . "

ယုဝေကို အန်တီဝေ ချော့ပြောပါတယ်။

ခဏတဖြုတ်ဆိုတဲ့ အချိန်အတွင်းမှာ ရှင်းကျော့ သန့်စင်ရဲ့ ဘဝတစိတ်တဒေသလေးကို တွေ့လိုက်ရတယ်။ သိုးဖြူကလေးရဲ့ မျက်ဝန်းမှာတွေ့ရတဲ့ ကြောက်ရွံ့စိုးထိတ်မှုတွေဟာ သူ့ဘဝကလေးကို: . . .။ နော်နော်ကပါ ပြန်ဦးမယ်ဆို နှုတ်ဆက် ပြန်သွားတဲ့အခါမှာ . . .။

သား . . . မင်းတယောက်ထဲ နေရတာလေးလေး သဘောမကျဘူး. . . လေးလေးတို့မိသားစုနဲ့ လာနေပါလား. . "

" ဟုတ်တယ် ကိုကို . . . ယုဝေတို့နဲ့ လာနေပါလား အိမ်မှာတယောက်ထဲ ပျင်းနေလို့ . . . ယုဝေ မောင်နှမ လိုချင်တယ်. . . "

" လာနေချင်ပါတယ် ဒါပေမယ့် ကျွန်တော့မှာ အဆောင်လေးလိုဖြစ်နေတာ အဖော်သူငယ်ချင်းတွေရှိပြီး သူတို့ကို ကိုယ်ကစ ခွဲခွာလို့မကောင်းလို့ပါ . . . စိတ်ချယုဝေ ကြာခဏလာလည်ပါမယ် . . . ကိုယ်လဲ မောင်နှမ လိုချင်တဲ့သူပါ. . . "

" တကယ်နော် ကိုကို . . . ယုဝေက အစ်ကိုရှိတယ်ဆို အရမ်းသဘောကျနေတာ . . . ယုဝေတို့ သူငယ်ချင်း သုံးယောက်မှ နော်နော်က အသက်အကြီးဆုံးမို့ အစ်မနေရာ ရောက်နေရတယ် . . . ကိုကိုနဲ့ နော်နော့်ကို အဆင်ပြေအောင် လုပ်ပေးပါမယ် . . . "

" ကျေးဇူးဘဲ ယုဝေကိုယ်ငါးကျည်းခြောက် မကြိုက်ဘူး"

" အေးနော် . . . အေး . . . နော်နော့်ကို ပြန်ပြောမှာ"

နော်နော်ဆိုသည့် ပိန်ရှည်လွန်းသော ကောင်မလေး ကြားရင်တော့ မိုးဆင့်ဝေကို ကောင်းကောင်းမေတ္တာပို့ပါလိမ့်မယ်။ လေးလေးတို့ အန်တီဝေတို့ကတော့ ယုဝေကို တော်တော် ချစ်ပုံရပါတယ် ယုဝေပြောသမျှ သဘောကျနေတာပါဘဲ။

" သမီးလေးကတော့လေ သည်နေ့ဘဲ အစ်ကိုနဲ့တွေ့ သည်နေ့ဘဲ ယောင်းမရှာတော့တာပါလား . . .

" ယုဝေကတော့ သူငယ်ချင်းတွေလဲချစ် အစ်ကိုလဲ ချစ်ဆိုတော့ . . . ယုဝေ သူငယ်ချင်းနှစ်ယောက်မှာ တယောက်

ယောက်နဲ့ အဆင်ပြေအောင် ကြိုးစားရမှာဘဲ . . . "

" ရှင်းကျော်သန့်စင် ဆိုတဲ့ကောင်မလေးက သိုးဖြူလေး တကောင်ကိုတွေ့ရသလို သနားစရာလေး . . . "

" ဟော . . . ဟုတ်ပြီ . . . ကိုကို့ကြည့်ရတာ ရှင့်ကျော့ကို သဘောကျပုံရတယ် . . . သနားရင် ပိုချစ်နိုင်တာပေါ့ . . . ဝမ်းသာတယ် ရှင်းကျော့လိုငကြောက်ကို သတ္တိတွေရှိလာအောင် လုပ်ပေးစမ်းပါ ကိုကိုရယ် . . . ရှင်းကျော့လဲ သူ့မိထွေး လက်ကလွတ်သွားအောင်ပါ . . . ဒါမှ ရှင်းကျော့ စိတ်ချမ်းသာသွားမှာ . . . ကိုကို ရှင်းကျော့ကိုတော့ စိတ်ညစ်အောင် မလုပ်နဲ့နော် . . . သူကတကယ်ကြောက်တတ်ရှာတာပါ . . . "

" သမီးရယ် . . . ကိုကိုစိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်ရဘူးလေ . . . သမီးကိုကိုလဲ ကလေးမှ မဟုတ်တာ ရည်ရွယ်ပြီးသူရှိချင်လဲ ရှိရောပေါ့ . . . ပြီးတော့ ရှင်းကျော့နဲ့လဲ အရမ်းမစရဘူး . . . ချစ်ခြင်းမေတ္တာဆိုတာ ဘေးက ဖန်တီးပြုလုပ်ပေးလို့မရဘူး သမီးရဲ့ . . . "

" ကျွန်တော့်မှာ ရည်ရွယ်ထားတဲ့သူ မရှိပါဘူး လေးလေး . . . ယုဝေတို့က ညီမလေးတွေပါဘဲ . . . "

သိုးဖြူလေးရေ . . . ဂရုဏာနဲ့ယှဉ်တဲ့ သံယောဇဉ်ဆိုတာ ရှိနိုင်ပေမယ့် . . . အချစ်ဆိုတာ တကယ့်ကို အမှတ်ရမှုလေးတွေ ရှိပေမယ့် ဒါကအချစ်ဟုတ်ရဲ့လား . . . ။

❀ ရန်ပိုင်ဦးစာပေ ❀

ယုဝေကတော့ ကိုကို့မှာ ချစ်သူမရှိရင် ရှင်းကျော့ကို ရအောင်ချစ်ခိုင်းမှာဘဲတဲ့ . . . ကလေးဆန်လွန်းတဲ့ ယုဝေကြောင့် သူပြုံးရပါသေးတယ်။

❀ ❀ ❀

" ရှင်းကျော့ "

" ဟင် "

" အဲသည့်စာအုပ်ကို မဖတ်လို့မရဘူးလား "

ယုဝေလေးသံက စိတ်မရှည်တဲ့ ပုံစံပေါက်လာပြီ ဒါကြောင့်ဖတ်လက်စာအုပ်ကို ပိတ်ပေးလိုက်ပါတယ်။ နော်နော်ကတော့ နေကြာစေ့တွေတဖျောက်ဖျောက်ခွာစားရင်း ဝင်မပါဘူးဆိုတဲ့ ပုံစံမျိုးနဲ့ . . .

" ဘာလဲယုဝေရယ် "

" ငါက စကားပြောလို့ နင်က ဂရုမစိုက်တဲ့ပုံနဲ့ စာအုပ်ကြီးဖတ်လို့ . . . စိတ်တိုလာပြီ "

" ကြားပါတယ် ဟယ် . . . "

" ဘာကြားတာလဲပြော. . . "

" နင့်အစ်ကိုက ငါ့ကို သိုးဖြူလေးတကောင်လို ကြောက်နေတယ်လို့ ပြောတယ်ဒါဘဲ မဟုတ်လား . . "

" ငါက နင်နဲ့ ကိုကို့ကို သဘောတူတယ် "

" သဘောတူတယ် ဟုတ်လား . . . ဟင့်အင်း ငါ စိတ်မဝင်စားပါဘူး "

" စိတ်မဝင်စားဘူး ဟုတ်လား တကယ် . . . "

" တကယ်ပေါ့ . . . အေးအေးဆေးဆေး နေပါရစေ ဟယ် . . . ငါ့အိမ်ထောင်ရေးကို မီမီသူ့ဖာသာသူ စီစဉ် လိမ့်မယ် မီစီစဉ်ပါလို့ ငါကိုယ်တိုင်က ကတိပေးပြီးသား သည်တော့ နင်အဲသည်သဘောတူတာတွေ မေ့လိုက်ပါ . . . "

" အံ့ဩဖွယ်ရာ ရှင်းကျော့ပါလား ကိုယ့် အိမ်ထောင် ရေးကိုများ သူများစီစဉ်တဲ့လူကို ခေါင်းငြိမ့် လက်ခံရမယ်လို့ မဟုတ်သေး ပါဘူးဟာ . . . ယုဝေတို့ဏာတော့ ကိုယ့်ဘဝ အဖော်ကိုယ်ဘဲ စဉ်းစားမယ် "

ဟင့်အင်း . . .

မီ ရှိနေတာဘဲ။

မီစီစဉ်လိမ့်မယ်

မီစီစဉ်တာဟာ မမှားနိုင်ဘူးလို့ ကျော့ယုံကြည့်နေမှာဘဲ။ ရှင်းကျော့ဖာသာ စဉ်းစားရမည်ဆို

မဖြစ်နိုင်ပါဘူး မဖြစ်နိုင်ဘူး

ရှင်းကျော့ ကြောက်ပါတယ်။

" ငါ့ကိုကိုက ချောပါတယ် "

နော်နော်ကတော့ နေကြာစေ့စားနေရင်းက ဝင်ပြောတယ်လေ။

" ချောရင် နင်ယူလိုက်ပါလား ယုဝေ "

" ဘာပြောတယ် နော်နော် ငါတို့က မောင်နှမတဲ့ မောင်နှမ . . . "

" ဘာမှမတော်ပါဘူးဟာ . . . သူကအန်ကယ့်တူ နင်ကအန်တီ့သမီး . . . "

" နင်တို့အဲလိုသွေးမခွဲပါနဲ့ ငါတို့စိတ်က မောင်နှမစိတ်ပါ . . . ပြီးတော့ ကိုကိုကိုယ်တိုင်ကပြောတဲ့ စကားကြည့်ရတာ ရှင်းကျော့ကိုဘဲ သဘောကျပုံရတယ် . . . "

" ငါ အဲလိုမျိုးကိစ္စတွေ စိတ်မဝင်စားဘူး . . . မစပါနဲ့ ယုဝေရယ် "

အဲသည်လိုဘဲပြောလိုက်တယ်

ရှင်းကျော့စိတ်တွေ ပစ္စုပ္ပန်မှာတောင် အတွေးနှင့် ကြောက်ရွံ့နေတတ်ပါပြီ။ အတိတ်ကိုတော့ရှင်းကျော့ လုံးဝ ပြန်မတွေး ရဲအောင်ပါဘဲလေ။

" နော်နော် ဟိုနားကလူကို ကြည့်စမ်း ငါတို့ဆီချက် ဆိုင်မှာတွေ့တဲ့ လူခပ်ချောချောနဲ့ မတူဘူးလား "

ယုဝေပြောတာ ရှင်းကျော့ရင်ထဲကို တုန်လှုပ်

ခြောက်ခြားခြင်းတွေ ချက်ခြင်း ခုန်ပေါက်ရောက်ရှိလာပါလား။ ခေါင်းကိုလည်း ချက်ခြင်း ငုံ့ချလိုက်ရတယ်။

လိပ်တကောင်သာဆို အကောင်းသား

အခွံထဲခေါင်းဝှက်ထားရင် မတွေ့နိုင်တော့ဘူးပေါ့။

" ဘယ်မှာလဲ "

" ဟိုမှာ နော်နော် . . . "

" ငါမတွေ့ပါဘူး "

" ဟို ကံကော်ပင်အောက်နားမှာလေ . . . စတိုင်ပဲန် အနက်နဲ့ "

" အဲဒါ . . . မတူပါဘူး . . . သူကမချောပါဘူး ဟိုက အရမ်းချောတာ . . . တခြားစီဘဲ မတူဘူး "

" မတူဘူးလား . . . "

နော်နော်က မတူဘူးဆိုမှ သက်ပြင်းရှိုက်နိုင်တယ်။

ပြီးတော့မှ အဲသည့်လူရှိတယ်ဆိုတဲ့နေရာကို တိတ်တိတ်လေးခိုးဝှက်ကြည့်ရတယ်။ မဟုတ်ဘူး။ သူမဟုတ်ဘူး။ တော်ပါသေးရဲ့။

ယုဝေကိုလဲ ကြည့်မိရော

ယုဝေ ရှင်းကျော့ကို အကဲခတ်နေပါလား။ ဒါကြောင့် မသိချင်ယောင်ဆောင်ပြီး ပြန်ကြရအောင်လား။ ဆရာမ မလာတော့ ဘူးထင်ပါတယ်လို့ ပြောရတယ်။

" ရှင်းကျော့ . . . "

" ဟင် "

" မီ မဆူဘူးလို့ ငါတို့ဆီချက်သွားစားကြဦးမယ်လေ "

" ဆီချက် "

" ဟုတ်တယ် နင်ဗိုက်နာတယ်ဆို ထွက်ပြေးတဲ့ဆိုင်မှာ သွားစားမယ် "

" ဟင့်အင်း မသွားချင်ပါဘူး ဆီချက်စားတာဘဲ ဘယ်ဆိုင်မှာစားစားရတယ် . . . "

တကယ်လို့ အဲသည့်လူဟာ ဟိုလူဖြစ်ခဲ့ရင် . . . ၊ မဖြစ်ပါဘူး ၊ မဖြစ်ပါဘူး အဲသည့် ဆီချက်ဆိုင်ကို လုံးဝ မသွားရဲတော့ပါဘူး

" ရှင်းကျော့ . . . နင် မှန်မှန်ဖြေနော် . . . နင် လူတွေကို ဘာလို့အရမ်းကြောက်နေရတာလည်း . . . နင့်ကြည့်ရတာ အဲသည့်လူနဲ့ တွေ့ရမှာလဲ အရမ်းကြောက် နေတာဘဲ . . . "

" မဟုတ်ပါဘူး . . မဟုတ်ပါဘူး . . . ငါဘယ်သူ့ကိုမှ မကြောက်ပါဘူး . . . "

ဟန်ကိုယ့်ဖို့ဆိုသလို ငြင်းရတယ်

ဒါပေမယ့် . . . ရှင်းကျော့က သိပ်ကြောက် တတ်တာတော့ အမှန်ပါဘဲလေ။ ဘယ်လိုဘဲကြောက်ကြောက်၊

နော်နော်နဲ့ ယုဝေတော့မသိစေချင်။ အားလုံးဘယ်သူ့ကိုမှ မသိစေချင်ပါဘူးလေ. . .။

" ယုဝေကလဲဟာ . . . ရှင်းကျော့စိတ်အနှောက်အယှက် ဖြစ်အောင်မပြောပါနဲ့ . . . သူမသွားချင်ရင်လဲ မသွားပါစေနဲ့လူဆိုတာ ကိုယ်လာရတဲ့ လမ်းကြောင်းအတိုင်း ခံစားကြရတယ် . . . ရင်ဆိုင်ကြရတယ်။ ရှင်းကျော့နေရတဲ့ ဝန်းကျင်နဲ့ ငါနေရတဲ့ ဝန်းကျင် နင်နေရတဲ့ဝန်းကျင် မတူကြဘူးလေ . . . နေတတ်သလိုနေပါစေ ယုဝေ . . တခုတော့ရှိတယ် ရှင်းသန့် နင့်မှာ ဘယ်လိုအခက်အခဲရှိရှိ ငါနဲ့ ယုဝေကိုတိုင်ပင်ပါ . . . ငါတို့ဟာ နင့်ရဲ့သူငယ်ချင်း အရင်းကြီးတွေမို့ နင့်အခက်အခဲကို ငါတို့အခက်အခဲလို့ ယူဆပြီး ဖြေရှင်းပေးမယ် စိတ်ချပါ . . . "

" ကျေးဇူးဘဲ နော်နော် . . . တကယ်ကျေးဇူးတင်ပါတယ်။ ရှင်းကျော့ဘဝမှာ တဦးတည်းသော သမီးဆိုတော့ တိုင်ပင်စရာလည်းမရှိ . . . နော်နော်နဲ့ ယုဝေဟာ သူငယ်ချင်းတွေဆိုပေမယ့် ညီအစ်မတွေလိုပါဘဲ . . . "

စစ်မှန်တဲ့ သူငယ်ချင်းတွေရတဲ့အတွက်တော့ ရှင်းကျော့ အရမ်းပျော်ပါတယ်။ ရှင်းကျော့ဘဝမှာ အဆင်ပြေမှုဆိုတာ အင်မတန် နည်းပါးခဲ့တယ် မဟုတ်လား . . .။ အချစ်ဆိုတဲ့ စကားတွေကတော့ လူတယောက်ဆီမှာ စစ်မှန်စွာ တကယ်ဘဲ

ရှိပါသလား. . . ။

❀ ❀ ❀

မမစောတို့အိမ်မှာ ဆွမ်းကျွေးတာမို့ မလာမနေရ အတင်းဖိတ်တယ်လေ။ ဒါကြောင့် ကိုယ်ဟန့်ကို အဖော်ခေါ်ပြီး လာရတယ်။ ဟိုးအရင်ကလဲ မမစောအိမ်ကိုရောက်ဘူး ပြီးသားပါ။ မမစောမိသားစုနှင့်လဲ ခင်မင်နေတာဘဲ. . . ။

" ကိုဆင့်ကြီး လာ . . . လာ သည်ဝိုင်းမှာတခါထဲဝင်"

မမစောရဲ့ အမျိုးသားနှင့် အရင်ဆုံးတွေ့ပါတယ်။

ကိုဟန်နှင့်နှစ်ယောက် ဝင်ဆိုတဲ့ဝိုင်းမှာဝင်ထိုင် လိုက်ကာမှ ပပ၊ ဇာနည်နှင့် သင်းသင်းတို့သုံးယောက်နှင့် အတူဖြစ်သွားတယ်လေ။

" ကိုမိုးဆင့်ဝေ . . . ရှင်တို့သူငယ်ချင်းနှစ်ယောက် စိတ်ကောက်နေကြတာလား . . . "

" ဘာကိုစိတ်ကောက်ရမှာလဲ သင်းသင်းဇော်ရဲ့ ကျွန်တော်တို့နှစ်ယောက် အရင်အတိုင်း သူငယ်ချင်းအချင်းချင်း ခင်ခင်မင်မင်ပါ"

ပြောမည့်သာ ပြောရတာ။

ပပကအရင်လိုမဟုတ်။ ကျွန်တော့်ကို ခေါ်ခေါ်

ပြောပြောမလုပ်တော့တာ အသိသာကြီး။ သည်အကြောင်းကို မမစောတယောက်သာ ဘာလို့ဆိုတာသိနေခဲ့တာလေ။

သင်းသင်းဇော်တို့နှင့် ကိုဟန့်ကို မိတ်ဆက်ပေးလိုက်ပါတယ်။ အာဝဇ္ဇန်းရွှင်သော ကိုဟန့်ပုံစံကြောင့် သူတို့တွေ ချက်ခြင်း ခင်ခင်မင်မင် စကားဝိုင်းဖွဲ့ပြောဖြစ်သွားကြတယ်လေ။ မမစောချက်သော အုန်းနို့ခေါက်ဆွဲကလည်း ထုံးစံအတိုင်း အီစိမ့်နေအောင် ကောင်းပါတယ်. . .။

ပပက စကားသာမပြောတာ ဘဲသွေး ကျွန်တော်ကြိုက်မှန်းသိစွာ ဟင်းရည်ထဲမှ ဆယ်ပြီးပန်းကန်ထဲထည့်ပေးပါတယ်။ ဒါကို သင်းသင်းဇော်က ဇာနည့်ကို မျက်စပစ်ပြတာ မြင်သား. . .။

" ဟိုဖက်ဝိုင်းတွေ ဧည့်ခံနေရတာနဲ့ နင်တို့ဝိုင်းကို ခုမှလာရတယ် ကိုဆင့် ဘယ်လိုလဲ ငါ့လက်ရာ အုန်းနို့ခေါက်ဆွဲ ကြိုက်တယ်ဆို . . . "

" အရမ်းကောင်းတယ် မမစော . . . "

ကိုဟန်နှင့် မမစောကို မိတ်ဆက်ပေးလိုက်တယ်။

တခမ်းတည်းအတူနေသော အချစ်ဆုံးသူငယ်ချင်းပါလို့လဲ ပြောရော။

" ကိုကိုဟန် အတော်ဘဲ ကိုဆင့်အကြောင်းတွေ စစ်စရာရှိတယ်သိလား . . . မမစောတို့ဆီလာလည်ပါဦး

ဆင့်အကြောင်းမေးဖို့ ကိုကိုဟန့်ကို မမစော ထမင်းတနပ်
ကျွေးပြီး သေချာမေးချင်တယ်"

" ရပါတယ် မမစောရဲ့ . . . ကျွန်တော်ကလဲ
သမျှတော့ သေချာပြောချင်ပါတယ် . . . လာခဲ့ပါဦးမယ် "

မမစောကတော့လေ

ပပကို ကျွန်တော် မချစ်ဘူးဆိုတဲ့အချိန်ကစ မကျေ
ပ်ဖြစ်ပြီး ပြောနေတော့တာ။ ကိုဟန့်ကိုမေးလို့ကတော့
ဆင့်မှာ ချစ်သူမရှိပါဘူးလို့ဘဲ ဖြေမှာပါ။ ကိုဟန့်ကိုသည်
ကြောင်းဖွင့်ပြောပြီး နှုတ်ပိတ်ထားရမယ်။

ပြန်ဦးမှ မမစော နေ့ခင်းမှာ လေးလေးသိန်းလာချင်
မှာ . . . "

ပပကတော့ အေးအေးဆေးဆေးမှပြန်မည်တဲ့လေ။

အားလုံးကို နှုတ်ဆက်ပြီး ကိုဟန်နှင့် ပြန်ထွက်လာခဲ့
တယ်။ ကိုဟန်ကတော့ ကိုဆင့်မှာငွေတွေလဲရှိနေလျှက်
းတစီးလောက် မဝယ်ရကောင်းလားညည်းပါတယ်။
ကက မြို့ထဲမှာဘဲ ကိစ္စရှိရင် ကားငှားစီးလိုက်ပေါ့. . .။
အရေး မကြီးရင် သုံးလေးငါးမှတ်တိုင်လောက် ဘတ်စ်ကား
ပါဘဲ. . .။

ဒါကြောင့်မို့ ကျွန်တော့်ရဲ့ကားကို မြို့မှာဘဲ သူငယ်ချင်း
ယောက်ဆီ အငှားထားပစ်ခဲ့တာများ ကိုဟန်သိရင်

ဘယ်လောက် ပြောလေမလဲ။

" ကိုဟန် . . . မမစောကမေးရင် ကျွန်တော့်မှာ ချစ်သူရှိတယ်လို့ပြောနော် . . . ယောင်ပြီးတော့ အမှန်အတိုင်း ချစ်သူမရှိ ပါဘူးလို့ မဖြေလိုက်ပါနဲ့. . . "

ပပနှင့် ခင်မင်နေရာက ရုတ်တရက် ချစ်သူရှိပါတယ် ဆိုမှ ဝေးကွာသွားတဲ့အကြောင်း ကိုဟန့်ကိုရှင်းပြရတယ်။

" ပပကလှတယ် ကိုဆင့်ဘာလို့သဘောမကျတာလဲ ကိုဆင့်ကိုလဲ ဂရုစိုက်ရှာသားဘဲ. . . "

" အချစ်ဆိုတာ သင့်တော်တိုင်းလဲ ရင်ထဲရောက်လာ တာမှမဟုတ်တာ ကိုဟန်ရဲ့ . . . "

" ကိုဆင့် . . . ကိုဆင့် ဟိုမှာခေါ်နေတာလား မသိဘူး. . . "

ကိုဟန်ပြမှ လှမ်းကြည့်မိတယ်။ တဖက်ပလက်ဖောင်း မှနေလှမ်းခေါ်နေသူကို မြင်ရတယ်။

ငါ့နှယ်နော်

ငါ့ညီမ ဝဝလေးကိုမှ ကိုယ်ခန္ဓာသေးကွေးရှာလို့ မမြင်ရဘူးလို့ဘဲ . . .။ ယုဝေ ယုဝေ။ ယုဝေကိုမြင်သည်နှင့် သူ့သူငယ်ချင်း သိုးဖြူကလေးကို လိုက်ရှာမိပါလား . . .။ တွေ့ပါပြီ ယုဝေရဲ့ ကိုယ်ခန္ဓာကြီးနှင့် ကွယ်ထားပေမယ့် . . . အစိမ်းရောင်တောက်တောက် ဝတ်စုံက ထင်းနေတာပါဘဲ . . .

ဂ်နော်ဆိုတဲ့ ကောင်မလေးကိုတော့ မတွေ့ရ။
ကိုဟန်နှင့် တဖက်ပလက်ဖောင်းကိုကူးခဲ့တယ်။
" ကိုကို့ကို မြင်လိုက်လို့ . . . ဘယ်က ပြန်လာတာလဲ
ကိုကို ဒါမှမဟုတ်ဘယ်သွားမလဲ ယုဝေတို့မှာ ကားပါတယ်
ကိုက်ပို့မယ်လေ"
" ကိုယ့်အသိတယောက် ဆွမ်းကျွေးက ပြန်လာတာပါ
ယုဝေတို့ကရော ဘယ်ကပြန်လာတာလဲ"
" အတန်းလွတ်လို့ ပြန်လာတာ သည်နေ့နောက်ဆုံး
အချိန် စာလွတ်တာနဲ့ အအေးသောက်မလို့လေ . . .
ကိုကိုတို့ပါ လိုက်သောက် ဟုတ်ပါဘူး လိုက်တိုက် "
ယုဝေစကားကြောင့် ပြုံးရတယ်
လိုက်သောက်ဆိုရင်မှ ငြင်းလို့ကောင်းဦးမည်
လိုက်တိုက်ဆိုတော့ ငြင်းရခက်သား
သိုးဖြူလေးကတော့ ပလက်ဖောင်းပေါ်ငုံ့နေပြီး
မော့လို့တောင် တချက်ကလေးမကြည့်။
" နော်နော်ကကားပေါ်မှာ လာ ကိုကို . . . "
နော်နော်ကားပေါ်ကို လိုက်လာပြီး ထိုင်လိုက်ချိန်မှာ
ကားမောင်းတဲ့ နော်နော်ရယ် ဘေးမှာထိုင်တဲ့ ယုဝေရယ်
နောက်ခန်းမှာ သူတို့နှစ်ယောက်ရယ်ဘဲ ရှိတယ်။
ရှင်းကျော့သန့်စင်ဆိုသော သိုးဖြူကလေး လှစ်ခနဲ

ဘယ်ပျောက်သွားပါလိမ့်။

" ရှင်းကျော့သန့်စင် ရော . . . "

" တွေလား နော်နော် . . . ကိုကိုက ရှင်းကျော့

အပျောက်မခံနိုင်အောင်ကို ဖြစ်နေတယ် . . . နင်

အဲသည့် အစီအစဉ်ကိုသဘောတူသလား . . . "

" တူပါတယ် . . . "

" ယုဝေရယ် . . . ကြားသွားလို့ စိတ်ဆိုးနေပါဦးမယ်

ကိုယ့်ညီမသူငယ်ချင်းလေးတွေက ညီမလေးတွေအဲပေါ့ . .

နောက်မနေပါနဲ့ ယုဝေရယ် . . . ကိုယ်ကအကောင်းမေးတာ

. . . ရှင်းကျော့သန့်စင်ရောဆို "

" သူက သူ့ကားနဲ့သူမောင်းတာ သူ့မိထွေး

သူ့ကားသူမောင်းရတယ် . . . အအေးဆိုင်မှာကားရပ်

ဆိုင်ထဲဝင်လိုက်တော့မှ နောက်ကနေ ရောက်လာပါတယ်

" ရှင်းကျော့ ကိုကိုက နင်ပျောက်သွားလို့တဲ့ "

" ယုဝေကတော့လေ . . . "

သိုးဖြူကလေးကတော့ သူ့ကိုမပြောသလို

စက်စက်နှင့် ခေါင်းငုံ့ပြီး ထုံပေပေနေတယ်။ အားမ

အားမရစရာ ပုံစံကလေးပါဘဲ။ အအေးမှာသောက်ကြ

ယုဝေကသာ စကားတွေပြောနေတယ် သူမကတော့တခွန်းမ

ကိုဟန်နှင့် မိတ်ဆက်ပေးတော့လည်း ဖျတ်ခနဲမျက်ဝန်းတချ

လှန်ကြည့်ယုံလေးရယ် ...။ ဘယ်လိုလေးမှန်းကိုမသိ။

" ငါပြန်တော့မယ် ယုဝေ ... သည်ထက်နောက်ကျလို့မရဘူး အားလုံးဘဲသွားပြီ ..."

နှုတ်ဆက်တော့လဲ အားလုံးဘဲသွားပြီသာပြောတယ်။ ကျွန်တော်တို့ဆီ တချက်လေးမှ လှမ်းကြည့်မသွား ...။ ကိုဟန်ကတော့ နော်နော်နှင့်ယုဝေကို စကားတွေပြောနေပြန်တော့တာ။

သိုးဖြူကလေးရယ် ...။

သည်ဝိုင်းမှာ မင်းလည်းမရှိရော။ တကယ့်ကို ခြောက်ကပ်သွားသလို ခံစားရတာတော့ ဝန်ခံရမှာပါဘဲ။

❁ ❁ ❁

မှီကို ညကဆေးရုံတင်ရပါတယ်။ မှီဆီမှာကသွေးတိုးနှလုံးရောဂါတွေ နဂိုရ်ကပင်ရှိနေပြီးသားပါ...။ မီဆေးရုံတက်ရတော့ ဒေါ်ကြီးစောကသွားစောင့်နေရတာပေါ့လေ..။ မီမရှိတော့တဲ့အခါမှာ အိမ်က အများကြီးခြောက်ကပ် တိတ်ဆိတ်နေသလိုပါဘဲ ...။

ရှင်းကျော့အတွက်တော့ အတော်လွတ်လပ်သွားပါတယ်။

မှီမျက်ဝန်းအကြည့်တွေအောက်မှာ နေရတာကတော့

သိပ်ကိုကျဉ်းကြပ်လွန်းတာအမှန်ပါ။

မဝေကတော့ ပွင့်ပွင့်လင်းလင်းကိုဖွင့်ပြောတာ။

မီမရှိတာပျော်သတဲ့ . . . ။

ရှင်းကျော့ကတော့ ပျော်တယ်လို့ မပြောနိုင်အောင်ပါဘဲ . . . ။ မီမရှိတော့ လွတ်လပ်ပေမယ့် ပျော်လိုက်တာလို့လည်း မပြောရက်ပြန်ပါဘူး။ မီ့ကြောင့် ရှင်းကျော့်ဘဝမှာ ခံစားခဲ့ရတာတွေက အဆိုးအကောင်း အမျိုးမျိုးဘဲမဟုတ်လား။

" မရှင်းကျော့ . . . "

" ဘာလဲမဝေ . . . ဒေါ်ကြီးစော ချက်ခိုင်းတဲ့ဟင်းတွေသေချာချက်နော် . . . တော်ကြာမှားသွားရင် အဆူခံရမယ် . . . အနွဲ့ကိုလဲ မီ့အကြိုက်တွေ မကြိုက်တာတွေ သေချာပြောပြတာ။ ဟိုအရင်တခါလို ပိတောက်ပန်းကိစ္စမျိုး နောက်တခါထပ် ဖြစ်လို့ကတော့ မီ ခွင့်လွှတ်မှာမဟုတ်ဘူး . . . မဝေပါ မြို့ပြန်နေရမယ်"

" အင်းလေ မီက ဘယ်လိုမီလည်းမသိဘူးနော် . . . ပိတောက်ပန်းဆို ကျွန်မတို့ဖြင့် ကြိုက်မှကြိုက် ပန်ချင်လိုက်တာ . . . သူကြတော့ ပိတောက်ပန်းဆိုမကြည့်ချင်ဘူးတဲ့ . . . "

ဘယ်လိုအကြောင်းတွေရှိတယ်ဆိုတာတော့ ဒေါ်ကြီးစောမှလွဲ၍ ဘယ်သူမှ မသိနိုင်ပါဘူး။ အကြောင်းမရှိဘဲနှင့်တော့ မီ စိတ်တွေသည်မျှ မကြမ်းတမ်းနိုင်ပါဘူး . . . ။ ရှင်းကျော့

ိုယ်တိုင်ရော အရာရာကိုကြောက်နေရတာ . . . ဘာ
ကြောင်းတွေ ရှိသလည်းဆို . . . ကိုယ့်အကြောင်းတော့
ိုယ်သိတာပေါ့လေ. . .။ ဒါကြောင့်လဲ တခါတခါ မီ့ကို
င့်လွှတ်ပေးနေမိပါတယ်။

မီ . . .

မတော်မဆများ သေဆုံးသွားမလား။

အဲလိုလည်း မဖြစ်စေချင်ဘူး၊ မီရှိနေတာဟာ ရှင်းကျော့
တွက် အများကြီးလုံခြုံနေသလိုလဲ ခံစားရတာပါဘဲ

ဒက်ဒီ မရှိတော့ပေမယ့် မီနဲ့ဘဲ ရှင်းကျော့ဆက်နေ
တာဘဲ။ အန်တီလေးကတော့ ရှင်းကျော့ဆီ စာလှမ်းရေးတဲ့
ခါတိုင်းမှာ မီနှင့်မနေပါဘဲ သူနှင့်အတူ ဩစတေးလျကို
ိုက်ခဲ့ဖို့ အမြဲခေါ်ပါတယ်။ ဒက်ဒီ လက်ထပ်ကတည်းက
ဦးတည်းသော ညီမဖြစ်သည့် အန်တီလေးဟာ မီ့ကိုလိုက်ခဲ့ဖို့
ါရင်း ဩစတေးလျကို ထွက်သွားခဲ့ပါတယ်။

ဒက်ဒီရှိတုံးကတော့ အန်တီလေးက ခဏခဏ
်းဆက်ပါတယ်။

ဒက်ဒီလဲဆုံးရော ဖုန်းလာရင် မီနှင့်အရင်တွေ့ရတာမို့
်းဆက်ခဲလာပါတယ်။ ရှင်းကျော့လိုက်ခဲ့ပါဆိုတဲ့ စာတွေတော့
မြဲရေးပါတယ်လေ။

" မင်းသဘောက ဘယ်လိုလဲ ရှင်းကျော့ "

အန်တီလေး စာတွေနှင့် အတန်တန်ခေါ်တဲ့အခါမှာ မီက ဖွင့်မေးဘူးပါတယ် . . .။

ဒေါ်ကြီးစောကအစ ရှင်းကျော့ဘာများပြန်ပြောမလဲ စိတ်ဝင်စားခဲ့ဘူးတာပေါ့။

" ဟင့်အင်း . . . ရှင်းကျော့သည်မှာဘဲနေမယ် . . . မီနဲ့ဘဲနေမယ် . . . "

" မင်းဘာလို့လိုက်မသွားချင်ရတာလဲ . . . တကယ်ဆို ငါက မင်းအပေါ် ဘာများကောင်းလို့လည်း . . . ဟိုက မင်းရဲ့ အဒေါ် အရင်း . . . ငါကမိထွေးပါ "

" မိထွေးတွေအဒေါ် တွေ ရှင်းကျော့မသိဘူး . . . ရှင်းကျော့သည်မှာဘဲ နေချင်တယ် . . . "

အဲလိုပြောတဲ့အခါ ရှင်းကျော့ကို တွေတွေငေးငေး ကြည့်နေပြီးတဲ့နောက် အန်တီလေးဆီလိုက်ဖို့ ကိစ္စလုံးဝ မမေးတော့ပါဘူး။

" မရှင်းကျော့ မီမရှိတဲ့ရက်မှာ ကျွန်မတို့ ညီအစ်မ ရုပ်ရှင်သွားကြည့်ချင်တယ်၊ ကြည့်ရမလား ဟင် . . . "

" နေကြစမ်းပါဦးဟယ် မီမရှိတဲ့ရက်မှာ ဒေါ်ကြီးစော လူကြီးပေါ့ . . . ညဖက် ခဏတဂျုတ်အိမ်ပြန်လာရင် . . . ငါကူပြောပေးပါမယ်။ မီခုလိုခဏလေး ဆေးရုံတက်နေခိုက် မှာတော့ . . . ငါ့သဘောနဲ့ ငါမဆုံးဖြတ်ပါရစေနဲ့ဟယ် . . . "

## ☔ ဗ္ဗာလွှန်းတဲ့မိုး

တယ်လီဖုန်းသံကြောင့် နားထောင်ရတယ်။ မိဆေးရုံ
နေချိန်မို့ ဖုန်းလာရင် စိတ်ပူနေသလိုပါဘဲ။ တကယ်ဆို
ရှင်းကျော့မှမချစ်တာ။ ဘာစိတ်ပူစရာရှိမလည်း ဒါပေမယ့်
စိတ်ပူမိတယ်. . . ။

" ရှင်းကျော့လား . . . နော်နော်ပါ "

အင်း . . . ပြောလေ နော်နော် "

" ယုဝေ ဖုန်းဆက်လား "

" မဆက်ဘူး . . . "

" အေး . . . ငါကိုဆက်ခိုင်းလို့ သူတို့အိမ်မှာ
ဟင်းခါးချက်စားတာ လာခဲ့ပါတဲ့. . . "

" မိဆေးရုံတက်နေတယ် ဒေါ်ကြီးစောက ဆေးရုံမှာ
မှာက ငါနဲ့မဝေတို့ညီမဘဲရှိတာ . . ငါလာလို့မဖြစ်ဘူးဟဲ့"

" အင်းလေ ဒါဆို ယုဝေဆီ နင်ဖုန်းဆက်လိုက်ပါလား"

" နင်ဆက်လိုက်ပါနော်နော် . . . ငါ့ကိုယုဝေဆူမှာ"

" ဆူကာမှဆူ . . . ဆက်လိုက် "

နော်နော်ကလေ။ ယုဝေကနဂိုရ်ကမှ ဆူညံပူညံနဲ့ရယ်။
သူမုန့်တခုခုလုပ်စားတိုင်း ခေါ်ရင်လာမှ မိက လွှတ်ချင်
လွှတ်တာ။ စိတ်ညစ်ပါတယ်။

❀ ❀ ❀

" နင်ကသည်လိုချည်းဘဲ . . . "

ရန်မိုင်ဦးစာစပ

ယုဝေဖုန်းဆက်နေလို့ အယ်လ်ဘန် တခုကိုကြည့်ရင်း စောင့်နေရတယ်။ လေးလေးမိန်းမကလာခဲ့ပါဦးဆိုလို့ လာလည်ရတာ. . .။

ယုဝေလိုမိန်းကလေးတယောက်ရှိနေလေတော့ ကိုဟန့်ကိုလည်း ခေါ်မလာချင်ပါဘူး ။ ဒါကြောင့် တယောက်ထဲ ထွက်လာခဲ့တာ။

" ငါစိတ်ဆိုးတယ် "

ယုဝေဟာ ကလေးစိတ်လေးပါလား။

တယ်လီဖုန်းထဲမှာ ဘယ်သူနှင့်ရန်ဖြစ်နေပါလိမ့်။

ဖုန်းချလိုက်ပြီးတာတောင် ဘာတွေတယောက်ထဲ ပြောနေသည်မသိ။

" ယုဝေ ဘာတွေဖြစ်နေလဲ "

" ဘာတွေဖြစ်ရမှာလဲ ကိုကိုရာ . . . ရှင်းကျော့ပေါ့ . . . မုန့်ဟင်းခါးလာစားပါ . . . ဆိုတာကို သူ့မီထွေး ဆေးရုံတက် နေရလို့အိမ်မှာ ဘယ်သူမှမရှိဘူး မလာပါရစေနဲ့တဲ့ သိပ်စိတ်ဆိုးစရာကောင်းတာဘဲ. . . "

" ဩော် ဒါကတော့ ယုဝေရယ် သူလဲ သူ့အိမ်မှာ ဆေးရုံတက်တဲ့ လူရှိနေလေတော့လည်း . . . စိတ်မဆိုးပါနဲ့ "

" ရှင်းကျော့က မုန့်ဟင်းခါးအရမ်းကြိုက်တယ် ဒါကြောင့်ပါ . . . "

သူ့သူငယ်ချင်းကို ကြိုက်သည့် မုန့်ဟင်းခါး

ကျွေးချင်တယ်။ မလာနိုင်ဘူးဆိုတော့လဲ စိတ်ဆိုးတယ်။ ဒါကြောင့် ကိုကိုနဲ့ ယုဝေသွား ပို့လိုက်ရအောင်လေလို့ ပြောမိတာပါ။

“ ဟုတ်တယ် အတော်ဘဲ ကိုကိုသွားပို့ပေး ”

“ ယုဝေပါလိုက်ခဲ့ ”

“ ယုဝေက သူငယ်ချင်းတွေချိန်းထားသေးတယ် နော်နော်လည်းလာဦးမှာ နော်နော်လာရင် ... သီဂီတို့ ဆိုသွားမလို့ ... ကိုကိုကူညီပါနော် မုန့်ဟင်းခါးချိုင့်ကို ကိုကိုသွားပို့ပေး ... ပြီးတော့ ပြောပေးစမ်းပါ ... ယုဝေစိတ်ဆိုးနေတယ်လို့.. ”

မုန့်ဟင်းခါးချိုင့် ပြေးပြင်ပါတော့တယ်။

ရှင်းကျော့သန့်စင်ဆီ နောက်တခေါက်ရောက်ရ ဦးတော့မည်။ မနက်ဖြန်ဆိုတာ မမျှော်လင့်တာတွေ ဖြစ်တတ်ပါလား သိုးဖြူလေးရယ် ... သည်တခါတော့ လမ်းမသိလိပ်စာမသိလို့ မေးရတာမဟုတ်တော့ဘူးလေ နောက်တခေါက်ရောက်လာခဲ့ရ ပြန်ပါပြီ ...။

ဘဲလ်တီးလိုက်တဲ့အခါမှာ ကောင်မလေးတယောက် ထွက်လာကြည့်ပါတယ်...။

“ ရှင်းကျော့သန့်စင် ရှိလား ”

“ မရှင်းကျော့ ”

" အင်းလေ . . . "

" ခဏနေဦး. . . သွားမေးဦးမယ် "

နောက်တခေါက် ပြေးသွားပြန်ပါပြီ။ စိတ်မရှည်စရာ ပါဘဲ။ ယုဝေက ကားငှားပေးလိုက်ပါတယ်။ ချိုင့်ဆွဲပြီးရပ်နေရတာပေါ့။ မိုးမရွာတာဘဲ ကျေးဇူးတင်ရဦးမည်။

" ဟင် ကိုမိုးဆင့်ဝေ . . . "

" မှတ်မိပါတယ်နော် "

" ဟုတ်ကဲ့ ဝင်လေ. . . "

" ခေါ်တော့ခေါ်သားဘဲ . . .။ ရှင်းကျော့ဆိုတဲ့ သိုးဖြူမလေးကတော့ ခေါင်းငုံ့ရင်း ရှေ့မှလျှောက်နှင့်သည်။ ဧည့်ခန်းထဲမှာ ထိုင်ပါဆိုပြီးမှ . . "

" မဝေ ချိုင့်လှယ်ပေးပါဦး ပြီးတော့ ဧည့်သည်ဖို့ ကော်ဖီယူလာခဲ့ပါ "

" နေပါစေတော့ . . . ယုဝေတို့ အိမ်က စားခဲ့ပြီ . . "

" စားခဲ့လဲ . . . ကော်ဖီတခွက်ဘဲ . . . သောက်လို့ ရပါသေးတယ်. . . ဧည့်ခန်းအပြင်အဆင်နှင့် ပစ္စည်းတွေကို ကြည့်ယုံနှင့် ရှင်းကျော့တို့ရဲ့ ပြည့်စုံကြွယ်ဝမှုကိုသိပါတယ်။ သိုးဖြူမလေးကတော့ ကုလားထိုင်မှာ ခေါင်းငုံ့ထိုင် နေလိုက်တာ . . .။ ကြည့်မိတဲ့ အခါတိုင်းမှာ ဂရုဏာသက်တဲ့ ခံစားမှုတမျိုး လိုလို ရင်ထဲမှာရှိနေပါလား။ အေးချမ်း ငြိမ်သက်လိုက်တာ။

တ်ဆိတ်နေတဲ့အခါ ကျွန်တော်ကလည်း ဘယ်လိုစကား
တွေ ပြောရပါ့မလည်းစဉ်းစားဆဲပါ. . .။

"ချိုင့်ရပြီ အစ်ကိုကြီး"

ထမင်းချိုင့်ကို အနားလာပေးပါတယ်။ ပြန်တော့လို့
ပြောလေမလား. . .။

"ယုဝေကို ဘာမှာမလဲဟင်"

"စိတ်မဆိုးပါနဲ့လို့ဘဲ ပြောလိုက်ပါနော် . . .
ဆေးရုံတက်နေရတော့ . . . အိမ်မှာ မဝေနဲ့နွဲ့ဘဲရှိတာ
င်းကျော့အပြင် ထွက်လည်ရင် ဘယ်ကောင်းပါ့မလည်း
နေကောင်းတာနဲ့ ယုဝေဆီလဲလာမှာပါ. . ."

သိုးဖြူမလေးက ခုလိုမျိုးသိတတ်မှုလည်း ရှိပါလား
ကျွန်တော်ကဘဲ သူမကို အကောင်းချည်းမြင်နေသလား
ပြောတတ်ပါ။

"ကျွန်တော် ပြန်မယ် ရှင်းကျော့သန့်စင် . . ."

"ဟုတ်ကဲ့ . . ."

ကျွန်တော်နှင့်အတူ ခြံထဲထိတော့လိုက်ပို့ပေးပါတယ်။
ခြံ၀မှာပေါက်နေသည့် ပိတောက်ပင်လေး တပင်ကိုတွေ့တဲ့
အခါမှာတော့ စိတ်ကမနေနိုင်စွာပဲ ပြောမိပါတယ်။
ပိတောက်ပန်းတွေကို လှွင့်ပစ်လောက်အောင် မကြိုက်ပါဘဲ
ပိတောက်ပင်ကြတော့ စိုက်ထားသလားလို့လေ။

ရှင်းကျော့က ကျွန်တော့်ကို ရုတ်တရက်တော့ တွေတွေငေးငေးလေးကြည့်နေပြီးမှ . . .။

" ပိတောက်ပင်ကလေး ပေါက်နေတာမတွေ့မိလို့ပါ . . . နှုတ်ပစ်ခိုင်းရမယ် မီ လုံးဝမကြိုက်ဘူး ကိုမိုးဆင့်ဝေ . . . ပိတောက်ပန်းတွေကို မီမုန်းတယ် . . . "

" ရှင်းကျော့မကြိုက်တာ မဟုတ်ဘူးလား . . . "

" မဟုတ်ပါဘူး . . . "

" ရှင်းကျော့က ပိတောက်ပန်းကြိုက်လား "

" ကြိုက်ပါတယ် . . . "

ကျွန်တော် မှတ်ထားပါမယ်။

ဘာလို့များ ရှင်းကျော့သန့်စင်ရဲ့ ကြိုက်နှစ်သက်မှုတွေကို ကျွန်တော်သိချင်နေပါလိမ့် . . .။

" ရှင်းကျော့သန့်စင် . . . "

" ဟုတ်ကဲ့ . . . "

" ပြန်မယ် . . . ကျွန်တော် ဖုန်းဆက်ချင်တယ်။ ရမလားဟင် ခွင့်ပြုမလား "

" ဟင့်အင်း မဆက်ပါနဲ့ . . . "

စိတ်ထဲမှာ တင်းခနဲဖြစ်သွားတဲ့ခံစားမှု။ ငြင်းပယ်လိုက်သော တုံ့ပြန်ခြင်းသည် ကျွန်တော်မာနကို ထိခိုက်သွားမလိုလို၊ တမျိုးပါဘဲ သူမကိုကြည့်မိတော့ ခေါင်းငုံ့ထားတယ်

. . . သူမမျက်နှာပေါ်မှာ ခံစားမှုနည်းပါးသလိုပါဘဲ . . . ။

" သွားမယ် . . . "

နှုတ်ဆက် လှည့်ထွက်ခဲ့တယ်။

ရင်ထဲမှာ တင်းတင်းကြပ်ကြပ်ခံစားရဆဲ ဘာလို့များ ဥပက္ခာပြုတတ်သူကိုမှ . . . ။ ဘာဆိုင်လဲ . . . ရှင်းကျော့ သန့်စင်နဲ့ ငါဘာဆိုင်လို့လည်း ဘာလို့များ သူ့ဆီဆက်သွယ် ချင်ရသလဲ သူ့အသံကို ကြားချင်ရသလည်း . . . သူ့ကို တွေ့ချင်ရပြန်သလဲ. . . ။

စိတ်မှာကြီးစွာသော ခံစားမှုတခုဖြစ်နေရတယ် . . . စိတ်ကို အဲသည့်ခံစားမှုက စိုးမိုးလှချည်လား ။

❀ ❀ ❀

" ဒေါ်ကြီးစော ပြန်လာတဲ့အခါမှာ ယုဝေတို့အိမ်က မုန့်ဟင်းခါး လာပို့တဲ့အကြောင်း ပြောမိတယ်။ အဲသည့်အခါမှာ နွေးထွေးစွာ ကြည့်တတ်သော မျက်ဝန်းတစုံကို သတိတရ ဖြစ်သွားပါတယ်။ အဲဒါလိမ်ညာမှုတွေလား။ ယုံကြည်မှုဟူသည် တောင်ပံ တစ်စုံဖြင့် ခရီးပြင်းနှင်သွားခဲ့ပြီ မဟုတ်လားကွယ် "

" မီ သက်သာရဲ့လား . . . ဒေါ်ကြီးစော "

" သက်သာပါတယ် . . . ဒါပေမယ့် သည်လိုရောဂါ တွေဟာ စိတ်ဆောင်နေတာဘဲ ရှင်းကျော့ရယ် . . . မီက

သည်ရောဂါ တွေနဲ့သေမှာပါဘဲ သူ့စိတ်မှာသူမ‌‌‌ေျော့တာ . . ."

" မီက ဒက်ဒီ့ကို မုန်းတယ်ဆိုလဲ ဒက်ဒီ သေခဲ့ပြီဘဲ "

ဒေါ်ကြီးစောက ရှင်းကျော့သည်စကားကို ပြောတဲ့ အခါမှာ ငေးကြည့်လာပါတယ်။

ရှင်းကျော့ သိသလားတဲ့ . . .

ရှင်းကျော့ ဘာတွေသိသလဲတဲ့ . . .

ရှင်းကျော့သိတာကတော့ ဒက်ဒီ မဆုံးခင် တစ်နှစ် လောက်မှာ မီနှင့် ဒက်ဒီ ရန်ဖြစ်ကြပါတယ်။

ရှင့်ကို မုန်းတယ်

ရှင့်ကို မုန်းတယ်

ရှင့်ကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး ။

အခုလဲမုန်းတယ် အရင်ကလဲမုန်းတယ် နောက်လဲ မုန်းမှာဘဲဆိုပြီး မီဒေါသတကြီး အော်ပြောခဲ့တာ ရှင်းကျော့ ကြားဘူးပါတယ်. . . ။

" ရှင်းကျော့ ဒါဘဲသိပါတယ် "

" မီ သနားစရာပါ "

လာပြန်ပြီ

ဒေါ်ကြီးစောရဲ့ စကားတွေကိုသာ အသံသွင်း ထားရမယ်ဆိုရင် . . .

" မို့ကို သနားတယ် " ဆိုတဲ့စကားမျိုးတွေက ထပ်ခါတလဲကြားနေရမှာပါဘဲ. . .။

" ဘာကိုသနားတာလဲ ဒေါ်ကြီးစော . . . ဒက်ဒီကို မုန်းတယ်လဲဆိုတယ် ဒက်ဒီ့ကို ဘာလို့ မီလက်ထပ်ယူခဲ့သလဲ . . . ကိုယ်မချစ်တဲ့ လူကိုဘာလို့ လက်ထပ်တာလဲ . . . မုန်းရင်လဲ မယူနဲ့ပေါ့ . . . "

" ရှင်းကျော့မသိသေးလို့ပါကွယ် . . . မို့အဖေက ရှင်းကျော့ ဒက်ဒီရဲ့သူငယ်ချင်း . . . မို့အဖေကလောင်းကစားဝါသနာပါတော့ ကစားဝိုင်းမှာ သိန်းနှစ်ဆယ်လောက်ရှုံးသွားတယ်။ သည်ငွေတွေကို ရှင်းကျော့ ဒက်ဒီကဆပ်ပေးခဲ့ပြီး သိပ်လှတဲ့မို့ကို အရယူခဲ့တာပေါ့"

" ဟင် "

ဒေါ်ကြီးစောဟာ တခါမှမပြောစဘူး သည်အကြောင်းတွေကို စိတ်ပါလက်ပါပြောပြတာပါလား။ ဟိုအရင် ရှင်းကျော့ မေးနေစဉ်ကတော့ . . . မသိချင်ပါနဲ့ . . . မသိချင်နဲ့ ဒေါ်ကြီးစောမသိဘူးနဲ့ အခုတော့ သူ့ဖာသာပြောနေတော့တာပါလား။

အခုပြောတဲ့ အတိုင်းသာဆို . . .

ဒက်ဒီ့ကို မီ မုန်းသင့်တာပေါ့။

ငွေကြောင့် အရယူခဲ့တဲ့ လူတယောက်ကို မီ ဘယ်ချစ်

ပါ့မလဲ။ စာနာပါတယ်. . . ။

" ဟဲ့ နေပါဦး . . . . သွေးစပ်ရင်တော့ ဘယ်တော်ပါ့မလဲ ဒါပေမယ့်ယုဝေက အန်ကယ်သိန်းကို သိပ်ချစ်တာဆိုတော့ ကိုမိုးဆင့်ဝေကိုလဲ အစ်ကိုအရင်းလို ဖြစ်နေတာပါ . . . "

" အင်းလေ . . . ယုဝေတို့ သားအဖကတော့ တကယ့်မေတ္တာပါ . . . မီ့ကို ရှင်းကျော့ကရော မချစ်ဘူးလား "

" အရင်ကတော့ မုန်းတယ် . . . ရှင်းကျော့ကို သူစိတ်ထင်သလို ရိုက်နေတာမဟုတ်လား ဒါပေမယ့် . . . ကျေးဇူးဆိုတာ ရှင်းကျော့သိပါတယ် . . . အခုလိုဒက်ဒီနဲ့ ဘာလို့လက်ထပ်ရသလဲသိတော့ . . . စိတ်မကောင်းပါဘူး. . "

" သည့်ထက် သနားစရာကောင်းတာလေးတွေလဲ ရှိတာပေါ့ . . . မီ့စိတ်က ခံစားမှုများလေသူစိတ်ထိခိုက်လေနဲ့ . . . ရောဂါတွေလဲရလာတယ်။ ပြီးတော့ မီ့ကို ဒေါ်ကြီးစောစိတ်ဆိုးတာ တခုရှိတယ် . . . အဲဒါကတော့ ရှင်းကျော့အဖေကိုမုန်းတဲ့ အဃာတတရားကို ရှင်းကျော့အပေါ် လွှဲချတာဘဲ . . . ရှင်းကျော့ကို သူတမင်ရိုက်နှက် နှိပ်စက်နေတာ မင်းအဖေပေါ် မုန်းတဲ့ အမုန်းကို လက်စားချေနေတာ မဟုတ်လား . . . "

ဒါကြောင့်လား။

တခါက မီ ပန်းအိုးနှင့်ပေါက်ထည့်လိုက်တာ ရှင်းကျော့ခေါင်းကွဲသွားဘူးပါတယ်။ ဒေါ်ကြီးစောက ရှင်းကျော့ကို

ဆေးထည့်ရင်း မြေစာပင်လေး . . . မြေစာပင်လေး . . .
ါတော့ နင်တို့ကြောင့် စိတ်ဆင်းရဲပါတယ် အတုံ့အလှည့်ဆိုတာ
ပ်တန်းကရပ်ရမဲ့အစား သံသရာရှည်အောင် လက်တုန့်ပြန်
နေကြတယ်လို့ ညည်းနေခဲ့ဘူးတာ။ အခုမှ သိသင့်သလောက်
သိရပါတယ်။

" မီ့ကို ရှင်းကျော့ မုန်းမှာပါ "

" အခုသိပ်မမုန်းပါဘူး . . . မုန်းလို့ မီနဲ့ဝေးရာ
ထွက်ပြေးမယ်ဆိုတဲ့ အခါတွေမှာ မီပေးတဲ့ လုံခြုံမှုကို ရှင်းကျော့
တား တတ်နေပါပြီ"

" အေးကွယ် မီကတော့ သေတာတောင် အသိတရား
ပါ့မလား ရှင်းကျော့ကငယ်ပေမယ့် ခုလောက်အသိတရား
ရှိတယ်ဆိုရင် ဒေါ်ကြီးစော ဝမ်းသာလှပါပြီ . . . "

တယ်လီဖုန်းသံကြောင့် စကားပြတ်သွားရပါတယ်။
န်းကိုင်မည်ပြုတဲ့အခါမှာ

ဖုန်းဆက်လို့ ရမလားဆိုတဲ့ မေးခွန်းနှင့် မရဘူးလို့
ငြင်းတဲ့အခိုက် . . ။

ညိုမှောင်ပျက်ဆင်းသွားတဲ့ သူ့မျက်နှာ -
ရှင်းကျော့ဟာ စိမ်းကားရက်စက်တတ်သူလို့သာမှတ်ပါ။
လေးညို့သံကို ရှင်းကျော့မုန်းတယ် . . .
" အမိန့်ရှိပါ . . . "

" ရှင်းကျော့လား "

" ဟင် မီ "

" မင်းဆီမှာ အမှတ်သည်းခြေရှိရဲ့လား "

" ရှင် "

" မင်းဟာ အမှတ်သည်းခြေရှိတယ်ဆိုရင် ... ယောကျ်ားလေး တယောက်ကို အိမ်ထိအလည်မခေါ်သင့်ဘူး"

ဘုရားရေ ...

ကိုမိုးဆင့်ဝေ အိမ်လာတာ မီဘယ်လိုသိပါလိမ့်။ ဒေါ်ကြီးစောကို အခုဘဲ ရှင်းကျော့ပြောပြတာပါ။ ဒါကလည်း မလိမ်ချင် မညာချင်လို့ ပြောပြတာ။

" အိမ်လည်မခေါ်ပါဘူး ... ယုဝေမုန့်ဟင်းခါး ပို့ခိုင်းလိုက်တယ်ဆိုလို့ပါ ... "

" အကြောင်းပြချက်ဆိုတာ အမျိုးမျိုးပြောရင် ဖြစ်နေတာဘဲ ... မင်းဆီမှာ အမှတ်သည်းခြေရှိသင့်တယ် ... ငါမရှိရင် မရှိသလို မင်းရဲ့ပုံစံက အရင်အတိုင်း ပြန်ဖြစ်တာပါဘဲလား ... "

" မဟုတ်ဘူး မဟုတ်ဘူးမီ ... မီပြောနေ သလို မဟုတ်ဘူး ... ရှင်းကျော့မှာ အမှတ်သည်းခြေရှိပါတယ်။ ရှင်းကျော့ ကြောက်တတ်ပါတယ်။ အခုက ... အခုက ယုဝေ အစ်ကိုပါ တကယ့်ကို မုန့်ဟင်းခါးလာပေးတာပါ ... စိတ်ချပါ

ာက်ဆိုသူ့ကို ရှင်းကျော့ဘယ်တော့မှ မခေါ်တော့ ဘူး. . . "

မီကအမှတ်သည်းခြေမရှိသူလို့ ပြောတဲ့အခါမှာတော့ ဘယ့်ကို ကြေကွဲဝမ်းနည်းရပါတယ်။ ကြောက်ရွံ့စိုးထိတ် းတွေဟာ ရင်မှာရှိနေဆဲပါလေ။ ရှင်းကျော့တသက်မှာ ယ်တော့မှ မေ့သွားမှာမှ မဟုတ်တာဘဲ. . .။ ဒေါ်ကြီးစော တော့ ရှင်းကျော့ဆီမှ ဖုန်းကိုလှမ်းတောင်းယူကာ မီ့ကိုစကား ာပြောနေပါတယ်။

ရှင်းကျော့ကတော့ မျက်ရည်တွေသာ ကျလာရင်း းနည်းကြေကွဲနေမိပါတယ် . . .

ခြေလှမ်းတချက်မှားရင် ဘယ်လောက်ထိ မှားယွင်း းနိုင်သလဲဆိုတာ . . . မီပြန်မပြောလဲ ရှင်းကျော့ ဘယ်လို းနိုင်ပါ့ မလဲကွယ်။

❀ ❀ ❀

ဘာဖြစ်ရတာလဲ

စိတ်မှာ တခုခုက အခုအခံဖြစ်ပြီး ဘယ်လိုလုပ်လုပ် ဆင်မပြေပါဘူး။ ကိုဟန်ကတောင်မှ ကိုဆင့်ဘာဖြစ်နေလဲတဲ့ းမှာတုံး ကလည်း မမစောနဲ့စကားပြော အဆင်မပြေ ဖြစ်ရတယ်. . .။ ရင်ထဲက မာနကိုထိခိုက်သွားလို့လား . . .။

ဘယ်လိုခံစားမှုမှန်းကို မသိတော့ပါဘူး။

ငါကယောက်ျားဘဲ

သူ့ထက်တောင်မာနရှိသေးတယ်လို့ ဖြေလိုက်တဲ့အခါမှ

အမှားအယွင်းမျိုးစုံက သိုးဖြူလေးကြောင့်ဖြစ်နေတာ သေချာသိရတယ်။

" ကိုဆင့် . . . "

" ပြောလေ "

" လက်ဖက်ရည်ဆိုင်သွားရအောင်လား . . . ကျွန်တော် ကိုဆင့်ရင်ဖွင့်သံကို နားထောင်ချင်လား "

" ရင်ဖွင့်စရာမရှိပါဘူး ကိုဟန်ရယ် . . . "

" ရှိရမယ်လေ ရှိရမယ် . . . "

ပပကြောင့်လား . . .

ဒါမှမဟုတ်ရင် ရှင်းကျော့သန့်စင်ကြောင့်လား . . .

ကျွန်တော် တွေဘူးနေပြီသည်တော့ သိနေတယ်လေ မျက်ဝန်းတွေက ညာမရဘူးကိုဆင့်ရဲ့ ပပရဲ့မျက်ဝန်းလေးတွေ ကိုဆင့်ရဲ့ အကြည့်လေးတွေ . . . သိပါတယ်။ လာပါ လက်ဖက်ရည်ပေါ့ကျတခွက်ထဲမှာဘဲ ရင်ဖွင့်ဖွင့် . . . တယောက်ယောက်ဆီ ပြောပြပြီးရင် ရင်ထဲပေါ့သွားမှာပါ . . .

ကိုဟန် လက်ဆွဲခေါ်တော့ လိုက်လာခဲ့တယ်

ကျွန်တော်ကိုယ်တိုင်ကရော ရင်ထဲက မောပန်း

တွေ . . . မကျေနပ်ခြင်းတွေလို ရွှေ့လျားနေတဲ့ မာန ကိုထုတ်ပြီး ရင်ပေါ့ချင်နေတာလား။

" ဆိုပါဦး ကိုဆင့် "

"မိန်းကလေးတွေကို ကျွန်တော် တွယ်တာခဲ့ပါတယ် န် . . . ခုချိန်ထိ မောင်နှမလိုခင်မင်မှုကလွဲပြီး သူ့ကိုမှ မပိုခဲ့ဘူး . . . ပပဆို ကျွန်တော်အပေါ် ာဇဉ်သိပ်ကြီးမှန်းသိတာတောင် ရှောင်နေခဲ့တာပါ "

"ဒါဆိုကိုဆင့်ရဲ့ ခံစားမှုတွေက ရှင်းကျော့သန့်စင် င့်ပေါ့ ဟုတ်လား . . . "

" သူ့ကြောင့်တော့ဟုတ်ပါတယ် သူက ကျွန်တော့်မာန ကို ထိခိုက်နေသလိုပါဘဲ . . . "

မခေါ်ချင်သလိုပုံစံတွေ ဖုန်းဆက်ယုံလေးတောင် း‌ခါတဲ့အခြေအနေတွေ ကျွန်တော့်စိတ်မှာ ဖြစ်လာတဲ့ ရဲ့ ပေါက်ကွဲလိုခြင်းတွေ . . . ဒါတွေအခုဖြစ်နေလို့ ဲမှာလဲ ပြောင်းဆန်အောင် လှုပ်ရှာနေရတယ်။

" အချစ်မှာ မာနမရှိဘူးကိုဆင့် . . . ကိုဆင့်အခု နေတာဟာ . . . သူ့ကို ကိုယ်ကချစ်ပါလျှက် သူ့ဖက်က ဆန်နေလို့ ထိခိုက်နေတာပါ . . . သူက မိန်းကလေးဘဲ ခြင်း အရောဝင်ခေါင်းငြိမ့် အဲလိုမျိုးလွယ်လွယ်ကူကူ ကလေးတယောက်ဆိုရင် ကိုဆင့်အထင်ကြီးမှာလား . . .

နှစ်သက်မှာလား . . . မိန်းကလေးတွေရဲ့ ကုန္ဒြေလဲ ရှိသေ
တယ်လေ. . ."

" ရှင်းကျော့က လိုတာထက်ပိုနေသလိုပဲ. .
လူတယောက်ကို ရဲရဲတင်းတင်းတောင် မကြည့်ရဲဘူးခိုးဝှ
ကြည့်ပြီးမှ မျက်လုံးတွေလွှဲခေါင်းကအမြင့်နဲ့ . . . ဘာပုံစံမှ
လဲ မသိဘူး . . . ."

ကိုဟန်က ရယ်ပြီးတော့မှ အဲသည့်ဘာပုံစံမှန်းမသိတ
လေးကိုမှ ကိုဆင့်စွဲလန်း နေတယ်မဟုတ်လားတဲ့။ ဟုတ်ပ
တယ်။ ကျွန်တော်ကိုယ်တိုင်က အဲသည့်အားမလို အားမ
မလှုပ်မယှက် သိုးဖြူလေးကိုမှ ဘာလို့ ခံစားမှုတွေ အမျိုးမျိ
ဖြစ်နေရသလည်း. .။

" ယုဝေကိုဆင့်ညီမ၊ ရှင်းကျော့ကလည်း သူငယ်ချ
. . . ယုဝေကိုဘဲ အကူအညီတောင်းကြည့်ပါလား . . ."

" ယုဝေနဲ့မဖြစ်ပါဘူး . . . ယုဝေက ကလေးလို နဂို
ကမှ ရှင်းကျော့နဲ့ သဘောတူတယ် နော်နော်သဘောတူတယ်
ရှုပ်နေတာ . . ."

" သည်နေရာမှ ယုဇဝရဲ့ အကူအညီက အဓိက
လိုအပ်တယ် . . ."

" ကျွန်တော့်စိတ်မှာ အချစ်ဆိုတာ ဒါပါလို့ ခံစားရတ
မျိုးဘဲ . . . ဒါပေမယ့် အချိန်တိုင်း သူ့ရဲ့ငြင်းပယ်မှုက
သတိရနေတယ် "

မိန်းကလေးဆိုတာ သည်လောက်တော့ ငြင်းဆန်ဦးမှာ ပေါ့ ကိုဟန်ပြောနေတယ်ကြားလား . . . ခေါင်းခါနေတဲ့ ဆံပင်ကျော့ရဲ့ ပုံစံကို မျက်ဝန်းမှာမြင်ယောင်နေမိပါတယ်။

❀ ❀ ❀

မီက အိမ်မှာဘယ်သူတွေ ဘာဖြစ်နေတယ်ဆိုတာကို သိတဲ့နေရာမှာတော့ တကယ့်ကို တော်တဲ့သူပါဘဲ . . .။ ဆေးရုံပေါ် ရောက်နေတာတောင်မှ အိမ်ကို ကိုမိုးဆင့်ဝေ လာတာကို သိနေပါလား . . .။

“ မီကလဲ ခက်ပါတယ် . . . တယူသန်လွန်းတာ . . . တကယ်ဆို တယူသန်လွန်းတာ မကောင်းပါဘူးကွယ် . . . လောကမှာ သုခဒုက္ခရှိနေသလို လူဆိုး လူကောင်း ဒွန်တွဲ နေတာပါဘဲ ဆိုးတဲ့လူတွေ တွေ့ဘူးတာနဲ့ လူတိုင်းဟာ လူဆိုးချည်း ဖြစ်ရရောလား . . . ”

“ ကိုမိုးဆင့်ဝေဟာ လူကောင်းလားဟင် ”

“ ဒါကတော့ လူ့အကြောင်းပေါင်းမှ သိရတယ်လို့ ဆိုတယ် မဟုတ်လား လူတယောက် အကြောင်းသိချင်ရင် . . . အဲသည့်လူနဲ့ ခင်ခင်မင်မင် မိတ်ဆွေအနေအထားပေါင်းရမယ် . . . သူပြောတဲ့ လေသံတွေပေါ် မူတည်ပြီး ကြာလာရင် သည်လူ့စိတ်ဓာတ် ဘယ်လိုဆိုတာသိလာမှာ . . . လူ

တယောက်ဟာကြာကြာ ဟန်မဆောင်နိုင်ပါဘူးကွယ် . . . ”

ဒေါ်ကြီးစောပြောတဲ့ စကားလေးတွေက နားထောင်ရတာကောင်းပြီး ဒါဟာအမှန်တွေပါလို့ ရှင်းကျော့ယုံကြည်နေတယ်။ ဒေါ်ကြီးစောကတော့ လူဆိုတာသူများလိုက်ပြီး ထိန်းသိမ်းပေးလို့မရဘူး။ ကိုယ့်အသိတရား ကိုယ့်ဉာဏ်လေးနဲ့ ယှဉ်ပြီး ထိမ်းသိမ်းရတယ် . . . တဲ့။

လောလောဆည်မှာတော့ ရှင်းကျော့စိတ်မှာ နောက်ဆို ကိုမိုးဆင့်ဝေကို ဘယ်လိုနည်းနဲ့မှ မခေါ်တော့ဘူးလို့သာ ဆုံးဖြတ်ထားလိုက်တာ။ မီမှမကြိုက်တာ။ မီမကြိုက်တာကို မလုပ်တာကောင်းပါတယ်။ ရှင်းကျော့ ကြောက်နေပါပြီလေ. . .။

“ ကိုမိုးဆင့်ဝေကို အိမ်မလွှတ်ဖို့ ယုဝေကို ပြောထားရမယ် . . . မခေါ်တော့ဘူး . . . ”

“ ဘာလို့မခေါ်ရမှာလဲ ”

“ မီ မကြိုက်ဘူး . . . ”

“ မီမကြိုက်ဘူးဆိုပြီး ရှင်းကျော့တယောက်ထဲ ရှောင်ဖယ် ရှောင်ဖယ်နေရင် လူတွေနဲ့ဆက်ဆံရေးဟာ ပိုပြီးဝေးကွာသွားမှာပေါ့. . . လူတွေနဲ့ဝေးလေ . . . နားလည်တတ်မှုတွေလွဲလေနေမှာ . . . ယုဝေလေးတို့ မိသားစုက စိတ်သဘောကောင်းတာဘဲ မိုးဆင့်ဝေလဲ လူဆိုးတော့မဖြစ်နိုင်ပါဘူး . . . ”

" ဒေါ်ကြီးစောကတော့ ခုလိုပြောတာဘဲ မီမှ
ကြိုက်တာ။ မီက ရှင်းကျော့ကို အမှတ်သည်းခြေမရှိဘူးလို့
ပြောတာတော့ မခံစားနိုင်ပါဘူး။ အဲလိုပြောမျိုးကို လုံးဝ
ခံချင်. . .။ တော်ပါပြီ ကိုမိုးချွင့်ဝေနှင့် မခေါ်ရလို့ ဘာမှ
ဖြစ်ပါဘူး. . .။

" ဘာမှ စိတ်ထဲမထားနဲ့ ရှင်းကျော့ . . . မီ့ကို
ဒေါ်ကြီးစောရှင်းပြလိုက်ပါမယ် . . . မီက သူ့အတွက်
မကြိုက်တဲ့ ဘဝတခုကိုရလိုက်တော့ အရာအားလုံးကို
ဆိုးတွေချည်းမြင်နေတာ . . . ရှင်းကျော့က ငယ်သေးတယ်
လိုတဖက်စွန်းစိတ်တွေ မရောက်စေနဲ့ . . . ခုချိန်မှာတော့
ရှင်းကျော့ဟာ ဒေါ်ကြီးစောရဲ့ သမီးလေးတွေပါဘဲ . . .
းတဲ့သူကို တတ်နိုင်သရွေ့ အမှန်ဖြစ်အောင်လို့ ဆုံးမ
ပါဘဲလေ. . ."

ဒေါ်ကြီးစောခမျှာလည်းပြောပြီး အိမ်မှာကြာကြာ
နေရပါဘူး။ မီရှိရာဆေးရုံကို သွားရပြန်ပါတယ်။ ရှင်းကျော့
တော့ ယုဝေကို ဘယ်လိုပြောရရင်ကောင်းမလဲဆိုတဲ့
အားတွေကို လှည့်ပတ်စဉ်းစားနေဆဲပါဘဲ. . .။

" မရှင်းကျော့ . . . ခုနက ကျွန်မကို ဘာခိုင်းတာလဲ"

" ခြံဝမရောင်ခင်လေးမှာ ပီတောက်တပင်
ပေါက်နေတယ် မဝေ . . . အဲဒါနှုတ်ပစ်လိုက်ပါ။ မီဆေးရုံက

ဆင်းလာလို့ တွေ့သွားရင်ဆူမယ် . . .”

“ ပိတောက်ပင်ကလဲနော် ပေါက်ပါ ပေါက်ပါဆိုရင် စိုက်တာတောင် ပေါက်ချင်မှပေါက်မယ် အခုတော့ ခြံထဲမှာ တွေ့တိုင်းနုတ်ပစ်နေတာတောင် မရဘူး။ ဟိုနားပေါက်လိုက် သည်နားပေါက်လိုက်နဲ့ စိတ်ရှုပ်ပါတယ် . . .”

မဝေ ပြောလဲ ပြောစရာ။

ပိတောက်ပင်တွေက ဟိုနားသည်နား ပေါက်နေတာ အကာအကဘဲ မဟုတ်လား။ ယုဝေ ကိုဘယ်လိုပြောရမလည်း။ နင့်အစ်ကိုကို ငါတို့အိမ် မလွှတ်ပါနဲ့လို့ ပြောလို့ကတော့ အရမ်းစိတ်ဆိုးမှာ။ ငါ့အစ်ကိုက ဘာဖြစ်လို့လဲဆိုပြီး တော့လေ. . . ။

ရှင်းကျော့အပေါ် စိတ်ရင်းကောင်းသည့် ယုဝေနှင့် နော်နော်က သူငယ်ချင်းတွေအဖြစ်မှ ခွဲခွာသွားမှာလဲ ရှင်းကျော့ မလိုလားပါဘူး . . . ။ ဒါပေမယ့် ရှင်းကျော့ အမှတ်သည်းခြေ ရှိရလိမ့်မယ် မီအပြောလဲ မခံချင်ဘူး . . . ။ ဒေါ်ကြီးစော ပြောသလို လူအကြောင်း ပေါင်းမှသိဆိုပေမယ့် မသိလဲမသိချင် တော့ပါဘူးလေ. . . ။

❀ ❀ ❀

ကိုဟန်က အားပေးထားတယ်။

ယောကျ်ားကြိုက်ရင် ဆိုက်ဆိုက်လာတဲ့ ကိုဆင့် . . . ၊ အမိကကရှင်းကျော့သန့်စင်ကို ခင်မျှား ချစ်ရင်သူ့ဆီ အရောက်

သွားရလိမ့်မယ် . . . တခါတခါ ဖွဲ့ဆုကလေးတဆုလဲ ရတတ်တယ် ကိုဆင့် . . . မျှော်နေတာ ယောကျ်ားတယောက် အလုပ်မဟုတ် ဘူးတဲ့လေ. . .။ သူတို့ကျောင်းအထိတော့လဲ လိုက်မသွားရဲပါဘူး. . .။

ဒါကြောင့် ယုဝေကိုပြောထားတယ် သုံးယောက် အတူဝင်ခဲ့ကြပါ။ ခေါက်ဆွဲကြော်ကျွေးမယ်လို့လေ. . .။

" ကိုဆင့် နင်ဘာဖြစ်နေလဲ ဂဏ္ဍာမငြိမ်သလိုဘဲ အပြင်ကိုပဲ ကြည့်လိုက်ရတာ . . . ဘာဖြစ်နေလဲ . . . "

" ညီမနဲ့ ချိန်းထားတယ် မမစော . . . "

" နင်က နင့်ရည်းစားကို ညီမလို့ ခေါ်သလား "

" ဟာ မမစောကလဲ အတွေးကြောင်နေပြန်ပါပြီ . . . ကျွန်တော့်ညီမဝမ်းကွဲလေးပါ . . . သူတို့လာမှာမို့ . . . "

သိပ်မကြာလိုက်ပါဘူး။ ယုဝေရဲ့ အလွန်ဝဖြိုးတဲ့ ခန္ဓာကိုယ်ဟာ အဝေးက မြင်နိုင်တာဘဲလေ. . .။ ဒါပေမယ့် ကျွန်တော် အင်မတန်မြင်ချင်နေတဲ့ လူတယောက်ကတော့ အရိပ်အယောင်တောင် မမြင်ရပါဘူး။ နော်နော့်ကိုသာ ယုဝေနှင့်အတူ တွေ့လိုက်ရပါတယ် . . .။

" ကိုကို စောင့်နေရတာကြာပြီလား . . . ရှင်းကျော့ကို ခေါ်နေရတာက အလဟသ ကြာနေတာ ဖြီးတော့ လိုက်တာလဲ မဟုတ်ဘူး ခေါ်လို့လဲမရဘူး . . . ရှင်းကျော့ကတော့ ကြာရင်

ဒေါသထွက်ရတာနဲ့ ယုဝေသေမလားဘဲ . . . ”

ယုဝေရဲ့ ရှုံ့ရှုံ့မဲ့မဲ့ညည်းပြောလေးမှာ တခါထဲ နားလည်ပါတယ်။

ရှင်းကျော့ကို ခေါ်လို့မရဘူးပေါ့လေ။

“ ယုဝေကလဲဟယ် ရှင်းကျော့ကသေချာပြောပြသွားဘဲ အလကားဒေါသထွက်နေတယ် . . . ”

“ သူ့မိထွေးကိုသည်လောက် ကြောက်စရာလိုလား သူကြည့်လိုက်ရင် ဟိုကကြောက်ရသည်ကကြောက်ရနဲ့ ”

“ ယုဝေကလည်းဟယ် သူ့ဘဝနဲ့သူပေါ့ . . . နင်က အန်ကယ်ရဲ့ တကယ့်ချစ်ခြင်းမေတ္တာကိုရတယ်။ သူက မှီရဲ့ တကယ့် ချစ်ခြင်းမေတ္တာကို မရလို့ပေါ့။ လူတွေဟာ ဘယောက်ယောက်ရတဲ့ဘဝတွေ တူမှမတူတာ . . . သူက ကြောက်တတ်တာ ဘာတတ်နိုင်မှာလည်း . . . ”

ယုဝေတို့ နှစ်ယောက်နှင့်ထွက်လာခဲ့ကြတော့ ဇာနည်ရဲ့ ညီမတွေကလည်း တယောက်က ဝဝ တယောက်ကပိန်ပိန် ကိုဆင့်တို့ ဒါမျိုးလေးတွေတော့ ချစ်သူဖြစ်မှာမဟုတ်ပါဘူးလို့ အနားကပ်ရွတ်သွားသေးတယ်။

“ ယုဝေ စားချင်တာမှာ ”

ရှင်းကျော့လေးရယ်။

တကယ်ပါ . . .

လူက စိတ်တွေအဝေးကို ပျံလွင့်သွားသလိုပါဘဲ။ အဲသည်လို ခံစားမှုတွေ ကိုယ်မလိုချင်ပါဘူး . . .။ မလိုချင်လို့လဲမရ ရင်ထဲကို မကြည်လင်ခြင်းတွေဟာ တိမ်ညိုတွေလို ရောက်လာတယ် . . .။

" ဟယ်တော့ . . . ဟိုမှာ ဟိုလူပါလား "

နော်နော့်အသံကြောင့် ယုဝေက ဘယ်သူလည်းလို့ မေးတယ်။

" လှည့်ကြည့်လိုက်စမ်း ယုဝေ ဟိုတခါငါတို့ ဆီချက်ဆိုင်မှာတွေ့တဲ့ ချောပါတယ်ဆိုတဲ့ လူလေဟာ . . . "

" မှဲ့လေးတွေနဲ့ လူပါလား . . . "

သူတို့နှစ်ယောက်ကြောင့် လှမ်းကြည့်မိပါတယ်။ အမျိုးသားတယောက် အနေနဲ့ဆိုရင် ချောမောလွန်းတယ်လို့ ပြောရမှာပါဘဲ။

" ကိုကို . . . အဲသည့်လူနဲ့ သိချင်တယ်"

" ဟာ ယုဝေကလဲ ငါနဲ့မှမသိတာ "

" သိသွားအောင် ကိုကိုတခုခု လုပ်မပေးနိုင်ဘူးလား"

" ငါမလုပ်တတ်ဘူး ယုဝေရာ . . . "

သည်ကောင်မလေးတွေ ဘာလို့ ကောင်လေးကို သိချင်နေရတာလည်း။ ချောတာကို သဘောကျတာလား။

" ယုဝေနင်က ကျောခိုင်းထိုင်နေရာကနေလှည့်လှည့်

မကြည့်နဲ့လေ ဟိုကရိုပ်မိသွားမယ်။ တော်ကြာသူချောလို့ ကြည့်တယ် ထင်ရင်သေရော မိန်းမဈေးကျတယ် ”

“ ငါတို့က သူချောလို့ကြည့်ချင်တာလည်း မဟုတ်ဘူး ချောလို့ သိချင်တာလည်းမဟုတ်ဘူး တခုခုတော့ အကြောင်းရှိသလားလို့ သိချင်တာ”

ရှင်းကျော့ဆိုတဲ့နာမည်ပါလာတဲ့အခါမှာ သူ့စိတ်ဟာ . . . ဘာလို့မျှား သူတို့စကားဝိုင်းထဲ ရောက်သွားရတာပါလိမ့်။ သည်အခိုက်မှာ အဲသည့်ကောင်လေးဘေးမှာ လူတယောက် ဝင်လာထိုင်ပါတယ်။

“ ခုနက ဝင်လာတဲ့လူနဲ့ ထွက်သွားကြပြီ ယုဝေ . . . ”

“ အေးလေဟာ . . . မြင်သာမြင်လိုက်ရတယ် သိအောင်လဲ မစွမ်းဆောင်နိုင်ဘူး . . . ခုနေ ရှင်းကျော့ ပါလာရင် ကောင်းမှာ . . . ”

“နင်ကလဲဟယ် . . . ရှင်းကျော့စိတ်ညစ်အောင် မလုပ်ချင်စမ်းပါနဲ့ . . . ငါပြောပါရော လူဆိုတာကိုယ့်ဘဝ ကိုယ့်အကြောင်း လေးတွေ ကိုယ်စီရှိကြတယ် ”

သူတို့တွေနှင့် စကားပြောကြည့်တဲ့အခါ ယုဝေက အလိုလိုက်ခံထားရတဲ့ ကလေးဆိုးကြီးလိုဖြစ်နေပြီး နော်နော်ကတော့ စကားပြောတာကအစ လူကြီးလေးတယောက်လိုပါဘဲ။ သူတို့ကို မပြောတာပါ သူတို့သိပ်သိချင်နေတဲ့ သိပ်ချောတဲ့

ကောင်လေးရဲ့ အကြောင်းက စုံစမ်းရမခက်တော့ပါဘူး။ ကျွန်တော်နဲ့ ခင်မင်တဲ့ စိုးဝင်းအောင်ကို မေးကြည့်လိုက်ရင် အပြည့်အစုံ မဟုတ်တောင် အနည်းအကျဉ်းကတော့ သိနိုင်မှာပါ။

"ကိုကို . . . ရှင်းကျော့တို့အိမ်ကို ဖုန်းလဲမဆက်နဲ့ သွားလဲမသွားနဲ့နော်"

ပြန်ကာနီးမှ ယုဝေကပြောတာပါ။ အကြောင်းတစုံတခု ရှိပါဘဲတော့ ယုဝေသည်စကားကို ပြောမည်မထင်။ ရှင်းကျော့ဆီ ကျွန်တော်ဖုန်းဆက်ချင်တယ် ဆိုတော့ငြင်းတယ်။ ယုဝေက သွားခိုင်းလို့ သူ့အိမ်သွားဘူးတယ်။ ဒါတွေကို တခုခုသောအကြောင်းနှင့် ယုဝေကို ပိတ်ပင်ပါသလား . . .။

ယုဝေကို ဘာမှပြန်မမေးလိုက်ပေမယ့် တစုံတရာကို နားလည်စွာ ရင်ထဲခံစားမှု အမျိုးမျိုးရှိနေပါလား . . .။

❀ ❀ ❀

မိုးရွာနေတယ်
သိပ်တော့မသည်းဘူး။

ဒါပေမယ့် ရွာနေတဲ့မိုးတွေကို ကြည့်ရင်းကြည့်ရင်း စိတ်မှာ မကြည်လင်တော့ . . .။ မိုးရွာမှာကို စိတ်မောခဲ့ရတဲ့ ရက်တွေက များလဲများလှပါပြီ ဒါပေမယ့် . . . ခံစားမှုကို ပြောင်းလဲဖျောက်ဖျက်မရပါလား . . .။

" နင့်ကို ငါအရမ်း စိတ်ဆိုးတယ် ရှင်းကျော့ ငါ့အစ်ကိုက ဘာမို့သည်လောက်ထိ ပိတ်ပင်တားဆီးနေရတာလဲ ... စိတ်ချ နောက်ကို နင့်အိမ်ကို ငါ့အစ်ကို ဘယ်တော့မှ မလာစေရဘူး ... "

စိတ်မဆိုးပါနဲ့ ယုဝေ

မီ့ကို ငါကြောက်တယ်

မီ့ကို ငါကြောက်တယ် ဂရုစိုက်ရမယ်။

ရှင်းကျော့က မီ့အရိပ်မှာနေရတာပါလို့ ပြောမိတယ်။ မီမကြိုက်တာ မလုပ်ရဲဘူး ...။

ကိုမိုးဆင့်ဝေက ခေါက်ဆွဲကြော်ကျွေးမယ် သွားရအောင်ဆိုတာနှင့် မလိုက်နိုင်တဲ့ အကြောင်းငြင်းပြီးတော့ ... မီက အိမ်လာတာမကြိုက်ဘူး ဖုန်းမဆက်ဖို့ ပြောမိတယ်။

ယုဝေရယ် စိတ်ဆိုးသင့်တယ်။

ဒါပေမယ့် စိတ်မဆိုးပါနဲ့ သူငယ်ချင်းရယ် ...။ ယုဝေနှင့် နော်နော်ထွက်သွားကြတော့ ရှင်းကျော့ မျက်ရည်ကျရပြန်တာ ယုဝေမသိပါဘူး။

သိပြန်ရင်လည်း။

" ရှင်းကျော့နင်က ငိုငိုနိုင်လွန်းတယ် တဆိပ်ရှိ မျက်ရည်ကျပြီ မျက်ရည်မကျဘဲ ဖြေရှင်းလို့မရဘူးလား ... ပျော့ညံ့လွန်းတယ်။ ငါအားမရဘူး ... "

ယုဝေရဲ့ ပြောနေကြစကားတွေကို ကြားရဦးမှာပါလေ။ မျက်ရည်က ထစ်ခနဲဆိုကျချင်ပြီ ပျော့ညံ့တယ်ဆိုဆို . . . မီ ဆူသမျှပူသမျှ ရိုက်သမျှ မျက်ရည်က ကျရတာ . . . ရှင်းကျော့မှာကို မျက်ရည်များလွန်းတယ်ထင်ပါရဲ့လေ။

" ရှင်းကျော့ "

" ရှင်ဒေါ်ကြီးစော လာပါပြီ "

" မီက တွေ့ချင်လို့ ဆေးရုံကိုလာခဲ့ပါတဲ့ . . . "

မီကတွေ့ချင်တယ်။

ဆေးရုံတက်ကထဲက တွေ့ချင်တယ်လာခဲ့ပါ တခါ မပြောဘူးပါဘဲ . . .၊ ဘယ်လိုကြောင့် ခေါ်ပြန်ပါလိမ့်။

" ရှင်းကျော့ကို စိတ်ဆိုးနေတာလား ဒေါ်ကြီးစော ဘာလို့တွေ့ချင်ရပါလိမ့် . . . "

" မသိဘူးကလေးရယ် . . . သွားတွေ့လိုက်ပါ . . . "

" ဟုတ်ကဲ့ . . . "

ဘာပါလိမ့်။ ဆူဆူရိုက်ရိုက် မီတွေ့ချင်တယ်ဆို ရှင်းကျော့သွားတွေ့ရမှာပါဘဲလေ။ ဒါကြောင့်မို့ ဘာပါလိမ့်ဆိုတဲ့ နောက်ကျိုကျို အတွေးတွေနဲ့ . . . ချက်ခြင်းထွက်လာခဲ့ရတယ်။ ကားရပ်လိုက်ပြီးတော့ ဆေးရုံပေါ်တက်လာခဲ့ရတယ်။ စိတ်ညစ်တယ်။

ထုံးစံအတိုင်း ခေါင်းငုံ့လျှောက်လာရင်းမှ ရှေ့တည့်တည့်

မှာတွေ့ရသည့် အရိပ်ကြောင့် မော့ကြည့်တဲ့အခါမှာ . . .

" ဟင် "

လူဟာ ယိမ်းထိုးယိုင်လဲလုမတတ်ပါဘဲ။

" ရှင်းကျော့ ရှင်းကျော့ . . . "

ဆေးရုံကော်ရစ်ဒါမှာ ပြေးခဲ့မိတာ ဘယ်သူဆို ဘယ်သ

မှမမြင်နိုင်တော့ပါ။

ကြောက်ရွံ့ဖွယ်ကောင်းသော မျက်နှာတခုကသ

ရှင်းကျော့အာရုံထဲမှာ ဝေ့လည်ဖဲပြီး မျက်ကလိုက်

သလိုပါဘဲ။ လူတကိုယ်လုံးဟာ ချွေးစေးတွေနှင့် အေးစ

တုန်ခိုက်ပြီး သတိတခုကို ရတဲ့အချိန် ရှင်းကျော့ကားမော

နေပါရောလား။

မီမကြိုက်လို့ ဘယ်တော့မှ ကားကိုမြန်မြန်မမောင်းခဲ့

ရှင်းကျော့ဟာ ခုတော့လည်း မြန်ဆန်လွန်းစွာ မောင်းနေ

ပါရော။

အသိတရားဝင်လာတော့မှ ကားရှိန်ကိုလျှော့ချပြီ

လမ်းဘေးမှာ ခဏရပ်ထားရပါတယ်။

ဒါပေမယ့် . . . ဟိုလူလိုက်လာသေးလားဆိုပြီးလည်

ကြည့်ရသေးတယ်။

ဒုက္ခဘဲ။

**မီကသူ့ဆီဘာလို့** မလာပါလိမ့်ဆိုပြီး **စိတ်ဆိုး**နေ

လောက်ပြီ။ ဆေးရုံကိုလည်း နောက်တခေါက် လုံးဝမသွားရဲ
ပါဘူး။ နောက်ဆုံးတော့ ရှင်းကျော့ရဲ့ အားကိုးရာက
ဒေါ်ကြီးစောပါ။ အိမ်ပြန်မယ်။ ဒေါ်ကြီးစောကို သွားပြောပြ
ရပါလေ။ မီက မလာချင်လို့ မလာတာလို့ အထင်လွဲသွားရင်
... ဖြေရှင်းလို့တောင် ရနိုင်ပါတော့မလား။

အိမ်ကို ကားမောင်းခဲ့ရင်းမှ ရှင်းကျော့ရဲ့ အကောင်းဆုံး
ဖြေရှင်းနိုင်ခြင်းက မျက်ရည်တွေတွေကျနေတာပါဘဲလေ။

❀ ❀ ❀

" ကိုသက်စိုး ... ကားပေါ်မှာ ခဏစောင့်ပါနော်
ကျွန်တော် စိုးဝင်းအောင်နဲ့ အလုပ်ကိစ္စလေးတခုပြောစရာရှိလို့ပါ
... "

ဆိုင်ကိုပစ္စည်းတွေလိုက်ပို့ရင်းမှ စိုးဝင်းအောင်ကို
အတွေ့ ယုဝေသိချင်တဲ့ အကြောင်းက ခေါင်းထဲဇရောက်
လာပါတယ်။ ပြီးတော့ ရှင်းကျော့နှင့်လည်း ပတ်သက်နေသည်
လို့ ဆိုထားတာကိုး ... ။

" စိုးဝင်းအောင် "

" ဟော ... ကိုဆင့် ... လာလေ ထိုင်ဦး ...
ပစ္စည်းလာချတာလား"

" ပြီးပါပြီ ... စိုးဝင်းအောင်ကို မေးစရာရှိလို့ ...

သည်လိုဗျာ . . . ဟိုနေ့က . . . "

ခေါက်ဆွဲကြော်စားရင်းမှ . . . ညာဘ

မျက်ခုံးပေါ်မှဲ့ကလေးနှင့် လူအကြောင်း မေးကြည့်ရတယ်။

" ဪ . . . ထိုက်ဇော်လား . . . "

" ဟုတ်တယ် "

" ဘာလဲ ကိုဆင့်ရော ထိုက်ဇော် ဒဏ်ခံလိုက်ရ

ထင်တယ် . . . "

" ဘာဒဏ်လည်း စိုးဝင်းအောင်ရဲ့ . . . "

" ထိုက်ဇော်အကြောင်းမေးတယ်ဆိုတော့ ထိုက်ဇေ

ငွေချေးတဲ့ဒဏ်များ ခံရသလားလို့ပါ။ ကျွန်တော်ကတော့

ထိုက်ဇော် ပေးတဲ့ ဒုက္ခခံနေရတာ နှစ်နှစ်လောက်ရှိပြီ ကိုဆင့်ရ

. . . ကိုဆင့်တို့နဲ့ခင်သလို အရမ်းခင်လာတဲ့အချိန်မှ

ဆယ်သိန်းပါသွားတယ် . . . "

ထိုက်ဇော်ဆိုတဲ့ လူဆိုပါသွားတဲ့ငွေဆယ်သိန်းက

ချော့တောင်းလိုက် ခြောက်တောင်းလိုက် တောင်းတာတော

နှစ်နှစ်အတွင်းမှာ ငါးသောင်းတောင် ပြည့်အောင်မရဘူးတဲ့လေ

" ကိုယ့်ငွေနဲ့ကိုယ်ဆိုတော့ ဘယ်လောက်ရ

အမြတ်ဘဲဆို တွေ့တိုင်းတောင်းနေရတယ် ကိုဆင့်ရာ.ကိုဆင့်လဲ

သည်လူနဲ့ . . . ငွေကြေးကိစ္စမပတ်သက်ပါစေနဲ့ မလွယ်ဘူး

. . . ငွေကြေးစိတ်မချရတဲ့ လူပါဗျာ . . . "

" သူ က ဘာအလုပ်လုပ်လဲ ဘယ်မှာနေလဲ . . . "

" နေတာတော့ မသိဘူး . . . အရင်ကတော့ ဇော်ထူးဟန်ရဲ့ ကုမ္ပဏီမှာ . . . "

ကိုဇော်ထူးဟန်ဆိုသိပါပြီ . . .။ ကျွန်တော်နှင့်လည်း ပါတယ်။

" ကျေးဇူးဘဲ စိုးဝင်းအောင် "

ရုပ်ရည်ချောမောလှပမှုနှင့် ဘာမှမသက်ဆိုသော ချင့်စာရိတ္တမျိုး ရှိတာပါလား . . .။ ဒါကြောင့်လည်း ၏ရုပ်ရည် ကြည့်ပြီး ဆုံးဖြတ်လို့မရဘူးဆိုတာ ဒါမျိုးပြောတာ ဖြပေ့ါ။ ချောမောလှပသောရုပ်ရည်တော့ နှမြောစရာဘဲ။

သည်လူနှင့် ရှင်းကျော့ တခုခုအကြောင်းရှိမလားဘဲ ည့် ယုဝေရဲ့စကားကို ကြားရတော့ . . .။

ရှင်းကျော့ရယ် . . .

အချစ်ဆိုတာ ကိုယ့်အတွက်တော့ ထူးဆန်းအံ့ဩဖွယ် က်ရှိလာတာပါဘဲ။

သည်ကောင်မလေးဟာ ဘယ်လိုပုံစံလေးမှန်းကို ဘူးဆိုတဲ့ . . . ခံစားမှုကနေ . . . တဖြည်းဖြည်း အခုတော့ ချစ်တဲ့လား . . .။

အလုပ်တိုက် ပြန်ရောက်တဲ့အခါမှာ . . .။

" ကိုဆင့် ခုနက ဖုန်းလာတယ် . . . နင့်ဦးလေးလို့

ပြောတာဘဲ . . . သူ့ဆီဖုန်းပြန်ဆက်ပါတဲ့ "

" ဟုတ်ကဲ့ မမစော . . . "

လေးလေးသိန်းကဘာလို့ ဖုန်းဆက်တာပါလိမ့်။ လေးလေးသိန်း ဖုန်းကိုပြန်ခေါ်တော့ အန်တီဝေနဲ့ တွေ့ပါတယ်။

" ဟုတ်ပါတယ် ကိုဆင့် . . . မနက်ဖြန်မနက် အာရုဏ်မှာ ဆွမ်းကပ်မလို့ လေးလေးသိန်း မွေးနေ့လေ . . . အဲဒါသည်ညာ ကိုဆင့်လာအိပ်ပါလို့ပြောမလို့လေ . . . ခုနဘဲ ဘုန်းဘုန်းတွေ ပင့်ဖို့ဆို ထွက်သွားတယ် . . "

" ဟုတ်ကဲ့ လာခဲ့ပါ့မယ် အန်တီဝေ . . . လေးလေးသိန်းကိုလဲ အန်တီဝေဘဲ ပြောပြလိုက်ပါတော့ အလုပ်ပြန်ပြီး အိမ်ခဏဝင် အဝတ်အစားယူပြီး လာခဲ့ပါမယ်လို့ . . . "

သည်ညတော့ လေးလေးသိန်းတို့အိမ်သွား အိပ်ရတော့မယ်။ မွေးနေ့ရှိတယ်ဆိုတော့လဲ မသွားလို့ဘယ်ဖြစ်မလဲ။ လေးလေးသိန်းအတွက် မွေးနေ့လက်ဆောင်လေးတခုခုလဲ လိုချင်တယ်လေ. . .။ ဘာဝယ်ရကောင်းမလဲ သူတို့ပြည့်စုံတယ် ဆိုပေမယ့် အမှတ်တရလေးကတော့ ပေးချင်ပါတယ်။

အိမ်ခဏပြန် ရေမိုးချိုးအဝတ်အစားလဲပြီး လိုချင်တာလေးတွေယူကာ သွားရမယ်လေ။ လေးလေးသိန်း မွေးနေ့ကို ယုဝေက ရှင်းကျော့ကို ဖိတ်မလား . . . လာဖို့မဖြစ်နိုင်မှန်းသိပါလျှက် . . . မျှော်ရဦးတော့မှာ။

❀ ❀ ❀

" ဘာကြောက်စရာရှိလဲ ခုမှတော်တော် ကြောက်နေ
ယ်လေ ကိုယ့်လာစော်ကားတဲ့စကားမျိုးပြောရင် ပါးပိတ်
ပစ်လိုက်ပေါ့ ကြောက်စရာလား . . . "

မီကပြောတော့ လွယ်တယ်။

လိပ်ပြာလွင့်မတတ် ကြောက်နေတာကို မကြောက်ပါ
ို့ပြောလို့ရမလား ရင်မှာခံပြင်းစိတ်ဖြစ်ရပေမယ့် . . .
က်တာဘဲလေ။ ပြောနိုင်ပါတယ်။

" မီ . . . နေကောင်းကာစလေ . . . ဘာလို့
လဟာသဒေါသများနေလဲ . . . "

" သည်ကောင်မလေးကိုမြင်ရင်ကို စိတ်မှာဒေါသ
းတယ် . . . ရုပ်ကိုက သူ့အဖေနဲ့ တရုပ်တည်း "

ခက်တာဘဲ

ရှင်းကျော့သန့်စင်ဆိုတာ ဦးသန့်စင်ရဲ့ တဦးတည်းသော
မီးပါ . . . ။ အဖေနှင့် သမီးရုပ်ချင်းကူနေတာ ဘာများဆန်း
ိုလည်း။

" ဆေးသောက်ရအောင် မီ . . . ရှင်းကျော့ကို
ပြောမယ်ဆိုတာကရောဘာလဲ "

" သူ့ကို အိမ်ထောင်ပြုခိုင်းမလို့ "

" ဟင် "

မီဆီက ဘယ်လိုမှမျှော်လင့်မထားသော စကားကြောင့် ရှင်းကျော့သာမက ဒေါ်ကြီးစောပါ အံ့သြသွားရတာပါဘဲ ။ ရှင်းကျော့ကို အိမ်ထောင်ပြုခိုင်းမလို့တဲ့။ ရှင်းကျော့ အိမ်ထောင်ပြုဖို့အောင် ဘယ်မှာလဲ ချစ်သူ. . .။ အချစ်ဆိုတာက ဘာလဲ။ ကြောက်စရာကောင်းလွန်းတဲ့ မိုးတွေ . . . အရမ်းသည်းနေခဲ့တာ . . . ။ အချစ်ဆိုတာဘာလဲ . . . ။

တကယ်ပါ။

အချစ်ဆိုတာ ဘယ်လိုခံစားမှုလဲ။

" မဟုတ်တာ မီရယ် . . . ရှင်းကျော့သူ့ဖာသာ လွတ်လွတ်လပ်လပ်နေပါရစေ"

" မဟုတ်ဘူး မကြီးစော မီရောဂါက နေ့သေမလား ညသေမလားမသိဘူး . . . မီသေရင် ဘယ်သူက သူ့ကို ထိမ်းမလဲ . . . ငွေတွေ အများကြီးရှိတဲ့ မအူမလယ် ကောင်မလေးတယောက်ဟာ . . . ရိုးသားတဲ့လူတွေဖို့ လွယ်သလား . . . "

" ဒါကတော့ မီရယ် . . . ဘဝဆိုတာ တရားသေ ပြောလို့မရပါဘူး. . . "

" ဟင့်အင်း မီစဉ်းစားပြီးပြီ ဘယ်လိုလဲ ရှင်းကျော့ . . . အိမ်ထောင်ပြုမလား မပြုဘူးလား . . . "

" ရှင်းကျော့က ဘယ်သူနဲ့ အိမ်ထောင်ပြုရမှာလဲဟင်"

" မီ ရှာပေးမှာပေါ့ "

" မီ ရှာပေးမယ် . . . "

" အင်း "

ဘယ်လိုဆုံးဖြတ်ရပါမည်လည်း . . .။ မီရှာပေးတဲ့လူကို ရှင်းကျော့လက်ထပ်ပါမည်လို့ ပြောပြီးပြီဆိုနောက်ထပ်ငြင်းလို့ ရတော့မှာမဟုတ်ပါဘူး . . .။

မီ ရှာပေးတဲ့လူကို ရှင်းကျော့ ချစ်မချစ်မသိနိုင် . . .။

အဲသည့်လူကရော ရှင်ကျော့ကို တကယ်ချစ်တာဟုတ်ပါ့မလား ။

" ရှင်းကျော့ "

" ရှင် . . . နင် . . . "

" ပြောလေ. . . "

" ဟုတ်ကဲ့ ဟုတ်ကဲ့ ရှင်းကျော့လက်ထပ်ပါမယ် "

မီကျေနပ်သွားပုံ ရပါတယ်။

ရင်ထဲမှာ ဘာတွေဘဲ တွေးနေ . . . မီ့စကားကိုရှင်းကျော့လွန်ဆန်ရဲတာမှ မဟုတ်ဘဲ။ မီက ရှင်းကျော့အပေါ်ကောင်းတာတွေ ကြံစည်မည်မှ မဟုတ်တာ . . .။ ရှင်းကျော့လပ်ထပ်ရမယ်။ မီကသည်လူကို အခု လက်ထပ်ဆိုလဲချက်ခြင်း လက်ထပ်ရမှာ။

သည်အခါမှာ . . .။

နွေးထွေးစွာကြည့်နေတတ်သော နူးညံ့ခြင်းမျက်ဝန်းတစုံဟာ ဘယ်လိုနေရာမှာ ခိုအောင်းနေသည်မသိ။ ချက်ခြင်းဆိုသလို အသိစိတ်ထဲကို ရောက်ရှိလာခဲ့ပါလား. . .။

ဟယ်. . .

ငါဘာတွေကို အမှတ်တရ ဖြစ်နေရတာလဲ။

မဖြစ်သင့်ဘူး. . .

သည်လူနဲ့ ခေါ်တာကိုတောင် မီက ကြိုက်ပုံမရတာ။ သတိမရသင့်ပါဘူး။ ရှင်းကျော့နှင့်သူ ဘာဆိုင်တာလိုက်လို့။

" ဒါဆိုသွားတော့ . . . ပြန်နှင့် မီကြီးစောကို ခဏခေါ်ထားမှာ "

ပြန်နှင့်တဲ့။ ရင်ထဲမှာ ကြောက်ရွံ့စိုးထိတ်ခြင်းတွေ ချက်ခြင်း ရောက်လာပါတယ်။

ဟိုနေ့ကလိုမျိုး မျက်နှာချင်းဆိုင်တည့်တည့် တွေ့နေလေမလား။

" ဘယ်သူ့မှ ကြောက်စရာမလိုဘူး. . . "

" ဟုတ်ကဲ့ . . . "

မီကတော့ဘယ်သူမှ ကြောက်စရာမလိုဘူးတဲ့ ရှင်းကျော့ကြောက်ပါတယ် ဆိုတာကိုတော့ ဘယ်လို ဖျောက်ဖျတ်ရမှာတဲ့လည်း . . .။

ဆေးရုံကော်ရစ်ဒါတလျှောက် ရင်တထိတ်ထိတ် လျှောက်လာခဲ့တယ်။

မတွေ့ပါစေနှင့်

မတွေ့ပါစေနှင့်

ဆုတောင်းရင်း လျှောက်လာပေမယ့် မျက်ဝန်းတွေကို ည်း အနားမပေးရဲ ဟိုကြည့်သည်ကြည့် ကြည့်နေရပါ သေးတယ်။

လှေကားထစ်တွေအတိုင်း ဆင်းလာတော့လည်း ရင်တွေထိတ်လို့ . . .။

ရှင်းကျော့ဘာလို့သည်မျှ ကြောက်ရွံ့ထိတ်လန့်ခြင်းကို ရခဲ့ပါသလည်း။

မိုးတွေကလည်း အုံ့ဆိုင်းမဲမှောင်နေပါလား။ ချက်ခြင်း ဆိုသလို သည်းသည်းမဲမဲရွာတော့မည့် သဏ္ဌာန်။ ဘာကြောင့် သည်မိုးကပါ ရှင်းကျော့ကို ခြောက်လှန့်ခဲ့ပါသလဲ။ တော်ပါသေးရဲ့။ ပလက်ဖောင်းပေါ် ရောက်လာသည်အထိ ဘယ်သူ့မှမတွေ့ . . .။ ကားရှိရာကို လှမ်းအလာမှာမှ။

" ရှင်းကျော့ "

" ဟင် "

သည်အသံ၊ သည်ပုံစံ။ မှားစရာလား။ ဆတ်ဆတ် တုန်ရင်လာသောရင်ထဲက ကြောက်ရွံ့ခြင်းတွေဟာ မိုးရဲ့

ကြောက်စရာလား ဆိုတဲ့စကားလည်း ဘယ်ရောက်သည်မသိ။ ထိပ်တိုက်မတိုးမိစေရန် လှည့်ပြီးပြေးထွက်ခဲ့တယ်။

စိတ်မှာအသိတရားမရှိ။ ကြောက်ရွံ့ခြင်းသာ ရှိပါတယ် . . .။ ပလက်ဖောင်းပေါ်ကနေ ကားလမ်းမကို ဖြတ်ပြေးခဲ့မိပြီ။ ရှေ့မှာ ဘယ်လိုကားတွေလာနေတယ် တိုက်မိရင်ဆိုသော ခံစားမှုမျိုးလဲ ရှင်းကျော့မှာမရှိတော့ . . . မျက်ဝန်းရှေ့တွေ့ရာနေရာကိုသာ အပြေးအလွှား ထွက်လာခဲ့ပြီးတဲ့ နောက်မှာတော့ . . .။

❁ ❁ ❁

လေးလေးသိန်းအတွက် ဘာဝယ်ရရင် ကောင်းမလည်း . . .။ မွေးနေ့လက်ဆောင်လေးတခုတော့ အမှတ်တရ လိုချင်တယ်။ ဒါကြောင့်မို့ စတိုးဆိုင်တခုကို တွေတော့ဝင်ခဲ့တာ . . . ယောကျ်ားအသုံးအဆောင်တွေဖက် လျှောက်ခဲ့ပေမယ့် ဘာဝယ်ရမည် မသိသေး။

လေးလေးသိန်းက ဆေးလိပ်သောက်တယ်။

မီးခြစ်ကလေးတခု အမှတ်တရလေး ဝယ်ပေးရကောင်း မလား။ ကျန်းမာရေးထိခိုက်မယ့် အလုပ်အားပေးတာ မကောင်းပါဘူးလေဆို။ ဦးဂျမ်းပုဆိုးတထည်နဲ့ ရယ်ဒီမိတ် အင်္ကျီတထည်ဘဲ ဝယ်လိုက်တယ်။

အထုတ်အပိုးတွေယူပြီး ပြန်အထွက်။

ဩော် . . .

သည်နားရောက်နေတာပါလား။

မျက်ဝန်းရှေ့မှာ ဆေးရုံ . . .။ သည်ဆေးရုံမှာ ရှင်းကျော့ရဲ့ မိထွေးဆေးရုံတက်နေတာလို့ ယုဝေပြောတာ အမှတ်ရတယ်။

ကျွန်တော့်အပေါ် စိမ်းကားရက်စက်လွန်းသူကိုမှ ဘာလို့သည်မျှ အမှတ်နေရပါလိမ့် . . .။

စိတ်ဆိုတာ ခက်သားလား။ အလွယ်တကူ ချိုးယူ ပန်ဆင်၍ရနိုင်သော ပန်းတွေကိုလျစ်လျူရှုခဲ့သမျှ . . .။

ကျွန်တော့်ကို အင်မတန်စိမ်းသော ပန်းကလေးတပွင့် ကြမှ ပန်ဆင်ချင်ပြန်နေတာပါလား။

အဆောက်အဦးကြီးကို ခေတ္တတွေတွေဝေဝေ ငေးကြည့်နေမိပါတယ်။

ဟင် . . . တွေ့ချင်နေသော သတိတရစိတ်ကြောင့် လား။ ဝင်ပေါက်ဝက ထွက်လာသော သဏ္ဌာန်ဟာတဖက်လမ်း ဒပေါ်မှာ ရှိပါလျှက် ဘာလို့များ သေချာစွာမှတ်မိနေရပါလိမ့်။

ရှင်းကျော့ . . .။

နာကျင်နေသော ခံစားမှုအားလုံးကွယ်ပျောက်တယ်။ ရွာမည့်ဟန်ဖြစ်နေသော မိုးတိမ်ညိုတွေရဲ့ မှုန်မှိုင်းမှိုင်း ခံစားမှုလဲ

သတိမရ။

ရှင်းကျော့တယောက်ကိုသာ မြင်ပါတယ်။

ပုံမှန်လျှောက်နေရာက ရှင်းကျော့ရုတ်တရက် ထွက်ပြေးသွားပါလား။ ဘာဖြစ်တာလဲ သိုးဖြူကလေးဟာ တခုခုကို သတိတရ ထိတ်လန့်တာမျိုးလား။

ဟာ ... လမ်းမပေါ်မှာဆင်းနဲ့လေ ကားတွေ ရှိနေတယ်။ ကားတွေလာနေတာပေါ့...။

တိုက်မိမယ်။

တိုက်မိမယ်။

ရှင်းကျော့ ... လမ်းကိုမဖြတ်နဲ့ ကားတွေကြည့်လေ။

ရင်ထဲကသာ ပဲ့တင်ရိုက်မျှ အော်နေသည်။ နှုတ်ဖျားမှ အသံတစ မထွက်နိုင်အောင် မှင်သက်မိစွာ ကြည့်နေမိဆဲပါ။

ကားတွေရှေ့ပွတ်ကာသီကာဖြတ်ပြေးနေပေမယ့် လည်း ဘာကိုမှမြင်ပုံမရ။ ဘာဖြစ်မလဲ ရှင်းကျော့။ ကျွန်တော်ရှိရာ ပလက်ဖောင်းပေါ်ကို ဒယိမ်းဒယိုင်ခြေလှမ်း တွေနဲ့ အယိုင်ယိုင်အနဲ့နဲ့ ရောက်လာတဲ့ရှင်းကျော့ကို မြင်ရတဲ့အခါ ကျွန်တော် မနေနိုင်တော့ပါဘူး။ သူမရှိရာ ခြေလှမ်းကျဲတွေနဲ့ အပြေးအလွှား လျှောက်ခဲ့မိတယ်...။

ရှင်းကျော့က ယိုင်လဲမတတ် ဖြစ်နေပါလား။

" ရှင်းကျော့ ... "

ရှင်းကျော့ရဲ့ ယိမ်းယိုင်နေမှုကို ရှေ့ကနေပုခုံးစွန်းနှစ်ဖက်မှ ဝင်ထိမ်းပေးတဲ့အခါ . . .

" အား . . . "

ကျွန်တော့်ကို မော့ကြည့်ပြီး တွန်းဖယ်ရုန်းကန်ထွက်ပြေးဖို့ပြင်တယ်။

" ရှင်းကျော့ ကိုဆင့်လေ ကိုဆင့် မိုးဆင့်ဝေပါ ယုဝေအစ်ကို မိုးဆင့်ဝေ "

" အမလေး ကိုဆင့် ကိုဆင့်နော် . . . "

ဆတ်ဆတ်တုန်ခါနေတဲ့ သူမရဲ့အသွင်သဏ္ဌာန်ဟာ အသတ်ခံရကာနီးဆဲဆဲ ယုန်ကလေးတကောင် သတ္တဝါလေးတကောင်လို ကြောက်ရွံ့ ထိတ်လန့်မှု အပြည့်အဝပါဘဲ သူမက အခုကြတော့လဲ ကျွန်တော့် လက်မောင်းတွေကို အားကိုးတကြီး ဆုပ်ကိုင်ပြီး မျက်ဝန်းတွေစုံမှိတ် သက်ပြင်းချကာ အားလုံးကို စိတ်လျှော့လိုက်တဲ့ပုံစံ။

ရှင်းကျော့ ပြေးလွှားလာရာလမ်းဆီကို ကျွန်တော် ကြည့်မိတယ်။

အလွန်ချောမောလှပသော ယောကျ်ားပျိုတယောက်က မလှမ်းမကမ်းမှာ ရပ်ကြည့်နေပါလား။

မမှတ်မိစရာ အကြောင်းမရှိပါ။

ညာဘက်မျက်ခုံးပေါ်မှာ မှဲ့ကလေးထင်ရှားပြီး ချောမော

လွှန်းသောရုပ်ရည်ဟာ တခါတွေ့ရင် မေ့သွားစရာအကြောင်း မရှိပါ။ သူ့ကို ကျွန်တော်ကြည့်နေတော့မှ လှည့်ထွက်သွားတယ်။

ညိုမှိုင်းနေသော မိုးကလဲရုတ်ခြည်း ရွာလာတဲ့အခါမှာ။

" ရှင်းကျော့ မိုးရွာနေပြီ "

ထီးဖွင့်ပြီး ရှင်းကျော့ကိုဆောင်းပေးထားရတယ်။ ခုချိန်ထိ မျက်ဝန်းတွေ မှိတ်နေဆဲပါလား။ ဘယ်မျှထိ ထိတ်လန့်တုန်လှုပ်ခဲ့ပါလိမ့် . . .။ မိုးကတော်တော်လေးသည်းပြီး ထီးရွက်ပေါ် ခုန်ပေါက်ကျဆင်းသံပြင်းထန်လာတဲ့အခါ။

" မိုးသည်းလာပြီ မိုးသည်းလာပြီ . . . "

မျက်ဝန်းတွေဖွင့်ကြည့်ပြီး ရွတ်နေပြန်တယ်။ မိုးသည်းတာဘာဖြစ်သလဲကွာ . . .။

" ကိုဆင့် မိုးသည်းလာပြီ "

" ကောင်းတာပေါ့ရှင်းကျော့ရဲ့ . . . ရှင်းကျော့ ဘယ်သွားမလဲ ကိုဆင့်လိုက်ပို့ပေးမယ်လေ . . . "

" ဟင် . . . အင်း . . . ကားရော . . . ကား . . . "

ခုမှပင် သူမကားကို သတိရတဲ့ပုံ။ ကျွန်တော့်လက်ကိုတော့ ခိုမှီတွယ်ကပ်ထားဆဲ။

မင်းမသိပါဘူးသိုးဖြူလေးရယ် . . . မိုးသည်းသည်းမှာ မိုးဆင့်ဝေရင်တွေခုန်နေတာ ဘယ်လောက်ထိ ပြင်းထန်နေတယ်ဆိုတာပေါ့။ ဒါပေမယ့် မင်းက အခက်အခဲတခုအတွက်

ထိတ်လန့်ကြောက်ရွံ့စွာ အားကိုးမှီတွယ်ခြင်းအပေါ် အခွင့်အရေး မယူရက်ပါဘူး။ ကိုဆင့်လို့ မင်းရဲ့ရင်းနှီးကျွမ်းဝင်စွာ ခေါ်သံလေးကိုလည်း နားစည်မှာ ချိုမြိန်နှစ်သက်နေတာပါဘဲ။

" ရှင်းကျော့ကား ဟိုမှာလေ . . . ကိုဆင့် လိုက်ပို့ပေးမယ် . . . "

ကားရှိရာကိုအတူလျှောက်ခဲ့တယ်။ ဟိုသည်ဝေ့ဝဲကြည့်တဲ့ မျက်ဝန်းတွေမှာ တုန်လှုပ်ခြောက်ချားခြင်းတွေ ရှိနေပါလား။

" ကိုဆင့် . . . သွားမယ် "

ရှင်းကျော့ရဲ့ ခြေတလှမ်းအဝေးဟာ ရင်ကိုလှစ်ဟာလေပါလား။ ကားပေါ်ကို သူမတက်ပြီး မောင်းသွားပြန်တော့လဲ မျက်ဝန်းမှာကွယ်ပျောက်သည်အထိ ရပ်ကြည့်နေမိဆဲပါ. . .။ စိုးရိမ်ပူပန်တတ်ခြင်းတွေဟာ အချစ်ကိုအားပေးနေသလား. . .။ အချစ်ကဘာလဲ စိုးရိမ်ပူပန်တတ်ခြင်းတွေကို အားပေးနေပါသလား။

❀ ❀ ❀

ဘာလို့သည်လောက်သည်းရသလည်း မိုး။

အိမ်ရှေ့မှာကားရပ်နေလိုက်သည်ထိ မိုးကသည်းနေဆဲ။ ကားပေါ်မှာ ငြိမ်ထိုင်နေမိဆဲ။ ထိတ်လန့်တဲ့စိတ်ဟာ

ဦးနှောက် တွေကိုပါ နောက်ကျိပင်ပန်းလွန်းစေပါတယ်။

" မရှင်းကျော့ ကားပေါ်မှာရှိလား ဘာဖြစ်လို့လဲ "

မဝေအသံကြားရတယ်။

ကားပေါ်ကဆင်းပြီး အိမ်ရှေ့ခန်း ကုလားထိုင်မှာ ငြိမ်သက်စွာထိုင်မိဆဲ။ ကိုမိုးဆင့်ဝေကတော့ ရှင်းကျော့ကို ဘယ်လိုမြင် မလဲ . . .။ သူ့လက်တွေကို မှီတွယ်ခိုနားရာလို့ ခံစားမိတယ်။ ကိုဆင့်ကို မြင်လိုက်ခြင်းဟာ ကြောက်ရွံ့စိတ် တော်တော်များများကို ညှိမ်းသတ်ပေးလိုက်သလို ခံစားရပါလား။

သူဘယ်လိုထင်မလဲ။

သည်ကောင်မလေးဟာ ဟိုရက်တွေကတမျိုး အခုကြ တမျိုး ဘာဖြစ်သလဲလို့တွေးမလား . . .။

ဟိုတယောက်ကရော

ဟိုတယောက်ရဲ့ အရိပ်ကိုပင် မမြင်နိုင်တော့အောင် . . . ကြောက်ရွံ့ခဲ့တယ်။

ကားတွေကိုမမြင်နိုင်အောင် ကြောက်ရွံ့ခဲ့တာ ကားတိုက်သေဆုံးသွားနိုင်တဲ့ အနေအထားပါလား။

တခါတရံမှာတော့ စိတ်ပျက်အားလျော့လွန်းသည်ဆိုဆို . . . ကားတိုက်သေသွားတာမှ ကောင်းဦးမည်လို့တွေးပြန်ရော။ ကြောက်ရွံ့နေရတဲ့ အရိပ်မည်းတခုကို ရှင်းကျော့ ရင်မောလှ ပါပြီ. . .။

" မရှင်းကျော့ မရှင်းကျော့ ဖုန်းလာနေတယ်လေ "

တယ်လီဖုန်းသံ ဆူဆူညံညံကိုမှ မကြားနိုင်အောင် ခံစားရပါလား။

စိတ်ပျက်အားလျော့သော ခြေလှမ်းတွေနှင့် နားထောင်ဖို့ လှမ်းခဲ့ရတယ်။

" ရှင်းကျော့လား . . . ကိုဆင့်ပါ . . . တယ်လီဖုန်းဆက်လို့ စိတ်မဆိုးပါနဲ့နော် . . . အိမ်ပြန်ရောက်မရောက် သိယုံလေးပါ . . . အခုအိမ်ပြန်ရောက်နေပြီ ရှင်းကျော့လေး ဘာမှမဖြစ်ဘူးဆိုကို ဆင့် စိတ်ချလိုက်မယ် ဒါဘဲနော် ဖုန်းချလိုက်တော့မယ် . . . "

" ကိုဆင့် . . . "

" ဟင် ဘာလဲ "

" တောင်းပန်ပါတယ် . . . "

" ဘာကိုတောင်းပန်ရမှာလဲ . . . "

" ရှင်းကျော့အရှမ်းကြောက်သွားလို့ပါ . . . ကိုဆင့်ကိုလဲ ဒုက္ခပေးသလိုဖြစ်သွားမှာပေါ့ . . . "

" ဟင့်အင်း ကိုဆင့်ဘာမှ မဖြစ်ပါဘူး ရှင်းကျော့အတွက်သာ စိတ်ပူတာပါ . . . နေကောင်းလား . . . နေကောင်းအောင် နေနော် ရှင်းကျော့သည်လောက် စိတ်ပူပန်မှုတွေများရင် ကြာတော့ ကျန်းမာရေးထိခိုက်မယ် . . .

ကိုဆင့်ဟာ ယုဝေအစ်ကို ဆိုပေမယ့် ရှင်းကျော့အစ်ကိုလို သဘောထားပြီး အားလုံးကိုတိုင်ပင်လို့ ရပါတယ် . . . ”

“ ဟုတ်ကဲ့ ကျေးဇူး ကိုဆင့် . . . ”

တိုင်ပင်လို့ရသတဲ့ . . .

ဟင့်အင်းကွယ် . . .

ဘာတွေကိုမှ ပြောပြချင်တဲ့စိတ် ရှင်းကျော့မှာမရှိပါဘူး ကိုဆင့်ကိုတွေ့ရတာဟာ စိုးရွံ့ထိတ်လန့်ခြင်းတွေရဲ့ တဝက်မက အေးငြိမ်းသွားတယ်ဆိုတာ သိနေပါလျှက် မဖြစ်သေးပါဘူး . . . ။

ယုံကြည်မှုဆိုတာ ဘာလည်း . . . ။

ဘယ်လိုလူတွေကို ယုံကြည်ရမှာလဲ ။

❀ ❀ ❀

“ ယုဝေတို့အိမ်ရောက်ရောက်ခြင်းမှာ စိတ်ပူပန်စွာနှင့် ရှင်းကျော့ဆီ ဖုန်းဆက်ရတယ်။ ဖုန်းသာဆက်ရတ ဖုန်းမဆက်ပါနဲ့ဆိုတဲ့ ရှင်းကျော့စကားကိုလည်း သတိ ပါသေးတယ်။ ယုဝေကတော့ ဘာတွေဖြစ်လာသလဲ ကိုကိုရာတဲ့

ကျေးဇူးတင်ပါတယ်တဲ့

ကျေးဇူးကိုဆင့် ဆိုတဲ့ စကားလေးတစ်လုံးထဲနဲ့ ရင်ထဲရှိသမျှ အရည်ပျော်ကျနပ်သွား ရပါပြီ. . . ။

" ဘာတွေဖြစ်တာလဲ ကိုကို . . . "

" ရှင်းကျော့နဲ့ တွေ့တယ် . . . "

ထိုက်ဇော်နှင့်တွေ့တဲ့ အကြောင်းတော့ မပြောပြပါဘူး။ ကျော့ကို မီများ ဆူလိုက်သလားမသိဘူး အရမ်းကြောက်တဲ့ ှင့် ကားတွေရှေ့ထွက်ပြေးလာတဲ့အကြောင်း ပြောပြမိတယ်။

" ရှင်းကျော့ဆီမှာ ပဟေဠိတွေက အများကြီးပါဘဲ းလျှောက်ရင်တောင် ခေါင်းငုံ့လျှောက်တယ်။ လူတွေ သူ့ကို ှ်မှာစိုးသတဲ့ . . . အဲလိုမျိုး ထူးထူးခြားခြားပုံစံ ကြောင့်လဲ ာသူ့ကို ပိုကြည့်ချင်စရာ ဖြစ်လာတာပေါ့ . . . "

" သူ့အိမ်ကလဲ နားလည်မှုနဲပုံရတယ် ယုဝေရယ် ဝလေးမှာ ဘာတွေဖြစ်ခဲ့တယ် သိနိုင်တာမှ မဟုတ်တာ ျက်နှာမှာကို ကြောက်ရွံ့တာတွေ ထိတ်လန့် . . . တုန်လှုပ် ာတွေရှိနေတာဘဲ . . . သူ့စိတ်ဘူ ိုင်တဲ့ အနေ ားမှာ နေရတာမဟုတ်လား"

" အပစ်မြင်လို့မရလောက်အောင် အချစ်များ သလားကိုကို "

ယုဝေစကားကြောင့် နော်နော်ကရယ်တယ်

ရှင်းကျော့ရယ်။

မနက်ကို အာရုဏ်ဆွမ်းကပ်မှာမို့ ယုဝေနှင့်အတူ ်နော်ပါလာအိပ်တယ်လေ။ နော်နော်တို့လို နားလည်မှုရှိတဲ့

မိသားစုမှာ ရှင်းကျော့မွေးဖွားခဲ့ရင် ဘိပ်ကောင်းမှာပါ။

ရှင်းကျော့ကို ငါမချစ်ဘူးလို့မငြင်းချင်တာနှင့် ပြုံးရင်းငြိမ်သက်တိတ်ဆိတ်စွာ ဝန်ခံနေမိပါသလား။

" ကိုကို . . . ရှင်းကျော့ကို ချစ်ရင် လက်ထပ်လိုက်ပါလား . . . ကိုကိုနဲ့သာဆို ရှင်းကျော့ဘဝ အရမ်းအဆင်ပြေသွားမယ် . . . "

ယုဝေရယ် . . . နင်ပြောတာလွယ်လိုက်တာ နင်ကလေးလား . . . ကိုဆင့်က ရှင်းကျော့ကို ချစ်တယ်ထား ရှင်းကျော့က ပြန်ချစ်ဦးမှ ပြန်ချစ်ဦးတော့ လက်ထပ်တယ်ဆိုတာ ရုတ်တရက် လွယ်တာမှမဟုတ်တာဘဲ . . . နင့်ကလေးအတွေးမျိုးတွေ မတွေးစမ်းပါနဲ့ဟာ"

နော်နော်ကတော့ ယုဝေထက် လူကြီးဆန်ဆန်တွေးပါတယ်။ ရှင်းကျော့က ပြန်ချစ်ဦးမှတဲ့။ ရှင်းကျော့ရဲ့ ကိုဆင့်လို့ခေါ်တဲ့ အခြေအနေလေးရဖို့တောင် မမျှော်လင့်ဘဲ ရခဲ့တာပါ။ ဟိုးရက်ကဆို မျက်ဝန်းတချက်ပင့်ကြည့်ဖို့ပင် အလွှန်ဝန်လေးတဲ့ ရှင်းကျော့ မဟုတ်လား။

ညဦးယံအေးမြတဲ့ လေပြည်ကို သယ်ဆောင်လာပါတယ်။

ယုဝေတို့ခြံခေါင်းရင်းက ယုဇနပင်ကြီးမှ မွှေးပျံ့သောရနံ့ကိုလဲရနေတယ်။ ရှင်းကျော့ရှိနေရင် ကောင်းမှာလို့ တွေးမိပေမယ့် မဖြစ်နိုင်သော အတွေးတွေပါလား . . .။

❀ ရန်ပိုင်ဦးစာပေ ❀

" မနက်ဖြန် လေးလေးသိန်း မွေးနေ့ကို ရှင်းကျော့ကို
ကဘူးလား ယုဝေ . . . "

" ပြောတော့ ပြောပြထားပါတယ်။ ပြောပြရမှာက
ဝတ္တုရားလေ သူလာတာ မလာတာကတော့ သူ့သဘော
ကိုကိုရယ် . . . ရှင်းကျော့ကို မျှော်ရတာအရမ်းမောရတာ
သူ့ကြောင့်လဲစိတ်မောဒေါသတွေ ထွက်ရပေါင်း
ပြီလေ. . . "

" ယုဝေကလဲ . . . နှင့်ပါးစပ်ကသာပြောနေတာ
ကျော့ကိုသည်လောက် စိတ်ညစ်ရင် ပေါင်းမနေနဲ့
တော့လည်း ရတာမဟုတ်ဘဲ သည်းမနေနဲ့ဟာ . . . ဘာဘဲ
ဖြစ် ရှင်းကျော့ဟာငါတို့ရဲ့ သူငယ်ချင်းဘဲ . . . မေတ္တာ
အရသူ့ရဲ့ သုခ ဒုက္ခ ဒါတွေကို မျှဝေခံစားပေးရမှာပါဘဲ"

နော်နော့် စကားလေးကို ကျွန်တော် သိပ်သဘော
ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အချစ်ကြောင့်
ကျော့ရဲ့ သုခ ဒုက္ခ အားလုံးကို မျှဝေခံစားပေးဖို့
ဖြတ်ထားပါတယ်။

မျှဝေခံစားဖို့ဆိုတာ အဲသည့်လူရဲ့ ဒုက္ခတွေအတွက်
ထပ်တူညီ ရင်မောပေးရဦးမှာဘဲ မဟုတ်လား . . .။
ပြင်မှာ မိုးတော်တော်သည်းလာမှ သုံးယောက်အတူ
ထဲဝင်ခဲ့ကြတယ်။ ထပ်ခါတလဲဆိုသလို စိတ်မှာ ခံစား

ရတာက ရှင်းကျော့ပါ အတူ ရှိနေရင်သိပ်ကောင်းမှာ ဘဲလို့ပေါ့. . . ။

❀ ❀ ❀

နှစ်နာရီထိုးလောက်မှာ အိပ်ယာက ဖျတ်ခနဲလန့်နိုး လာတယ်။ ချွေးတွေရွှဲနေအောင် စိုးထိတ်စေတဲ့ အိမ်မက်က ရှင်းကျော့ကို ဒုက္ခပေးခဲ့လို့ပါ။ မိုးသည်းသည်းမှာပေါ့. . . ။ စိတ်မှာညစ်ထေးနောက်ကျိစွာ ရှိနေဆဲအပြင်မှာလည်း တကယ် မိုးသည်းနေပါလား။

ပြန်အိပ်မပျော်တော့ပါဘူး။

သည်နေ့ည ဒေါ်ကြီးစောက စောစောပြန်လာ ပေးပါတယ်။ မီကအိမ်မှာ လူငယ်တွေချည်းရှိနေရင် မကောင်းဘူးဆိုပြီး သူအတန်ငယ်နေကောင်းကတည်းက ဒေါ်ကြီးစောကို အိမ်ပြန်လွှတ်ပေးခဲ့ပါတယ်။

ဒေါ်ကြီးစောရှိနေတာဟာ ပိုပြီးအားရှိသလိုပါဘဲလေ။

ရှင်းကျော့ဆီမှာ လူတယောက်ယောက်ကို မှီခိုအားကိုး ချင်နေသော ကြောက်ရွံ့စိတ်တွေ ဘာလို့ရှိနေတာလဲ။ ဖေဖေနှင့် မီ့ကို အားကိုးခဲ့တယ်။ အခုလဲသည်လိုပါဘဲ မီနှင့် ဒေါ်ကြီးစောကို မှီခိုနေမိတာပါဘဲ . . . ။

အိပ်မပျော်မည့် အတူတူတော့ စာကျက်ဦးမည်ဆို၊

ဖြစ်နေမိပါတယ်။ နာရီသံသုံးချက်အကြားမှာ သတိရမိတာ။

" နင် လာနိုင်ရင်လာပါ. . . နင့်ကို ဖိတ်ရတာ လာတဲ့အခါ ငါစိတ်မကောင်းဖြစ်နေရတယ် . . . ငါက ဘာခဲ့ပါဆိုရင်လည်း နင့်မှာ အခက်အခဲ အမျိုးမျိုးရှိတဲ့အခါ ကောင်းဘူးလေ ဒါကြောင့် နင့်အိမ်ကို ပြောလို့ရမယ်ဆို ဘာခဲ့ပါ . . . "

ယုဝေက အန်ကယ်သိန်း မွေးနေ့ရှိတယ်။

အာရုဏ်ဆွမ်းကပ်မှာ။ လာနိုင်ရင်လာပါလို့ ဖိတ်တာ အမှတ်ရနေပါတယ်။ ပထမတော့ မသွားတော့ဘူးလို့ တ်သွားချင်တဲ့စိတ် တွေရှိနေရတာလဲ။

" ရှင်းကျော့ အိပ်မပျော်ဘူးလား "

ဒေါ်ကြီးစော နိုးနေပါလား. . .။

ရှင်းကျော့ မီးဖွင့်ထားတာကို သိလို့ လာမေးတာ ထင်ပါရဲ့။

" ယုဝေတို့ အိမ်မှာ အာရုဏ်ဆွမ်းကပ်မယ် ဒေါ်ကြီးစော ရှင်းကျော့သွားချင်တယ် . . . "

" ဘယ်တော့လဲ "

" ခဏနေရင်ပေါ့ . . . အာရုဏ်မလာခင် . . . "

" သမီးတယောက်ထဲ ကားမောင်းသွားမှာလား . . . ဒါဆိုရင် ဒေါ်ကြီးစောစိတ်မချဘူး . . . ရှင်းကျော့က

ကြောက်တတ်လွန်းတယ် သိပ်ကြောက်တတ်တဲ့လူက တခုခုကို ဆုံးဖြတ်ရင် မှားယွင်းဖို့ ပိုများတယ်လေ. . . ယုဝေကို လာခေါ်ခိုင်း ပါလား"

" ဟင် . . . သူတို့အိမ်မှာ ခုချိန်အလှုပ်ရှုပ်နေရတဲ့ အထဲမှာ . . . လာကြိုပါဆို အားနာစရာကြီး ဒေါ်ကြီး စောရယ်. . .

" ကိုမိုးဆင့်ဝေကို ကြိုခိုင်းလိုက်ပေါ့ . . . ကားနဲ့ လာကြိုတာ ခဏလေး ကြိုရမှာပါ "

" ရှင် . . . "

မိုးဆင့်ဝေတဲ့ ကိုဆင့်ကို ဒေါ်ကြီးစောက အမှတ် ထင်ထင်ကို ဖြစ်နေပါရောလား. . .။ ယုဝေအိမ်မှာရော ကိုဆင့်ကရှိနေလို့လား။ ကိုဆင့်လာကြိုတာကို ဒေါ်ကြီးစောက ခွင့်ပြုပေမယ့် မီက နှစ်သက်ပါ့မလား။

" မီကိစ္စ ဒေါ်ကြီးစော တာဝန်ယူတယ် ကလေး . . . ဖုန်းဆက်ပြီး လာကြိုခိုင်းပြီးသွားပါ . . . "

" ဖုန်းဆက်ကြည့်လိုက်ဦးမယ်လေ . . . "

ကောင်းပါ့မလား . . .

ဒါပေမယ့် ရှင်းကျော့စိတ်မှာတိုက သွားချင်နေမိ တာကိုး။ မီသိရင်ဘာပြောမလဲ ။ ငါ့အရိပ်က နည်းနည်း ဝေးရင်ကို ရှင်းကျော့ စိတ်တွေသိပ်လွတ်လွန်းတယ်များ

င်မလား. . .။ ယုဝေတို့ကတော့ နိုးနေမှာပါ။
ဖုန်းခေါ်ကြည့် မိတယ်။
" အန်ကယ်သိန်း . . . ယုဝေရှိလားဟင် . . .
း‌ကျေ‌ဇူးပါ . . ."
မွေးနေ့ရှင်ကတော့ အစောကြီးနိုးနေပြီ . . .။
" ရှင်းကျော့ ဘာဖြစ်လို့လဲ "
" ငါလာချင်တယ် "
" ဟယ် နင်လာမလား လာလေ လာခဲ့"
ယုဝေရဲ့ ဝမ်းသာလှိုက်လှဲ ခေါ်သံလေး။
ဟန်ဆောင်မှုကင်းတဲ့ ယုဝေပုံစံက သည်လိုပါဘဲ၊
ပွာ်ရွှင်ရင် ပျော်ရွှင်သလိုမျိုး . . .။
" ငါ့ကို ဒေါ်ကြီးစောက တယောက်ထဲ မလွှတ်ဘူး
ကိုစိတ်မချဘူးတဲ့ . . . "
" ဒါဆိုရင် . . . ဒါဆိုရင် . . . နော်နော်နဲ့ ကိုကို့ကို
ကြိုလွှတ်လိုက်မယ် နင်လာခဲ့မလား"
" အင်း . . . "
" ဝမ်းသာလိုက်တာ . . . နင်ပြင်ဆင်ထားတော့ . . .
လွှတ်လိုက်မယ်"
ယုဝေတို့အိမ်မှာ နော်နော်လဲရှိနေတာဆိုသိပါတယ်။
နော်နော့်ဘဝလေးကလွတ်လပ်ပေမယ့် ပျော်ရွှင်နေတာပါ။

ဘယ်သူ့ကိုမှလဲ စိုးထိတ်ကြောက်ရွံ့စရာမှ မရှိတာဘဲလေ။ ရေချိုးအလှပြင်နေခိုက်မှာ စိတ်ရဲ့ကြည်နူးမှုကိုတော့ ထူးဆန်းစွာ ခံစားရတာ . . . ကိုယ့်စိတ်ကိုသိပါတယ်။

ဒါပေမယ့် . . . အဲသည့်ကြည်နူးမှုလေးဟာ **စိတ်မှာ** ဘယ်လောက်မှမကြာပါဘူး . . .။ ဘီရိုထဲမှာ **အကျႌရွေးရင်** လိမ္မော်ရောင် အကျႌတထည်ကြောင့်လည်း . . . **နောက်ကျို** ညစ်ထေးခြင်းတွေကို ပြန်ရလာပြန်ပါတယ်။

ပန်းဆီရောင် ဝတ်စုံကို အလွယ်တကူ ယူဝတ်လိုက်တယ်။ မီသိရင်ဒေါ်ကြီးစောက ရှင်းပြပေးမယ်တဲ့။ မှန်ပြတင်းမှ အပြင်ကို အမှတ်မထင်ဖွင့်ကြည့်မိတော့ ရွာလွန်းတဲ့မိုး။ ထိတ်လန့်စွာ ပြတင်းကို ပြန်ပိတ်လိုက်တဲ့အခါ. . .။

❋ ❋ ❋

" ကိုဆင့် မိုးသည်းနေတယ် ကားဂရုစိုက်မောင်းဦးနော် . . . ဝမ်းသာလွန်းပြီး တခုခုဖြစ်နေဦးမယ်. . . "

နော်နော်က ကျွန်တော်ရင်ထဲ ဝင်ကြည့်တတ်နေပါရောလား။

ရှင်းကျော့က လာချင်ပေမယ့် မလာရဲလို့လာခေါ်ပါတဲ့။

ချစ်သူကိုတွေ့ရမယ်ဆိုတဲ့ ခံစားမှုဟာ ပီတိကို ဖြစ်စေတာအမှန်ပါဘဲလေ။

**ရန်ပိုင်ဦးစာပေ**

" ဂရုစိုက်မောင်းပါမယ် နော်နော်ရယ် စိတ်ချစေပါ . . . ဝမ်းသာတာကတပိုင်း . . . ဂရုစိုက်ရမှာကတပိုင်းဘဲ မဟုတ်လား"

" ဒါဆို ဝမ်းသာနေတာကိုတော့ ဝန်ခံတယ်ပေါ့ ဟုတ်လား . . . "

" ဝန်ခံပါတယ်"

နော်နော်ရယ်နေတယ် . . .။

သည်ဝန်ခံခြင်းမှာ ရှင်းကျော့ကိုချစ်တဲ့အချစ်တွေ ရှိနေတာ သူတို့မသိဘဲ နေမတဲ့လား. . .။

" မိုးသိပ်သည်းနေတာဘဲ သည်နှစ်မိုးဦးမိုးလယ် အရမ်းကောင်းတယ်. . . "

" မိုးကောင်းလွန်းလို့ နော်နော်ဖြင့်နှစ်ခါပြန် ဖျားတယ် ကိုဆင့်ရဲ့ . . . "

ရှင်းကျော့တို့ခြံထဲထိ ကားမောင်းဝင်လာခဲ့တယ်။ တံခါးလာဖွင့်ပေးတဲ့ အန္တဲ့ဆိုတဲ့ ကောင်မလေးတော့ မိုးရွဲပါပြီ။ နော်နော်က ကားပေါ်က ဆင်းသွားပေမယ့် ကျွန်တော်ကတော့ ကားပေါ်မှာဘဲ ထိုင်နေခဲ့ပါတယ်။ ခဏနေတော့ သူတို့ နှစ်ယောက် ပြန်ရောက်လာပါတယ်။

" ကိုဆင့်ရေ . . . သွားစို့ . . . လာ ရှင်းကျော့ "

ဒေါ်ကြီးစိုးဆိုတဲ့ ရှင်းကျော့အဒေါ်က တံခါးဝမှနေ ခဏရပ်ကြည့်နေတယ်လေ။ ကားထွက်လာတော့မှ လက်ပြ

နေခဲ့တယ်။

" ရှင်းကျော့ လာမယ်ဆိုလို့ ယုဝေကအရမ်းဝမ်းသာနေတာ . . . "

" နော်နော်နဲ့ ကိုဆင့်လာကြိုရတာ ပင်ပန်းလိုက်တာ . . . မိုးကသည်းလွန်းတော့ အားနာတယ်. . . "

" အားနာစရာလား အားနာတာသူစိမ်းမှ အားနာရတယ်။ ငါတို့ကသူစိမ်းတွေလား . . . ကိုဆင့်ဆိုပိုတောင်မစိမ်းသေးဘူး . . . "

" နော်နော် "

" ကျက်နေပြီလို့ ပြောတာပါ "

နော်နော် နောက်တာအရေးမကြီး၊ ရှင်းကျော့စိတ်ဆိုးသွားမှာယည်း စိုးရိမ်ရသေးတယ်။ မိုးကအလာတုံးကလောက်တော့ မသည်းတော့ပါဘူး။ ယုဝေတို့အိမ်ရောက်တော့ ဆွမ်းကပ်ဖို့တွေတောင် အဆင်သင့်ဖြစ်နေပါပြီ။

" ယုဝေ . . . ရှင်းကျော့ဘာလုပ်ပေးရဦးမလဲဟင်. . "

" ကျောက်ကျောလှီးပေးပါလား . . . အချိုပွဲတွေပြင်ထားမယ် . . . "

ရှင်းကျော့က ခုလိုတော့လဲ ကူညီချင်စိတ်ရှိနေပါတယ်။ အာရုဏ်ဆွမ်းကပ်နေတဲ့ အချိန်မှာလည်း ရှင်းကျော့ကိုကြည့်မိတော့ ရိုရိုသေသေတရားနာနေတာပါဘဲ . . .။ သူမဆီမှာ အမြဲလို ငြိမ်သက်အေးဆေးခြင်းတွေရှိနေပါလျှက်

အသက်အန္တရာယ်တောင် ဂရုမစိုက်နိုင်လောက်အောင် ပြေးလွှားနေခဲ့တာ . . . ဘာလို့ပါလိမ့် . . .။

လေးလေးသိန်းရဲ့မွေးနေ့က ဆွမ်းကပ်ပြီးတာနှင့် ဘယ်ချည့်သည်မှ မဖိတ်ပါဘူး။ လေးလေးသိန်းနှင့် အန်တီဝေ ရွှေတိဂုံဘုရားဖူးသွားမည်ဆိုတော့ သူတို့လေးယောက်ဘဲ ကျန်ခဲ့ပါတယ် . . .။

"နော်နော်ရေ . . . မုန့်ဟင်းခါးပွဲတွေပြင်တော့လေ . . . ငါတို့လေးယောက်အတူစားကြမယ်လေ. . ."

ယုဝေနှင့်နော်နော် မုန့်ဟင်းခါးတွေပြင်နေတော့ ရှင်းကျော့က ကျောက်ကျောပန်းကန်ပြင်ပြီး ကော်ဖီ ဖျော်ပေးပါတယ်။ အနားမှာ ရှင်းကျော့ရှိနေတာဟာ အရာ ခပ်သိမ်းပြီးပြည့်စုံနေသလိုခံစား ရပါလား။

"ကိုကို . . . ရှင်းကျော့ဖျော်တဲ့ကော်ဖီကို အရင်ဆုံး သောက်ဖို့စဉ်းစားမနေနဲ့ . . . မုန့်ဟင်းခါး လာစား"

ယုဝေကတော့လေ. . .။

လေးယောက်အတူ စားကြတော့. . .။

ရှင်းကျော့ပန်းကန်ထဲကို ကျွန်တော် ငါးဖယ်ထည့် ပေးတာကိုကြည့်ပြီး ရယ်တယ်။ ရှင်းကျော့သိရင် စိတ်ဆိုးမှာ စိုးရိမ်လို့ ယုဝေကို မျက်မှောင်ကြုံပြလို့လည်းမရပါဘူး။ ရှင်းကျော့ ကတော့ သူ့ရဲ့ နဂိုရ်ပုံစံအတိုင်း ငြိမ်သက်အေးစက်စွာ

စက်ရုပ်တရုပ်လို မလှုပ်တလှုပ်။

" မီ ရောနေကောင်းရဲ့လား "

မပြောတတ်ပါဘူး . . . နေကောင်းတယ် မကောင်းဘူးထက် . . . သူ ဆူချင်ခေါ်ဆူနေတာဘဲ . . . အသံကတော့ အရင်အတိုင်း မာနေတာဘဲ . . . "

" သူသေ်လဲ ကောင်းတယ် နင်အေးသွားတာပေါ့ "

" ဟဲ့ယုဝေ . . . မပြောကောင်း မဆိုကောင်း လူတဖက်သားကိုအဲလိုမျိုး မပြောရဘူးလေဟယ် . . . စိတ်စေတနာ ပုတ်သလိုမျိုးဖြစ်နေမှာပေါ့. . "

ယုဝေကတော့ သူ့သူငယ်ချင်းအပေါ်ထားတဲ့ စေတနာပေါ့ ဒါပေမယ့် နော်နော်ပြောသလို တဖက်သားအပေါ် မကောင်း ပြောရာရောက်တယ်လေ. . .။

" မဟုတ်ဘူးယုဝေ . . . မီမသေပါစေနဲ့ . . . မီကို မသေစေချင်ဘူး . . . မီရှိတာကောင်းတယ်. . . မီ့ကို ရှင်းကျော့ အလိုရှိပါတယ်. . . "

" ဟင် နင်ကလည်း . . . "

ယုဝေကတော့ ရှင်းကျော့ကို နားမလည်နိုင်ဘူး ကိုယ့်ကိုသည်လောက် နှိပ်စက်နေတဲ့ မိထွေးကိုများ ဘာလို့သည်လောက် ချစ်နေရသလည်းတဲ့။

" မီ့ကို နင်ဘာလို့သည်လောက် အလိုရှိနေရလဲ

အပေါ် ဘာကြောင်းလဲ . . . ”

“ မို့ကို ငါ စာနာပါတယ် . . . ဒက်ဒီ့ကို လက်မထပ်ဘဲ လက်ထပ်ခဲ့ရတာ သူသည်မှာဘယ်လို ပျော်ရွှင်နိုင်ပါ့ည်း . . . သူ့ဘဝကိုသူ အမြဲစိတ်ဆိုးနေလို့ပါ . . . ”

“ သူ့ဘဝသူ စိတ်ဆိုးတာနဲ့ဘဲ နင့်ကိုအနိုင်ကျင့်ရောလား . . . ငါဆိုရင်တော့ မခံနိုင်ဘူး . . . ”

“ ဒါကတော့ ယုဝေရယ် . . . ရှင်းကျော့လည်း နေရာမှာမို့လိုခံစားရရင် မီဆိုးသလိုဆိုးလာနိုင်တာပေါ့။ ဆိုတာ ကိုယ်မချစ်မနှစ်သက်သူနဲ့ပေါင်းရမှာ ဘယ်လောက် ကိုညစ်စရာကောင်းမလဲ . . . ”

သိုးဖြူလေးကို နှုတ်ဆိပ်စကားမပြောလွန်းလို့ သိမျိုးစကားတွေ ပြောတတ်လိမ့်မည် ကျွန်တော် ထင်မထား ပါဘူး။ ခုလိုကြပြန်တော့လည်း ရှင်းကျော့က စကားပြော ကောင်းသွားဘဲလေ။

“ ဘဝဆိုတာ ချစ်တဲ့သူနဲ့ လျှောက်ရမှာ ပြီးပြည့် ယ်လို့နင်ကဆိုတာလား ရှင်းကျော့ . . . ဒါဆို နင့်ဘဝ တွက် ငါ့ကိုကိုကို ထည့်စဉ်းစားပါလား ”

ယုဝေ

သည်ကလေးမလေးဟာလေ။ ပြောရမှန်း မပြောရမှန်း သိ ရှုတ်တရက် သူပြောချင်ရာပြောလိုက်တာပါလား။

ရှင်းကျော့စိတ်ဆိုးသွားမလား။

နော်နော်ကတော့ ပျာယာခတ်သွားတဲ့ ကျွန်တော့်ကို ကြည့်ပြီး ရယ်နေပါတယ်။

" ယုဝေ . . . "

" ကိုကိုကလဲ . . . ရှင်းကျော့က မလှုပ်မယှက် ကိုကို နွေးနွေးထွေးထွေးဆို . . . ဘယ်လိုလုပ်ပြီး ချစ်ကြမှာလည်း . . . ယုဝေတို့ မြှားနတ်မောင် မပါရင် ကိုကိုတို့ သိပ်ကြာနေဦးမှာလေ . . . "

" စိတ်မဆိုးနဲ့နော် ရှင်းကျော့ . . . "

ရှင်းကျော့က ဘာမှမပြောသေးဘဲ ငြိမ်သက်စွာ တွေနေပြီးမှ ပြောလာပါတယ်။ အဲသည့်စကားက ကျွန်တော့် ရင်ကို ပြင်းစွာ ထိခိုက်သွားစေတယ်ဆိုတာ ဝန်ခံရမှာပါဘဲ။

" ရှင်းကျော့ဘဝခရီးဖော်ကိုလဲ မီကရှာပေးမှာ မီသဘောတူတဲ့ သူကိုရှင်းကျော့ လက်ထပ်ရမှာယုဝေ "

ကျွန်တော့်ရင်ထဲ နင့်နေတာရှင်းကျော့ ဘယ်သိနိုင်ပါ့ မလဲလေ။

❀ ❀ ❀

လူတယောက်ရဲ့ ရင်ထဲကခံစားမှုတွေဟာ မျက်ဝန်း တွေမှာ အဖြေရှာကြည့်ရင် အထင်းသားတွေ့နိုင်တယ်ဆိုတာ ဟိုးအရင်က ရှင်းကျော့မသိခဲ့ပါဘူး. . .။ မျက်ဝန်းတွေမှာရှိတဲ့ ခံစားမှုကိုလဲ နားလည်နိုင်စွမ်း မရှိခဲ့ဘူး မဟုတ်လား။

ခုတော့ ရှင်းကျော့ နားလည်ခံစားတတ်လာပြီလို့ ပြောရင်ရနိုင်ပါတယ်။

ကိုဆင့်ရဲ့ နွေးထွေးတဲ့ မျက်ဝန်းတွေ။

ထပ်တူညီ ခံစားရသလို. . .။

ဒါပေမယ့် ရှင်းကျော့ဘာကိုမှ မသိချင်တော့ပါဘူး။

" ရှင်းကျော့ . . . နင်လဲ ဘွဲ့ရတော့မှာဘဲ . . . အလုပ်တခုခုတော့ လုပ်သင့်တယ် . . . အိမ်ထဲမှာချည်းနေရင် လူတွေရဲ့ အကြောင်းလည်း သိသင့်သလောက် မသိနိုင်ဘူး . . . ငါ့မှာ နင့်အတွက် အနာဂါတ်ကို ဘယ်လိုစီစဉ်ရမယ်ဘဲ တွေးနေရတာ . . . အိမ်ထောင်ပြုလိုက်ရင်လဲ ကော[illegible] တယ်. . . "

မီပြောချင်ရာပြော .

အနားမှာထိုင်နားထောင်နေရတာပါဘဲ မီဖြစ်ချင်ရာကို စီစဉ်သမျှ ခေါင်းငြိမ်လိုက်ယုံဘဲပေါ့။

" မီ အဲလိုမျိုးဖြစ်ချင်ရာတွေများအောင် တွေးနေရင် မီရောဂါက ဘယ်လိုသက်သာမှာတဲ့လည်း . . . ဘာမှတွေးပူမနေနဲ့ ရှင်းကျော့ဟာ ဟိုတုံးကလို ကလေးလေးမဟုတ်တော့ဘူး . . . သူ့အနာဂါတ်သူ စဉ်းစားဆုံးဖြတ်တတ်လာပါပြီ . . . "

" စဉ်းစားဆုံးဖြတ်တတ်ရင်တော့ ကောင်းပါတယ် အရင်တုံးကလိုမျိုး . . . "

မီရယ် . . .

နေမကောင်းရတဲ့ကြားက ရှင်းကျော့အတွက် စဉ်းစားပေးနေတာတော့ ကျေးဇူးတင်ပါတယ်။ တတ်နိုင်သရွေ့ အမှားမတွေ့ရအောင်ရှင်းကျော့ ဘာကိုမှ လွယ်လွယ်ကူကူ မဆုံးဖြတ်တော့ပါဘူး. . .။

" ဒေါ်ကြီးစော တယောက်လုံးလည်း ရှိပါသေးတယ်မီ . . . မီ့စိတ်မှာ ဘာလို့ ငါသေသွားရင်ဆိုတဲ့ အတွေးမျိုးတွေ တွေးနေရတာလည်း . . . "

" မဟုတ်လို့လား မတွေးသင့်ဘူးလား . . . မီ့အခြေအနေကနေ့လား ညလားလို့ မတွေးရဘူးလား"

" တွေးရပါတယ် တွေးလည်းတွေးသင့်ပါတယ် . . . . ဒါပေမယ့် မီ့ဆီမှာ ရှင်းကျော့ကိုဘဲ ပူပင်နေတာတွေ အရမ်းများနေတယ်။ တကယ်ဆို ဦးသန့်စင်ကို မီသိပ်မုန်းခဲ့တယ်မဟုတ်လား သူ့သမီး ရှင်းကျော့ကို မီမုန်းရမယ်လေ မီမုန်းတဲ့ လူတယောက်ကို ဘာဘဲဖြစ်ဖြစ် ပူပန်မနေပါနဲ့ . . . သူမကောင်းတာတွေ ဖြစ်သွားလေ ကိုယ့်အတွက် ဝမ်းသာစရာကောင်းလေဘဲ မဟုတ်လား . . . "

ဒေါ်ကြီးစောနှုတ်ဖျားမှ ခုလိုစကားမျိုးတွေ ထွက်လာတော့ ရှင်းကျော့အံ့ဩလိုက်ရတာ။ အမြဲလိုလို လူကြီးဆန်ပြီး မီနှင့် ရှင်းကျော့ကိုဆို မည်သူ့ဖက်မှ ပိုမလိုက်တတ်တဲ့

ါကြီးစောဟာ ခုလိုကြတော့ မိုးဖက်ကသာရပ်တည်လိုက်
လိုပါဘဲလေ. . . ။

မီကလည်း ဒေါ်ကြီးစောကို အံ့သြတဲ့ အကြည့်နဲ့ကြည့်
နတယ်။

" မကြီးစော ဘယ်လိုပြောလိုက်တာလည်း "

" မဟုတ်လို့လား အမှန်က မီအဲလိုဘဲ ဖြစ်သင့်တာ။
ခုတော့ မီက ကိုယ်သေမှာကိုတောင် ဂရုမစိုက်တာ ရှင်းကျော့
င်းကျော့နဲ့ ရှင်းကျော့ကိုဘဲ ပူပန်နေလွန်းလို့ မကြီးစော
ပြာတာပါ. . . တကယ်ဆို ရှင်းကျော့ကို မီသိပ်ချစ်ပါလျှက်
န်းနေဟန် ဆောင်ပြီး ကိုယ့်စိတ်ကို ကိုယ်အပင်ပန်းခံတယ်
လ။ ဒါကြောင့် မိုးရင်ထဲမှာ ဘာတွေရှိတယ်ဆိုတာ အမှန်တရား
ို ပြောပြတာ . . . "

" ရှင်းကျော့ကို မီသိပ်ချစ်တယ် ဟုတ်လား . . .
ဟုတ်နိုင်ပါဘူး . . . မီ မုန်းတယ် . . . "

" မုန်းရင်သူဘာဖြစ်ဖြစ်ပစ်ထားလိုက်ပေါ့ . . .
အခုချိန်မှာ ကိုယ့်ကျန်းမာရေး ကိုယ့်အသက်ထက်
ာန်ဖိုးကြီးတာဘာမှ မရှိဘူး . . . ရှင်းကျော့အကြောင်း
ခေါင်းထဲမထည့်နဲ့ . . . . သူဘာဖြစ်ဖြစ် . . . "

ဒေါ်ကြီးစော ခုလိုပြောတဲ့အခါမှာ မီဟာ ငိုင်ငိုင်
တွေတွေကြီး ဖြစ်နေပါတယ်။ ရှင်းကျော့ကိုယ်တိုင်လည်း

ဒေါ်ကြီးစော ပြောလိုက်တယ်ထင်ပေမယ့် ပြောတာအမှန် တွေလို ခံစားလို့ရပါတယ် . . .။

" မကြီးစော "

" အင်း . . . ပြော"

" မီက မီက ကိုယ်ချင်းစာတာပါ "

" မီ ကိုယ်ချင်းစာတယ်ဟုတ်လား ပြောစမ်းပါဦး ဘာတွေကိုယ်ချင်းစာသလည်း ပြောစမ်းပါ . . . "

" မီ့ဘဝမှာ . . . မီ့ဘဝမှာလေ မီသိပ်ချစ်တဲ့ ချစ်သူကို စွန့်ခွာပြီး . . . မီမချစ်တဲ့လူကို လက်ထပ်ခဲ့ရတယ် . . . မီ့ စိတ် ခေတ် အားလုံးဟာ ပြောင်းပြန် တွေ ဖြစ် ယူ ရ လောက်အောင်ထိ ပြောင်းလဲခံစားခဲ့ရတယ်။ ဘယ်တော့မှလဲ ပျော်ရွှင်မှုကို ပြန်မရခဲ့ဘူး . . . ။ မီဟာ လူကအသက်ရှင်ပြီး သေဆုံးနေတဲ့ နှလုံးသားနဲ့နေနေခဲ့ရတာ . . . အဲလိုမျိုး . . . အဲလိုမျိုး . . . ရှင်းကျော့ကို မခံစားစေချင်ဘူး . . . သူ့ဘဝသူ့ အနာဂါတ်ကို ပျော်ရွှင်စေချင်တယ် . . . မီ့လို သေဆုံးသည့်တိုင် ကြေကွဲမနေစေချင်တာ . . . "

မီကတော့ ဒေါ်ကြီးစောရင်ခွင်မှာ ငိုနေပါပြီ။ မီ့ရောဂါနှင့် ကြေကွဲမှုတွေဟာ ရောဂါကို ဆိုးသည်ထက် ဆိုးစေမှာပါဘဲ။ ဒါပေမယ့် . . . မီ့ဆီမှ ကြားရတဲ့စကား တွေအတွက် ရှင်းကျော့စိတ်မှာ ကြည်နူးချမ်းမြေ့ ရပါလား . . . ။

ရန်ပိုင်ဦးစာပေ

မိရယ် . . .

ဘယ်တုံးကမှ မထင်မှတ်တဲ့ စာနာမှုတခုကို းကျော့ရခဲ့တာပါလား။ ရှင်းကျော့မျက်ဝန်းမှ မျက်ရည်တွေလဲ ထွက်လာခဲ့ ရပါတယ်။

မိ . . .

နောက်ဆိုရင် မိဆူလဲဆူ။

ရိုက်လဲရိုက် . . . ရှင်းကျော့ ကျေကျေနပ်နပ်နေ ာ့မယ်။ မိ့ရင်ထဲက စေတနာတခုကို ရှင်းကျော့သိလိုက် ပြီ။

" ကဲ တော်ပြီ မိ မငိုနဲ့တော့ မောလာလိမ့်မယ် ရင်ထဲမှာအဲလို စေတနာတွေ ရှိတာ အစောကြီးထဲက ကြီးစောသိတယ် . . . မိ့ဘဝလေးကို မကျေနပ်လို့သာ ဒါသတွေမှာ လုံးလည်ပတ်ချာလိုက်နေတာ . . . ခုချိန်ကစ သည့် ဒေါသတွေ ဖျောက်လိုက် . . . မိနဲ့ ရှင်းကျော့ဟာ ကြီးစောရဲ့ သမီးလေးနှစ်ယောက်အဖြစ်နေကြ . . . မိလဲ တိတ်ကိုမေ့ အနာဂါတ်မှာ ပျော်ပျော်ရွှင်ရွှင် နေရမယ် ကြားလားမိ . . . "

" မိ . . . မိ သေရင်တောင် ရပါပြီမကြီးစောရယ် . . . "

" မဟုတ်တာတွေ မပြောနဲ့ . . . "

" မကြီးစောဘဝမှာ မိလဲရှိရမယ် ရှင်းကျော့လဲရှိရမယ်

ဒါမှပြည့်စုံမယ်။ မီ အိပ်တော့ ဘာကိုမှ မစဉ်းစားဘဲ အိပ် . . . ရှင်းကျော့လေး ပြန်ချင်ရင် ပြန်တော့ အိမ်မှာ မဝေနဲ့ အနွဲ့ဘဲ ရှိတာ ဒေါ်ကြီးစော စိတ်မချဘူး . . . "

" ဟုတ်ကဲ့ မီ . . . ရှင်းကျော့ပြန်မယ် . . . "

မီ့ဘေးမှာရပ်ပြီး နှုတ်ဆက်တယ်။

ဟိုးအရင်က မီ့အနီးဆုံးနေရာမှာနေရမှာ ရှင်းကျော့ သိပ်ကြောက်ခဲ့တာပါ။ မီကဖျတ်ခနဲဆိုသလို ရိုက်ချင်ရိုက် လိမ်ချင်လိမ်နှင့် အနီးဆုံးမှာနေရင် တခုခုကိုကြုံရစမြဲကိုး။ ခုတော့ မီ့ရင်ထဲက စေတနာကို ရှင်းကျော့သိလိုက်ပြီဘဲ မဟုတ်လား။ မီဘာကိုဘဲ ပြုမူပြုမူ ရှင်းကျော့ ကျေကျေနပ်နပ် လက်ခံတော့မှာပါ. . .။

" ကောင်းကောင်းပြန် . . . ဘာမှမကြောက်နဲ့ ဖြစ်လာသမျှ မီရှင်းပေးမယ် . . . "

" ကျေးဇူး . . . မီ . . . "

အမြဲလိုခေါင်းငုံ့လျှောက်နေတတ်ခဲ့တဲ့ အကျင့်တွေက မပျောက်နိုင်စေကာမူ အရမ်းကြောက်နေသမျှတော့ အနည်းငယ် ပျောက်ကွယ်သွားသလိုပါဘဲလား. . .။

ကော်ရစ်ဒါတလျှောက်မှာ လျှောက်ရတဲ့အခါ ရင်မှာ ကြောက်ရွံ့စိတ်တော့ရှိဘဲ။ ခေါင်းငုံ့လျှောက်ရတာက ဟိုသည်ငဲ့ ကြည့်ရတယ်။ ဘယ်နေရာကနေများ ထွက်လာမလည်းဆိုတဲ့

ဝိုးထိတ်မှုတွေက ရှိနေဆဲမဟုတ်လား။
"ရှင်းကျော့"
"အမလေး"
ရှေ့ကိုလျှောက်ကြည့်တာမှ နောက်ကနေပေါ်လိုက်တော့လန့်လိုက်ရတာ။
"ထင်တယ် ဒါကြောင့် ငါလိုက်လာတာ . . . . လာကားပေါ်ထိ ဒေါ်ကြီးစော လိုက်ပို့မယ် . . . သည်နေ့ ဒေါ်ကြီးစော သိပ်ဝမ်းသာတယ်။ မီနဲ့ရှင်းကျော့တို့ရဲ့ စစ်မှန်တဲ့ သံယောဇဉ်ကို မြင်ရလို့ပါကွယ် . . ."
ဒေါ်ကြီးစောအနားရောက်လာလိုက်တာဟာ ကိုဆင့်အနားရောက်လာလိုက်သလို အားရှိသွားတာပါလား။
ရှင်းကျော့ဘဝမှာ တက်ကြွရွှင်လန်းခြင်း တော်တော်များများကို ပြန်လည်ရရှိလိုက်သလိုပါဘဲလေ။
❀ ❀ ❀
"ကိုဆင့် . . ."
နော်နော်နဲ့ ရှင်းကျော့ပါလား။ ယုဝေတော့ မပါပါဘူး။ ဘာဘဲပြောပြော ယုဝေသိလို့ စိတ်ဆိုးကာမှ စိတ်ဆိုး ရှင်းကျော့ကို မြင်လိုက်ရတယ်ဆို အရမ်းပျော်သွားသလိုပါဘဲ။ အလုပ်တိုက်ထဲကထွက်ပြီးတော့ ကိုဟန်များ စောင့်နေမလားလို့

မျက်နှာချင်းဆိုင် လက်ဖက်ရည်ဆိုင်ကို ကူးတာပါ။

" ရှင်းကျော့နဲ့ အကျီချုပ်ဆိုင်လာတာ ကိုဆင့်ရဲ့ . . . ယုဝေက အန်တီဝေ့ကို သွားဆေးခန်းပို့ရဦးမယ်ဆို ပါမလာခဲ့ဘူး . . . ကိုဆင့်ကိုတွေ့လိုက်လို့ . . . "

" ဘာစားမလဲ . . . ညီမတွေကို တွေ့တာကျွေးပါမယ် . . . "

" ရှင်းကျော့ . . . ကိုဆင့်နဲ့ တွေ့နေပြီဘဲ . . . ငါပြန်တော့မယ် . . . မမကိုငါ လေးနာရီအရောက် ပြန်လာခဲ့မယ် ပြောခဲ့မိတယ် . . . ကိုဆင့်ကို ပို့ခိုင်းလိုက်ပါလားဟာ"

နော်နော်ကတော့ ရှင်းကျော့နှင့် ကျွန်တော့်ကို ထားရစ်ခဲ့မည့် ပုံပြောပါတယ်။ သိုးဖြူကလေးကတော့ ထုံးစံအတိုင်း တွေတွေငိုင်ငိုင်လေး နေရင်းမှခေါင်းငြိမ့်တယ်။

အံ့သြဖွယ်ရာပါလား။

" ကိုဆင့် ရှင်းကျော့ကိုလိုက်ပို့ပေးလိုက်ပါနော် . . . ကိုဆင့်နဲ့ဆိုရင်တော့ နော်နော်စိတ်ချယုံကြည်ပါတယ် . . . အကျီအင်ပြီးရင် ရှင်းကျော့ကိုကားပေါ် ထိပို့ပေးပါကိုဆင့်ရယ် . . . "

" စိတ်ချပါနော်နော် . . . ကိုယ်လိုက်ပို့လိုက်ပါမယ် "

မမျှော်လင့်တာတွေဟာလည်း ခုလိုဘဲ ဖြစ်လာတတ်ပါသလား ချစ်တဲ့သူလေးနဲ့အတူ သွားရမည် မျှော်လင့်မထား

ပါဘူး။ အတူယှဉ်လျှောက်ခဲ့တယ်။ ရှင်းကျော့ဘယ်သွားမှာ
လဲလို့လဲ မမေးမိ။

" ဟဲ့ ကိုဆင့် . . . "

နောက်မှခေါ် လို့ လှည့်ကြည့်မိပါတယ်။

မမစောနှင့် ပပကို ရုတ်တရက်တွေ့ရတော့ ကျွန်တော်
ဘာပြောရမမှန်းမသိဘဲ ပြုံးပြလိုက်မိပါတယ်။

ပပကတော့ မျက်နှာလွှဲထားပါတယ်။

မမစောကတော့ ထုံးစံအတိုင်း စပ်စပ်စုစုနှင့်
ရှင်းကျော့ကို ရအောင်အကဲခတ်နေတော့တာ။ သည်အခိုက်မှာ
ကျွန်တော့်လက်မောင်းကို လာရောက်ဆုပ်ကိုင်လိုက်တဲ့
ရှင်းကျော့ရဲ့ လက်ကလေး . . . ပြီးတော့မှ တိုးတိုးလေး
ပြောပါတယ်။

" သွားရအောင် နောက်ကျနေမယ် "

" အင်း အင်း သွားမယ် မမစောသွားမယ် ပပ "

နှုတ်ဆက်ပြီး ရှင်းကျော့ခေါ်ရာလိုက်ခဲ့ ရတယ်။

" အဲသည့်မျက်လုံးမျိုးကြီးတွေကို ရှင်းကျော့
ကြောက်တယ်. . . "

" ဘယ်မျက်လုံးမျိုးလဲ ရှင်းကျော့ရဲ့ "

" ခုနအစ်မကြီးရဲ့ မျက်လုံးပေါ့ ကြည့်နေတယ်လေ
ပြီးရင် လျှောက်ပြောတော့မှာ"

မမစောကို ပြောတာပါလားလို့ သိရတော့ရယ်ချင်မိပါတယ်။ မမစောကလဲ ဟုတ်တာဘဲ။ သေချာကို စူးစိုက်ကြည့်မယ် နောက်နေ့အလုပ်ထဲမှာတွေ့ရင် ကိုဆင့်ဒါဘယ်သူလဲ ကစပြီး စပ်စုတော့မှာ အမှန်ပါဘဲ။

ဒါကြောင့်မို့ ကျွန်တော်ရယ်မိတာ။ အမှန်ဝန်ခံရရင် ကျွန်တော် အူမြူးနေတယ်လို့လည်း ပြောလို့ရပါတယ်။ ရှင်းကျော့နှင့် ခုလိုအတူတူသွားရဖို့ မျှော်လင့်ခဲ့တာမှမဟုတ်တာ။ အခုလို အတူသွားရတယ်။ ရှင်းကျော့အနားမှာ အတူနေခွင့်ရတယ်။

အကျီချုပ်ဆိုင်က အပြန်ကားရပ်ထားတဲ့ဆီကို ပြန်လျှောက်လာခဲ့ကြတယ် . . .။ ရှင်းကျော့ခြေလှမ်းတုံ့ပြီး ရပ်သွားတာမို့ ကျွန်တော်ကြည့်မိတာ။

ရှင်းကျော့ကြည့်နေတဲ့ လူက ထိုက်ဇော်များလား . . ။

သည်လူက ထိုက်ဇော်နှင့်တော့ အတော်တူတာဘဲ. . . ။

" ဘာလဲရှင်းကျော့ "

" ဘာမှမဟုတ်ဘူး. . . "

ထိုက်ဇော်မဟုတ်တာ ရှင်းကျော့သိသွားပုံရပါတယ်။ ဒါပေမယ့်ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်လာတဲ့ရှင်းကျော့လက်တွေက အေးစက်နေသလိုပါဘဲ။

" နေကောင်းရဲ့လား ရှင်းကျော် . . . "

" ကောင်းပါတယ် "

"လက်တွေအရမ်းအေးနေတာဘဲ . . . ကော်ဖီ
ပူပူလေးသောက်ပါလား . . . ပြီးမှ ကားမောင်းလေ
. . . စိတ်လှုပ်ရှား နေတုံး ကားမောင်းတာ မကောင်းဘူး
ရှင်းကျော်ရဲ့ . . . "

ကျွန်တော့်စကားကိုလည်းနားထောင်သားဘဲ . . . ။
င်းဟာ ဘာပြောပြောခေါင်းငြိတ်နားထောင်နေတဲ့ သိုးဖြူလေး
ကောင်လိုအရမ်း ချစ်စရာကောင်းပါလားကွာ။ အတူ
က်ဖီသောက်ခွင့်ရတယ်။ ကျွန်တော်သိပ်ပျော်တယ်။

" မီ နေကောင်းပြီလား "

" နည်းနည်းတော့နေကောင်းသလိုပါဘဲ။ ဒါပေမယ့်
င်းကျော့မပြောတတ်ဘူး . . . နေကောင်းပါစေလို့ ဆုတောင်း
တာဘဲ . . . "

" ရှင်းကျော် . . . ကိုယ်ခုလိုရှင်းကျော့နဲ့ နောက်ထပ်
ခါခါအတူတူ ကော်ဖီသောက်ချက်တယ် . . . "

စိတ်မဆိုးနဲ့ဦး။

ရင်ထဲရှိတဲ့အတိုင်း ပြောလိုက်တာဆိုပေမယ့် ရှင်းကျော်
တ်ဆိုးသွားမှာကိုလဲ ကျွန်တော်မလိုလားပါဘူးလေ . . . ။

" နောက်ရက်တွေသောက်ရင်လဲရပါတယ် . . .

ရှင်းကျော့တို့ စာမေးပွဲတွေဖြေပြီးရင် အချိန်တွေ အများကြီး ရယ်ပါ အဲသည်ကြမှ ကော်ဖီသောက်လဲရတာဘဲ . . . "

ခုလောက်တောင်ရတာဘဲ ကျေနပ်ပြီ။

အတူရှိနေရာက ခွဲမသွားချင်ဘူး။ ဒါကြောင့် အတူရှိနေတဲ့အချိန်လေးမှာ ပြန်ကြရအောင်ဆိုတဲ့ စကားမပြောချင်။

" ပြန်စို့ကိုဆင့် အိမ်မှာမဝေတို့ဘဲရှိတာ ပြီးတော့ မှောင်ရင် ရှင်းကျော့ကားမမောင်းချင်ဘူးနော် . . . "

ချစ်သူရဲ့ " နော် " တခွန်းနဲ့တင် ခေါင်းငြိမ့်လိုက်ရတာပါဘဲ. . . ။

" ကိုဆင့်ကို လိုက်ပို့ပေးခဲ့မယ် "

" ဟင့်အင်း . . . နေပစေ . . . ကိုယ်က နီးပါတယ် ရှင်းကျော့ပြန်တော့ . . . "

ငုံ့ထားတဲ့ ခေါင်းလေးကို ငြင်သာဖွဖွပုတ်ပြီး နှုတ်ဆက်လိုက်တယ် . . . ။

မင်းကိုမှ ဘာလို့သည်မျှ ချစ်သွားရသည် တကယ်မသိတော့ပါလား . . . ။

❋ ❋ ❋

ရှင်းကျော့ဘဝမှာ သည်မျှပျော်ရွှင်ရသောရက်ကလေးတွေကိုမရခဲ့တာ ကြာပါပြီ။ သည်နေ့ ညနေတော့ တကယ်ကြည်နူးရပါလား။ မီကလည်း ရှင်းကျော့ကို့ချစ်တယ်။ ပြီးတော့

ကိုဆင့်ရဲ့ . . . နွေးထွေးသော ခံစားမှုတွေ. . .။

ရှင်းကျော့ပျော်တယ်။

ကြည်နူးနွေးထွေးနေသော ရင်ထဲကတငြိမ့်ငြိမ့် လှုပ်ခတ်မှုတွေ . . .။ မိုးဆင့်ဝေဆိုတဲ့ နာမည်လေးကို တွေးမိတိုင်း ရင်ထဲ ကြည်နူးမှုတွေကပျော်ဝင် စိမ့်စီးလာသလို ခံစားရတယ်. . .။

အချစ်ဟာ နှလုံးသားထဲကို အဲလိုမျိုးနဲ့ စီးဝင်လာပါ သလား . . .။

ဒါဖြင့်ရင် . . .

အချစ်ဆိုတာကို ရှင်းကျော့ဘဝမှာ အခုမှ ပထမဆုံး ခံစားရတာပေါ့။

ဟုတ်ပါရောလား . . .။

မျက်ရည်တွေကပါးပြင်ပေါ် ခုန်ပေါက် ရောက်ရှိ လာတယ်။

ကိုဆင့်

သိပ်ချစ်မိတယ်။

ရှင်းကျော့ကို အချစ်တွေ ပေးလာတာလား ကိုဆင့်ရယ်။

အဲသည့်အချစ်တွေက ထာဝရအတွက်မှ ဟုတ်ပါ ရဲ့လား . . .

ရှင်းကျော့ ကြောက်တယ်။

ကိုဆင့်နဲ့ မဝေးချင်ဘူးကွယ်. . .။ ညနေကဘဲ ကြည့်လေ. . .၊ ကိုဆင့်နဲ့ မဝေးချင်လို့ ပြန်ရအောင်လို့ ရုပ်ခြည်း ပြောမထွက်ခဲ့ပါဘူး။ ကိုဆင့်အနားမှာဘဲ ထိုင်နေချင်မိတယ်. . .၊ အနားမှာကိုဆင့် ရှိနေတာဟာ ရှင်းကျော့အတွက် လုံခြုံပြည့်စုံ နေသလိုပါဘဲ. . .။

တယ်လီဖုန်းသံကြောင့် ဘယ်သူ့ဆီကလဲလို့ . . . နားထောင်မိတာ။

" ရှင်းကျော့သန့်စင် ရှိပါသလား. . . "

အမျိုးသားတယောက်ရဲ့ အသံ။

ကိုဆင့်အသံလား။

မဖြစ်နိုင် . . .။ ဒါဖြင့်ရင် ဘယ်သူလဲ။ ဟိုတယောက်များလား။ ချက်ခြင်းဆိုသလို ကြောက်ကြောက်လန့်လန့်နှင့် စိုးရိမ် ထိတ်လန့်စွာဖုန်းကို ပြန်ချထားလိုက်ပါတယ်။

နောက်ထပ်တယ်လီဖုန်းသံမြည်နေပြီ . . .။

တယ်လီဖုန်းကို မြွေတစ်ကောင်အလား ကြောက်ရွံ့ ထိတ်လန့်စွာ ကြည့်နေမိဆဲပါ။

" မရှင်းကျော့ ဖုန်းမြည်နေတယ်လေ "

" မဝေ . . . ကိုင်ကြည့်စမ်း . . . ငါ့ကိုမေးရင်မရှိဘူး ပြောလိုက်. . . "

မဝေဖုန်းကိုင်နေတယ်။

ရင်တထိတ်ထိတ်နားထောင်နေရတာ . . . ။

ယ်လီဖုန်းနံပါတ်အထိ မျှားသိနေပြီလား. . . ။

"မယုဝေလား . . . မရှင်းကျော် . . . မရှိ . . . မရှိဘူး"

ယုဝေလား . . . ယုဝေဆိုပြောမယ် ပြောမယ် . . .

ယ: . . . "

" ရှင်းကျော်ရယ် . . . နင်မရှိဘူးဆိုလို့ ငါမှာ

ညြသွားတာဘဲ . . . မီ ဆေးရုံမှာ တော်တော်နေမကောင်း

ို့မျှား သွားစောင့်ရမလားတောင်ထင်လိုက်တာ . . .

ပြာစမ်းပါဦး ဖုန်းလာလာချင်း ဘာလို့မကိုင်ရတာလဲ. . . "

" အင်းပါ . . . နင်ကိစ္စရှိလို့လား . . . "

" ရှိတယ် "

" ဘာကိစ္စလည်း "

" နင့်ကိုယောင်းမတော်မယ့် ကိစ္စ. . . "

" ဟယ်ယုဝေကလည်း. . . "

"သိဘူးလေ . ငါ့အစ်ကိုကဘာဖြစ်နေလည်း

သိပါဘူး. . . ညကြီးမိုးချုပ် ခုနကဘဲ တယ်လီဖုန်းလာတယ်

င်ပြန်ရောက်မရောက် နင့်ဆီဖုန်းဆက်ပေးပါတဲ့ . . . ဘာတွေ

ိတ်ပူနေတယ် မသိပါဘူးဟာ . . . သည်လောက်စိတ်ပူ

နေရင်တော့ . . . သောကဆိုတာ အချစ်နဲ့ဆက်နွယ်

နေတာနေ၁်"

ကိုဆင့်ကလည်းလေ. . .

စိတ်ပူတာတော့ ကောင်းပါတယ်။

ယုဝေပြောသလို အချစ်ကြောင့် ရှင်းကျော့ကိုစိတ်ပူတာ ဆိုတာတော့ နှစ်သက်ပါတယ်။ ဒါပေမယ့် ယုဝေတို့ကတော့ သိပ်မကြာခင်မှာ ကိုဆင့်ရင်ထဲကို ဝင်ကြည့်တတ်နေရော့မယ်။

" ညနေက နော်နော်နဲ့ အကျီချုပ်ဆိုင်သွားတယ်။ အဲဒါမှာကိုဆင့်နဲ့ တွေ့တယ်လေဟာ. . . ပြီးတော့ ငါပြန်လာ တာပါ . . . ကိုဆင့်က ကော်ဖီတိုက်လိုက်တယ်. . . "

" ဟုတ်လား . . . မမစောဆိုတဲ့ အစ်မကြီးက ပြောတော့ ကိုကိုက ကပ်စေးနဲတယ်တဲ့ ရှင်းကျော့ကိုတော့ အရမ်းသဒ္ဓါ နေတာပါလား. . . "

ယုဝေကလည်းလေ . . . ပြောလဲပြော ရယ်လည်းရယ် နေတော့တာပါဘဲ. . .။

ယုဝေဖုန်းဆက်လိုက်တဲ့အတွက် ခုနက သောက တွေတော့ ပျောက်သွားသလိုပါဘဲလေ။ ဒါပေမယ့် သိလိုက် ပါပြီ။ ခုနက ဖုန်းဆက်တဲ့ ယောကျ်ားလေးတယောက်ရဲ့ အသံဟာဘယ်နည်းမှ ကိုဆင့် မဟုတ်တော့ပါဘူး။ ကိုဆင့် မဟုတ်ရင် ဘယ်သူလည်း. . .။

" ယောင်းမရေ . . စာတော့ကျက်ဦး . . . စာမေးပွဲက အရမ်းနီးနေပြီ . . . အောင်သွားရင်တော့ ငါတို့သုံးယောက် အလုပ်အတူတူလုပ်မယ်ဟာ . . . "

ယုဝေပြောနေတာတွေကို စိတ်မဝင်စားတော့ပြန်ပါဘူး ...။ အိမ်ထိတယ်လီဖုန်းဆက်လာပြီလား . . .။ ကမ္ဘာကြီး ကလည်း မတွေ့လိုသူ အတွက်ကြတော့ ကျဉ်းမြောင်းလွန်း ပါလားကွယ်. . .။ နောက်ထပ် ဆက်လာရင်ဘယ်လို ရင်ဆိုင် ရမလဲ။

ရှင်းကျော့ ကြောက်တယ်။

" တာ့တာဘိုင်ဘိုင် ရှင်းကျော့ရေ ကိုကို့အကြောင်း တွေးပြီး အိပ်တော့နော် . . . "

တယ်လီဖုန်းကို နောက်ထပ်မဆက်ပါစေနဲ့ ဆုတောင်း ပြီးတော့သာ နေရတော့မှပါလား။ ဘယ်လောက်ထိရှောင်နေနိုင် မှာတဲ့လဲ. . .။

❀ ❀ ❀

" အဲဒါနင့်ကောင်မလေးလား "

ထင်တဲ့အတိုင်း အလုပ်ပါးတာနှင့် မမစောအနား ရောက်လာတော့တာပါ။ မမစောကိုကြည့်ပြီး ဟိုအစ်မကြီးရဲ့ မျက်လုံးကြီး မျိုးကိုရှင်းကျော့ကြောက်တယ်ဆိုတာ အမှတ်ရ ပါတယ်။ မမစောကလည်း ရှင်းကျော့ပြော ပြောစရာပါဘဲ။

" ဆိုပါတော့ "

" ဘာဆိုပါတော့လဲ "

"ကောင်မလေးလေ. . . "

" စကားကို ဟိုသည်လွှဲမနေစမ်းနဲ့ ကိုဆင့် ... နင့်ကောင်မလေးနာမည်က ဘယ်သူတဲ့လည်း ... ပပ လောက်တောင် မလှဘူး. . ."

" မမစောကလဲ အဲလိုတော့ မပြောပါနဲ့ ကိုယ်ထင် ကုတင်ရွှေနန်းပေါ့ . . . ရှင်းကျော့လဲသူ့အလှနဲ့ သူလှတာပါဘဲ"

" ရှင်းကျော့ နာမည်ကတော့ လှသားဘဲ . . . "

" လှလဲလှပါတယ်"

" ဟုတ်ပါတယ် ဟုတ်ပါတယ် . . . လှပါတယ် . . . "

မမစောကတော့ ရှင်းကျော့လှတယ်ပြောတာနှင့်မကျေ မနပ် ထွက်သွားပါပြီ။

ကိုယ့်ချစ်သူဟာ ကိုယ့်မျက်ဝန်းမှာ အလှဆုံးဖြစ်နေတာ ဘာဆန်းသလည်းကွယ် . . .။ ခက်တာပါဘဲ။ ပပနှင့် ဘယ်လောက် သဘောတူတူ ပပကိုမှမချစ်တာ။

" မိုးဆင့်ဝေ . . . ဆိုင်တွေသွားရအောင် ငါတယောက် ထဲ ဖြစ်နေလို့လိုက်ခဲ့ပေးပါ. . . "

ခုတလော အလုပ်တိုက်ထဲမှာကို မနေ။ အခွင့်ရရင် ရသလို အပြင်ဆိုင်တွေဖက်လိုက်နေမိတယ်။ ခရီးတော့ မထွက်ချင် ပြန်ပါဘူး။ ရှင်းကျော့နားကမခွာချင်ဘူးလေ။ ဆိုင်တွေလိုက်နေတော့ စိုးဝင်းအောင်တို့ဆိုင် ကိုရောက်တယ်။ အဲသည့်အခါမှာ စိုးဝင်းအောင်ဆီက အမှတ်မထင် စကား

နဲ့ကို ရလိုက်တယ်။

"ကိုဆင့် . . . အံ့ဩစရာဘဲဗျာ . . . ထိုက်ဇော်ဆီက
ခဲ့တဲ့ဆယ်ရက်လောက်မှာ ငွေငါးသိန်း ပြန်ရတယ်။
တာကိုလဲ သူအဆင်ပြေတာနဲ့ . . . ပြန်ပေးမယ်ပြောတယ်
တ်မှလွဲရော တယောက်ယောက်ဆီက ရအောင်ငွေညှစ်
ပုံဘဲထင်တယ် . . ."

ဘာဘဲပြောပြော ကျွန်တော့်မှာတော့ မြုပ်နေတဲ့ငွေလေး
ပေါ်လာလို့ ရသလောက်ဝမ်းသာရသေးတယ် . . ."

သည်လူဟာ ငွေနှင့်ပါတ်သက်ရင် မကောင်းဘူး
တော့ ရှင်းကျော့ဆီကနေ ငွေများလိုက်တောင်းနေတာလည်း။
တောင်းလွှန်းလို့များ ရှင်းကျော့ထွက်ပြေးနေရတာလား
။ သည်တခါကြုံရရင်တော့ ပွင့်ပွင့်လင်းလင်းဘဲ မေးကြည့်
ယ် ကျွန်တော်ကူညီစရာရှိရင်လဲ ကူညီလို့ရတာပေါ့. . .။
ယ်သူ့ကိုမှ အမှန်ဖွင့်မပြောဘဲ ထွက်ပြေးနေရတာမောစရာဘဲ
တ်လား ရှင်းကျော့ရယ်. . .။

" သူက ကိုဇော်ထူးဟန် ကုမ္ပဏီမှာမလုပ်တော့
တဲ့. . . ကိုဆင့် ကိစ္စရှိသေးလား"

" မရှိတော့ပါဘူး . . . သည်လူကငွေ ကိစ္စ ဘဲ
မည်ပျက်တာလား တခြားရောဘာတွေရှိသေးလဲ။ ဥပမာ
မရှုပ်အရှင်းရော . . . အိမ်ထောင်ရောရှိလား . . ."

" အိမ်ထောင်ရှိတယ် . . . ကလေးလေးတယောက် တောင်ရှိတယ်ထင်တယ် . . . ဟိုတလောက ကျွန်တော့် သူငယ်ချင်းတယောက် သူ့ငွေခြောက်သိန်းမရလို့ဆို တရားစွဲ ပါမယ် သတ်ပါမယ်နဲ့ . . . အိမ်ရောက်သွားတော့ ကလေးလေး ဖျားနေတာနဲ့ စိတ်မကောင်းဖြစ်ပြီးပြန်လာရတယ်တဲ့ . . . ဘယ်လိုလူလဲမသိပါဘူးဗျာ ရုပ်ကလေးကသနားကမား အပြော လေးလဲကောင်းနဲ့ . . . "

" အဲလိုလူမျိုးက ပိုလိမ်ညာလို့ ကောင်းတော့မှာပေါ့ "

" ကိုဆင့်နဲ့ ဘာဖြစ်တာလဲ "

" ကျွန်တော်နဲ့ ဘာမှမဖြစ်ပါဘူး ကျွန်တော့်သူငယ်ချင်း တယောက်က စုံစမ်းခိုင်းလို့ပါ . . . သူ့အိမ်လိပ်စာရရင် လိုလိုမယ်မယ် ယူထားပေးပါ စိုးဝင်းအောင် . . . "

" ရရင်ယူထားပေးမယ် ကိုဆင့် . . . "

ချစ်သူ့သောက ကိုယ့်သောကဘဲမဟုတ်လား . . .။ ရှင်းကျော့ကို အကြောင်းတခုခုကြောင့် ထိုက်ဇော်နှင့် ပါတ်သတ်တာ သိရင် . . . မေးချင်တယ်။ ဘာလို့သည်မျှ ထိတ်လန့်နေရသလဲ . . .

အပြန်လမ်းမှာ

" မိုးဆင့်ဝေ . . . မင်းရည်းစားက ချစ်စရာလေးဘဲ"

" ဟင် ဘယ်လိုကိုသက်စိုး . . . "

" ဟိုနေ့ကမင်းတို့နှစ်ယောက် ငါတွေ့ပါတယ်ကွာ မင်း
ာင်မလေးက ရိုးရိုးအေးအေး ချစ်စရာပုံလေးလေ မင်းလက်
ာင်းကိုကိုင်လို့ . . . "

ရှင်းကျော့နှင့်နှစ်ယောက်အတူသွားတာ ကိုသက်စိုးတွေ့
းပုံရပါတယ်။

" ငါတို့က မင်းနဲ့ပပ ချစ်နေကြတယ်ထင်တာ . . .
ာက်မှသိရတယ် . . . ဇာနည်တို့ကတော့ မင်းကိုမကျေမနပ်
်နေကြတာပေါ့ သူတို့ သူငယ်ချင်းကို စိတ်ဆင်းရဲအောင်
ပ်တယ်။ မကြိုက်သလို ကြိုက်သလိုလုပ်ဆိုပြီးတော့လေ . . .
ျို့ မိန်းကလေးတွေက အာဃာတ တရားကြီးတယ်နော် . . "

" ကျွန်တော့်ဖက်ကရိုးသားဖြူစင်စွာ ခင်ခဲ့တာပါ
သက်စိုးရာ . . . "

" ပပကတော့ သိပ်စိတ်ဆိုးနေတယ်လို့ ပြောတာဘဲ "
ဟုတ်နိုင်ပါတယ်။

အလုပ်ထဲမှာတွေ့ရင်တောင်သူ့ကို မျက်နှာလွှဲပြီး
ဖက်လှည့်နေတော့တာ . . .။ လုံးဝစကားမပြော ...သလို
ခုံနားကို ဖြတ်လျှောက်ဖို့တောင် အတော်ဝန်လေးပုံရပါတယ်။
င်းကျော့နှင့် မတွေ့ခင်ကပင် မဖြစ်သင့်ဘူးယူဆလို့ ပပကို
ျွန်တော် ရှောင်ခဲ့တာဘဲ မဟုတ်လား . . .။

အပေါင်းအသင်းမိတ်ဆွေတယောက် ဆုံးရှုံးရတဲ့

အတွက်တော့ စိတ်မကောင်းပါဘူးလေ . . .။ ဒါပေမယ့် ချစ်တဲ့သူနဲ့ဘဲ ဘဝခရီးကိုလျှောက်ချင်တဲ့ သူ့အဖို့တော့ . . . ရှင်းကျော့မှလွဲပြီး ဘယ်သူ့မှမချစ်နိုင်ပါဘူး။

❀ ❀ ❀

မီ့ရင်ထဲက သံယောဇဉ်တရားကိုမြင်တဲ့နေ့ကစပြီးတော့ ရှင်းကျော့ဘဝမှာ အများကြီးစိတ်ကြည်လင်လာတာပါ. . .။ အနည်းငယ်သော စိတ်ကြည်နူးမှုတွေလဲ ရှိလာပါတယ်။ စာမေးပွဲနောက်ဆုံးဘာသာဖြေတဲ့နေ့မှာတော့ . . . ယုဝေတို့နှင့် အတူလျှောက်လည်ဖို့ကို ခေါင်းငြိမ့်ထားခဲ့ပါတယ်။

" မီဆေးရုံကဆင်းရတော့မယ် . . . "

ရှင်းကျော့ပျော်ပါတယ်။

မီ နေပြန်ကောင်းလာတာဟာ . . . အင်မတန်ဝမ်းသာစရာကောင်းပါတယ်။ ရှင်းကျော့အတွက်တော့ မီရှိနေတာဟာ အားအရှိဆုံးသော ခံစားမှုတခုပါဘဲ။

" မနက်ဖြန် ရှင်းကျော့ စာမေးပွဲဖြေပြီးတာနဲ့ အိမ်ပြန်လာခဲ့နော် . . . မီ အိမ်မှာစောင့်နေမယ်။ ပြီးတော့ ရှင်းကျော့နဲ့ လူတယောက်ကို တွေ့ပေးမလို့ . . . "

ဒီကျွဘဲ . . .

ယုဝေတို့နဲ့ လျှောက်လည်မယ်လို့ ခေါင်းငြိမ့်ထား

ါတယ်။ ပြန်မလာနိုင်ဘူးမီလို့ မပြောရက်ဘူးလေ မီက
နေကောင်းပြီးကာစ၊ ဆေးရုံက ဆင်းကာစမဟုတ်လား . . . ။
နောက်ဆုံးတော့ သူငယ်ချင်းတွေကိုဘဲ တောင်းပန်ရတော့တာ။

" နင်ကလည်းဟယ် . . . မီ့ကိုပြောပြပါလား ငါတို့နဲ့
လျောက်လည်မလို့ ချိန်းထားပြီးနေပြီလို့လေ . . . မီက သိပ်
အရေးကြီးနေသလား ငါတို့ကဖြင့် ကိုကို့ကိုတောင် အလုပ်က
ခွင့်ယူခိုင်းမလို့ စဉ်းစားထားတာ . . . "

" စာမေးပွဲပြီးတဲ့နေ့တော့ မသွားပါနဲ့တော့ ယုဝေရယ်
. . . တနင်္ဂနွေနေ့ကြသွားမယ်နော် . . . အဲသည့်နေ့ကြရင်
ကိုဆင့်လဲ အလုပ်ပိတ်တာဘဲ သွားလို့ရတာပေါ့ . . . ဟုတ်လား"

နောက်ဆုံးတော့ နှစ်ဦးနှစ်ဖက် အဆင်ပြေအောင်
ရှင်းကျော့ညှိယူရတယ် . . . ။ မီနှင့် အရင်တွေလိုက်ရင် မီလည်း
စိတ်ချမ်းသာ သွားမှာပေါ့လေ . . . ။ ကိုဆင့်လဲလိုက်မယ်
ဆိုတော့ ရှင်းကျော့ကြည်နူးရပါတယ်။ **တနင်္ဂနွေနေ့**ဆို
ကိုဆင့်လဲ အလုပ်နားရက်ရတာဘဲ မဟုတ်လား . . . ။

" ရှင်းကျော့ . . . "

" ဟင် "

" ကိုကို့ကို နင်ဖိတ်လိုက်"

" ဟယ် ယုဝေပြောထားပြီသား မဟုတ်လား"

" မပြောရသေးဘူး . . . တနင်္ဂနွေနေ့မှာမှ သွားမယ်

ဆိုရင် ရှင်းကျော့ဖိတ်လိုက် ဒါမှကိုကိုကပြောလို့ရမှာ . . . "

" ယုဝေပြောလိုက်လဲ ရရက်နဲ့ကွယ် "

" မရဘူး . . . ရှင်းကျော့ဘဲဖိတ်လိုက် ရော့ ကိုကို ဖုန်းနံပါတ် . . . "

ယုဝေကလည်းလေ

ယုဝေက တကယ့်ကလေးဆိုးပါဘဲ ။ အန်ကယ်သိန်းနှင့် အန်တီဝေအလိုလိုက်သမျှ ယုဝေဟာတခါတခါ ကလေးဆိုး တယောက်လိုပါဘဲ။ ရှင်းကျော့ကတော့ အားလုံးကိုကြောက် ရတဲ့သူဆိုတော့ သူ့လိုလူမျိုး မဆိုးရဲပါဘူး. . . ။

" ဆက်ဖြစ်အောင် ဆက်လိုက်နော် ရှင်းကျော့ "

" အေးပါဟယ် . . . "

ပြောမည့်သာပြောရတာ။

ကိုဆင့်ဆီဖုန်းဆက်ရမတဲ့ . . . ။

ယုဝေကိုလည်း စိတ်မဆိုးစေချင်ပါဘူး ။

ဒါကြောင့်မို့ ဖုန်းဆက်ပေးရမှာပါ. . . ။

" ကိုမိုးဆင့်ဝေနဲ့ တွေ့ချက်လို့ပါ . . . "

" ဘယ်သူလို့ပြောရမလဲဟင် "

" ရှင်းကျော့သန့်စင်လို့ ပြောပေးပါ "

" ရှင်းကျော့သန့်စင် "

အဲလိုမျိုးမေးမြန်းနေတာ စိတ်ပျက်တယ်။

❀ ရန်ပိုင်ဦးစာပေ ❀

တော်တော်ကြာအောင် စောင့်နေရပါလား။ စိတ်မရှည်
တော့ပါဘူး။ ကိုဆင့်ရောရှိမှရှိရဲ့လား . . . ။

“ ဟော့ တယ်လီဖုန်းကြီးက ဘေးချလို့ပါလား ဘယ်သူ့
ဖုန်းလဲ . . . ”

တော်တော်ကြာမှ အသံတသံကြားရပါတယ်။

“ ဘယ်သူနဲ့တွေ့မှာလဲ ”

အမျိုးသားတယောက် တယောက်အသံကို ကြားရပြန်
ပါတယ် ကိုဆင့်ဆီဖုန်းဆက်ရတာ စိတ်ပျက်စရာပါဘဲ။

“ ကိုမိုးဆင့်ဝေနဲ့ပါ ”

“ မိုးဆင့်ဝေ ဖုန်းလာနေတယ် ”

“ မိုးဆင့်ဝေပါ ”

“ ကိုဆင့် . . . ဖုန်းလာပြောမလားလို့ အကြာကြီးဘဲ
စောင့်ရတယ် စိတ်ကိုညစ်နေတာဘဲ . . . ”

“ ဟုတ်လား . . . ရှင်းကျော့လေး ဘာတွေအရေးကြီး
လို့လဲ. . . ”

“ ယုဝေပေါ့ . . . တနင်္ဂနွေနေ့ကြရင် လျောက်လည်
မယ်တဲ့ ရုပ်ရှင်ကြည့်မယ်။ မုန့်စားကြမယ်တဲ့ အဲဒါ ကိုဆင့်ကိုပါ
ခေါ်ရမယ်ဆို ရှင်းကျော့ကိုဖုန်းဆက်ခေါ်ခိုင်းတယ် . . .
ကိုဆင့်လိုက်မယ်မဟုတ်လား . . . ”

“ တနင်္ဂနွေနေ့ . . . ရှင်းကျော့လိုက်မှာလား ”

" လိုက်ရမှာ ယုဝေက စိတ်ဆိုးမှာလေ "

" ရှင်းကျော့လိုက်မယ်ဆို ကိုဆင့်လိုက်မှာပေါ့ . . . ယုဝေတို့အိမ်မှာ လာစောင့်ရမလား"

" အင်းပေါ့ . . . "

" စာမေးပွဲ ဖြေနိုင်လား "

" ဖြေနိုင်ပါတယ် တဘာသာဘဲ ကျန်တော့တယ်လေ"

" ရှင်းကျော့ဆီက ဖုန်းလို့ ကိုဆင့်မထင်ဘူး . . . သိပ်ဝမ်းသာတာဘဲ . . . ရှင်းကျော့ကို သတိရပေမယ့် ရှင်းကျော့ဆီ ကိုဆင့် ဖုန်းမဆက်ရဲဘူး ရှင်းကျော့မကြိုက်မှာ စိုးတယ် . . . "

" တခါတလေတော့ရပါတယ် "

ကိုဆင့်နှင့် ခင်ခင်မင်မင်ရှိတာကို မီနှစ်သက်ပါ့မလား။ မီ ဆူမှာတော့ ကြောက်တယ်။ ဒါပေမယ့် ကိုဆင့်က ရှင်းကျော့ အပေါ်မှာ စစ်စစ်မှန်မှန် ခင်တာပါလေလို့ ဘာလို့ယုံကြည် နေရပြန်ပါသလဲ။

❋ ❋ ❋

မီ့ဆေးရုံကဆင်းလာတော့မယ်ဆိုတာနှင့် မဝေက စိတ်ပျက်တယ်လို့ညည်းပါတယ်။ မီ့ရဲ့တင်းကြပ်သော စည်းကမ်း တွေကို မဝေတို့လိုပင် ရှင်းကျော့လဲ တချိန်က စိတ်ညစ်ခဲ့

ူးပါတယ်။ ခုချိန်ကြ မို့ရဲ့စေတနာမှန်ကိုသိပြီးတဲ့ အခါမှာတော့ အားလုံးကို ကျေနပ်ပေးနိုင်ခဲ့ပြီဘဲ မဟုတ်လား. . .။

" မို . . . နေကောင်းလား "

" ကောင်းပါတယ် . . . "

အိမ်ရှေ့ဒရင်းဘက်ပေါ်မှာ မီထိုင်နေတဲ့အခါ ဟိုအရင် ကလိုပင် ခပ်လှမ်းလှမ်းမှာ ရှင်းကျော့ရပ်နေမိပါတယ်. . .။

" ညီ့သည်တွေအတွက် ဘာတွေချက်ထားလဲ မကြီးစော "

" အစုံပါဘဲမီရယ် . . . ဝက်သား အမဲသားကလွဲရင် ကြက်သား ငါး ဖွယ်ဖွယ်ရာရာပေါ့. . . "

" ကောင်းတယ် . . . ကောင်းတယ် . . . "

" ညီ့သည်က တယောက်တည်းဘဲ မဟုတ်လားမီ "

" တယောက်ထဲ့ပါ . . . "

" မီ နားနားနေနေနေဦး . . . ရှင်းကျော့နဲ့မကြီးစော ဟင်းတွေပြင်ဆင်ထားမယ် . . . "

ဒေါ်ကြီးစောရဲ့ အစီအမံနဲ့ ချက်ထားတဲ့ဟင်းတွေက ဖွယ်ဖွယ်ရာရာပါဘဲ။ အနွဲ့ကတော့ ညီ့သည်ပြန်သွားရင် ဟင်းကောင်း ကောင်းစားရတော့မယ်လို့ ကလေးလေး တယောက်လို ပျော်နေတာပေါ့လေ။

" ရှင်းကျော့ "

" ရှင် . . . "

" အခုလာမယ့် ညေ့်သည်နဲ့အတူ ရှင်းကျော့ပါ ထမင်းဝင်စားရလိမ့်မယ်။ ရေချိုးပြီး အလှပြင်ချေ"

" ရှင် "

အိမ်ကိုမလာစဖူး ညေ့်သည်ရောက်လာသလို အဲသည့် ညေ့်သည်နဲ့ ထမင်းအတူစားရမတဲ့. . .။

" အံ့ဩမနေနဲ့ ရှင်းကျော့ရေ သွား ရေချိုးအလှပြင် "

" ဘာမှန်းလဲမသိဘူး. . .။

ဒါပေမယ့်ရှင်းကျော့ဘဝမှာ ဒေါ်ကြီးစောနှင်မို့စကားကို နားထောင်ပြီး သူတို့စိတ်ကြိုက်နေလာတာကြာတော့လည်း ရိုးနေပါပြီ။ အလှပြင်ဆိုပြင်လိုက်ယုံပေါ့လေ။ အဝတ်အစား တွေလဲ ဝယ်ပေးဟဲ့အထဲက ကြုံရာရွေးဝတ်လိုက်ယုံပါဘဲ။

" မရှင်းကျော့ လှလိုက်တာ "

အန္တဲ့စကားကြောင့် ရှင်းကျော့ရယ်ရပါသေးတယ်။ ကြုံရာတွေ့ရာယူဝတ်ပါတယ်ဆိုမှ လှလိုက်တာတဲ့။ ထမင်းဝိုင်းမှာ မဝေနှင့် ဒေါ်ကြီးစောတို့ သေချာပြင်ဆင်နေကြပါတယ်။

" ညေ့်သည်က တယောက်ထဲလဲဆိုသေးတယ် . . . ချက်ပြုတ်ထားတာ လေးငါးယောက် အသာလေးစားလို့ရတယ်။ ကေဏေညေ့်သည်က တော်တော်အစားပုတ်တဲ့ ညေ့်သည်မျိုး ဖြစ်လိမ့်မယ် . . . "

" မဝေ နင့်ပါးစပ် ပိတ်ထားစမ်း နင်တို့ကလေ . . . ပြောချင်ရာလျှောက်ပြော . . . မီက စိတ်မထင်ရင် မထင်သလို နင်တို့ အဆူခံရမယ် . . . "

အိမ်ရှေ့မှ ကားဆိုက်သံကြောင့် ဒေါ်ကြီးစောကတော့ ပြေးထွက်သွားပြီ။ မီကို ခမ်းဆီးကြားထဲကချောင်းကြည့်နေမိတယ်။

" ရှင်းကျော့ "

" ရှင် "

" လာ . . . အနားမှာလာထိုင်နေ . . . "

မီ့ဘေးနားမှာ လာထိုင်နေရတယ်။ ခေါင်းငုံ့နေခဲ့တဲ့အချိန်တွေ များပြီဘဲ . . .။ ဝင်လာတဲ့ ခြေသံတွေရယ် ဒေါ်ကြီးစောရဲ့ စကားသံတွေရယ် ကြားနေရပေမယ့် မော့မကြည့်မိပါဘူး. . .။

" ကိုညီ . . . မင်း အရမ်းဝလာတာပါလား . . . "

" မမီကလဲ . . . ဒါတောင်ပိန်သွားတာ . . . မီမီမောင်က မီမီနဲ့ဟိုးအရင်ကတွေ့တုံးကလို အသက်နှစ်ဆယ်မဟုတ်တော့ဘူး သုံးဆယ် ဖြစ်နေပြီလေ . . . "

" ကိုညီ . . . ရှင်းကျော့သန့်စင်တဲ့ မမီပြောပြောနေတာလေ . . . ရှင်းကျော့ ညီညီလှိုင်တဲ့ မီရဲ့အချစ်ဆုံးမောင်လေးလို့ မှတ်ထားပါ. . . "

“ ဟုတ်ကဲ့ . . . ”

ဖျက်ခနဲ မော့ကြည့်လိုက်ယုံလေ . . .။

မီကသာ ဝတယ်လို့ပြောနေတာ။ အရပ်မြင့်တော့ သိပ်ဝတယ် မထင်ရပါဘူး. . .။

မီကတော့ ညီညီလှိုင်ဆိုတဲ့လူနှင့် ဝမ်းသာလှိုက်လှဲ စကားတွေပြောနေလိုက်တာ။ မီ မောနေဦးမယ်လို့ ဒေါ်ကြီးစော ကတောင် ပြောယူရပါတယ်။ သူတို့ပြောတဲ့ စကားတွေအရ သူတို့တွေဟာ ငယ်ဘဝထဲက ခင်မင်ခဲ့ကြပုံရပါတယ်. . .။

“ မီကတော့ ထမင်းမစားနိုင်သေးဘူး ကိုညီ . . . မီ ခုဘဲ ဆေးရုံက ပြန်လာတာ နားချင်တယ်။ ကိုညီနဲ့ ရှင်းကျော့ အတူစားလိုက်ပါ။ ကိုညီ့ကို မီစကားအကုန်ပြောထားပြီးနော်။ မီကြီးစော သူတို့နဲ့ ထမင်းစားပေးလိုက်ပါ။ မီ့ကို အခန်းထဲလိုက်ပို့ ပေးဦး . . . ”

မီကလည်းလေ . . .

သည်နေ့မှဆေးရုံကဆင်းတာ။ နားနားနေနေ နေပါဦး လား။ ခုတော့ ဘာလို့များ ဧည့်သည်ကို ထမင်းစားဖိတ်ကျွေး ရတာလည်း . . .။

“ ရှင်းကျော့ . . . ညီညီ့ကိုဟင်းထည့်ပေးလေ . . . ငါးဖယ်သုပ်တွေ ထည့်ပေးမှပေါ့ . . . ”

စိတ်ညစ်လိုက်တာ . . .

အဲလိုမျိုး ညှော့ခံရတာ စိတ်ကျဉ်းကြပ်လွန်းပါတယ်။
င်းကျော့က ညှော့မခံတတ်တော့ ဒေါ်ကြီးစောကဘဲ ညှော့ခံ
နရတယ်။ ကိုညီညီလှိုင်က ပြန်ပြီး ရှင်းကျော့ပန်းကန်ထဲ
င်းတွေထည့်ပေးနေပြန်တယ်။ စိတ်မှအနှောက်ယှက်
ားလွန်းသော ထမင်းဝိုင်းပါဘဲလေ။

" မီတော့နားနေပြီ . . . ညီညို့ကို အချိုပွဲပြင်ပေးဦး
င်းကျော့ . . . ပြီးတော့စကားပြောကြ . . . "

ကိုညီညီလှိုင်နှင့် ညှော့ခမ်းမှာစကားပြောခိုင်း
န်ပါတယ်။ ဘာပြောရမှန်းလဲ မသိဘူး။ ကိုကိုညီလှိုင်ကတော့
ယ်လ်ဘန်တွေ လျှောက်ကြည့်ပြီးမှီ ရိုက်ထားတဲ့ ဓာတ်ပုံတွေရဲ့
တ်ပုံပညာအလင်း အမှောင်တွေအကြောင်း ရှင်းကျော့ကို
ပြာပြနေပါတယ်။

" ကိုညီညီလှိုင် အရင်ကဘယ်ရောက်နေတာလဲ"

" ဗျာ "

" အရင်ကတခါမှ လာမလည်ဘူးဘဲ အခုမှဘယ်က
ရောက်လာတာလဲလို့ပါ . . . "

ရှင်းကျော့အပြောကြောင့် သူရယ်နေတယ်။

" အရင်က ကျွန်တော် သည်မှာမရှိဘူးရှင်းကျော့ရဲ့
.. အလုပ်တာဝန်နဲ့ ဟိုပြောင်းသည်ပြောင်းပေါ့ . . . အခု
တောင် ပဲခူးရောက်နေတာ မမီ ဖုန်းဆက်ခေါ်လို့"

" ရှင်အလုပ်က ဘာအလုပ်လဲ "

" ကျွန်တော် အင်ဂျင်နီယာပါ . . . "

သူ့အလုပ်ဌာနကိုလဲ ပြောပြနေပါတယ်။ ဟိုအရင်က တိုင်းနယ် ပြည်နယ်တွေမှာ ရှိနေတာဘဲ ဘာလို့အလည် မခေါ်ပါဘဲ ခုမှအလည်ခေါ်ရတာလည်း . . .။ ကိုညီညီလှိုင် ကတော့ ဧည့်သည်တယောက်နှင့် မတူပါဘဲ သူ့အိမ်မှာ သူ နေတဲ့ လူတယောက်လို ရှင်းကျော့ကို ခတ်ပုံရိုက်တဲ့အကြောင်း တွေပြောပြပြန်ပါတယ်။

မပြန်သေးဘူးလား။

ပြန်စေချင်နေပြီ။ ရှင်းကျော့ကိုယ်တိုင်လည်း နားချ တယ်။ စာမေးပွဲရက်တွေမှာ အိပ်ရေးပျက်ခဲ့တာများပြီလေ ခုတော့ ကိုညီညီလှိုင် မပြန်မချင်းထိုင် ဧည့်ခံနေရတယ်။

" ရှင်းကျော့ နားချင်ရောပေါ့ . . . ကျွန်တော်ပြန်မပ ဝမ်းသာလိုက်တာ။

ဒေါ်ကြီးစောနှင့် နှစ်ယောက် ကားပေါ်ထိလိုက်ပို့ပေ ရသေးတယ်။ ကိုညီညီလှိုင် ကားထွက်သွားတဲ့အချိန်မှ ဒေါ်ကြီးစောပြောတဲ့ စကားဟာ ရှင်းကျော့အတွက် အံ့ဩ ထိတ်လန့်စရာပါဘဲ။

" မှီကြည့်ရတာ ညီညီနဲ့ ရှင်းကျော့ကို သဘောတူနေ ရတယ်တဲ့။ "

꧁ ꧁ ꧁

ရန်ပိုင်ဦးစာပေ

ကျွန်တော် ရေမွှေးဆွတ်နေတာကြည့်ပြီး ကိုဟန်က ...တယ်။ နောက်ဆုံးတော့လဲ ကိုဆင့်တယောက် ရှင်းမကျော့ ...နံ့စင်ဆိုတဲ့ အချစ်ရဲ့ရှေ့မှောက်မှာ ဒူးထောက်လဲကျတာ ...တဲ့လားတဲ့လေ. . .။ ကိုယ်ဟန်ကဘာပြောပြော ပြောချင်ရာ ...ဖြာ ပြုံးပြီးနားထောင်နေလိုက်တယ်. . .။

ယုဝေတို့ကားနဲ့လာခေါ်တော့ လိုက်သာလာခဲ့ရတာ။ ...ှင်းကျော့လို့လဲ မမေးရဲ။ မေးလိုက်ရင် နော်နော်နှင့်ယုဝေက ...ခါလှောင်ဦးမှာ။ ရုပ်ရှင်ရုံရှေ့ကားရပ်ပြီး သူတို့နှစ်ယောက် ...နောက်ကလိုက်ခဲ့ရတယ်။

" ကိုကို "

" ဟင် ဘာလဲ ယုဝေ "

" ရှင်းကျော့ ဘေးမှာထိုင်ချင်ရင်တော့ သည်နေ့ ...နက်စာ ကိုကိုကျွေးရမှာနော် ကိုကိုကပ်စေးနဲပြီး သိမ်းထားသမျှ ...ငွေတွေကို ကုန်အောင် ယုဝေနဲ့ နော်နော်ဖြုန်းပေးမယ် . . . "

သူတို့ကရယ်နေကြတယ်. . .။

ရှင်းကျော့ကားရပ်ထားတာခုမှ ကျွန်တော်မြင်ရတယ်။

ရှင်းကျော့က ကားပေါ်မှာထိုင်စောင့်နေတာပါလား။

" ရှင်းကျော့ . . . ငါတို့လက်မှတ်တွေကြည့်ပြီးပြီ ...ှင်းကျော့က ယုဝေနဲ့ နော်နော့် အလယ်မှာထိုင်နော် "

" ယုဝေအစုတ်ပလုတ်မလေးကတော့ မလွယ်ပါဘူး။

ရှင်းကျော့ကတော့ ပြုံးနေယုံပါဘဲ. . .။ ယု
လက်မောင်းကို ခိုတွယ်ပြီးလိုက်နေတဲ့ ပိုးဖြူလေးက သူ့
ကြောက်ရွံ့မှုပုံစံတွေက မပျောက်နိုင်သေးပါဘူး. . .။ နော်နေ
ကတော့ သူ့ပုံစံအတိုင်း ရှေ့ကဦးဆောင်ပါတယ်။

" ရှင်းကျော့သည်မှာထိုင် . . . "

" ယုဝေကလဲဟာ ကိုဆင့် မနက်စာကျွေးမှာပါ . .
စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ဟာနော် ကိုဆင့် . . . "

" ငါသည်မှာထိုင်မယ်လေ . . . "

ရှင်းကျော့က ဖျတ်ခနဲဆို လမ်းဘေးက အစွန်ခုံလေးမှ
ဝင်ထိုင်လိုက်ပါတယ်. . .။ ယုဝေကရယ်ပြီးတော့ ရှင်းကျေ
ဘေးခုံမှာ သူ့အတွက်ချန်ထားပေးပါတယ်. . .။ အချစ်
မိုးဆင့်ဝေကို ပျော်ရွှင်မှုတွေပေးမှာလို့ဘဲ ယုံကြည်ပါရစေလာ

" ရှင်းကျော့ မီနေကောင်းသွားပြီလား. . . "

" သိပ်တော့ မဆိုးပါဘူး . . . "

" ရော့ နေကြာစေ့စားမလား "

" မစားချင်ပါဘူး ကိုဆင့်ရာ . . . ခွာစားရတာ အလု
ရှုပ်လွန်းလို့ "

" ကိုယ်ခွာပေးရမလား "

" ဟင့်အင်း နေပါစေ . . . "

သည်ဖက်ဘေးမှာ ယုဝေကလည်းရှိနေတေ
ရှင်းကျော့နှင့်စကားပြောရတာ မလွတ်လပ်ပါဘူး။ ယုဝေဆို

င်မလေးက မထင်ရင်မထင်သလို အော်ပြောတော့မှာ။
းမှာ ရှင်းကျော့ရှိနေတာဟာ စိတ်ကိုပျော်ရွှင်မှုနှင့်အတူ
းကြပ်နေသလိုပါဘဲလား. . . ။

ဇာတ်လမ်းတောင် ဘာတွေဖြစ်နေတယ်မသိပါ။

ရုပ်ရှင်ကလဲကြည့်နေမကြတော့ ခေါင်းကိုက်တယ်။

" ကိုကို . . . ဟိုဇာတ်ရံမင်းသမီးက ဘာလို့ ကားပေါ်
န်ချရတာလဲ။ သူတို့ စကားပြောတာ အ်ရမ်းမြန်တယ်။ ယုဝေ
နားမလည်အောင်ပါဘဲ"

" ဘယ်သူက ကားပေါ်က ခုန်ချတာလဲ "

အတူတူကြည့်ခဲ့ကြတာမှာ ယုဝေတို့များ ရုပ်ရှင်ရုံက
က်တာနှင့် ဟိုမေးခွန်းမေး သည်မေးခွန်းမေးနဲ့။

" ကိုကို . . . ဘာတွေစဉ်းစားနေလို့ ဇာတ်လမ်း
င်မသိရတာလဲ . . . "

" ငါဖြင့်ရုပ်ရှင် ကြည့်နေမကြလို့ ခေါင်းကိုက်နေတာ
တွေ မှန်းတောင်မသိပါဘူးဟာ . . . "

သည်အခိုက်မှာ ရှင်းကျော့ ဖျတ်ခနဲဆို သူ့ကိုယ်နောက်ကို
ယ်ပြီး ကျောပြင်ကအင်္ကျီကို တင်းတင်းဆုပ်ကိုင်ထားပါတယ်။
က်တရက်မို့ ရှင်းကျော့ ဘာဖြစ်သွားသည် ကျွန်တော်
သိလိုက်ပါ။ ယုဝေနှင့် နော်နော့်ခများ နားမလည်နိုင်စွာနှင့်
ကြည့်တဲ့ အချိန်မှာ . . . ။ ကျွန်တော့်မျက်ဝန်းရှေ့

လျှောက်လာသော ထိုက်ဇော်ကို မြင်လိုက်ရပါပြီ ။

" ရှင်းကျော် . . . "

ထိုက်ဇော်က သူ့ရှေ့ရောက်တာနှင့် ရှင်းကျော်ကို ခေါ်လိုက်သဖြင့် . . . ကျောပြင်မှာ မျက်နှာအပ်ရင်း ဆတ်ဆတ် တုန်ကြောက်ရွံ့နေပြန်တာဟာ . . . ။

" ရှင်းကျော် . . . ခဏလေးပါ စကားပြောစရာရှိလို့ "

" ဟင့်အင်း . . . မရှိဘူး . . . မရှိဘူး . . . ပြောစရာ မရှိဘူး . . . ကိုဆင့်သွားရအောင် သွားရအောင် . . . "

ရှင်းကျော်က ကျွန်တော့်လက်ကိုဆွဲပြီး ရှောင်ပြေးဖို့ ကြိုးစားပြန်ပါရောလား။ ကျွန်တော်ကတော့ ရှောင်မပြေး ချင်ပါဘူး။ ဘယ်လိုအခက်အခဲဘဲဖြစ်ဖြစ် ရင်ဆိုင်လိုက်တာ အကောင်းဆုံး။ ရှင်းကျော်ကတော့ ထွက်ပြေးဖို့ဘဲ ကြိုးစားတယ်။

တခါက နှစ်ခါ

နှစ်ခါက သုံးခါဘဲ ရှောင်လို့ရမှာပေါ့။

ထိုက်ဇော်ကို ရှင်းကျော် အကြိမ်ကြိမ် အခါခါ ရှောင်နေတာ ကျွန်တော်မြင်ဘူးပြီ။

" မသွားနဲ့ ရှင်းကျော် ပြောစရာကိစ္စတခုဟာ ပြောလိုက်ရင် ပြီးရောပေါ့ . . . နားထောင်လိုက်ပါ . . . "

" နာမထောင်ဘူး နားမထောင်ပါဘူး နားထောင် စရာလဲ မလိုဘူး . . . ပြောစရာလဲ မရှိဘူး "

ရန်ဘိုင်ဦးစာပေ

အံ့ဩစရာပါဘဲ။ သိုးဖြူကလေးဟာ ရုပ်ခြည်းကျားသစ်ကောင်လို ဖြစ်သွားပါလား . . . စူးရှစွာအော်ဟစ်ပြီး နော်တော့်ကိုပင် တွန်းလိုက်ကာ မျက်ဝန်းရှေ့မှ လှစ်ခနဲပြေးထွက်သွားပြီ။

" ဟဲ့ ရှင်းကျော့ ကားတွေကြည့်ဦး ကြည့်ဦးလေ . . . "

ယုဝေနှင့် နော်နော့်ခမျာရှင်းကျော့နောက်က ပြေးလိုက်ရပြန်တယ်။ ကျွန်တော့်မှာတော့ အံ့ဩလွန်းစွာရပ်ကြည့်နေမိဆဲ။ ထိုက်ဇော်ကိုကြည့်လိုက်တော့ ကျွန်တော့်ကို စူးစိုက်ကြည့်နေပါလား။ ကျွန်တော်လည်း ဘာပြောရမှန်းမသိခင် ထိုက်ဇော်က ထွက်သွားပါတော့တယ်။

ရှင်းကျော့ကို ခင်ဗျားဘာပြောချင်တာလဲ။

ကျွန်တော့်ကို ပြောခဲ့ပါလို့ရော ပြောလို့ဖြစ်မတဲ့လား။

ထိုက်ဇော်က ရှင်းကျော့ကို ဘာတွေပြောစရာ ရှိနေလိမ့်။ ရှင်းကျော့ကရော ဘာလို့ ပြောစရာမရှိပါဘူးလို့ တင်းငြင်းဆန် ရှောင်ဖယ်နေရတာလည်း. . . ။

ကျွန်တော့်အတွေးကတော့ . . . ထိုက်ဇော်ပြောတာကို ကြားထောင်လိုက်စေချင်ပါတယ်။

ဒါဆိုရင် ဘာပြောမလဲသိသွားရမယ်

ရှင်းကျော့ ရှောင်ဖယ် ထွက်ပြေးနေတာဟာ နည်းနည်း

လေးမှ နည်းလမ်းမကျသလိုပါဘဲ။

❀ ❀ ❀

ပြောစရာဘာစကားရှိသလည်း။

ဘာမှမရှိဘူး. . . နားထောင်ချင်စရာ အကြောင့်လဲ မရှိဘူး. . .။ ယုံကြည်ခြင်းဆိုတာ ဘာလဲလို့ ရှင်းကျော့နားလည် သင့်သလောက်နားလည်တဲ့ အရွယ်ရောက်နေပါပြီ . . .။ ဘာလို့များပြန်တွေ့နေရသလည်း။ ဘဝတသက်လုံး မတွေ့ချင် တော့ပါဘူးဆိုမှ။

" ရှင်းကျော့ "

" ဟင် "

" သည်လူက ဘာလဲ . . . "

ယုဝေရဲ့အမေးကိုလဲ မဖြေချင်။

သည်လူ့အကြောင်းပြောရင် . . . အားလုံးပြောပြ ရတော့မှာ။ အဲသည့်အကြောင်းတွေဆီ ပြန်သွားစရာ အကြောင်း တစမှ မရှိပါဘူး . . .။

" သူက ဘာပြောချင်နေတာလဲ "

" ငါမသိဘူး "

"မသိရင်လဲ နားထောင်လိုက်ပါလား ရှင်းကျော့ရယ် နင့်ကို သူဘာပြောမှာလဲ ငါတို့တွေလဲရှိနေတာဘဲ . . .

ၓတ်ကားတဲ့ စကားမျိုးပြောရင် ငါတို့ ကိုကိုတို့ကခံမှာလား
ၓင့်ဖက်မှာရှိနေတာ ခုလိုမျိုးထွက်ပြေးတော့သူ့ကို ကြောက်နေ
သလိုဖြစ်နေတာပေါ့ . . . သည်လူကလဲ ပိုပြီး ရဲတင်းလာမှာပေါ့
ဘာကြောက်စရာရှိလည်း . . . တခါဘဲ ရင်ဆိုင်လိုက် . . .
နောက်ရှင်းနေစရာ အကြောင်းမရှိဘူးပေါ့ . . . "

ယုဝေပြောတာ သဘာဝကျတယ်
ဒါပေမယ့် ရှင်းကျော့လက်မခံနိုင်ပါဘူး။

သည်လူ့နှုတ်ဖျားမှ ဘယ်လိုစကားမျိုးကိုမှ မကြားချင်
တော့သလို မကြားလဲ မကြားရဲပါဘူးလေ။ ရှင်းကျော့စိတ်မှာ
တုန်လှုပ် ချောက်ချားခြင်းတွေဘဲ ရှိနေကြပါတယ်။

" ကဲပါ ယုဝေရယ် ရှင်းကျော့စိတ်ရှုပ်နေတာ မပြောပါနဲ့
သံပုရာရည်အေးအေးလေးသောက် ရှင်းကျော့ ဘာမှတွေး
မနေနဲ့ . . . "

" ဟုတ်သေးပါဘူးဟာ . . . "

" ယုဝေရာ . . . နင်ဟာလေ အမြဲလို ရှင်းကျော့ကို
နင့်စိတ်နဲ့နှိုင်းယှဉ်တယ်။ သူ့မှာ သူ့စိတ်သူ့ခံစားမှုဘဲရှိမှာ
ပေါ့. . . သူ့ရင်မဆိုင်ချင်တာ ရင်ဆိုင်ပါလို့ ပြောလို့ ရမလား
ရင်ဆိုင်ရမှာက နင်မဟုတ်ဘူး။

ယုဝေ ရှင်းကျော့ရင်ဆိုင်ရမှာ သူ့မှာရင်ဆိုင်ရဲတဲ့
သတ္တိရှိမရှိဆိုတာနဲ့ ရင်ဆိုင်ဖို့ကို ဘယ်လိုထိတ်လန့်စရာ
အကြောင်းရှိသလဲ ငါတို့ကဘေးလူ ကာယံကာရှင်မဟုတ်ဘူး

. . . ရှင်းကျော့စိတ်ကို ရှင်းကျော့ဆုံးဖြတ်ပါစေ"

နော်နော်ကတော့ အမြဲလို သူ့ထုံးစံအတိုင်းလေ အေးအေးလေးနဲ့ ယုဝေနှင့်ရှင်းကျော့ကြားမှာ ဖြန်ဖြေတော့ တာပါဘဲ။ ယုဝေနဲ့ စိတ်ရှုပ်ထွေးရသမျှတွေဟာ နော်နော်ကြောင့် စိတ်ဖြေရပေါင်းများပါပြီ. . .။

" ငါတို့က အလကားနေမှာလား ရှင်းကျော့ဖက်က လိုက်ပြီးဖြေရှင်းမှာပေါ့"

" သိပ်ခက်တဲ့ ယုဝေပါလား . . . နင်ကဖြေရှင်းမယ် ဖြေရှင်းမယ်နဲ့ ရှင်းကျော့က မဖြေရှင်းချင်ပါဘူး ဆဲ နင် ဘာလုပ်မလဲ"

နော်နော်ခုလိုပြောတော့မှ ယုဝေငြိမ်သက်နေတာ။

ဟုတ်တယ် နော်နော်

သိပ်ဟုတ်တယ်။

ရှင်းကျော့မဖြေရှင်းချင်ဘူး . . . အဲသည့်လူနဲ့ဘာမှကို မပြောချင်တော့တာပါ. . .။

" ဆဲပါကွာ တို့လေးယောက် ပျော်ပျော်ရွှင်ရွှင် လျှောက်လည်တဲ့နေ့မှာ ပျော်စရာကောင်းတဲ့ အကြောင်းဘဲ ပြောရအောင် နော်နော်ပြောတာလဲ မှန်ပါတယ်။ ရှင်းကျော့ ကိစ္စကို ရှင်းကျော့ဖြေရှင်းချင်မှ ရမှာပေါ့ . . . သည်တော့ ရှင်းကျော့ကို ကိုဆင့်တို့ အလေးအနက်ပြောထားပါရစေ။

ဖြေရှင်းတော့မယ် . . . အကူအညီလိုတယ်ဆို ကိုဆင့်တို့
သုံးယောက်က ရှင်းကျော့ဖက်က အချိန်မရွေးဘဲနော် . . . "

ခုလိုပြောဖော်ရတာနဲ့တင် ကျေးဇူးတင်ဝမ်းသာလှပါပြီ ကိုဆင့်ရယ် . . .။ ဒါပေမယ့် ရှင်းကျော့ကိစ္စကို တခြားသူတွေ ဝင်ရှင်းလို့မရပါဘူး . . .။ ရှင်းကျော့ဖာသာ ဖြေရှင်းမှပါဘဲ ရှင်းကျော့ရဲ့ ဦးနှောက်တွေဟာ ဘာလို့များ နိမ့်ကျခဲ့ရတာလည်း. . .။ အဲသည့်နိမ့်ကျမှုရဲ့ ဒါဏ်ရာ ဒါဏ်ချက်တွေက ခုထိရှင်းကျော့ကို နှိပ်စက်တုံးပါလား။

" ရှင်းကျော့ ပြန်ချင်ပြီ "

အိမ်ပြန်ချင်ပြီ။

အပြင်မှာနေရတာ . . . ရှင်းကျော့အတွက် မလုံခြုံတော့သလိုပါဘဲလေ . . .။

" ရှင်းကျော့ပြန်ချင်တယ်ဆိုရင် ပြန်ကြတာပေ့ါ . . . "

" ရှင်းကျော့ ကားမောင်းလို့ရပ့ါမလား "

" ရပါတယ် . . . "

လူတွေထဲမှာ ခုလိုများရှိနေတာဟာ တနေရာရာကနေ ဟိုတယောက် ရောက်လာမလားလို့ စိုးထိတ်နေရတယ်။ အိမ်ပြန်ရောက်ပြီဆိုရင် အိမ်မှာ မီရှိတယ် မီကအရာအားလုံးကို ဖြေရှင်းပေးမှာ. . .။

ကားနားထိ သူတို့လိုက်ပို့ပေးပါတယ်။

❀ ရန်ပိုင်ဦးစာပေ ❀

သူတို့စိတ်မှာ သည်ကိစ္စဟာ စိတ်ဝင်စားစရာဖြစ်သွားပြီဆိုတာ သိပါတယ်။

" နင်သိပ်မိုက်တယ် ရှင်းကျော့ . . . ခုလိုကိစ္စမျိုးထိ ကြံစည်ရဲတာများ ငါအံ့သြလွန်းလို့ပါ . . . နင်ကိုယ်နင် သိပ်လည်လှပြီ မှတ်နေလား . . . နင့်အဲသည့်အကြောင်းက ဖုံးထားလို့ရမှာလား . . . "

ပါးပြင်နှစ်ဖက်ဟာ ခုထိ ပူပြင်းနေဆဲလိုပါဘဲ။

ရင်ထဲက ပိုပူတယ်။ ဟုတ်ပါတယ်လေ . . . ရှင်းကျော့ဟာ ကိုယ့်ကိုယ်ကို သိပ်သိ သိပ်နားလည်တယ်လို့ ထင်ခဲ့ဘူးတာ မဟုတ်လား။ ခုချိန်ကြမှတော့ . . . ။

❁ ❁ ❁

" သည်လူ့ကိုတွေ့ရင်ငါကတော့ မေးကြည့်ချင်တာဘဲ . . . ရှင်းကျော့နဲ့ ဘယ်လိုပါတ်သက်သလဲ ဘာပြောမှာလည်းလို့လေ . . . သည်လောက်တောင် ကြောက်ရွံ့ပြီး ထွက်ပြေးနေစရာအကြောင်းကို မရှိဘူး . . . "

ယုဝေကတော့ အိမ်ပြန်ရောက်ပြီးလည်း . . . ဒါကိုဘဲ တဖျစ်တောက်တောက်ပြောနေပါတယ်။ သုံးယောက်လုံးဟာ ဘယ်သွားရမှန်းမသိတော့စွာ ယုဝေတို့အိမ်ကိုဘဲ ပြန်လာခဲ့ကြရတယ်။ လေးလေးသိန်းနှင့် အန်တီဝေမရှိတော့ ယုဝေက

ထမင်းချက်ကျွေးမယ်ဆို မီးဖိုမှာကူချက်ရပြန်တာပေါ့။

" နင့်ကိုဘယ်လိုပြောပြော နားမလည်ပါလား ယုဝေ . . . နင်နဲ့ရှင်းကျော့ အခြေအနေစိတ်ဓာတ်ဘာမှမတူဘူး "

" လူလူချင်း ဘာကြောက်စရာရှိလဲ "

" ဒါကတော့ဒါပေါ့ ဒါကငါတို့ရဲ့ခံစားမှုလေ . . . သူကြောက်တာကိုး သူကြောက်လို့လဲ လမ်းလျှောက်ရင်တောင် ဘယ်တုံးက ခေါင်းမော့လျှောက်လဲ ပြီးတော့လူတယောက်ကို ကြည့်ရင် မျက်လုံးလေးတချက်စွေကြည့်ယုံလေး သူ့ဆီမှာ ကြောက်ရွံ့နေတဲ့ ခံစားမှုတွေ အများကြီးရှိခဲ့ပုံရပါတယ် . . . မီကလဲသူခပ်ငယ်ငယ် အပျိုပေါက်လေးမှာ အိမ်ရောက်လာပြီး နှိပ်စက်ခဲ့ပါတယ်ဆိုမှဟာ . . . "

" အင်းလေ ဟိုတုံးကကြောက်နေရတယ်ဆိုတာထားပါ . . . အခု ငါတို့သုံးယောက်သူ့ဖက်မှာရှိတယ် . . . သူ ဘာကြောက်စရာလိုသလဲ "

ယုဝေကလည်းသူ့ခံယူချက် သူ့အကြောင်းပြချက်နှင့်သူ နော်နော်က ရှင်းပြလို့လည်း လက်မခံ။ ကျွန်တော်ကတော့ ယုဝေလို စိတ်မျိုးလဲ ခံစားရတယ်။ နော်နော့်လို နားလည်မှုလဲ ရှိပါတယ်။ ဒါပေမယ့် ရှင်းကျော့ခုလို ရှောင်နေမယ့်အစား ရင်ဆိုင်လိုက်စေချင်တယ် . . . သူကြောက်လဲ ကျွန်တော်ရှိနေမှာပါ ။

ချစ်သူရှေ့မှာ ရပ်ဆိုရပ်ပေးပါမယ်။

ချစ်သူမှာ ဘယ်လိုအခက်အခဲတွေ ရှိသလည်း . . .။

ဖြေရှင်းပေးဆိုပေးပါမယ်။

" သည်လူဘယ်မှာရှိနိုင်သလဲ "

" ယုဝေ . . . နင့်ကိုဘယ်လိုပြောမှ နားလည်မှာလဲ ရှင်းကျော့ကိစ္စ ရှင်းကျော့ရှင်းလိမ့်မယ်။ တကယ်လို့ ရှင်းကျော့က အကူအညီတောင်းလာမယ်ဆိုရင်မှ ငါတို့ဝင်ပါသင့်တယ် . . . မဟုတ်လို့က မသိချင်ယောင်ဆောင်နေရမှာဘဲ . . . "

" ရှင်းကျော့ကို ငါအားမရဘူး . . . မပွင့်လင်းဘူးဟာ ငါတို့ကို စိတ်ရောကိုယ်ပါပေါင်းတာမဟုတ်ဘူး . . . လျှို့ဝှက်တယ် ဖုံးကွယ်တယ် . . . "

ယုဝေကတော့ သူ့ရင်မှာမကျေနပ်ခြင်းတွေကို နော်နော် ဖြောင့်ဖျတဲ့ကြားက ပြောနေတော့တာပါ။ ကျွန်တော်ကတော့ ခံစားချက်ပြင်းပြင်းနဲ့ ကားမောင်းပြန်သွားတဲ့ ရှင်းကျော့ကို စိတ်ပူနေမိပေမယ့် သူ့အိမ်လည်းဖုန်းမဆက်ချင်။ မီးဆေးရုံကဆင်းလာပြီဆို အိမ်မှာရှိနေမှာ ရှင်းကျော့ဆီကို အမျိုးသားတယောက်ဖုန်းဆက်ရင် ဆူချင်ဆူမှာပေါ့ . . .။

" ယုဝေနဲ့ ဒဲနော်နော် ကိုယ်ပြန်မယ် "

" လာပြန်ပြီ တယောက် ထမင်းချက်နေပါတယ်ဆိုမှ"

" မစားတော့ဘူးဟာ "

" ပြန်ပြန် . . . သူတို့စုံတွဲကို အချိုးမပြေဘူး တယောက်ကတမျိုး တယောက်ကတမျိုးနဲ့ "

ရှင်းကျော့နှင့် ကျွန်တော့်ကို သူတို့စုံတွဲဆိုလို့ ရယ်ရသေးတယ် ။

ရှင်းကျော့ရေ

ခုနေရင်ထဲဝင်ကြည့်စမ်းပါ။ ကျွန်တော်ဆုံးဖြတ်ချက်တခုကို ချလိုက်ပြီ။ အဲဒါဘာလဲသိလား ။

ရှင်းကျော့ကို ချစ်တယ်လို့ ဖွင့်ပြောတော့မယ် . . . ။ ရှင်းကျော့က မချစ်သေးရင်လဲ ချစ်လာတဲ့အထိ စောင့်ရမှာပေါ့။ ချစ်သူတွေဘဝဆိုမှ ရှင်းကျော့ရဲ့ အခက်အခဲတွေကို ကျွန်တော် ဖြေရှင်းပေးလို့ရမှာမဟုတ်လား။

ဟိုးအရင်ကတော့ ရှင်းကျော့ စိတ်ဆိုးသွားမလား။ ကြောက်ရွံ့စွာ ကျွန်တော့်ကို ခင်မင်မှုပါမရတော့မှာ စိုးရိမ်တယ်။ ခုတော့ ကိုယ့်မေတ္တာတွေနဲ့ ရှင်းကျော့ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ပေးဖို့ ဆုံးဖြတ်လိုက်တယ်။

ရှင်းကျော့ကိုချစ်တယ်။

ဖွင့်ပြောတော့မယ်။ ချစ်တယ်ဆိုတဲ့ စကားကိုတောင် ကြောက်ရွံ့ထိတ်လန့်စွာ ငြင်းလေဦးမလား။

ဘာဘဲကြုံတွေ့ရတွေ့ရ ချစ်တယ်ကွာ။

❀ ❀ ❀

☘ ရန်ပိုင်ဦးစာပေ ☘

" ကိုညီညီလှိုင်နဲ့ . . . "

မီက ရှင်းကျော့ကို ကိုညီညီလှိုင်နဲ့ လက်ထပ်ပေးချင်ပါတယ်ဆိုတဲ့ စကားကိုသိရတဲ့အခါ အံ့ဩမိပေမယ့် . . .။ ဟိုအရင် မီကလက်ထပ်ပေးတဲ့သူကို လက်ခံပါမယ်လို့ ရှင်းကျော့ခေါင်းငြိမ့်ခဲ့ပြီးသားမဟုတ်လား . . .။

" ညီညီဟာ မို့သူငယ်ချင်းရဲ့ မောင်လေးပေါ့ သူတို့တွေဟာ ငယ်စဉ်ထဲက ခင်မင်ခဲ့ကြတာ ရှင်းကျော့အနာဂါတ်လေး လှပဖို့အတွက် ညီညီလှိုင့်ကို မီကပြောပြခဲ့တာတဲ့လေ. . .။

" နှစ်လသုံးလလောက် ညီညီနဲ့ ခင်ခင်မင်မင်နေပါ ရှင်းကျော့ . . . သီတင်းကျွတ်ပြီးတာနဲ့ လက်ထပ်ပေးမယ် . . "

မီ ပြောနေတာ ငြိမ်နားထောင်နေမိပါတယ်။

" သူက သူက . . . ဟိုတယောက် အကြောင်းရော သိလား မီ. . . "

" ညီညီ့ကို မီတခုမှ မညာဘူး ညီကအားလုံးနားလည်ခွင့်လွှတ်ပြီးသား "

သက်ပြင်းတချိုက် ရှိုက်မိတာဝန်ခံပါရစေ. . .။

မီအားလုံးပြောပြီးသားဆိုရင်တော့ ကိုညီညီလှိုင်နှင့် ခင်ခင်မင်မင်နေဆို နေရမှာပါဘဲ . . .။ ကိုညီညီလှိုင်နှင့် သီတင်းကျွတ်ရင် လက်ထပ်ရမယ်. . .။

အဲလိုအသိကိုရရင် မျက်ဝန်းနွေးနွေး ထွေးထွေးလေး တစုံကို ချက်ခြင်းအမှတ်ရပြန်တယ်။

ရှင်းကျော့ . . . ပြောစရာကိစ္စတခုဟာ ပြောလိုက်ရင် ပြီးရောပေါ့ နားထောင်လိုက်ပါတဲ့ . . .။ ကိုဆင့် ပုခုံးစွန်းတွေ ကိုပင် တွန်းခဲ့မိပါတယ် . . .

ကိုဆင့်ရယ် . . .

ရှင်းကျော့ နှလုံးသားမှာ နွေးထွေးမှုတွေကို ရရှိစေ ပါလျှက် . . .။

ကြေကွဲခြင်းဟာ ရင်ထဲကို တိတ်တိတ်ကလေး ရောက်လာသလိုပါဘဲလား . . .။

" မီ ဝမ်းသာတယ် . . . ညီနဲ့ ရှင်းကျော့ကို လက်ထပ် ပြီးရင် မီသေလဲသပျော်ပါပြီ"

မီ ပြောနေတာ တကယ့်ကိုခံစားချက်အပြည့်နဲ့ ပါဘဲ . . .။

**ဟောင့်**အင်းမီ

**ကိုညီ**ညီလှိုင်ကို ရှင်းကျော့မချစ်ဘူးလို့ ဘယ်လို **ပြောရက်ရလဲ**။ ပြီးတော့ ရှင်းကျော့ရင်ထဲကသာ ကိုဆင့် **အပေါ်** ချစ်နေမိတာပါ။ ရှင်းကျော့ရဲ့အချစ်ကို ကိုဆင့်က သိမှာတဲ့လား . . .။ ယုံကြည်မှုဆိုတာ ဘယ်လို သိမှာ တဲ့လည်း . . .။

အချစ်ရယ် . . .

ရှင်းကျော့ရင်ထဲမှာ တသက်တခါချစ်ပေမယ့် ရှိ
ပါစေတော့လေ။ နှလုံးသားထဲမှာသာ တိတ်တိတ်ကလေ
နေပါစေတော့ အချစ်ရယ်။

" ညီညီ လာလိမ့်မယ်။ ရှင်းကျော့ . . . ခင်မင်
အောင်နေပါ . . . ညီညီ့ကို မို့လို ထာဝရအတွက် ယုံကြည်
နိုင်တယ် . . . "

ယုံကြည်ခြင်းတခုကို ရမည်တဲ့လား
ကိုညီညီလှိုင် ရောက်လာခဲ့ပြီ . . .။

မီနှင့်စကားပြောနေသည့် သူ့ကို ရှင်းကျော့ အသာ
လေးခိုးကြည့်ခွင့် ရပါတယ်။ ယောကျ်ားပီသသည့် ခန့်ညားသော
ရုပ်ရည်တော့ရှိပါတယ်။

ဒါပေမယ့် ဘာလို့များ ကိုဆင့်ကို တွေ့ရတဲ့အခါတိုင်းလို
ရင်ခုန်ကြည်နူးခြင်းတွေ မရှိရပါသလည်း . . .။ ကိုဆင့်ကို
အချိန်တိုင်း တွေ့ချင်မိတဲ့ခံစားမှုမျိုးကတော့ ရှင်းကျော့အတွက်
သည်တသက် ရှိနိုင်တော့မှာတဲ့လား။

" ရှင်းကျော့ ညီညီ့ကိုခေါ်သွား မို့အတွက် City Mark
က နွားနို့တပုလင်းလောက် သွားဝယ်ပေးပါ"

မီကလည်းလေ

သူလည်းနွားနို့သောက်တာမဟုတ်ပါဘဲ . . . အင်းလေ

ကက်ကအဆုံးစွန် ပြောထားပြီးပြီဘဲ. . . ကိုညီညီလှိုင်နှင့်
ခင်မင်မင်နေပါ သိပ်မကြာခင် လက်ထပ်ကြရမယ်လို့ . . .။

"ရှင်းကျော့ ကားမောင်းမလား ကိုညီမောင်းမယ်လေ"

"ကိုညီမောင်းပါ . . ."

မီက ကိုယ့်ကားကိုယ်မောင်းရမယ်ဆိုလို့သာ . . .

တခါတရံမှာတော့ လူတယောက်မောင်းနေတဲ့ကားကို
ခုလိုမျိုးအနားမှာ ငြိမ်ငြိမ်သက်သက်လေး လိုက်စီးချင်
ါတယ်။ ကားမောင်းရတာလဲ စိတ်ပင်ပန်းစေတာဘဲ
ဟုတ်လား . . .။

နောက်ပြီးတော့ ကိုဆင့်မောင်းတဲ့ကားကို ကိုဆင့်
အနားမှာ ခုလိုထိုင်ပြီးစီးချင်လိုက်တာ . . .။

ဘာလို့များ ကိုညီ့ကို အနားမှာထားပြီး ကိုဆင့်ကို
သတိရနေရပါလိမ့်. . .။ မဖြစ်သင့်ဘူး . . .။

ဟိုးနောက်ပိုင်းအချိန်တွေမှာ ကိုညီနှင့်သာ ဘဝခရီး
တလျှောက်လုံးကို လက်တွဲရမှာလေ. . .။ ကိုညီအနားမှာရှိ
နေပြီး . . . ကိုဆင့်ကို သတိရလွမ်းဆွတ်နေခြင်းဟာ မဖြစ်
သင့်တဲ့ သတိရခြင်းတခုပါဘဲ။

"ရှင်းကျော့လေး . . . ငြိမ်သက်လှချည်လား ဘာတွေ
တွေးနေလဲ စိတ်ထဲမှာရှိတာတွေ ပြောစမ်းပါကွာ ။ ငြိမ်မနေနဲ့
. . . ဘာမှလဲ ထိတ်လန့်ကြောက်ရွံ့စရာမရှိဘူး။ ရှင်းကျော့ ဖျှရင်
ကိုညီဖျှပေးမယ်။ ရှင်းကျော့ ညှိရင် ကိုညီ ညှိပေးမယ် ရှင်းကျော့

ဖြစ်ချင်ရာအားလုံးကို ကိုညီဖြစ်အောင် လုပ်ပေးပါမယ် . .

" ကျေးဇူးကိုညီ "

အဲလိုမျိုးပြောပေးတဲ့အတွက် တကယ့်ကိုကျေ
တင်ပါတယ်။ ရှင်းကျော့ဘဝဟာ ဟိုးအရင်ကထက်စာ
အားပေးမယ့် သူတွေများလာခဲ့ပါပြီ။ ဒါပေမယ့် ဘာလို့မ
ကိုဆင့်ရဲ့ အားပေးမှုတွေကိုမှ ရှင်းကျော့ တမ်းတနေမိ
သလည်း။

❀ ❀ ❀

ရှင်းကျော့ကို တွေ့ချင်တယ် ယုဝေလို့ ပြောရတ
အခုဆို ရှင်းကျော့က ကျောင်းလဲပြီးနေပြီ။ သူ့အိမ်ကိုဝ
ဘယ်လို သွားရပါ့မလဲ. . .။ သွားမယ်ဆို . . . သွားရပါတ
လူကြီးတယောက်နှင့် စကားပြောတော့ ယဉ်ယဉ်ကျေး
ပြောရင် ရတာပါဘဲ။ ဒါပေမယ့် ကျွန်တော့်ကြောင့် ရှင်းကျေ
မီ ဆူမှာရိုက်မှာ မလိုလားပါဘူး. . .။

" ကိုကိုတို့ဖြစ်လိုက်ရင် အသည်းအသန်ဘဲ ကို
ရှင်းကျော့နဲ့ တွေ့ချင်တယ် ရှင်းကျော့နဲ့ သွားချင်တယ် .
ယုဝေဖြစ် တခါတည်း စိတ်ညစ်သွားလိုက်တာ ကိုယ့်ကို ယုံကြ
မှုနည်းတဲ့သူကိုဘယ်လိုများ ခင်ခင်မင်မင်ပေါင်း မလဲ. . .

" ယုဝေခေါ်ပေးပါမယ် . . . ဒါပေမယ့် . . . ကို

ပြော . . . "

ရှင်းကျော့ဆီ ယုဝေက ဖုန်းဆက်ပေးပါတယ်။

" ရှင်းကျော့ ကိုဆင့်ပါ . . . "

" ဟုတ်ကဲ့ ပြော . . . "

" အခု ကိုဆင့်မွေးနေ့ . . . အဲဒါ တွေ့ချင်တယ် "

" မွေးနေ့ . . . "

ရယ်ချင်ပါတယ်။ ဗုဒ္ဓဟူးသား မိုးဆင့်ဝေ အတွက် းနေ့တိုင်းဟာ မွေးနေ့တွေချည်းဘဲ မဟုတ်လား . . .။ ကျော့နှင့် တွေ့ရဖို့ကို ခုလိုမှ မစီစဉ်ရင်ရမလား။

" ရှင်းကျော့နဲ့ တွေ့ချင်တယ် . . . တွေ့မယ်နော် . . "

" အင်းလေ . . . မှီကိုပြောပြီး လာခဲ့ပါမယ် "

" ကိုဆင့် စောင့်မယ် "

ယုဝေကတောင်မှ ကိုကိုဟာ မွေးနေ့လဲမဟုတ်ဘဲ ပြောတယ်တဲ့ ။ သည်နေ့ ဗုဒ္ဓဟူးနေ့ဘဲဟာ ငါ့မွေးနေ့ပေါ့ ဖူးဘဲယုဝေ . . . ရှင်းကျော့စောင့်ရမှာစိုးလို့ ငါသွားမယ်လို့ လိုက်တယ်လေ။

" မိုးကလဲကွာ . . . သွားမယ်ဆိုမှ သည်းလာပြန်ပါပြီ"

မိုးရွာရွာ နေပူပူချစ်သူနှင့်တွေ့ရမည်ဆို အရောက် မှာပေါ့။ ယုဝေကတော့ ကိုကိုတို့တော့ ရှင်းကျော့နဲ့ဆို တော်သည်းခံရမယ် . . . ယုဝေတောင် တခါတခါ

သူငယ်ချင်းအရင်းကြီးမို့ စိတ်ပျက်တယ်တဲ့. . .။

မိုးအရမ်းသည်းနေတာမို့ ကားရပ်ထားရင်း ရှင်းကျော့ ကားဝင်အလာကို စောင့်ရတယ်။ မိုးရွာထဲ ရှင်းကျော့ ကားမောင်းလာတာကို စိတ်ပူရသေးတယ်။ ကားဝင်လာတာ မြင်တော့ သတိရမိတာက ရှင်းကျော့က သူ့ကားကို သူကိုယ်တိုင် ဘဲ မောင်းတယ်ဆိုတာပါ. . . ဒါကြောင့် ရှင်းကျော့ကားနဲ့ဘဲ လိုက်သွားမယ်လို့ ကားပေါ်က ဆင်းဖို့ပြင်ဆဲမှာ. . . .။

ချစ်သူက ထီးအပြာလေးဆောင်းလို့ မိုးရွာထဲမှာ လျှောက်လာနေပါရောလား. . .။

မိုးသည်းထဲ လျှောက်လာနေတဲ့ ချစ်သူ့ကိုငေးကြည့် နေမိဆဲ . . .။

" ဟင် ရှင်းကျော့ . . . "

" ကိုဆင့် . . . "

" ရှင်းကျော့ကားနဲ့ လိုက်ခဲ့မယ်လေ . . . "

" ဟင့်အင်း . . . ကိုဆင့် မောင်းတဲ့ ကားကို ရှင်းကျော့ စီးချင်လို့ပါ . . . အပြန်မှသည်နားပြန်ပို့ပေးလေ. . . "

အနားမှာ ချစ်သူရှိနေခြင်းဟာ အရာခပ်သိမ်းပြီးပြည့်စုံ နေပါလား . . .။

" ကိုဆင့် မွေးနေ့လက်ဆောင် . . . "

" ဘာတွေလဲ ရှင်းကျော့ရယ် မွေးနေ့လက်ဆောင်က ဒါမလိုချင်ပါဘူး"

လက်ဆောင်ဗူးကလေးက ဖဲကြိုးပန်းရောင်လေး
ယ်လို့။ ကျွန်တော်လိုချင်တာ ရှင်းကျော့အချစ်ဘဲလေ . . . ။

" ကိုဆင့်ဘာလိုချင်လို့လဲ "

" ရှင်းကျော့ အချစ် . . . ကိုယ့်ကိုရှင်းကျော့ ချစ်တဲ့
ချစ် . . . ရှင်းကျော့ကို ကိုယ်ချစ်တယ် . . . ရှင်းကျော့
ယ့်ကို ပြန်ချစ်တဲ့ အချစ်ကို အဲလိုချစ်တာ. . . "

သည်အခါမှာ ခေါင်းငုံ့ငြိမ်သက်နေတတ်တဲ့
ကျာက်ဆစ်ရုပ်ကလေးက အရင်တခါတွေလိုပင် ငြိမ်သက်
ါင်းငုံ့ နေပြန်ပါတယ်။ စိတ်ဆိုးသွားတာလား . . . ။ ကားကို
်ထားပြီးတော့မှ ရှင်းကျော့ကို ကြည့်နေမိတာ။

" ရှင်းကျော့ ငိုနေတာလား . . . "

တိတ်တိတ်ကလေး ကြိတ်ငိုနေတဲ့ သိုးဖြူလေးရဲ့
ျက်ရည်စတွေဟာ . . . ကိုယ့်စိတ်ကို စိုးထိတ်စေ
ါလား. . . ။ ချစ်သူ့ မျက်ရည်စဟာ နှလုံးသည်းပွတ်တိုက်
ာကျင်ပင်ပန်းစေပါလား။

" ရှင်းကျော့လေး . . . ဘာဖြစ်လို့လဲကွာ . . .
ကိုယ့်ကိုပြော . . . ကိုယ် . . . ရှင်းကျော့အတွက် အားလုံး
ိုင်ဆိုင် ဖြေရှင်းပေးပါမယ် . . . "

ကိုယ့်ပုခုံးစွန်းမှာ မျက်နှာအပ်လို့ ရှင်းကျော့ သည်းသည်း
လှုပ်လှုပ် ငိုကြွေးခဲ့တယ်။ ဘယ်လိုအားပေးရမှန်းမသိစွာနဲ့

စိတ်မော နေရပြီး . . .။ ဘာဖြစ်ပါသလည်း ချစ်သူရယ် . . .

" ရှင်းကျော့ . . . "

" မချစ်ပါဘူး . . . ကိုဆင့်ကို ရှင်းကျော့မချစ်ဘူး "

ချက်ခြင်းဘဲရှင်းကျော့ပုံစံဟာ ပြန်ပြီးမာန်တင်းသွားသလိုပါဘဲလား။ မချစ်ဘူးတဲ့ ချစ်သူရဲ့ ခေါင်းခါခြင်းတွေက ထာဝရဝေး ကွာခြင်းလား။ ရင်ထဲနင့် နာကျင်စေတာပါလား။

" ရှင်းကျော့ကို ကိုယ်သိပ်ချစ်ပါတယ် "

မော့ကြည့်လိုက်တဲ့ မျက်ဝန်းလေးတစ်စုံ . . .။

မျက်ရည်တွေ ပြည့်လျှံနေတယ်လေ . . .

မျက်ရည်တွေထဲမှာ နွေးထွေးသော၊ ချစ်လွန်းသော အချစ်ရောင်ရှိနေသလိုပါလား။

ဒါဖြင့်ရင် ဘာလို့မချစ်ဘူးလို့ဆိုပါသလဲ။

" ရှင်းကျော့ကို ကိုယ် ဘဝတသက်တာ ထာဝရအတွက်ကိုချစ်တာပါ . . . "

ကိုယ့်ရင်ခွင်မှာ ငိုပြန်တယ်။

မချစ်ဘူးလို့ဘာလို့ ဆိုရပါသလည်း။

ရှင်းကျော့ဆီမှာ အချစ်တွေရှိပါတယ်။

ဒါဖြင့်ရင် ချစ်တာကို ချစ်တယ်လို့ ဘာလို့မပြောခဲ့ရတာလည်း. . .။

" ကိုဆင့် . . . "

" ပြော ရှင်းကျော့လေး "

" ကိုဆင့် နောက်ကျသွားပြီ . . . ပြီးတော့ပြီးတော့ ရှင်းကျော့လေ . . . ရှင်းကျော့ဘာကိုမှ မဆုံးဖြတ်တတ်ပါဘူး။ မိက ရှင်းကျော့ကို လက်ထပ်ပေးတော့မှာ . . . "

" ဟင် . . . "

ချစ်သူကို ရင်ခွင်မှာထားပြီး စိတ်က တုန်လှုပ်ကြေကွဲနေပါတယ်။ ဝေးကွာခြင်း ။ ချစ်သူကို မဝေးကွာချင်ဘူး။ မခွဲခွာနိုင်ဘူး. . ။

" မဖြစ်နိုင်ဘူး . . . ရှင်းကျော့ကို ကိုယ်မခွဲခွာနိုင်ဘူး . . . မိကို ကိုယ်ပြောမယ် မိဆီမှာ ကိုယ်လိုက်တောင်းမယ်. . . "

" ဟင့်အင်း . . . ဟင့်အင်း . . . ရှင်းကျော့မလုပ်ရဲဘူး. . . မိ စိတ်မကောင်းဖြစ်လိမ့်မယ်။ ပြီးတော့ ကိုညီညီလှိုင်ကို လက်ထပ်ပါမယ်လို့ မိကို ရှင်းကျော့ ကတိပေးလိုက်ပြီ . . . ရှင်းကျော့ကို မေ့လိုက်ပါတော့ ကိုဆင့်ရယ် . . . "

မေ့လိုက်ရမယ်။

နှလုံးသည်းပွတ်နှင့်တမျှရင်းလို့ ချစ်ခဲ့ရတာ။ မေ့လိုက်ရမလား. . .။ ချစ်သူကို အလွယ်တကူ လက်လွှတ်ဆုံးရှုံးလိုက်ရမှာလား . . . ။

" မဟုတ်ဘူးရှင်းကျော့ "

" ဘာမှပြောလို့မရတော့ပါဘူး ရှင်းကျော့ ကတိ

ပေးလိုက်ပါပြီ . . . ရှင်းကျော့တို့ပြန်ကြရအောင်နော် . . . "

" မဟုတ်သေးဘူး ရှင်းကျော့ရယ် "

" ရှင်းကျော့ . . . ကိုဆင့်ကို ကိုဆင့်ကို . . . အင်းလေ . . . မေ့လိုက်ကြပါစို့ . . . "

" မမေ့နိုင်ပါဘူး ရှင်းကျော့ကို ချစ်တာ ခွဲခွာဖို့ မေ့ဖို့မဟုတ်ဘူး . . . ရှင်းကျော့ ရှင်းကျော့ . . . "

ဟာ . . . သည်ကောင်မလေးဟာလေ . . .

ဘာလို့များ လှစ်ခနဲဆိုထွက်ပြေးဖို့ကြိုးစားပါလိမ့်။

ရှင်းကျော့ဆီမှာ ဖြစ်လာသမျှကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ရဲတဲ့ စိတ်ဓာတ် မရှိဘူးလား . . .။ စိတ်မောလွန်းစွာ ကျန်နေရစ်ရတယ်။ ရှင်းကျော့ဟာ ကားရပ်ထားခဲ့ရာဆီကိုတော့ ပြန်ရမှာပါဘဲ။ ဒါကြောင့် စိတ်ကိုအတတ်နိုင်သမျှ လျှော့ချပြီး ရှင်းကျော့ကားရပ် ထားရာဆီကို ပြန်မောင်းလာပြီး ခပ်လှမ်းလှမ်းမှာ ရပ်ကြည့်နေမိတယ်။

ချစ်သူလေး. . .

အမြဲလိုခေါင်းငုံ့ပြီး တွေတွေဝေဝေလမ်းလျှောက်နေကြ ပုံစံအတိုင်းပါဘဲလား။

ကိုယ်သွားတွေ့မယ် ဆိုရတာပေါ့။

ဒါပေမယ့် မင်းစိတ်ကို မနှောက်ယှက်တော့ပါဘူး သိုးဖြူလေးရယ်. . .။

ကိုဆင့်ကို . . . ကိုဆင့်ကို . . . ဆိုပြီးမော့ကြည့်ခဲ့တဲ့ မျက်ဝန်းတွေက စကားတွေဟာ . . . နှလုံးသားက နားလည်ခဲ့ပြီးသားပါ။

နှစ်ယောက်လုံး ရင်ထဲမှာ အချစ်ရှိပါလျှက် ဝေးကွာရမည်ဆိုတာ ဟုတ်ကို မဟုတ်သေးပါဘူး . . .။ ချစ်သူအတွက် ရုတ်တရက်တော့ ဘာလို့လက်လျှော့ရမှာလည်း။ အားလုံးကို ရင်ဆိုင်ဦးမယ်။

ချစ်သူလေးရယ်။

❀ ❀ ❀

အချစ်ဆိုတာ ဒါပါလားလို့ ရှင်းကျော့သိရတယ်။

အချစ်ကို သိရတဲ့အခါ အချစ်က ရှင်းကျော့နဲ့ အဝေးကြီးကိုရောက်သွားပြီလေ။ ရှင်းကျော့ငိုရပြန်ပါပေါ့။

ကိုဆင့်ကို ချစ်တယ်။

ကိုဆင့်ကို ချစ်တယ်။

နှလုံးသည်းပွက်မှ စကားအတိုင်းသာဆိုရင် အဲလို ဖြေမှာပါ။

ကိုဆင့်ကိုသိပ်ချစ်တယ်ဆိုတာသိတဲ့ အချိန်ကို ကိုဆင့်နှင့် မဆုံစည်းနိုင်သော အဝေးဆုံးနေရာကို ရှင်းကျော့ ရောက်နေခဲ့ ပါပြီ။ ကားပေါ်တက်ပြီးလို့ ကားတံခါးကိုဆွဲပိတ်တဲ့

အချိန်မှာ . . . ။

" ရှင်းကျော့ ရှင်းကျော့ ခဏလေး ခဏလေး . . . စကားလေး စကားပြောမလို့ . . . "

တံခါးကိုလာဆွဲတဲ့သူ။

သူ့ကို ရှင်းကျော့ အရမ်းကို ထိတ်လန့်ကြောက်ရွံ့ခဲ့ဘူးပါတယ်။ ဒါပေမယ့် စိတ်ရဲ့ ပြောင်းလဲရွေ့ရှားသွားပုံဟာ စိုးထိတ်စရာပါ။ ခုချိန် ရင်မှာကြေကွဲထိခိုက်ခြင်းဘဲ ရှိနေပြီးဘာကိုမှ ရှင်းကျော့ မကြောက်ပါဘူး။

သူ့ကို စေ့စေ့ကြည့်ပြီး ကားတံခါးနှင့် ဆောင့်တွန်းထည့်လိုက်တယ်။

ပြီးတော့မှ ကားကိုမောင်းထွက်လာခဲ့တာပေါ့ . . . ။

ရှင်းကျော့စိတ်မှာ ဘယ်လိုအတွေးစမှရှိမနေတော့ပါဘဲ ကားကိုသာ အရှိန်မှန်မှန်မောင်းလာခဲ့တာပါ။ ထင်တာတွေဟာ အမြဲကိုတလွဲတချော် ဖြစ်နေခဲ့ပါလား ရှင်းကျော့အတွက်တော့ အမြဲတမ်းလိုလို . . . စိတ်မှာအနှောက်အယှက် တွေဘဲ ရှိပါသလား. . . ။

မီ အရမ်းလျှင်တယ်။

မွေးနေ့က ပြန်လာတာလို့ သိနေပါလျှက် ငိုထားတဲ့ မျက်နှာရှိနေလို့မရ။ ကားပေါ်မှာတင် အတတ်နိုင်ဆုံးလှအောင်ပြင်ရတယ်။

" ရှင်းကျော့ "

" ရှင် "

" လာပါဦး မွေးနေ့က ဘာတွေကျွေးလဲ ဘယ်မှာကျွေးတာလဲ ဘယ်သူတွေကို ကျွေးသလဲ . . . "

မေးနေပြီ။ ထင်ရာတွေလျှောက်ဖြေလို့ မရဘူးနော်။ မီကပါးလိုက်တာမှ လှစ်ခနဲနေတာ။

" ရှင်းကျော့တို့ သူငယ်ချင်းသုံးယောက်တင်ကျွေးတာပါ . . . သူ့အိမ်မှာကျွေးတာ . . . "

" ယောကျ်ားလေး တယောက်က အိမ်မှာကျွေးတယ်ဆိုတော့ စည်းစံနစ်ရှိတာပါလား . . . အင်းလေ . . . မိုးဆင့်ဝေဆိုတာ ရထားတဲ့အမွေတွေကို စုဆောင်းပြီး ရသမျှလေးနဲ့ ရောင့်ရဲနေတတ်တဲ့သူဘဲ "

မီကတော့လေ. . .

ကိုဆင့်အကြောင်းလည်း သိနေပြန်တာပါလား။

ကိုဆင့်ဆီမှာရထားတဲ့ အမွေတွေကလည်း ရှိနေပြန်ဆိုပါရော။ ရှင်းကျော့ဖြင့် ကိုဆင့်မှာမိဘမရှိဘူး။ အန်ကယ်သိန်းရဲ့ အစ်ကိုက မွေးတယ်ဆိုတာကလွဲပြီး . . . ဘာမှမသိပါဘူး. . .။ ကိုဆင့်နှင့် ပတ်သက်ပြီး ရှင်းကျော့သိနေတာက ကိုဆင့်ကို ရှင်းကျော့ သိပ်ချစ်တယ် ဆိုတာပါဘဲ။

" ပျော်ခဲ့ရဲ့လား ရှင်းကျော့ "

" ပျော်တယ်မဟုတ်ပါဘူး . . . ကိုဆင့်နဲ့ ယုဝေကို အားနာလို့သွားတာပါ . . . "

" အင်း . . . လူတယောက် ဖြစ်လာရင် လူမှုရေး ဆိုတာတော့ ရှိလာမှာပေါ့လေ . . . အိမ်ထောင်သည် တယောက်ဖြစ်လာရင်လဲ ခင်ပွန်းသည်ရဲ့ ပတ်ဝန်းကျင်ဆိုတာ ရှိလာလိမ့်မယ် . . . နောက်တရက် နှစ်ရက် ညီညီအလုပ် အားတဲ့နေ့မှ ရှင်းကျော့ကို လာခေါ်လိမ့်မယ် . . . ညီညီကို မီပြောပြထားပါတယ် . . . ရှင်းကျော့ဟာ ကျောင်းကလွဲပြီး ဘယ်မှသိပ်သွားရတာ မဟုတ်ဘူး . . . ဘုရားစုံဖူးရအောင် လိုက်ပို့ပေးပါလို့လေ . . . "

" ဟုတ်ကဲ့ "

မီ့ဆန္ဒတွေကို ရှင်းကျော့ မငြင်းဆန်တော့ပါဘူး။ ရှင်းကျော့ဟာ သူတပါးစိတ်နဲ့ ကိုယ့်ခန္ဓာကိုယ် နေလာခဲ့တာ နှစ်ရှည်ကြာတော့လဲ ရိုးနေပါပြီ။

" ရှင်းကျော့ နားချေတော့ "

ခုတလော မီကလည်း သူ့အခမ်းမှာဘဲ အနေများ ပါတယ်။ ရှင်းကျော့ကိုလည်း ဟိုတချိန်တုံးကလောက် မျက်စေ့ ဒေါက်ထောက် ကြည့်ပြီးအပစ်ရှာမနေတော့ပါဘူး . . ။

ကိုဆင့်ရေ . . .

တယောက်ထဲ အတွေးတွေမှာရှိနေတဲ့အခါ သတိ

ရခြင်းဆိုတဲ့စိတ်ဟာ ကိုဆင့်ဆီကိုဘဲ ရောက်နေတာပါလား. . .။

ရှင်းကျော့ကို သိပ်ချစ်တယ်တဲ့. . .။

ချစ်တယ်ဆိုတာ ခွဲခွာဖို့ မေ့ပစ်လိုက်ဖို့ မဟုတ်ဘူးတဲ့လား. . .။ ရှင်းကျော့နဲ့ ကိုဆင့်အတွက်ကတော့ ခွဲခွာဖို့ မေ့ပစ်လိုက်ဖို့ပါဘဲ . . .။ တယောက်ထဲရှိနေလေ အတွေးစတွေက ရှင်းကျော့ကို နှိပ်စက်လေပါဘဲလား. . .။

ရှင်းကျော့ကို သိပ်ချစ်တယ်ဆိုတဲ့ စကားတွေက နားစည်မှနေ နှလုံးသည်းပွတ်တိုင် စွဲမြဲစွာ ထိုးဖောက်ဝင်ရောက်ခိုအောင်း နေခဲ့ပြီ။

" ကိုဆင့်ကို သိပ်ချစ်ပါတယ် "

အဲလိုမျိုး ဖြေချင်တယ်. . .

တကယ်လဲသိပ်ချစ်တယ်။

ချစ်သူ့ရင်ခွင်မှာ ငိုခဲ့ရတာ။

ချစ်သူ့ရင်ခွင်မှာ ပျော်ရွှင်ချမ်းမြေ့ခြင်းများနဲ့ နေချင်ပါတယ်။

ဘယ်သောအခါမှ ရနိုင်တော့မှာ မဟုတ်ပါဘူးလေ. . .။ အပြင်မှာ မိုးတွေသည်းနေပါရောလား ဘာလို့များ အဲသည့် မိုးသည်းသည်းတွေဟာ ရှင်းကျော့ဆီကို မျက်ရည်တွေ သယ်ဆောင် ယူလာတတ်ပါလိမ့် ရွာလွန်းတဲ့ မိုးတွေကိုရှင်းကျော့

မုန်းတယ်။

❀ ❀ ❀

ဒန်းကလေးပေါ်မှာထိုင်နေရတာက မော့ကြည့်တဲ့ အခါမှာ မှောင်မည်းနေတဲ့ကောင်းကင်မှာ ကြယ်ကလေး တောင်မှ တလုံးတစမရှိပါလား။ မိုးရွာချေဦးတော့မည်ထင်ရဲ့ . . .။ လေးလေးသိန်း အခမ်းက ကက်ဆက်ဖွင့်ထားပုံရတယ်။ အင်္ဂလိပ်သီချင်း တိုးတိုးလေးက ရင်ကိုထိခိုက် ခံစားနေရ သလိုပါဘဲ။

ရှင်းကျော့ရယ်

ဘာတွေလည်းကွာ။

မချစ်တာလဲ မဟုတ်ဘဲနဲ့ . . .။ ရှင်းကျော့မှာ ဘယ်လိုမျိုး အကြောင်းအရာတွေရှိနေသလည်း . . .။

" ကိုကို . . . . မိုးရွာတော့မယ် ဒက်ဒီက အိမ်ထဲ မဝင်သေးဘူးလားတဲ့ . . . ဘာဖြစ်နေတာလဲ အသည်းကွဲ နေတာလား . . . "

" အသည်းကကွဲယုံ မဟုတ်ဘူး . . . ခုမှ တစစီကျိုးပဲ့နေတာ "

" ဟင် ကိုကို့ ကို ရှင်းကျော့က လက်မခံဘူးလား. . "

ယုဝေအံ့ဩနေပုံရပါတယ်။

" သူဘာတွေဖြစ်ခဲ့သလဲ ခုရော ဘာတွေဖြစ်နေလည်း
ားမလည်နိုင်အောင်ပါဘဲ . . . "

" ကိုကို့ကို မွေးနေ့လက်ဆောင် ဘာပေးလဲ "

" ဟင် "

" နာရီတလုံးပါ . . . စက္ကန့်တိုင်း သတိရပါတယ် . . .
တကယ်ပါယုဝေ ကိုယ့်ဘဝမှာ ဘဝခရီးဖော်ဆိုတာ ပထမဦးဆုံး
ဉ်းစားတာဘဲ . . . "

" သူက ဘာတဲ့လဲ "

" မိသဘောတူတဲ့ လူနဲ့ လက်ထပ်ဖို့ကတိပေးပြီးပြီတဲ့"

" မိသဘောတူတဲ့လူ . . . ဘယ်သူပါလိမ့် ဟိုးအရင်
ကတော့ တခါတလေ သူပြောဘူးတယ်။ သူ့အိမ်ထောင်ရေး
ကိုလည်း မိကဘဲ စိတ်ကြိုက်စီစဉ်မယ်ဆိုတာလေ . . .
ယုဝေဖြင့် ကိုယ့်ကိုယ်နဲ့သူများစိတ် . . . နင့်ဘဝမလွယ်ဘူး
တောင်ပြောဘူးတယ်"

" ကိုညီညီလှိုင်လို့ မပြောတာဘဲ . . . ဒါပေမယ့်
သူငိုတယ် . . . "

ရင်ခွင်မှာ စွန်းထင်ခဲ့တဲ့ မျက်ရည်စတွေ။ ခုချိန်တိုင်
စိုစွတ်ထိခိုက် နေစေသလိုပါဘဲ။

ကိုဆင့်ကိုချစ်တယ် ဆိုတဲ့စကားကို ဘာလို့မပြောခဲ့
ပါသလည်း။ နှလုံးသားချင်း ဘယ်လိုနားလည်နားလည်

ကိုယ်တို့နှစ်ယောက်ဟာ ဝေးကြရမှာလား . . .။ ရှင်းကျော့နဲ့ ဝေးရမယ်လို့ကို လက်မခံနိုင်သေးဘူး။

သိလား ရှင်းကျော့လေး . . .။

" ထိုက်ဇော်ကလဲ ဘာတွေ ပြောချင်သလဲ မသိဘူး ယုဝေ . . . ရှင်းကျော့က တံခါးကိုဆွဲဖွင့်တယ် ။ ရှင်းကျော့ကလဲ ကြောက်လွန်းလို့များ ရဲတင်းသွားသလား မသိပါဘူး . . . တံခါးနှင့် တွန်းထည့်ပစ်ခဲ့တယ်။ ရှင်းကျော့နဲ့ အဲသည့်လူလဲ ကြာရင် ဘာတွေဖြစ်လာမလဲ"

" ရှင်းကျော့ကို ယုဝေတော့ ကြာလေစိတ်မရှည်လေပါ ကိုကိုရာ . . . တခါတခါတော့ သူ့ကို ဥပေက္ခာပြုထားနိုင်ရင် အေးရော . . ."

" အဲလိုမျိုး ဥပေက္ခာပြုနိုင်ရင် ဘယ်လိုမေတ္တာထားနိုင်တော့မလဲ . . . ခုတော့ အေးအတူပူအမျှဆိုတဲ့ စိတ်ကို မွေးပြီးနေပြီ . . . ပူလဲအတူမျှရတော့မှာပေါ့ ယုဝေရယ် . . ."

" ရှင်းကျော့နဲ့ဆို အေးတာကနဲနဲ မရှိသလောက်နေမှာ ပူတာတွေက အများကြီးဖြစ်လိမ့်မယ် ကိုကို . . ."

" သည်တော့လဲ ပူတာတွေကိုဘဲ မျှဝေယူရတော့မှာပေါ့ ချစ်မိပြီကိုး . . . သူ့ကိုမှ မမုန်းနိုင်မမေ့နိုင်တာ . . ."

" ယူ . . . ယူ . . . ကိုကိုဘဲ ရှင်းကျော့အပူတွေကို ခွဲဝေယူ . . . ယုဝေတို့တော့ ယူရပေါင်းများလို့မောနေပြီ . . ."

## ရှာလွန်းတဲ့မိုး

မောတာကတော့ ယုဇနပြောသလိုပါဘဲ။

စိတ်ပင်ပန်းရခြင်းတွေက အချိန်နှင့်အမျှပါ. . .။

ဒါပေမယ့် ချစ်သူရယ် . . . ချစ်မိပြီဘဲ။

အေးအတူပူအမျှ မျှဝေခံစားဖို့ဘဲ စိတ်မှာတွေးပါတယ်။

ိုက်တော့ဆိုတဲ့ စကားမျိုးကိုပြောဖို့ မင်းရင်မှာထိခိုက်

ကွဲရလိမ့်မည်လို့လဲ ကိုယ်ယုံကြည်ပါတယ်။

ထပ်တူညီအချစ်တွေ ရှိကြမှတော့ ဘာလို့မပေါင်းရ

ည်း ကိုယ်ယုံကြည်စွာကြိုးစားမယ် ချစ်သူ။

❀ ❀ ❀

ယုဇနပန်းနံ့နှင့် ဇီဇဝါပန်းနံ့တွေရောပြီး မွှေးပျံ့လွှန်း

ါတယ်။ မိုးမချွာတဲ့ ညတညပါဘဲ . . .။ အနားမှာ

ိရှိနေတယ်။ ဒါပေမယ့် . . . အနားမှာ ကိုညီရှိနေလို့လည်း

ားတဲ့ ခံစားမှုမရှိပါဘူး. . .။ ရှင်းကျော့စိတ်မှာတော့

င့်ကိုသာ သတိရနေမိပါတယ်လို့ ဝန်ခံရမှာပါဘဲလေ။

" ကိုညီ . . . "

" ဟင် ပြောလေ ရှင်းကျော့ . . . "

"ကိုညီ့ကို မီကဘာပြောလဲ "

" မီကဘာတို ပြောရမှာလဲ ရှင်းကျော့ရဲ့ "

ကိုညီကလည်းလေ။

ရှင်းကျော့နှင့် ကိုညီကိုလက်ထပ်ပေးမည့် အကြောင်းကို မေးနေတာ။ မသိသလို သိသလိုနဲ့ . . .။ ဘယ်လိုကိုညီမှန်း မသိဘူး။ ရှင်းကျော့က ဘာမှမပြောပါဘဲ တိတ်ဆိတ် နေတဲ့အခါ ကြတော့မှ။

" ရှင်းကျော့ရယ် . . . ညည်းဟာ တကယ့် ယုန်သူငယ် လေးလိုဘဲ ရိုးလွန်းအားကြီးတယ် "

ဒါကြောင့်လဲ ညည်းကို သူများညာတော့မလို ဘဝ တခုလုံးပျက်တော့မလိုဖြစ်ရတာ . . . ကိုညီအခု သည်မှာလာ နေတယ် ဆိုမှတော့ မှီဆန္ဒတွေကို မသိဘဲနေမှာတဲ့လား . . . ရှင်းကျော့နဲ့ သိပ်မကြာခင်မှာ လက်ထပ်ဖို့ရယ် . . . မီက အားလုံးကို ပြောပြပြီးသားပါ. . . ကိုညီ့ကို ရှင်းကျော့ အားလုံး တိုင်ပင်လို့ရတယ် "

" ကိုညီ့မှာချစ်သူ မရှိဘူးလား "

ရှင်းကျော့အဲလိုမေးတော့ ရှင်းကျော့ကို ကိုညီသေချာ ကြည့်နေတယ်။ တကယ်သိချင်လို့ပါ။ ရှင်းကျော့လို လူမှာတော ့နှလုံးသည်ပွတ်နှင့်တမျှ ရင်းအောင်ချစ်ရတဲ့ ကိုဆင့်ရှိနေ သေးတာ . . .။ ကိုညီ့မှာရော ချစ်သူမရှိနိုင်ဘူးလား သိချင်တယ်။

" သည်မေးခွန်းမှာ အဓိပ္ပါယ်တော်တော်များများ ရှိရမယ် . . . ကိုညီ့မှာချစ်သူ မရှိဘူးလားတဲ့ အမှန်အတိုင်း

မယ် . . . ကိုညီမှာ ချစ်သူရှိခဲ့ဘူးတယ်။ ရှိခဲ့ဘူးတယ်ဆိုတဲ့
ပွဲါယ်ကို ရှင်းကျော့ သိမှာပါ အရင်ကရှိတယ်။

" အခုဘယ်ရောက်သွားလဲ"

သူအိမ်ကပေးစားတဲ့ လူနဲ့လက်ထပ်သွားတယ် . . .
ညီ စိတ်မကောင်းတော့ ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဘာတတ်
မလဲ။ သူကိုယ်တိုင်က သူ့မိဘစိတ်ချမ်းသာစေချင်တယ်လို့
ခဲ့ပြီဘဲ. . . ချစ်သူ့သဘောလိုဘဲ ယူဆလိုက်တယ်. . .
က်တော့လဲ ချစ်သူထပ်မရှိတော့ပါဘူး . . . ရှင်းကျော့ကို
က်ထပ်ရင်လည်း . . . ကိုယ့်ဖက်က ထာဝရသစ္စာရှိမှာပါ
ယုံကြည်စိတ်ချစွာ အပ်နှံပေးခဲ့တာ . . . တသက်တာ
းအတွက် ခင်ပွန်းကောင်း တယောက်ဖြစ်ရစေမယ် "

ကိုညီဖက်ကလည်း ရှင်းကျော့နှင့် လက်ထပ်ဖို့ကို
ကျနပ်လက်ခံပြီးပြီဘဲ။ ကိုဆင့်နှင့် ဘယ်လိုမှ မနီးစပ်
တော့ပါဘူး။ ခုချိန်ကြမှတော့ မို့ကို ကိုညီနှင့် လက်မထပ်
ပါဘူး ကိုဆင့်ကိုဘဲ ချစ်တယ်လို့လဲ လုံးဝမပြောရဲဘူးလေ။

" ကဲ ပြောစမ်းပါဦး . . . ရှင်းကျော့မှာရော
သူမရှိဘူးလား . . . ရင်ထဲက နှစ်နှစ်ကာကာ ချစ်တဲ့လူကို
ပြာတာနော် . . . "

ကိုညီမေးနေပြီ။

အမှန်တိုင်း ဖြေရမလား။

ဖြေသင့်ပါသလား. . .။

ကိုညီကတဆင့် မီသိသွားရင် ဘယ်လိုပြောမလဲ ။

" အမှန်တိုင်း ပြောနော် ကောင်မလေး မီပြန်သိမှာဆို မညာနဲ့နော် . . . ပြန်မပြောနဲ့ဆို မပြောပါဘူး . . ကိုညီ့ကိုတော့ အမှန်အတိုင်း ပြောတာဘဲ ကြိုက်တယ် "

ကိုညီဟာ ရှင်းကျော့နှင့် တသက်လုံးအတူနေရမှာ အမှန်အတိုင်း ပြောသင့်ပါတယ်။

" သူက ရှင်းကျော့ကို ချစ်တယ် လက်ထပ်ချင်တယ် လို့ပြောတယ် ရှင်းကျော့ ငြင်းလိုက်တယ်. . . "

" ငြင်းလိုက်တယ် ဘာလို့ငြင်းတာလဲ . . . သူဆို လူကို မချစ်လို့လား . . . ဒါမှမဟုတ် ကိုယ်နဲ့ လက်ထပ်ရမှာ ကြောင့်လား . . . "

" ရှင်းကျော့က ကတိပေးခဲ့ပြီးပြီဘဲ . . . မီ့ကို ကိုညီ လက်ထက်ပါမယ်လို့ ကတိပေးပြီးပြီလေ. . . "

" ကတိတခုကို နှလုံးသားနှင့်တော့ မလဲသင့်ဘူ ထင်တယ်. . . "

ရှင်းကျော့ရဲ့ နှလုံးသားတခုလုံးကြေကွဲရတာကို ကိုညီ မြင်နေပြီလား။ ကိုညီက ပြုံးနေပေမယ့် နောက်ထပ်ဘာမှတော့ ထပ်မမေးတော့ပါဘူး။

❀ ❀ ❀

" ထားလိုက်ပါတော့လား ကိုကိုရာ . . . ယောကျ်ား လေးမှာလဲ မာနရှိသင့်သလောက် ရှိတာဘဲမဟုတ်လား . . . သူကတခြား လူကိုဘဲ လက်ထပ်တော့မယ်ဆို အတိအကျ ပြောပြီးတာ ကိုကိုစိတ်ကမလျှော့နိုင်ဘူးဆိုတာ မာနမရှိရာ ကျပါတယ် မေ့လိုက်တော့ . . . "

ယုဝေကလည်း မေ့လိုက်တော့တဲ့။

ရှင်းကျော့ကတောင်မှ မေ့လိုက်စတော့လို့ ပြောခဲ့ သေးတာဘဲ. . .။ မေ့လိုက်ဆိုတာ ပြောတော့ လွယ်လွယ်လေး သူတို့ဘယ်လိုပြောပြော ကျွန်တော့်ရင်ထဲမှာ ရှင်းကျော့ရှိနေတာ ပါဘဲ. . .။

" ယုဝေ . . . နင်ကလည်းဟာ . . . ဒါကတော့ နင့်မှာ ချစ်သူ မရှိတိုင်း . . . ချစ်တယ်ဆိုတာ ချစ်ပါချစ်ပါဆိုတိုင်း ချစ်လို့မရသလို မချစ်နဲ့တော့ဆိုတိုင်းလဲ မေ့ပစ်လို့ရတာမျိုး မဟုတ်ဘူး ယုဝေ . . . ကိုဆင့်ယောကျ်ားလေးဘဲ . . . သူ့မှာ ကြိုးစား ပိုင်ခွင့်ရှိတယ် ရှင်းကျော့လက်ထပ်တဲ့နေကြမှ လက်လျှော့သင့်တာ "

နော်နော်ကတော့ အမြဲလို ဟိုဖက်သည်ဖက်မျှဝေ ကြည့်ပေးဖော်ရတာသိလေ။ ကျွန်တော့်စိတ်မှာလည်း . . . နော်နော့်လိုပါဘဲ။ သိပ်ချစ်တဲ့ ချစ်သူကို လွယ်လွယ်ကူကူနဲ့တော့ အလျှော့မပေးချင်ပါဘူး. . .။

" တခုတော့ရှိတယ် ကိုဆင့် . . . ရှင်းကျော့က

သူ့နဂိုရ်စိတ်ဓာတ်အရ ကြောက်စိတ် အားငယ်စိတ် တွေဝေ စိတ်တွေ ရှိတယ် . . . သူ့ရင်ထဲ ကိုဆင့်ကို ဘယ်လောက် ချစ်ချစ် မီ့ကို လွှန်ဆန်ရဲလိမ့်မယ် မထင်ဘူး . . . "

" ဟုတ်တယ် နော်နော်ပြောတာမှန်တယ် ကိုယ်လဲ ဒါကြောင့်စဉ်းစားပါတယ်။ မီ့ကိုဘဲတိုက်ရိုက်ပြောမလို့ . . . မီ့ဆီမှာ ရှင်းကျော့လက်ထပ်ချင်ပါတယ်လို့ဘဲ ဖွင့်ပြောမယ် "

" မီက ငြင်းလိုက်ရင်တော့ ကိုဆင့်မျှော်လင့်ချက် ကုန်ပြီလို့ဘဲ မှတ်တော့ . . . ဘာလို့ဆိုတော့ မီ့ကိုလွှန်ဆန်ပြီး ရှင်းကျော့ ကိုဆင့်ကို လက်ထပ်မှာမဟုတ်ဘူး . . . "

" နော်နော်ပြောတာ အမှန်ပါဘဲနော်နော် မီ လက်ခံ လာအောင် ကိုဆင့်ပြောနိုင်မှ ဖြစ်မယ် "

နော်နော်နှင့် တိုင်ပင်နေတာကို ယုဝေကတော့ စိတ်ပျက်နေပုံပါဘဲ ပြီးတော့ ဘာပြောတယ်မှတ်လည်း။

" ကိုကို့ကိုတော့ အံ့ဩပါရဲ့ . . . ကိုယ်မချစ်ပါဘူး ဆိုတဲ့လူကို နည်းမျိုးစုံသုံးပြီးများ လက်ထပ်ဖို့ ကြိုးစားဦးမယ်တဲ့ ယုဝေဖြင့် စိတ်ပျက်တယ် . . . "

ယုဝေကတော့ ဘယ်ခံစားတတ်ပါ့မလည်း။

ရှင်းကျော့ရဲ့ မျက်ဝန်းတွေက စကားတွေကိုလည်း ဘယ်နားထောင်တတ်ပါ့မလည်းလေ။ ရင်ထဲက စကားကို ထပ်တူညီ ခံစားနိုင်မှ ကြားရတာမျိုးမဟုတ်လား။

"ကိုဆင့် တခုတော့ ကြိုတင် ခံစားထား အဲဒါဘာလဲ ဆိုတော့ မီကလွယ်လွယ်ကူကူခေါင်းငြိတ်မှာတော့ မဟုတ်ဘူး မိငြင်းပြီဆိုရင် ရှင်းကျော့ကိုပြောဖို့ဘယ်လိုမှ မလွယ်ဘူး"

"ကျေးဇူးဘဲ နော်နော် . . . ကိုယ်ပြန်ဦးမယ် ယုဝေ ကိုကိုပြန်မယ် . . . ငါ့ညီမဝဝလေးက နဲနဲမှစိတ်မရှည်ဘူး . . . စိတ်ရှည်ရှည်ထားမှပေါ့ . . . "

သူတို့နှင့်စကားကောင်းနေတာအရေးမကြီး။ ကိုဟန် ဖျားနေတာ ဆေးခန်းလိုက်ပို့မယ်လို့ ပြောထားခဲ့တာ။ ခုတလော ရွာလွန်းတဲ့မိုးကြောင့် တုတ်ကွေးတွေကလဲဖြစ်လိုက်တာ လေးလေးသိန်းတောင် ဟိုတခါက ဖျားလိုက်သေးရဲ့။ အိမ် အပြန်လမ်း တလျှောက်မှာလည်း စဉ်းစားပါတယ်။ နော်နော် တွေးသလို ကျွန်တော်လည်း တွေးတာပါဘဲ။ မိုကိုပြောလို့ရရင်ရ မရရင်တော့ မျှော်လင့်ချက်မရှိတော့ဘူး. . .။ ရအောင်ပြောဖို့ ကလည်းလွယ်မည့်ပုံမရှိ ငါးဆယ်ရာခိုင်နှုန်းတောင် မျှော်လင့်မရ။

"ကိုဆင့် အလုပ်ပျက်ပြီး ပြန်လာရတာ အားနာတယ် ကျွန်တော့်ဖာသာ ဆေးခန်းသွားလိုက်လဲ ရပါတယ် "

"မဟုတ်တာ . . . အတူတူနေကြတာ တယောက် တယောက် ကူညီရမယ်မဟုတ်လား. . .

ဆေးခန်းကို အတူ လိုက်ခဲ့ရပြန်ပါတယ်။

ရန်ပိုင်ဦးစာစဉ်

ဆေးခန်းမှာက နေမကောင်းတဲ့လူတွေများနေလေတော့ . . , စောင့်မှာကြာဦးမှာ။ တံုကင်နံပါတ်ယူထားပြီး ခပ်လှမ်းလှမ်းမှာ ထိုင်စောင့်နေကြရတယ်။

" ကိုဟန် ဘာလို့လဲ နေမကောင်းလို့လား "

နောက်ဖက်မှ နှုတ်ဆက်သံကြောင့် သူတို့နှစ်ယောက် လှည့်ကြည့်မိပါတယ်။

ဟင် . . .

ကျွန်တော်ကတော့ အံ့ဩမဆုံး။

ထိုက်ဇော် - ထိုက်ဇော်ပါလား။

ကိုဟန်လို့ခေါ်ကတည်းက ကိုဟန်နှင့်ရင်းနှီးမယ်ဆိုတာ အသိအသာကြီးဘဲ။ တခုတော့ကောင်းပါတယ်။ ကိုဟန်နှင့် ရင်းနှီးမယ်ဆို ထိုက်ဇော်အကြောင်း ကောင်းကောင်း သိနိုင်တာပေါ့ ကိုဟန်က ထိုက်ဇော်ကိုမြင်တော့လည်း . . . ဝမ်းသာ လိုက်လှဲမရှိလှပါဘူး။ ခပ်အေးအေးပုံစံနှင့်။

"အေး . . . ငါတုပ်ကွေးမိနေလို့ . . . မင်းရော နေမကောင်းလို့လား"

" မဟုတ်ဘူး ကိုဟန် ဆေးလာဝယ်တာ ညီညို နေမကောင်းဘူး . . . တနေ့ကမှ ဆေးရုံကပြန်ဆင်း ရတယ် . . ."

" ဟုတ်လား ဂရုစိုက်ပေါ့ကွာ . . . မိန်းမဆိုတာ အစားရပေမယ့် မင်းကလေးအတွက်က အမေအစားမရနိုင်ဘူး

ငါ့ဘာကူညီရဦးမလဲ . . . "

" ရပါတယ် ကိုဟန်ရယ် . . . မြို့ရောပြန်သေးလား "

အကြီးရော နေကောင်းလား "

တလောကပြန်တယ် အမေနေကောင်းပါတယ်"

" သွားမယ်ကိုဟန် "

" အေး "

ထိုက်ဇော်က ကျွန်တော့်ကို ဖျတ်ခနဲတော့ လှမ်းကြည့် ပါတယ်။ ပြီးတော့မှထွက်သွားတော့တာ။ ထိုက်ဇော်အကြောင်း မမေးခင် ကိုဟန်ကအရင်ပြောလာပါတယ်။

" ကျွန်တော့် အမေရဲ့ ညီမကမွေးတာ ကိုဆင့်ရဲ့ . . . ညီမဝမ်းကွဲပေါ့ . . . သိပ်ဆိုးတယ်။ မိဘစိတ်ဆင်းရဲအောင်လဲ လုပ်တာဘဲ. . . ရုပ်ကလေးလှတာအကြောင်းပြုပြီး ဘာအလုပ် မှ မယ်မယ်ရရ မလုပ်ချင်ဘူး ခပ်ငယ်ငယ်ကဆို ရုပ်ရှင်မင်းသား ရူးရူးသေးတာ . . . အိမ်ထောင်ကျပြီး ကလေးတယောက် ရနေပြီ မိန်းမက သူ့ဒုက္ခတွေခံရတယ် အကြွေးတွေဗလပွသားနဲ့ . . . အခု ကံကဆိုးချင်တော့ သူ့ မိန်းမက သွေးသွင်းကုနေရတဲ့ ရောဂါဖြစ်လာတယ်။ သွေးကင်ဆာ အဆင့်ထိ မရောက်သေး ပေမယ့် ခဏခဏ ဆေးရုံတက် သွေးသွင်းနဲ့ ငွေပိုလိုလာ တာပေါ့. . . "

ကိုဟန်ပြောပြတဲ့အခါ ထိုက်ဇော်အကြောင်းကို

အရင်ထက်ပိုပြီး စုံစုံလင်လင်သိလာရပါတယ်။ ထိုက်ဇော်နှင့် ရှင်းကျော် ဘယ်လို ပါတ်သက်တယ်ဆိုတာကိုတော့ ကိုဟန်သိပုံ ရမယ်မထင်ပါ. . .။ ထိုက်ဇော် ကိုယ်တိုင်ကပြောပြမှသာ သိရတော့မှာပါဘဲ။

" ကိုဟန့်ညီနဲ့ ရှင်းကျော် တခုခုပါတ်သက်ခဲ့သလား ရှင်းကျော်က ထိုက်ဇော်ကို မြင်ရင် ရှောင်တတ်တယ်"

" ရှင်းကျော့ကလှတာဘဲ ထိုက်ဇော်က လှပတဲ့ ကောင်မလေးတွေနဲ့ ရည်စားထည်လဲ တွဲခဲ့ဘူးတယ် . . . လှရင် သူကလိုက် ကြိုက်တာတွေလဲရှိတယ် . . . "

" ထိုက်ဇော် အိမ်ကို ကိုဟန်ရောက်ဘူးလား "

" ရောက်ဘူးပါတယ် . . . တာမွေမှာနေတာ "

" အကြောင်းကိစ္စ တခုခုရှိရင် . . . ကျွန်တော့်ကို လိုက်ပို့ပါလား ကိုဟန် . . . "

" ရတာပေါ့ ကိုဆင့်ရဲ့ . . . "

ထိုက်ဇော်နှင့်တွေ့နိုင်တဲ့ လမ်းစတခုတော့ ရလိုက်တာ ပေါ့လေ။ ထိုက်ဇော်က ရှင်းကျော့ကိုဘာကိစ္စများ တွေ့ချင် ရတာပါလိမ့် . . .။ ရှင်းကျော့ကရော ထိုက်ဇော်ကို ဘာလို့ ကြောက်ရွံ့နေရတာလည်း . . .။ ဒါတွေကထားပါ။ မီနှင့် ရင်ဆိုင်တွေ့ဖို့ ပထမဦးဆုံး စဉ်းစားရမယ် . . . ပြီးတော့ ပြင်ဆင်ရင်ဆိုင်ရဦးမှာ။

ရန်မိုင်ဦးစာပေ

ငြင်းဆန်ဖို့က ကိုးဆယ့်ကိုးရာခိုင်နှုန်း ရှိနိုင်သည် ဆိုဆို ကျန်ရှိနေသော တစ်ရာခိုင်နှုန်းကလေးကို မျှော်လင့်ပါရစေလား။

❀ ❀ ❀

ကိုညီနှင့် လျှောက်လည်တဲ့။ ဘယ်ကိုလျှောက်လည်ရမှာလဲ စိတ်ညစ်ပါတယ်။ ကိုညီကတော့ ရှင်းကျော့ဘယ်သွားချင်လဲ. . . မီကလျှောက်လည်တဲ့ လည်စရာလည်းမရှိပါဘူးကွာ ဆယ့်လေးငါးခြောက်နှစ်မှ မဟုတ်တာ . . .။ ရုပ်ရှင်ကြည့်မလားတဲ့. . .။ဟင့်အင်း မကြည့်ချင်ဘူးလို့ဘဲပြောလိုက်တယ်။

ရုပ်ရှင်ကြည့်ဆိုတော့ ကိုဆင့်ကိုသတိရမိတယ်။ ဘယ်အချိန်မဆို သတိရတာတော့ အချိန်တိုင်းပါဘဲလေ။

" ဒါဆို စတိုးဆိုင်တွေလျှောက်သွား ရအောင်. . . ရှင်းကျော့လိုချင်တဲ့ ပစ္စည်းတွေရင် ကိုညီဝယ်ပေးမယ်"

" ဘာမှလဲ မလိုချင်ပါဘူး"

" မလိုချင်လဲ လျှောက်ကြည့်ရအောင်ကွာ ဟုတ်လား"

ဘယ်မှာမှသွားစရာမရှိတော့လည်း လျှောက်လည်ဆိုတာ ပစ္စည်းတွေကြည့်ကြယုံပေါ့. . .။ ကိုညီရှေ့လျှောက်ရင် နောက်နားလေးကကပ်လိုက်မယ်လေ။ ပစ္စည်းတွေကို ဝယ်ဝယ် မဝယ်ဝယ် ငေးကြည့်နေလိုက်တာပေါ့ . . .။

" ရှင်းကျော့ သည်အရုပ်ကလေးကြည့်စမ်း ချစ်စရာလေး . . . "

အရုပ်ကလေးက အိုးစည်လေးပေါ် တက်ကနေတာဆိုတော့ ချစ်စရာလေးပါ။ ချစ်စရာလေး ဆိုပေမယ့် လိုချင်လှတယ်လည်း မဟုတ်ပါဘူး. . . ။

" ကိုညီဝယ်ဦးမယ် . . . "

" ရှင်းကျော့ ရှင်းကျော့ . . . "

ခေါ်သံနှင့် အတူအနီးကပ်မြင်လိုက်ရတဲ့အခါမှာ ရုပ်တရက်ထွက်ပြေးဖို့ အချိန်မရပါဘဲ ကျက်သေသေပြီး ကြည့်နေမိပါတယ်။ ရုပ်ရည်ချောမောလှပခြင်းနှင့် စိတ်နှလုံးလှပချောမောခြင်းဆိုတာကလည်းဆိုတာ ရှင်းကျော့သိခဲ့ပါပြီ. . . ။

ကိုညီလက်ကိုအတင်းဆွဲပြီး ခြေလှမ်းဖို့ပြင်ပါတယ်။

" ပြောစရာလေးရှိလို့ နဲနဲနားထောင်ပေးယုံပါဘဲ ရှင်းကျော့ရယ်. . . "

" ကိုညီ သွားကြရအောင် "

ပြောပါစေ ရှင်းကျော့ သူကထိုက်ဇော် မဟုတ်လား "

ကိုညီကထိုက်ဇော်မဟုတ်လားဆို ရှင်းကျော့လက်ကို ဆွဲပြီး ပေရပ်နေပါတယ် . . . ။

နားမထောင်ချင်ပါဘူး. . . ။

ဘာတွေပြောမှာလည်း။ ရှင်းကျော့ကြောက်တယ်။

အများတွေဟာ ရှင်းကျော့ကို ဘယ်အချိန်ထိ လိုက်ပြီး ကွပေးနေဦးမှာလည်း. . .။ ကိုညီ့ကိုကွယ်ရပ်ပြီး ထွက်ပြေးလို့ ရလို့သာငြိမ်နေရတယ်။

" ငါ့မိန်းမ အရမ်းနေမကောင်းလို့ပါ . . . အဲဒါ နင့်ရဲ့ ဆွဲကြိုးကလော့ကက်ကို ရောင်းခွင့်ပြုပါ . . . "

" ငါမသိဘူး . . . ငါ့ဆီက နင်ယူသွားပြီးပြီဘဲ င်ဖာသာဘာလုပ်လုပ်. . . "

" မဟုတ်ဘူးရှင်းကျော့ . . . နင့်လော့ကတ်သီးမှာ ဘယ်လိုကျိန်စာရှိသလဲ မသိဘူး ရောင်းမယ် ကြံလိုက်ရင်ငါတခုခု ဖြစ်တော့တာဘဲ . . . "

" ဘာကျိန်စာမှ မရှိဘူး. . . အဲဒါငါ့အမေက ငါ့ကို အမွေပေးခဲ့တာ . . . ငါရဲ့မိဘအမွေနင် လိမ်ညာ ယူသွားလို့ . . . ဒုက္ခဖြစ်တာ . . . ဆွဲကြိုးကိုယူလိုက်ပါ။ လော့ကတ်ကို ပြန်ပေးပါ ငါတောင်းပန်တုံးက နင်ဘာပြောလဲ . . . ဆွဲကြိုးက တကျပ်သားလေး စိန်လော့ကက်တန်ဖိုးက ငွေငါးသိန်းလောက်ရှိတာ ပြန်မပေးနိုင်ဘူးဆို . . . "

"အေးပါဟာ . . . ငါတောင်းပန်တယ် အခုငါ့ကို ငွေငါးသိန်းဘဲ နင်ပေးပါလား. . . နင့်အမေအမွေ လော့ကက်သီးကို ပြန်ယူပါ . . . "

ခုမှဘာတွေလာ ပြောနေရပါလိမ့် . . .။

မေမေ့စိန်လော့ကတ်ဆွဲသီးလေးတော့ ပြန်လိုချင်ပါတယ်။ ဒါပေမယ့် ထိုက်ဇော်ကို ငွေငါးသိန်းပေးရမတဲ့။ ဘာပေးစရာလိုသလည်း။ သည်ဆွဲကြိုးနဲ့ လော့ကတ်ကို ရှင်းကျော့ဆီက သူလိမ်ညာယူသွားခဲ့တယ်။ တော်ပြီ တော်ပြီ ဘာမှပြန်မယူဘူး။

" မသိဘူး နင်လိမ်ညာယူခဲ့ပြီးပြီ ရောင်ချင်ရောင်း မရောင်းချင်နေ . . . ငါနဲ့မပါတ်သက်ဘူး . . . ငါ့လဲလာ မခေါ်နဲ့ သွားစို့ကိုညီ . . . "

" နေပါဦး ရှင်းကျော့ရယ် . . . ခုနသူပြောတာ တကယ်ဘဲရှင်းကျော့ အမေရဲ့လော့ကတ်လား . . . ဒါဆို ပြန်ယူမယ် "

" နေပစေကိုညီ နေပစေ . . . "

" ငါတောင်းပန်တယ်ရှင်းကျော့ အဲသည့်လော့ကတ်ကို ရောင်းဖို့လုပ်လိုက်တဲ့နေ့တိုင်း ငါတခုခုဖြစ်လို့ပါ။ တခါက ဆိုင်ကယ် မှောက်တယ် တခါက ကားတိုက်ခံရတယ် တခါက ဆေးရုံရောက်တယ် . . . ငါ ငွေအရမ်းလိုနေလို့ပါ . . . "

" မသိဘူး "

" နေပါဦး ရှင်းကျော့ရယ် ကိုညီအေးအေး ဆေးဆေး မေးပါရစေဦး . . . ကဲပါ . . . မင်းနဲ့တွေ့နိုင်မယ့် လိပ်စာပေးခဲ့

ကိုယ်လာတွေ့မယ် . . .”

“ ကျေးဇူးဘဲအစ်ကို . . .”

ထိုက်ဇော်ထွက်သွားပြီ။ ရှင်းကျော့လက်တွေ အေးစက်ပြီး ခြေလှမ်းတွေပင်တုန်လှုပ်နေတာ။ ကိုညီက ရှင်းကျော့ကို တွဲခေါ်ရတယ်။ ဘာလို့ အရာရာကိုရင်ဆိုင်ရဲဝံ့တဲ့ သတ္တိတွေမရှိရပါလိမ့် . . .။

“ ဘာမှခေါင်းထဲထဲ့မနေနဲ့ . . . ရှင်းကျော့ အနာဂါတ်တခုလုံးကို ကိုညီရင်ဆိုင် ဖြေရှင်းပေးမယ် . . .”

ကျေးဇူးကိုညီရယ် ကိုညီ့ပုခုံးစွန်းပေါ် မှီနေလျှက်သားမှ ဖြစ်အောင် ခြေထောက်တွေယိုင်နဲ့ လွန်းနေပါရောလား . . .။

❀ ❀ ❀

ဟာင်။

သိပ်ချစ်ရတဲ့ ရှင်းကျော့ . . .။ ကျွန်တော့် ခြေလှမ်းတွေဟာ ချက်ခြင်းရပ်တန့်သွားရပါတယ်။ လူတယောက်ကို မှီနွဲ့ပြီး လျှောက်လာတဲ့ ရှင်းကျော့ဟာ . . . အဲသည့်လူအပေါ် . . .။ အားကိုးတွယ်တာခြင်းရဲ့ ပြယုဂ်လား။ ချစ်ခင်ကြည်နူးခြင်းရဲ့ ပြယုဂ်လား။

စိတ်ထိခိုက်ကြေကွဲခြင်းဖြစ်ရပါတယ်။ ကိုဆင့်ကို . . . ဆိုတဲ့စကားဟာ တကယ်ရောချစ်တယ်ဆိုတဲ့ စကားကို ဆက်ပြောဖို့ ရည်ရွယ်သည်မှဟုတ်ပါရဲ့လား . . .။ အခုတော့

ပြန်တွေးရပြန်ဦးမည်လား. . .။ သည်လူဟာ ကိုညီညီလှိုင်ဆိုတဲ့လူများလားမသိ. . .။ ဟုတ်ခဲ့ရင် . . . မီကာသဘောတူလို့ပါဆိုတဲ့ အပြောထက် ရှင်းကျော့ရဲ့ သံယောဇဉ်တွေပါရှိမနေဘူးတဲ့လား. . .။

အိတ်ထဲကဆေးစာရွက်ကို ထုတ်ပြခိုက်မှာ . . .။

" သည်ဆေး လိုချင်လို့ပါ . . . "

ဘေးမှအသံကြောင့် အမှတ်မထင် ကြည့်မိပါတယ်။

" ဩော် . . . "

" ဟင် "

ထိုက်ဇော်ကို ကိုယ်တိုင်ကပင် ကျွန်တော့်ကိုအမြင်မှတ်မိနေပုံရပါတယ်။ ခဏနေတော့ အပြုံးတပွင့်နှင့် နှုတ်ဆက်တယ်လေ။

" ကိုဟန့်အတွက်ဆေးလာဝယ်တာပါ . . . "

" ဟုတ်လား . . . ကျွန်တော်က ကျွန်တော့်အမျိုးသမီးအတွက် ဆေးလာဝယ်တာပါ . . . "

နောက်ထပ်ဘာပြောရမှန်းမသိခင် ထိုက်ဇော်က သွားမယ်ဆိုပြီး လှည့်ထွက်ဖို့ပြင်တယ်လေ။ သည်လိုအခွင့်အရေးမျိုးရဖို့ မလွယ်ဘူးဆိုပြီး . . .။

" ထိုက်ဇော်ခဏလောက်စောင့်ပါလား "

အဲလိုပြောတော့ ပလက်ဖောင်းပေါ် ရပ်စောင့်တယ်လေ. . .။ ဆေးရလို့ အိတ်ထဲထည့်ပြီး ထိုက်ဇော်ဘေး

အရောက်မှာ လိုရင်းကို တိုရှင်းစွာပင် မေးလိုက်တယ်။

နိဒါန်းတွေ စာကိုယ်တွေနှင့်လည်း ချဲ့ပြီးပြောမနေချင်တော့ဘူး။ စိတ်ကနောက်ကျိ ရှုပ်ထွေးနေသည် မဟုတ်ပါလား. . .။

" ထိုက်ဇော် . . . ရှင်းကျော့ကို မင်းပြောစရာရှိတယ်ဆိုတာ အစ်ကို့ကို ပြောပြနိုင်မယ်ဆိုရင် ပြောပြပါလား. . . အစ်ကို ရှင်းပေးနိုင်ပါတယ် . . . "

ဖျတ်ခနဲကြည့်လာတဲ့ မျက်ဝန်းလေးဝိ

ရုတ်တရက် အတွေးဝင်သွားတဲ့ပုံ။

ပြီးတော့ ပြုံးသွားတယ်။

" အဲသည့်ကိစ္စနဲ့နဲ့ အဆင်ပြေသွားပြီ . . . ခုနကဘဲ ရှင်းကျော့တို့နဲ့ တွေ့လိုက်တယ်လေ . . . "

" ရှင်းကျော့တို့နဲ့ တွေ့လိုက်တယ် "

" ဟုတ်တယ်. . . "

ဒါကြောင့်များလား။ ရှင်းကျော့ဟာ ထိတ်လန့်တုန်လှုပ်ခြင်းကြီးစွာဖြစ်ခဲ့လို့လား။ ထိုက်ဇော်နှင့် တွေ့တိုင်း ကျွန်တော့်ကို အတင်းဆွဲဖက်ကာကွယ်တတ်တဲ့ရှင်းကျော့ရဲ့ ကြောက်ရွံ့လွန်းသော ဝ ့ ယ်တာမှုတွေ။

ဟိုလူ့ကိုမှီတွယ်လျောက်သွားခဲ့တာဟာ ကြောက်ရွံ့ခြင်းရဲ့တုန်ခိုက်မှုလား. . .။ ဖြစ်နိုင်တာပေါ့. . .။ ခုနက

အတွေးတွေ လွှဲချော်ခဲ့တာပါလား။

" ကိစ္စက တော်တော်ရှင်းသွားပါပြီ. . . သူ့လူနဲ့ ကျွန်တော်ချိန်းလို့ရသွားပြီ . . . ပစ္စည်းတခုကိစ္စနဲ့ ရှင်းကျော့ကို တွေ့ချင်နေတာပါ . . . အခုရပါပြီ သွားမယ် . . . "

လှစ်ခနဲဆိုထွက်သွားပြီ။

ကျွန်တော့်မှာသာ နေရာမရွေ့နိုင်သေး။

ပစ္စည်းတခုကိစ္စကြောင့် ရှင်းကျော့နဲ့ တွေ့ချင်တာလို့ ဆိုပါတယ်။ ထိုက်ဇော်ရဲ့ ငွေကြေးစိတ်မချရမှုကိုလည်း သိနေခဲ့တာပါဘဲ . . .။ ပစ္စည်းလေးတခု အရှုပ်အရှင်း ဖြစ်တာဟာ . . . ရှင်းကျော့အတွက် သည်အမျှထိတ်လန့်စရာလား။

ရှင်းကျော့ကတော့ ထိတ်လန့်သွားတာ အဖြစ်နိုင်ဆုံး အခြေအနေပါဘဲ။ ဘာဘဲပြောပြော ရှင်းကျော့ရယ် . . .။ မင်းကို ချစ်တယ်။ သည့်အတွက် ရင်ဆိုင်သင့်တာတွေကို ရင်ဆိုင်လိုက်ရင် အဖြေဟာ အနီးဆုံးနေရာကိုရောက်လာမှာပါ။

မိုးဆင့်ဝေတယောက် တစ်ရာခိုင်နှုန်းသော မျှော်လင့်ချက်မှာပင် ရဲဝံ့ရတော့မှာပါဘဲ။

❁ ❁ ❁

" အဲလိုဖြစ်ခဲ့တယ် မီ "

❀ ရန်ပိုင်ဦးစာပေ ❀

စိတ်မှာနည်းနည်းလေး ငြိမ်သက်သွားချိန်မှာ ထိုက်ဇော် ပြောသည့်စကားတွေကို မီ့ကိုဖွင့်ပြောပြလိုက်ပါတယ်။ မေမေ့ အမွေ စိန်လော့ကက်ကလေးကို ပြန်လိုချင်ပေမယ့် သူတောင်း တဲ့ ငွေငါးသိန်းမပေးချင်ပါဘူး . . .။ မီ့ကို လျှို့ဝှက်ဖုံးကွယ် မထားသင့်ဘူး ဆိုတဲ့ခံစားမှုကြောင့်လည်း ဖွင့်ပြောပြလိုက် ပါတယ်။

" မီသိပြီးပါပြီ "

" ဟင် မီသိပြီးပြီ"

" ညီညီပြောတယ် ညီညီက မီ့ခေါင်းထဲထည့်မနေပါနဲ့ သူ ပြန်ရွေးခဲ့ပေးမယ်ပြောတာဘဲ။ သူရွေးလာလိမ့်မယ် . . . ဘာဘဲပြောပြော ဒါဟာ ရှင်းကျော့အတွက် အမေ့ရဲ့အမွေဘဲ . . . ထိန်းသိမ်းရမယ့် ပစ္စည်းတခုလေ. . . သူနဲ့ရော တခြားလူနဲ့ပါ မထိုက်တန်ဘဲ ရှင်းကျော့နဲ့မှထိုက်တန်လို့ ရှင်းကျော့ဆီ ပြန်ရောက်လာရတဲ့ အခွင့်အရေးကို လက်လွှတ် ခံလို့ ဘယ်ဖြစ်မလည်း. . . "

ကိုညီက ဘာမဆို မီ့ကိုဖွင့်ပြောပြပါသလား။

အင်းပေါ့လေ. . . သည်လိုမျိုးကြောင့်လည်း ရှင်းကျော့ ဘဝခရီးဖော်အဖြစ် ကိုညီ့ကိုမီက ရွေးချယ်ပေးခဲ့တာ နေမှာပါ. . .။

" ညီညီဟာ ရှင်းကျော့အတွက် ဘဝတလျှောက် အဖော်ကောင်းအဖြစ် မီရွေးတာ မှန်တယ်မဟုတ်လား

ရှင်းကျော် ... သူဟာတသက်လုံးရှင်းကျော်ရှေ့က မားမားမတ်မတ်ရပ်တည်ပေးလိမ့်မယ် ..."

အဲလောက်ယုံကြည်နေတဲ့မို့ကို ကိုညီကိုမချစ်ဘူး ကိုဆင့်ကိုဘဲ ချစ်တယ်လို့ ဘယ်လိုပြောရက်ပါမည်လည်း။ ကိုညီကရောဘယ်လို အကြောင်းပြချက်နှင့် ငြင်းပယ်သင့်တာလည်း...။ သက်ပြင်းတချက် တိတ်တိတ်ကလေး ခိုးရှိုက်ရတယ်။

ဘာဖြစ်လို့များ ဘဝတခုလုံးအတွက် စိတ်မှာ သတ်မှတ်ချက်တခုဖြစ်ခဲ့ပြီးမှ ... ကိုဆင့်ကိုစက္ကန့်မလပ် သတိရနေပါလိမ့်။ ကိုဆင့်ကိုကြတော့ မေ့ပစ်လိုက်ပါတော့လို့ ရှင်းကျော်ကို ရှင်းကျော် လူတတ်ကြီးလုပ်ပြီးပြောခဲ့ပြီး.... ရှင်းကျော် ကိုယ်တိုင်ကြတော့ ....ဘာလို့များ ကိုဆင့်ကိုမမေ့နိုင်ရတာလည်း...။

" ရှင်းကျော့ဆီကို နော်နော်ဖုန်းဆက်တာ နှစ်ခါသုံးခါရှိနေပြီ ရှင်းကျော် ပြန်ဆက်လိုက်ဦး"

" ဟုတ်ကဲ့ "

နော်နော်ကဘာလို့ ဖုန်းခဏခဏဆက်နေရတာလည်း။ အလုပ်ကိစ္စများလား။ ဟိုအရင်ကတော့ သူငယ်ချင်းသုံးယောက် အတူအလုပ်လုပ်ကြမယ်လို့ တွေးခဲ့ဘူးပေမယ့်... ခုချိန်မှာတော့ ကိုညီနှင့် လက်ထပ်ရမည်ဆိုဘယ်လို အလုပ်လုပ်မလည်း။ အိမ်ထောင်ဦးစီးရဲ့ သဘောတခုနှင့် ရှင်းကျော်

နေရမှာမဟုတ်လား။

နော်နော့်ဆီ ဖုန်းဆက်ရတယ် ဘာကိစ္စရှိလို့လည်းလို့။

" ကိုဆင့်ကတော့ မို့ဆီကိုလာတောင်းမယ်ပြောတယ် ...ချင်းကျော့ ... နင် ကြိုသိပြီးရင်ဆိုင်နိုင်အောင် ငါပြောတာ ...ယုဝေကတော့ နင်ကကိုဆင့်ကို ငြင်းတာနဲ့ပတ်သက်ပြီး စိတ်ဆိုး ...နေတယ် သူ့အစ်ကိုမှာ ဘာငြင်းစရာရှိလဲပေါ့ဟာ ... ကိုဆင့် ...စိတ်ထိခိုက်ခံစားရတာကို မြင်တော့လည်း သူစိတ်ဆိုး ...မှာပေါ့... "

" စိတ်ဆိုးလဲခံရမှာပေါ့ဟယ် ... ငါပြောခဲ့ပြီးပြီဘဲ ...ငါ့အနာဂါတ်ကို မီဘဲဆုံးဖြတ်မယ်လို့လေ ... "

" နင် ကိုဆင့်ကို မုန်းလို့ငြင်းလိုက်တာလား "

" ဟယ် ... မဟုတ်ပါဘူး ... မမုန်းပါဘူး"

"ဒါဆို ချစ်နေတာလား ... "

မဖြေပါရစေနဲ့တော့လား

ချစ်ခြင်းကိုရင်ထဲမှာဘဲ ထားပြီးတော့ ... ဝေးကွာ ...ကြတာဘဲကောင်းပါတယ်။

" ဟင့်အင်း "

" နင်မချစ်ဘူးဆိုလည်း ကောင်းကောင်းမွန်မွန်ပြောပြီး ...ငြင်းလိုက်ပေါ့ ... သူကတော့ ... မို့ဆီမှာနင့်ကို ...လာတောင်းမှာဘဲတဲ့... "

" ခက်တဲ့ကိုဆင့်ဘဲ "

ရှင်းကျော့ စိတ်ညစ်သွားတယ်။

ဘာဘဲပြောပြော မှီရှေ့ရောက်လာပြီဆိုမှီက မေးတော့မှာပေါ့ . . .။ ကိုဆင့်ကို ရှင်းကျော့ချစ်ပါတယ်။ ဒါပေမယ့် ခုအခြေအနေမှာ ချစ်ခြင်းအားလုံးကို မေ့လိုက်တာဘဲကောင်းပါတယ်။ ရင်ထဲမှာဘဲထားလိုက်ပါတော့လား။

" နင့်ရင်ဆိုင်ဖို့ကို ငါကြိုတင်ပြောပြထားတာ ရှင်းကျော့နင်ဘယ်လိုဆိုင်သလဲ "

" သူနဲ့ ငါချစ်သူတွေမှ မဟုတ်တာဘဲဟာ . . . ငါလဲချစ်တယ်လို့ ဖြေခဲ့တာမှမဟုတ်တာဘဲ . . . လာပစေတော့ . . . ပြင်းမှာဘဲ . . . ကျေးဇူးတင်ပါတယ် နော်နော် ဟိုတုံးကတည်းက ယုဝေထက်စာရင်နင်က ပိုပြီးစိတ်ရှည်တယ်မဟုတ်လား . . . "

" ရပါဘယ်သူငယ်ချင်း အချင်းချင်းတွေဘဲ ရှင်းကျော့ရယ် . . . "

နော်နော်ဖုန်းဆက်ပြီးတော့ စိတ်ကိုဘယ်လို မာန်တင်းထိတ်လန့်နေသလိုပါဘဲလား။ ကိုဆင့်ကလည်းလေ . . . ဘာလို့များ မှီဆီကို လာတောင်းပန်ရမှာလည်း။ မိန်းကလေးတယောက်ကို လာတောင်းတယ်ဆိုတာ မိန်းကလေးကလည်းစိတ်တူသဘောတူမှ တောင်းသို့ရမှာပေါ့ . . .။ ရှင်းကျော့က

ချစ်တယ်လို့ ပြောခဲ့သည်မှ မဟုတ်တာ။

မျက်ဝန်းစုံမှိတ်ငြင်းဆန်ရတော့မည်။ ကိုဆင့်ရယ် . . . အဲလိုအခြေအနေမျိုးတွေကို ရှင်းကျော့ရင်မဆိုင်ချင်ဘူး။

❀ ❀ ❀

ရှင်းကျော့ စိတ်ဆိုးချင် စိတ်ဆိုးပါလိမ့်မည်။ ဒါပေမယ့် ခုလိုမျိုး ရင်မဆိုင်လို့မဖြစ်ဘူး။ သိပ်ချစ်မိပြီလို့ သိပြီးတဲ့အခါမှာ ဝေးကွာခြင်းအတွက်ဘယ်လိုမှ ရင်မဆိုင်ချင်ဘူး။ မဝေးကွာချင်ဘူး။ ဘယ်လိုမှ မတတ်သာလို့ လက်လျော့ရသည်ဆိုစေ နောက်ဆုံးအခြေအနေအထိ ကြိုးစားကြည့်ချင်ပါသေးတယ်။

ရှင်းကျော့က ကျွန်တော့်ကို မချစ်ဘူးဆိုရင်တမျိုးပေါ့။

ရှင်းကျော့ မျက်ဝန်းလေးတွေက နွေးထွေးသော အချစ်ကို တွေ့ခဲ့ပြီးတော့မှ ကျွန်တော်လွယ်လွယ်နှင့် လက်မလျော့နိုင်ဘူးလေ။

ထပ်တူညီသော နှလုံးသားဆိုတာကရှိနိုင်ဖို့ လွယ်သည်မှ မဟုတ်တော့တာ . . . ။

ဒါကြောင့်မို့ ကျွန်တော်ရောက်လာခဲ့ရတာပါမီ . . . ။

ဘဲလ်သံကြောင့် လာဖွင့်တဲ့သူကို အမြင်မဝလို့သိတယ်။

" မမီရှိလား ဟင် "

" မီ ရှိတယ် "

"တွေ့ချင်ပါတယ်"

"ဘယ်သူလို့ ပြောပေးရမလဲ "

"မိုးဆင်းဝေလို့ ပြောပေးပါ . . . ဒါနဲ့ ရှင်းကျော့ရော ရှိလား . . ."

"ရှိပါတယ် . . . "

"မမို့ကိုဘဲပြောပေးပါ . . . မိုးဆင့်ဝေကတွေ့ချင်လို့ပါလို့ . . ."

မဝေကသွားမေးပေးပါတယ်။

တံခါးဝမှာရပ်နေရင်း လှမ်းကြည့်လိုက်မိတဲ့အခါမှာ နှင်းဆီပန်း ပန်းရောင်လေး တပွင့် ပွင့်နေပါတယ်။ ပန်းရောင်ဆိုတာ အချစ်ရဲ့သင်္ကေတပါဘဲ။ အချစ်အတွက် ကိုယ်ရောက်လာခဲ့တယ်ရှင်းကျော့ ဘယ်သို့ဖြစ်လာမည်တော့မသိပါ. . .။

"ဝင်ပါ . . . မီက ဧည့်ခန်းမှာဘဲ စောင့်နေပါတဲ့ ."

ရောက်ခဲ့ဖူးသော ဧည့်ခန်းပါ။

ဒါပေမယ့် ခံစားချက်ကတော့ ကွာတာပေါ့လေ။ မို့ကိုတွေ့ရမယ် ရင်ဆိုင်ရမယ် မီကဘယ်သို့သော စကားကိုဆိုလိမ့်မည် မသိပါ။ စောင့်နေရသော အချိန်ကလေးကိုပင် စိတ်မရှည်ချင်။

ဘီးတပ်ကုလားထိုင်ကို ကိုယ့်ဖာသာတွန်းရွှေ့ရောက်လာတဲ့ မို့ကိုမြင်းဘူးလိုက်ရပြီ။ ကျက်သရေရှိရှိနှင့်

သော မိန်းမတယောက်ပါဘိ။ မျက်နှာပေါ်မှာ မာနတော့
နေတယ်။

" မိုးဆင့်ဝေနော် "

" ဟုတ်ကဲ့ "

" ဆိုပါဦး မီနဲ့ ဘယ်လိုအကြောင်းကြောင့်တွေ့ချင်
လည်း . . . "

ကျွန်တော်အမှန်တိုင်းဘဲ ပြောလိုက်တယ်။ လိမ်ညာ
ယ်ဝှက်နေစရာအကြောင်း တခုမှ မရှိဘူး။ ရှင်းကျော့ကို
န့်လွှတ်နိုင်လို့ပါဆိုတဲ့ အကြောင်းကစပြီးတော့ . . .။
န်တော်က ချစ်ခြင်းမေတ္တာကို စွန့်လွှတ်ဖို့ဆိုတာ နှစ်ဦး
ဖက်ချစ်နေပါလျှက် . . .။ မီ့ကို သူ့စိတ်မှာ ရှိသမျှ
ကြောင်းကို အမှန်အတိုင်းပြောပြလိုက်တာပေါ့။ မီဟာ
ပ်ထိမ်းသူတယောက် အနေနဲ့ ပြောပြရမှာဘဲ။

မီက သေချာစေ့စေ့ကြည့်ပြီး ပြုံးနေတယ်။

" ကောင်းပြီလေ . . . မင်းက ရှင်းကျော့ကို အုပ်ထိန်း
ဆီမှာ ပွင့်ပွင့်လင်းလင်း ပြောပြီးတောင်းတာ ကောင်းပါတယ်
ပေမယ့် မင်းတခုသိရမှာက ရှင်းကျော့နဲ့ မင်းဟာ ချစ်သူလား"

" ရုတ်တရက် ဘာဖြေရမှန်းမသိပါဘူး. . .။
ျွန်တော်တို့နှစ်ယောက်လုံးရဲ့ ရင်ထဲမှာ ချစ်ခြင်းအတူတူ
တယ်လို့ပြောတော့ ရယ်တယ်။ ဟုတ်လား။ ကောင်းပြီလေ

ဒါဆိုရင် . . . ရှင်းကျော့ကို မင်းမေးကြည့်ပါတဲ့ . . .။ မဝေကဏ္ဍဆင့် ရှင်းကျော့ကို လွှတ်လိုက်ဖို့ မီကပြောတယ် သတ္တိရှိပါ ရှင်းကျော့။ ခုအချိန်ဟာ ရှင်းကျော့နဲ့ ကိုယ့်အတွက် နောက်ဆုံးအချိန်လို့ ပြောလို့ရပါတယ်။

ရှင်းကျော့ရဲ့ ခြေသံဟာ ကြောက်ရွံ့တုန်လှုပ်မှုတွေ ရှိနေသလား . . .။

မော့ကြည့်မိတဲ့အခါမှာ . . .။

ခေါင်းငုံ့နေလိုက်တာ။ မျက်နှာလေးမှ မြင်ခွင့်မရ။

" ရှင်းကျော့ . . . မီ အမှန်ကိုဘဲလိုချင်တယ် မိုးဆင့်ဝေနဲ့ ရှင်းကျော့ ချစ်နေကြသလား"

" ဟင် မချစ်ပါဘူး မချစ်ပါဘူး မချစ်ဘူး . . . "

အံ့ဩရပြီ။ တကယ့်ကိုဘဲ။ မချစ်ဘူးလို့ရှင်းကျော့ နှုတ်မှပြောရက်ပါလား။ မချစ်ဘူးလို့ပြောရင် တကယ်မချစ် တာလား . . .။

" မိုးဆင့်ဝေ ကြားပြီနော် . . . မီကရှင်းကျော့ကိုဘာမှ မချုပ်ချယ်ဘူး . . . သူ့စိတ် သူ့ခံစားချက် သူ့ဖွာသာဆုံးဖြတ်ခွင့် ရှိပါတယ်။ အခုသူ မချစ်ဘူးလို့ ပြောတာဟာ မချစ်လို့ပါဘဲ. . . "

" ရှင်းကျော့ ကိုဆင့်မေးပါရစေဦး "

" မမေးနဲ့ မမေးနဲ့ မမေးနဲ့ မမေးပါနဲ့ . . . "

ပါးမို့မို့ပေါ် စီးကျလာတဲ့ မျက်ရည်စတွေဟာ မိုးဆင့်ဝေ နှုတ်ကို ဆွံ့အသွားစေပါလား။ မေးချင်တာတွေ ရင်မှာ ပြည့်လျှံ

နေပါလျှက် . . . ရှင်းကျော့မျက်ရည်ဟာ နာကျင်ပင်ပန်းလာစေပါလား. . .။

" ရှင်းကျော့သွားနိုင်ပြီ မိုးဆင့်ဝေကိုမီ ပြောစရာရှိသေးတယ်. . ."

ရှင်းကျော့ပြေးထွက်သွားတဲ့ ခြေလှမ်းတိုင်းဟာ ကိုယ့်နှလုံးသားကိုနင်းချေသွားသလို ပါဘဲလား။ အခုတခါတွေ့ရတာဟာ နောက်ဆုံးတွေ့ခြင်းများလား။

" မိုးဆင့်ဝေက ရှင်းကျော့ကို လက်ထပ်ချင်တယ်ဆိုလို့ မေးပါရစေဦး . . . "

" ဟုတ်ကဲ့ "

" ယောကျ်ားလေးတယောက်ဟာ . . . ခိုးရာလိုက်ပြေးဘူးတဲ့ မိန်းကလေးကို လက်ထပ်ချင်သလား"

" ဗျာ "

မီ့ရဲ့စကားတခွန်းကြောင့် ကျွန်တော်အံ့သြလွန်းစွာကြည့်နေမိပါတယ်။ မီကတော့ ခပ်အေးအေးဘဲ စကားတွေများစွာပြောနေပြန်တာ။ သည်စကားတွေဟာ အမှန်တွေလားမီလုပ်ကြံပြောနေတာလား. . .။ ရှင်းကျော့ဟာ ယောကျ်ားလေးတယောက် နောက်ကိုလိုက်သွားဘူးပြီးသားတဲ့. . .။ ခေါင်းထဲမှာ နောက်ကျိရှုပ်ထွေးလာပါတယ်။

" မင်းစိတ်မှာ မီပြောနေတာတွေဟာ စိတ်ပျက်

အားလျော့သွားအောင် ပြောနေတယ်လို့ထင်ရင် ရှင်းကျော့လိုက်သွားတဲ့ ကောင်လေးရဲ့နာမည်ပါ ပြောပေးလိုက်မယ် . . . ထိုက်ဇော်တဲ့ . . . ”

“ ဗျာ . . . ”

နာမည်တခုသည် နားစည်အတွင်းသို့ မီးတောက်တစ်ခုမှာ ဝင်ရောက်တောက်လောင်စေပါလား . . . ။ အံ့ဩခဲ့ရပြီလေ။

❀ ❀ ❀

မီ . . .

ရက်စက်လိုက်တာလို့ မပြောရက်လည်း ပြောရတော့မှာပါဘဲ ကိုဆင့်ကိုရှင်းကျော့ ငြင်းခဲ့ပြီဘဲ။ မီရှေ့မှာလဲ မချစ်ပါဘူး မချစ်ပါဘူးလို့ တိတိကျကျငြင်းပေးခဲ့တယ်။ နှလုံးသည်းပွတ်နှင့်တမျှရင်းပြီး ချစ်ရသူပါ။ ချစ်တယ်သာပြောချင်တာပေါ့လေ။ အခုတော့ မချစ်ဘူးလို့ အဖြေပေးခဲ့ပြီဘဲ။

ကိုဆင့်နှင့်ဘဝမှာ ဘာဆိုဘာမှ ပါတ်သက်စရာမရှိတော့ပါဘူး . . . ဘာလို့များ ထိုက်ဇော်နှင့် အကြောင်းဖွင့်ပြောခဲ့ပါလိမ့်။

မျက်ရည်ဟာ ရှင်းကျော့ရဲ့ အဖော်ဖြစ်ခဲ့ချိန်ကြာပါပေါ့။ မီ့ကို စိတ်ထိခိုက်နေတာမို့ စကားလဲမပြောချင်တော့ပါဘူး. . ။

ငိုပြီးရင် . . . ငိုပေါ့. . . ။

ပြတင်းမှန်ကတဆင့် အပြင်ကိုကြည့်မိတဲ့အခါမှာ မိုးသည်းသည်းရွာနေပါလား. . . ။

ရွာလိုက်တဲ့မိုး

ရွာလွန်းတဲ့မိုးရယ် . . . ။

ရှင်းကျော့ဘဝမှာ ဘာလို့များဆုံးဖြတ်ချက်မှားခဲ့ ရပါလိမ့်။

ငယ်လွန်းတဲ့ အရွယ်ကအသိဟာ ဘဝတခုလုံး ထိတ်လန့်ခြောက်ချားစေပါလား. . . ။

သည်လိုအချိန်မှာကြတော့မှ အတိတ်ရဲ့အမည်း အစွန်းကို ရှင်းကျော့ဘယ်လို ပြန်ဖျက်နိုင်မှာလဲ . . . ။

" ရှင်းကျော့လေး . . . "

" ဒေါ်ကြီးစော . . . ဘာလုပ်ပေးရမလဲ "

ပါးပြင်ပေါ်က မျက်ရည်စကို သုတ်ပစ်ပြီးမေးရတယ်။ မိဘာခိုင်းစရာရှိလည်း။ လုပ်ပေးမှာပါ. . . ။ ဒေါ်ကြီးစောက အနားမှာ ထိုင်နေတယ်. . . ။ ရှင်းကျော့ဖွင့်ထားတဲ့ပြတင်းကနေ သည်းလွန်းရွာလွန်းတဲ့မိုးတွေကို မြင်နေရတယ်လေ. . . ။

" အဲသည့်အချိန်က ရှင်းကျော့ အသိဉာဏ်မှာ အင်မတန်ကြောက်ရွံ့နေရတဲ့ မိအရိပ်ကလွတ်မြောက်ချင်တဲ့ သဘောပဲ ရှိခဲ့ပါတယ်. . . "

ရုတ်တရက်ရောက်ရှိလာတဲ့ မိထွေးရဲ့ နှိပ်စက်ခြင်းအမုန်းတွေကြောင့် ရှင်းကျော့ဟာ သိပ်ကို စိတ်ပင်ပန်းခဲ့ရတဲ့အချိန်တွေပါဘဲ။ ဒါကြောင့်လည်း ထိုက်ဇော်က တဖက်ခြံမှာနေပြီး ချစ်တယ်လို့ပြောတဲ့အခါ . . . ခေါင်းငြိတ်ခဲ့မိတာပါ. . .။

"အချစ်ဆိုတာ . . . နှလုံးသားတခုတည်းနဲ့မဟုတ်ဘဲဦးနှောက်နဲ့လည်းစဉ်းစားရတာပါ . . . အချစ်ဘာလဲဆိုရှင်းကျော့ သိပါပြီ"

ထိုက်ဇော်ကို နှလုံးသားနဲ့လဲ မချစ်ခဲ့ဘူး။

ဦးနှောက်နဲ့လဲစဉ်းစားခဲ့တာ မဟုတ်ဘူး. . .။

မွန်းကြပ်သိပ်နေတဲ့ အိမ်ကလေးအတွင်းမှာ ပျော်ရွှင်မှုကင်းမဲ့ရာက . . . အမှားအယွင်းတွေကို လက်ခံခဲ့မိတာပါ. . .။ ဒါဟာ အချစ်မဟုတ်ဘူးဆိုတာလဲ မသိခဲ့ပါဘူးလေ. . .။

" အဲသည့်အိမ်မှာ ဘာပျော်စရာရှိလဲရှင်းကျော့ မိထွေးက နှိပ်စက်နေတာ. . . စိတ်ညစ်စရာတွေဘဲ ပြည့်နေတဲ့ အိမ်မှာရှင်းကျော့နေမနေနဲ့ ကိုဇော့်နောက်လိုက်ခဲ့ အဝတ်အစားတော့ ယူမနေနဲ့သိနေတယ်. . . အခုဆွဲထားတဲ့ စိန်လော့ကတ်နဲ့ ဆွဲကြိုးတော့ယူလာခဲ့အကျီထဲ ထည့်ဆွဲခဲ့ . . . နော် . . ."

ထိုက်ဇော်ရဲ့အပြောတွေဟာ အမှန်တွေလား လိမ်ညာ

ခြင်းတွေလားဆိုတာ . . . ဘာကိုမှမဝေခွဲတတ် ခဲ့ပါဘူး. . .

ဦးနှောက်နည်းတဲ့ စိတ်ကစားတတ်သော အရွယ်ရဲ့ မှားယွင်းခြင်းဒါဏ်ကို တသက်လုံးခံစားရခဲ့တာပါ. . .။

အဲသည့်နေ့ကလည်း မိုးတွေသည်းပါတယ်။ မိုးသည်းသည်းကြားမှာ စာအုပ်ဆိုင်ဆိုခဏထွက်ခဲ့တာ . . . မီမသိအောင် မနည်းခိုးဝှက်ထွက်ရတာပါ။ မိုးသည်းသည်းတွေကိုလဲ ရှင်းကျော့ကြောက်တတ်ခဲ့ပါတယ်။ လှည့်တကြည့်ကြည့် ထွက်ပြေးခဲ့တဲ့အခါမှာ . . . ထိုက်ဇော်ကကားဂိတ်မှာ လက်မှတ်ဖြတ်ပြီးစောင့်တယ်။ ကားဂိတ်မှာတွေ့တဲ့အခါ. . .။

" ဆွဲကြိုးကို ကိုဇော့်ပေးထားနော် . . .။ ရောင်းသင့်ရင် ရောင်းရမှာ . . . ကားလက်မှတ်ဝယ်ထားပြီး . . . မန္တလေးရောက်ထိ ထွက်ပြေးကြမယ် . . . "

အဲလိုနဲ့ . . . ဆွဲကြိုးနဲ့ စိန်လော့ကတ်ဟာ ထိုက်ဇော် ဆီပါသွားခဲ့ပါတယ်။ ကားမထွက်ခင် အချိန်လေးမှာတော့ ရှင်းကျော့ တို့ရှိရာ ရောက်လာခဲ့တဲ့သူက မီပါဘဲ။

" ဒေါ်ကြီးစောရယ် . . . မီကြောင့် ရှင်းကျော့ဟာ အပျိုဆိုတဲ့ဘဝမပျက်ခဲ့တာပါ. . . ဒါပေမယ့် ယောကျ်ား တစ်ယောက်နောက်ကို ခဏလေးလိုက်သွားခဲ့မိတဲ့ အမည်း စက်ကတော့ ဘယ်လိုမှ မဖျက်နိုင်တော့ပါဘူး . . . အဲသည့် နောက်ပိုင်းမှာ . . . မီဘယ်လို နှိပ်စက်နှိပ်စက် ဘဝမပျက်

အောင် လာခေါ်ပေးခဲ့တဲ့ ကျေးဇူးကိုထောက်ထားပြီး သည်းခံခဲ့တာပါ . . . "

" အင်း . . . မိလဲမှားတုံးကမှားခဲ့တာဘဲ ဦးသန့်စင်ကို မယူချင်ဘဲ ယူခဲ့ရတဲ့အမုန်းကို ရှင်းကျော့ဆီပုံပြီး နှိပ်စက်ခဲ့တာကို: . . . ဆယ်ကျော်သက်အရွယ်မှာ နှိပ်စက်လွန်းတဲ့နေရာက လွတ်မြောက်ဖို့ကလွဲပြီး ဘာမှ မတွေးတတ်တာလဲ ရှင်းကျော့ရဲ့ ကလေးစိတ်ကိုလည်း အပစ်ပြောမရပါဘူးကွယ်"

" ဒေါ်ကြီးစောတို့အပစ်မယူပေမယ့် . . . သူများအမြင်မှာတော့ ရှင်းကျော့ဟာ ထိုက်ဇော်နောက်ကို လိုက်သွားခဲ့ဘူးပါပြီ . . . "

မျက်ရည်ကတော့ ဘယ်တော့မှခမ်းတော့မည်မထင်။ ချစ်သောကိုဆင့်နဲ့လည်း ထာဝရပေးပါပြီ။

ကိုဆင့်ရင်ထဲမှာလည်း ရှင်းကျော့ဆိုတာ တန်ဖိုးမဲ့သောမိန်းကလေးတယောက်အဖြစ် . . . ရွံရှာနေလောက်ပါပြီလေ။

" ကဲပါ မငိုပါနဲ့ကလေးရယ် . . . မောင်ညီညီလှိုင်ကလည်း သည်အကြောင်းတွေ အားလုံးသိပြီးခွင့်လွှတ်ပြီးခဲ့ပြီဘဲ သမီးရဲ့ ရှေ့ရေးအားလုံးဟာ အဆင်ပြေ ချောမွေ့သွားမှာပါ. . . သမီးရဲ့ သားသမီးတွေကြရင်သာ အဖေအမေရဲ့ မေတ္တာအပြည့် အဝနဲ့ ဆုံးမသင့်တာတွေဆုံးမ ကိုယ်ဖြစ်တဲ့ အဖြစ်အပျက်တွေနဲ့ ယှဉ်ပြီးအမှားတွေမမှား ရအောင်

ဆုံးမပေါ့. . . မောင်ညီက စိတ်သဘောထား ပြည့်ဝပါတယ်. . . ”

ကိုညီနှင့် ဘဝခရီးကိုလျှောက်ရမှာက သာယာပျော်ရွှင်မယ်ဆိုပါတယ် ဦးနှောက်နှင့်ယှဉ်သော အိမ်ထောင်ရေးတခုဘဲ မဟုတ်လား။ နှလုံးသားကတော့ ကိုဆင့်ဆီမှာ ကျန်ရစ်ခဲ့မှာပါ။

“ မောင်ညီကပြောပါတယ်။ ရှင်းကျော့စိတ်ချမ်းသာဖို့က အဓိကပါဘဲတဲ့ . . . ရှင်းကျော့ဘဝလေးဟာ အမြဲစိတ်ထိခိုက်ခဲ့ရတဲ့ နှစ်များပါပြီ . . . ရှင်းကျော့စိတ်ချမ်းသာဖို့ကို သူတတ်နိုင်သ၍ ကြိုးစားမယ်လို့ ပြောပါတယ်”

သည်စကားကြားရလို့ ကျေးဇူးတင်ဝမ်းသာမိပါတယ်။ ကိုညီ့အပေါ်မှာအချစ်ဆိုတာ မရှိပေမယ့် ရှင်းကျော့အပေါ် ညှာတာပေးသူတယောက်အနေနဲ့တော့ ခင်မင်မိပါတယ်. . . ။

ကိုဆင့်ကိုချစ်မိတဲ့ အချစ်နဲ့တော့သည်တသက် ဘယ်သူ့ကိုမှ ချစ်နိုင်တော့မည်မထင်ပါ။၏

❀ ❀ ❀

ခန္ဓာကိုယ်တခုလုံးကလည်း နာကျင်ပင်ပန်းနေပါတယ်။

စိတ်ရောလူပါ ပုံးပုံးလဲကျသွားသလိုပါဘဲ. . . ။ မိုးရွာကြီးထဲမှာ ပြန်လာခဲ့မိတယ်။ ဘာကိုမှမမြင်နိုင်တော့ လောက်အောင် စိတ်မှာခံစားရတာပေါ့။ အိမ်ပြန်ရောက်

တော့နေမကောင်းဖြစ်နေပြီဆိုတာ ကိုယ့်ကိုယ်ကိုသိတယ်။

ထိုက်ဇော်တဲ့

ထိုက်ဇော်တဲ့ဆိုတဲ့ မီ့အသံကိုဘဲ နားစည်မှာ ပြန်ကြားနေမိတယ်. . . ။

မဖြစ်နိုင်ဘူးလား။

သိပ်ဖြစ်နိုင်ပါတယ်။

ထိုက်ဇော်ကို မြင်ရင် ကိုယ့်အသက်ကိုတောင် မနမျောနိုင်တော့လောက်အောင် ကြောက်ရွံ့ထိတ်လန့်တုန်လှုပ်စွာ ထွက်ပြေး တိမ်းရှောင်တတ်တဲ့ ရှင်းကျော့ရဲ့ပုံသဏ္ဌာန်လေးတွေက တိကျတဲ့ အဖြေဘဲမဟုတ်လား . . . ။

ရှင်းကျော့

ထိုက်ဇော်နောက်ကို လိုက်သွားဘူးသတဲ့။

စိတ်မှာနာကျင်ခြင်းဖြစ်ရတာ ဝန်ခံရမယ်ဆိုပေမယ့် အချစ်ဆိုတာ အပစ်တခုကြောင့်ရော ပျောက်ပျက်နိုင်ပါသလား. . . ။

နှလုံးသည်းပွတ်မှာ နာကျင်နမျောမိခြင်းက တပိုင်း ချစ်နေခြင်းကတပိုင်းပါဘဲလေ။

ငါဘာလုပ်ရမလဲဆိုတဲ့ အတွေးစကိုဘဲ ထပ်ခါတလဲလဲ အဖြေရှာနေမိပါတယ်။ ရှင်းကျော့ကို စွန့်လွှတ်လိုက်ရတော့မလား. . . ။ ဦးနှောက်တခုလုံးလည်း နောက်ကျိရှုပ်ထွေး

နေပါရော . . .။
" ကိုဆင့် နေမကောင်းဘူးလား ကျွန်တော်လဲ ကောင်းရောကို ဆင့်လဲပြီထင်တယ် . . . ဆေးခန်း သွားရအောင်လာ . . . "
" ဆေးသောက်ထားပါတယ် ကိုဟန် ကျွန်တော် ခဏအိပ်လိုက်ရင်ပျောက်မှာပါ . . . "
ဘာဆေးမှမသောက်ပါဘဲ ညာပြီး အိပ်ယာထဲ ခွေနေမိတယ်။ ကိုဟန်ကတော့ အဟုတ်မှတ်သွားပုံရပါတယ်။ ဘယ်မှလဲ မသွားချင်အောင်ပါဘဲ။ ရင်ထဲမှာလည်း တင်းကြပ် ပြည့်သိပ်နေတာပါလား. . .။ တယောက်ယောက်ကို ဖွင့်ပြော ပြချင်တယ်။ ဘယ်လိုအကြံဉာဏ်တွေရောပေးနိုင်မလည်း. . .။
" ကိုဟန် "
" ဗျာ . . . ကိုဆင့်ဘာယူမလဲ ကော်ဖီသောက်မလား"
" မဟုတ်ပါဘူး. . . . "
" ကိုဆင့်ရှိုးရိုးဖျားတာရောဟုတ်ရဲ့လား . . . "
" မိုးမိသွားလို့ပါ . . . မိုးတွေထဲ ပြန်လာခဲ့မိတယ် စိတ်အနှောက်အယှက်ဖြစ်နေလို့ပါ . . . ကိုဟန် . . . ကျွန်တော် မယုံကြည်နိုင်အောင်ဘဲ . . . ရှင်းကျော့ဟာ ငယ်ငယ်ကလူတယောက်နောက်ကို လိုက်သွားခဲ့ဘူးတယ်တဲ့ အဲသည့်စကားကို ကြားကြားခြင်း ကျွန်တော်ထူပူပြီး ဘာဖြစ်လို့

ဖြစ်သွားမှန်းကိုမသိ အောင်ပါဘဲ. . . "

" သေချာလို့လား ကိုဆင့်ရဲ့ တချို့ကစိတ်ပျက်သွားမလားဆို အပြောမျိုးရော မဖြစ်နိုင်ဘူးလား . . . "

" မဖြစ်နိုင်ဘူး သေချာတယ်လို့ကျွန်တော်သိနေတယ်"

" ကိုဟန့်ကိုပါ အပူတွေကူးစက်နေပြီလား သူလည်းတွေဝေစဉ်းစားသွားပုံရတယ် "

" ကိုဆင့် သိပ်စဉ်းစားစရာမလိုပါဘူး အဓိကနှစ်ချက်ဘဲရှိတယ် တစ်ချက်က အဲသည့် အပစ်ကို ကိုဆင့်ခွင့်မလွှတ်နိုင်ဘူးဆို နောက်ဆုတ်လိုက်ယုံပေါ့ . . . ကိုဆင့်တို့ချစ်သူအဆင့်တောင် မရသေးဘူးနောက်ဆုတ်လို့ အလွယ်လေးဒုတိယအချက်ကတော့ ခွင့်လွှတ်နိုင်တယ်ဆိုရင်တော့ . . . ရှေ့ဆက်လိုက်ပေါ့ ရှေ့ဆက်နိုင်မယ့် နည်းစဉ်းစားပေါ့ . . . ကိုဆင့်အဲသည့် နှစ်ချက်ကို တိတိကျကျအဖြေရအောင် စဉ်းစားဖို့လိုတယ် . . . သည်အပစ်အမည်းစက်ဟာ ကိုဆင့်တို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးမှာ သေရာပါမှာနော် . . . "

ကိုဟန်ပြောတဲ့စကားတွေဟာ မှန်ကန်နည်းလမ်းကျပါတယ်။ခုချိန်မှာတော့ ဘာကိုမှ မတွေးနိုင်လောက်အောင် . . . ရှုပ်ထွေး နေသလိုပါဘဲ။ စိတ်ရောလူပါ ပင်ပန်းနွမ်းနယ်လွန်းနေပါတယ်။

" ကိုဆင့် နေမကောင်းနေတုံးမှာ ဘာမှမတွေးပါနဲ့

. . . အနားယူလိုက် နေကောင်းတော့ ဦးနှောက်က အစလန်းဆန်းလာရင် အဖြေကတိတိကျကျရသွားမှာပါ . . . ကျွန်တော်ကိစ္စလေးတခုရှိလို့ အပြင်သွားဦးမယ်"

ကိုဟန်ထွက်သွားတော့ အခမ်းကပြန်တိတ်ဆိတ်သွားပြန်ပါတယ် . . .။ အတွေးတွေကို ခေါင်းထဲက ထုတ်ပစ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး . . .။

ခုနေမှာလုံးဝအိပ်ပျော်သွားမယ်ဆိုရင်တောင် အိမ်မက်တွေအဖြစ် ရှုပ်ထွေးစွာ ရောက်ရှိလာဦးမှာပါဘဲ . . .

ကိုဟန်ပြောတဲ့ ခွင့်လွှတ်နိုင်လား ရှေ့ဆက်၏

ခွင့်မလွှတ်နိုင်ဘူးလား နောက်ဆုတ်ဆိုတဲ့ အချက်ကလေးနှစ်ချက်ဟာ မှန်နေပါလျှက် စဉ်းစားမရ တွေဝေနေဆဲပါ။

" ကိုဆင့် ဖုန်းလာနေတယ် "

" ကိုတင်အောင်လား . . . ကျွန်တော် ဖျားနေလို့ပါ ဘယ်သူလဲလို့မေးပေး . . . "

ခဏနေတော့လာပြန်ပြောပါတယ်။

" ခင်းမျှားညီမ ယုဝေတဲ့ ဖျားနေတယ်ဆိုသူလာခဲ့ မ[illegible]ဆို ဖုန်းချသွားတယ် "

ပြဿနာဘဲ။

နေမကောင်း စိတ်မကောင်းရတဲ့အထဲမှာအဲသည့်

ပူညံပူညံကလာဦးမယ်။ သည်မှာဘာတွေဖြစ်နေတယ် မသိပါဘဲ။ ဆေးခန်း အတင်းခေါ်ချင်ခေါ်မှာ. . .။

စိတ်ပျက်စရာဘဲ၊ ထွက်ပြေးစရာနေရာလဲမရှိ။ ရှောင်နေလို့လည်းမကောင်း။ ယုဝေလာမယ့်အချိန်ဘဲ စိတ်ပျက်လက်ပျက် စောင့်ရဦးမှာ။

❀ ❀ ❀

ခဲလေးလုံးပစ်ကျသွားပြီးတဲ့နောက်မှာ ရေကတော့ ဂယက်ဝိုင်းလေးတွေနှင့် လှုပ်ရှားသွားတာပါဘဲ။ အဲသည့် ဂယက်ဝိုင်း လေးတွေကတော့ ခဏနှင့်ပြန်လည် ငြိမ်သက် သွားပါတယ်။ ဘဝမှာ ဆုံးရှုံးခဲ့တဲ့ ဂယက်တွေကတော့ ခုလောက်မြန်မြန် မငြိမ်သက်ပါဘူး။

ရှင်းကျော် သေဆုံးသည်တိုင် လိုက်ပါထိခိုက် နေဦးမှာပါဘဲ။

အဲလိုမျိုးခံစားရတယ်လို့ အနားမှာထိုင်နေတဲ့ ကိုညီ့ကို ပြောပြမိပါတယ်။ ကိုညီကပြုံးရင်း ပြောပါတယ်။

" သည်အကြောင်းကိုချည်း ရှင်းကျော်ကအမှတ်ရ နေတာကိုး . . . ပြီးခဲ့တဲ့ အတိတ်ဆိုတာ ပြန်ပြင်လို့မရဘူး . . . မေ့ထားမှပေါ့ . . . အဲသည့်အကြောင်းမှာ ရှင်းကျော် ဘာမှမှ မဖြစ်ခဲ့ဘဲ . . . မီအချိန်မီ လာခေါ်ခဲ့တာဘဲ"

" ဒါက လူတိုင်းမသိဘူးလေ ... မသိတော့ ရှင်းကျော့ကို ရွံ့ရှာမုန်းတီးသွားမှာမျိုး ... "

ကိုဆင့်နှင့် မပေါင်းရရင်နေပါ။ ကိုဆင့်စိတ်မှာ ရှင်းကျော့ကို ရွံရှာပြီးစိတ်ပျက်သွားမှာမျိုးကိုတွေ့ပြီး ထိခိုက်နေမိသလိုပါဘဲ။ ကိုညီက ရှင်းကျော့ကိုကြည့်နေတယ်။

" ထားမိတဲ့ ချစ်ခြင်းမေတ္တာရဲ့ အတိုင်းအတာ နက်ရှိုင်းမှုတွေ များရင်များသလိုရှိခဲ့တဲ့ အပစ်ဟာ သေးငယ်ပျောက်ကွယ် တတ်တာဘဲ ... စိတ်ဆိုတာ အပစ်ကို အချစ်နဲ့ဖုံးရင် အပစ်ကကွယ်ပျောက်သွားတတ်တာဘဲ ... အချစ်နည်းရင်တော့ အပစ်က ပိုကြီးလာတတ်တယ် ... "

" အချစ်နည်းရင်တော့ အပစ်က ပိုကြီးလာတတ်တယ်တဲ့လား ... "

ကိုဆင့်ရယ် ... အဲလိုသာဆိုရင်တော့ ရှင်းကျော့ရဲ့ အပစ်ဟာ ကိုဆင့်အတွက် ပိုကြီးမားလာမလား သေးငယ်ပျောက်ကွယ် သွားမလား ရှင်းကျော့သိချင်ပါဘိ။

" ကိုညီရော ... မီကရှင်းကျော့ အကြောင်းပြောပြတော့ ဘယ်လိုခံစားရသလည်း ... "

" ဒါမျိုးတွေက ဖြစ်တတ်တာဘဲ ရှင်းကျော့ရယ် ... အသိဉာဏ်က မပြည့်သေးတာ ... နှိပ်စက်နေပြီး စိတ်ညစ်ညူး နေတဲ့အိမ်က ခွာဖို့အလွယ်ကူဆုံး ထွက်ပေါက်

တခုကို ရှာဟတ်ကြတာဘဲလေ . . . အပစ်ပြောလို့မရပါဘူး ဘာမှမဖြစ်ခဲ့ဘူးဆိုတော့ တော်ပါသေးတယ် . . ."

" ဖြစ်တယ်ဆိုရင် ကိုညီဘယ်လိုဆုံးဖြတ်မလဲ . . ."

" ရှင်းကျော့သာ ထိုက်ဇော်နဲ့ တကယ်လက်ထပ်ခဲ့မယ်ဆို ကိုယ်ဘယ်လက်ခံမလဲ "

" ဟာင် "

" ရှင်းကျော့ လူဆိုတာ အတ္တရှိတယ် ကိုယ်ပန်ရမယ့်ပန်းတပွင့်ဟာ အလှဆုံးအဖြူစင်ဆုံးဘဲ ဖြစ်စေချင်ကြတယ်။ ဒါဟာ လူ့သဘာဝဘဲ ဒါပေမယ့် ခုနကပြောသလို အချစ်များရင် အပစ်ကပျောက်သွားလေ . . . ရှင်းကျော့ကို ကိုညီကချစ်တာမှမဟုတ်ဘဲ မိုးကြောင့်ခင်မင်တာစာနာတာဘဲရှိတာ အချစ်မရှိရင် အပစ်ကကြီးမှာပေါ့ ဒါဆို ဘယ်ယူပါ့မလဲ . . ."

အဲလိုတော့လည်း ဟုတ်နေပြန်ပါရောလား . . .။

ကိုညီကတော့ ဘာမှတွေးမနေနဲ့ ရှင်းကျော့လဲ ဖြူစင်ဆဲပန်းကလေးဘဲ ကိုညီကလဲ လက်ထပ်မှာဘဲ။ ဘဝတသက်လုံးအတွက်လည်း စာနာချစ်ခင်စွာ ပေါင်းသင်းမှာဘဲ။ ခေါင်းထဲကို ဘာမှ ထည့်တွေးမနေနဲ့ . . .။ နောက်ကြောင်းတွေစဉ်းစားပြီးလဲ စိတ်ညစ်စရာမရှိဘူး . . .။ ပျော်ရွှင်သာယာသော အနာဂါတ် ဘဝတခုကို ကိုညီကရှင်းကျော့ကို ပေးမယ်တဲ့လေ . . .။

သာယာပျော်ရွှင်သော အနာဂါတ်မှာ . . . အချစ်

ကွယ်ပျောက်နေခဲ့ရင် . . . ဘယ်လောက်ထိပျော်ရွှင်ချမ်းမြေ့မှာတဲ့လည်း. . .။

" မီကတော့ ရှင်းကျော့နဲ့ကိုညီ လက်ထပ်ပြီးရင်လည်း သည်အိမ်မှာဘဲလာနေပါတဲ့ . . . သူသေဆုံးသည့် အချိန်တိုင်အောင် ကိုညီတို့နဲ့ အတူနေချင်တယ်လို့ ပြောပါတယ် . . . "

ရှင်းကျော့ဟာ . . . ချစ်သူမဟုတ်သော ယောကျ်ားတယောက်ကို လက်ထပ်ရတော့မည်တဲ့. . .။

ကိုဆင့်နှင့်အပြီးတိုင်ဝေးပြီလို့ တွေးရရင် . . . ရင်ထဲကကြေကွဲဝမ်းနည်းခြင်းဟာ ဘယ်အချိန်တိုင်ထိခိုက် ခံစားနေရလေမည်လည်း . . .။

ကိုညီကတော့ လက်ထပ်ဖို့ အစီအစဉ်တွေပြောပြနေလေရဲ့ . . .။

ရှင်းကျော့အတွက်ကတော့ လက်ထပ်တယ် ဆိုတာ. . . ကိုဆင့်နှင့် အပြီးတိုင် ဝေးကွာခြင်းပါလားလို့သာ ထိခိုက်စွာ တွေးနေမိပါတယ်. . .။

" ရှင်းကျော့ရဲ့ ဆွဲကြိုးနဲ့ လော့ကတ်ပြန်ရတာ ဝမ်းသာရဲ့လား "

" အမွေပစ္စည်းဘဲကိုညီရယ် . . . ဝမ်းသာတာပေါ့ ရှင်းကျော့မိုက်မဲလို့ ဆုံးရှုံးခဲ့တဲ့ ပစ္စည်းဟာ ရှင်းကျော့ဆီ ပြန်ရောက်လာတာ ပြောစရာမရှိအောင် ဝမ်းသာပါတယ်. . . ကိုညီတော့ ပိုက်ဆံကုန်သွားတာပေါ့ . . . "

ရန်ပိုင်ဦးစာပေ

" မီပေးတာပါ "

" ဟင် မီပေးတာ "

" ဟုတ်တယ် မီက ရှင်းကျော့အတွက် မင်္ဂလာလက်ဖွဲ့အဖြစ် ပေးတာလို့ပြောတယ် . . . "

ခုလိုကြုပြန်တော့လည်း မို့စေတနာကိုနောက်ထပ်ကျေးဇူးတင်ရဦးတော့မှာပါဘဲလေ။ မီကြောင့် ဘဝတခုလုံးမပျက်ခဲ့ရတဲ့အတွက် မီနှိပ်စက်သမျှ ခေါင်းငုံ့ခံမယ်လို့ စဉ်းစားခဲ့ပြီးသားပါ. . .။

ဒါကြောင့်လည်း နှလုံးသည်းပွတ်တခုလုံး အဆုံးခံပြီးတော့ မို့စကားကို နားထောင်ပေးခဲ့ပြီဘဲ။ ရှင်းကျော့ဖြေချင်တဲ့စကားတွေက ကိုဆင့်ကိုသိပ်ချစ်တယ်ဆိုတာပါဘဲ။

❋ ❋ ❋

လေးလေးသိန်း လက်ကိုက်တယ်ဆိုလို့ အန်တီဝေဆေးလူးပေးနေတာကို ကျွန်တော်ကြည့်နေမိပါတယ်။ အချစ်ဆိုတာ အပစ်တခုအပေါ် ခွင့်လွှတ်နိုင်စွမ်း အားအပြည့်ရှိတယ်လို့ ကျွန်တော်ခံစားလို့ရနေပြန်ပါတယ်. . .။ ရှင်းကျော့ကိုချစ်တယ် မခွဲနိုင်ဘူးဆိုတဲ့ ခံစားချက်ဟာရှုပ်ထွေးနေတဲ့ဦးနှောက်တွေကြားမှာ လှည့်ပတ်လှုပ်ရှားနေခြင်းအားဖြင့်စဉ်းစားနိုင်စွမ်းအားတွေ အတော်ကြည်လင်လာခဲ့ပါတယ်။

" ဝေ . . . ကိုဆင့်အတွက် ဆန်ပြုတ်ပြုတ်ထားရဲ့လား"

ကိုကိုဖျားနေတယ် မရဘူးအိမ်လိုက်ခဲ့ဆို ယုဝေဆွဲခေါ်လာလို့ သည်အိမ်ကိုပါလာခဲ့တယ်လေ။

" ပြုပ်ထားပါတယ် "

" ကိုဆင့် . . . မိုးသိပ်ရွာတယ် . . . နွေးနွေးထွေးထွေးနေနော် . . . မင်းကယောက်ထဲနေတာ စားဝတ်နေရေးလေးသိန်း စိတ်မချဘူး . . . မင်းမှာချစ်သူရှိရင်လဲ မြန်မြန်အိမ်ထောင်ပြုလိုက်ပါ . . . "

လေးလေးသိန်းစကားကြောင့် ပြုံးမိတယ် ချစ်သူတဲ့ ။

ကိုဆင့်ကို မချစ်ဘူးဆိုတဲ့ စကားကို အမှတ်ရတဲ့အခါရင်မှာ နာကျင်ရပါတယ်။

ရှင်းကျော့က ချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေရင်မှာထိခိုက်ရတာက မိုစကားတွေလည်းပါပါတယ်။ ရှင်းကျော့ရေမိုးဆင့်ဝေရဲ့ အတွေးတွေမှားနေပြီထင်တယ် . . . ဘာလို့လက်လျှော့ချင်တဲ့စိတ် မရှိရတာလည်း . . . ။

ရင်ထဲမှာတော့ မ သိနားမလည်ခင်က အမှားမှို့ခွင့်လွှတ်နိုင်ပါတယ်လို့ ထပ်ခါတလဲလဲရွတ်နေမိပြန်ပါတယ်။

သိုးကလေးရဲ့ ကြောက်ရွံ့ထိတ်လန့်နေတဲ့ ခံစားမှုလေးဟာ အပစ်ကင်းစင်ပါတယ်။ အပစ်တွေပြုလုပ်ခဲ့ဘူးတယ်ဆိုလည်း . . . အဲသည့်အပစ်ရဲ့ ဒါဏ်ရာတွေကို သိပ်ကြောက်နေရှာသူလို့ စာနာခံစားနေမိပြန်ပါတယ်။

❀ ရန်ပိုင်ဦးစာပေ ❀

ငါ့မှာ တိကျတဲ့ အဖြေရှိနေတာဘဲ ငါ့ဘာလို့အချိန်တွေ အကုန်ခံစောင့်နေရမှာလည်း . . . ။ အနည်းငယ် နေမကောင်း နေတာနဲ့ဘဲ ချစ်သူကိုလက်လွှတ်ခံဖို့ အချိန်တွေ ဖြုန်းနေသလို ဖြစ်ရင်ကော . . . ။

ရှင်းကျော့

အချစ်ဟာ ထူးဆန်းစွာ ကိုယ့်ကို ရဲဝံ့နေစေပါရောလား။

" ကိုကို ဒါကဘယ်လဲ "

" ငါ့အရေးကြီးတဲ့ကိစ္စတခု မေ့နေလို့ပါ ချက်ခြင်း ပြန်လာပါမယ် "

" ဖျားနေတာကို မိုးရွာကြီးထဲ သွားဦးမလို့လား . . . သွားတိုင်မယ် "

လေးလေးသိန်းနဲ့ သွားတိုင်ပြန်ပြီ။

သည်ကောင်မလေးကတမျိုး။

ရှင်းကျော့ဆီ သွားမလို့ပါဆိုရင် ဘယ်လောက်များ ပြောလိုက်လေမလည်း . . . ။

" သား အလုပ်အရေးကြီးရင် ကားယူသွားလေ "

လေးလေးသိန်းကတော့ နားလည်ပါတယ်။ ရောက်အောင် တော့သွားရမှာပါဘဲ။ ဒါကြောင့် ကားယူလာခဲ့တယ် သည်း လွန်းတဲ့ မိုးပါဘဲ . . . ။ ဂျာကင်ထူထူဝတ်ထားပေမယ့် နေမကောင်းနေတဲ့ အရှိန်ကြောင့်လား အေးစိမ့်နေသလို

ခံစားရတယ်။

မီ ဘာပြောသလဲ . . .

သည်တခါမှ ပြောမရရင်ကော . . . ။

မချစ်ဘူးလို့ ပြောရင် . . . နောက်တချီခံစားထိခိုက်ရဦးမလား. . . ။

ကားရပ်လိုက်တယ် . . . ။

အချစ်က ရင်ဆိုင်ရဲဝံ့နိုင်ဖို့ အကောင်းဆုံး အားပေးဖော်ပါဘဲလေ . . . ။

တံခါးဘဲလ်နှိပ်လိုက်တဲ့အခါမှာ အံ့ဩဖွယ်က တံခါးလာဖွင့်ပေးသူဟာ ကိုညီညီလှိုင်ဆိုသူများလား။

" မီရှိလား"

" ဘယ်သူလို့ ပြောရမလဲ ဝင်ထိုင်လိုက်ပါ "

" မိုးဆင့်ဝေပါ "

" မိုးဆင့်ဝေ . . . ဟုတ်ပြီလေ . . . "

ထိုင်ဆိုပေမယ့် မထိုင်မိဘူး . . . ။ ညှော်ခမ်းမှာပေပြီးရပ်နေမိတယ်။ သည်အခိုက် ခမ်းဆီးရဲ့အရွှေ့အလျားမှာမြင်လိုက်ရတဲ့ မျက်နှာလေး. . . ။ အံ့ဩလွန်းနေသလို . . . မိုးဆင့်ဝေကိုလည်း ကြည့်နေလိုက်တာ။ ရှင်းကျော့ရယ်မင်းကိုမစွန့်လွှတ်နိုင် ခြင်းက ကိုယ့်ကိုရဲဝံ့စေတယ်။

" မိုးဆင့်ဝေပါလား မင်းကိုမီ စကားကုန်ပြောပြီး

ပြီလေ. . . "

" ရပါတယ် မီ . . . ရှင်းကျော့နားမလည်ခင် မှားခဲ့တဲ့ အမှားဘဲ . . . အပစ်လို့ ပြောလို့မရပါဘူး . . . ကျွန်တော် အဖြေကိုထပ်ခါတလဲ စဉ်းစားခဲ့တယ်။ ဘယ်လိုဘဲစဉ်းစား စဉ်းစား . . . ချစ်တယ်ဆိုတဲ့ အဖြေဘဲရတယ် . . . ရှင်းကျော့ကို လပ်ထပ်ခွင့်ပြုပါ . . . "

" မင်းကိုရှင်းကျော့ကမှ မချစ်တာ . . . "

" မီ . . . ရှင်းနေရတာ စကားများပါတယ် အလကား ရှုပ်နေတာဘဲ . . . ပြောလို့လည်းနားမလည်နိုင်ဘူး . . . ခင်ဗျား ယောကျ်ားမဟုတ်လား မိုးဆင့်ဝေ ခင်များကိုမချစ် ပါဘူးလို့ပြောတဲ့ မိန်းမကို မရအရလိုက်တောင်းနေတော့ . . . အဓိပ္ပါယ်မရှိဘူး . . . မီ မောနေမယ် အထဲဝင် သည်ပြဿနာ အတွက် ကျွန်တော် ရှင်းလိုက်မယ် "

" ကိုညီကလဲ . . . ကဲ မိုးဆင့်ဝေမင်းပြန်တော့ "

" ကျွန်တော်ပြောတာ မီနားထောင်ပါဦး "

" နားထောင်စရာမရှိတော့ဘူး . . . "

" မီ . . . ရှင်းကျော့ကို ကျွန်တော် တကယ်ချစ်တာပါ"

" ဟာ သည်လူရှုပ်နေတာဘဲ "

စိတ်မှာမထင်လိုက်ဘူး ။ ကိုညီညီလှိုင်ဆိုတဲ့လူ သည်လောက် ရိုင်းမယ်မထင်ဘူးလေ စကားဘဲပြောမယ် ထင်တာ . . . ကျွန်တော်ပုခုံးစွန်းကို လက်ဝါးနှင့်ပြင်းစွာ

တွန်းထည့်လိုက်ပြီသိရတယ်။ နေမကောင်းနေလို့ ခေါင်းနောက်နေတာရော မထင်မှတ်တဲ့ အရှိန်ကြောင့်ပါ . . . ယိုင်လဲသွားတယ်လို့သိရပြီး . . . ။

❁ ❁ ❁

ဒုက္ခပါဘဲ . . .

ကိုဆင့်ကို မြင်လိုက်ရတာဟာ ရင်မှာ ခံစားမှုတွေ ပြင်းစွာ လှုပ်ရှားယိမ်းထိုးနေစေပါတယ်။ ကိုဆင့် ရောက်လာပြန်ပါရောလား။ ကိုဆင့်ကိုမတွေ့ရတော့ဘူးလို့ ထင်ထားသမျှ ခုတော့ တွေ့ရတဲ့အခါ အချစ်ကြောင့် ရင်ခုန်နေရခြင်းတွေလဲ ရှိပါတယ်။

အဖြေကို ထပ်ခါတလဲစဉ်းစားတယ်။

ဘယ်လိုစဉ်းစားစဉ်းစား အချစ်ဘဲရှိတယ်တဲ့လား ရှင်းကျော် ကြည်နူးရပါတယ်။

အချစ်တွေများရင် အပစ်ဟာသေးငယ် သွားတယ်တဲ့. . .။ ကိုဆင့်ဆီမှာ ရှင်းကျော်ကိုချစ်တဲ့ အချစ်တွေမှားလို့ပေါ့နော်. . .။

ဟင် . . .

ကိုညီ အဲလောက်ဒေါသကြီးနေရသလား ကိုဆင့်ကို ဒေါသတွေနဲ့ပြောနေပြီး သူတို့ရန်ဖြစ်ကုန်ကြတော့မှာလား ။

ကိုညီ့ ဒေါသကြောင့် ကိုဆင့်တခုခုဖြစ်သွားရင် မဖြစ်ရဘူး . . . မဖြစ်စေရဘူး . . . ။

အမလေး

အဲလိုမလုပ်ပါနဲ့ကိုညီ။

ကိုဆင့်ကိုပြင်းစွာတွန်းထည့်လိုက်တယ် ကိုဆင့်ယိုင်လဲကျသွားပြီတဲ့အခါ ခုန်စွန်းနဲ့တိုက်မိသွားပြီ ထင်ပါရဲ့ . . .

နဖူးစောင်းကနေသွေးတွေစီးကျလာတာ မြင်ရပြီ. . . ။

ရှင်းကျော့စိတ်မှာ အားလုံးဟာလွတ်ထွက်သွားသလို ခံစားရပါတယ်. . . ။

" ကိုဆင့် . . . ကိုဆင့် . . . သွေးတွေပါလား ဖြစ်မှဖြစ်ရလေ ကိုဆင့်ရယ် . . . "

ပါးပြင်ပေါ်ထိ စီးကျနေတဲ့သွေးတွေကို လက်ဖဝါးနုနုနှင့် ဖယ်ရှားပေးနေမိတယ်. . . ။ သိပ်ချစ်တဲ့ကိုဆင့်ရယ် . . . ။ ကိုဆင့်နာကျင်နေရတာတွေဟာ ရှင်းကျော့ပါထပ်တူညီ နာကျင်လာသလို ခံစားနေရပါပြီ။ မျက်ရည်တွေလဲ ကျနေပြီး ကိုဆင့်ကို ဖက်ရင်း ငိုမိတယ်။

" မငိုနဲ့လေရှင်းကျော့ မငိုနဲ့ ကိုဆင့်ဘာမှ မဖြစ်ပါဘူး ဘာမှမဖြစ်ဘူး မနာပါဘူး မငိုနဲ့ . . . တိတ်ပါ. . . "

ဒါဏ်ရာရနေတဲ့လူက ရှိုက်ကြီးတငင်ငိုနေမိတဲ့ ရှင်းကျော့ကို ပြန်ချော့နေရတယ် . . . ။

ကိုဆင့်ကိုချစ်တယ် . . . ။

ကိုဆင့်ကိုမခွဲချင်ဘူး . . . သည်အချိန်ဟာ ရှင်းကျော့တို့ နှစ်ယောက်တွေ့ဆုံခြင်းရဲ့ နောက်ဆုံးအချိန်များလား။ တွေးလေတွေးလေ ဝမ်းနည်းကြေကွဲရလေပါဘဲ။ ကိုညီ လျှောက်လာတာ ရိပ်ခနဲမြင်ရတဲ့အခါမှာ -

ကိုဆင့်ကို နောက်ထပ်ဒါဏ်ရာ ရစေဦးမလားစိတ်ရဲ့ ပူပန်ခြင်းကြောင့်လည်း ။

" ကိုညီ ကိုဆင့်ကိုမလုပ်ပါနဲ့ ရှင်းကျော့ကို ရိုက်ချင် ရိုက်ပါ ကိုဆင့်မှာ အပစ်မရှိပါဘူး . . . ကိုဆင့်ကို မထိပါနဲ့နော်"

ကိုဆင့် ရှေ့ကနေ ကာထားမိတယ် ။

ချစ်သူရဲ့ နာကျင်မှုဟာ ကျွန်မရဲ့နာကျင်မှုပါဘဲ။

ချစ်သူဒါဏ်ရာဟာ ကျွန်မဒါဏ်ရာပါ. . . ။

ချစ်သူဟာ ကျွန်မအတွက် ထပ်တူညီ ချစ်ရတဲ့ ချစ်သူပါ. . . ။

" မီ . . . ကိုညီပြန်လို့ရပြီနော် . . . "

ကိုညီလှည့်ထွက်သွားပါပြီ မီကလက်နှင့်တွန်းပြီး ကုလားထိုင်ကို မလှမ်းမကမ်းဆီ ရောက်လာစေခဲ့တယ်။

" မီ့ ချစ်သူနဲ့ဝေးရထဲက ချစ်သူတွေကိုဆိုပေါင်းဖက်စေချင်တဲ့ ဆန္ဒမီ့မှာအရှိဆုံးပါ . . . ရှင်းကျော့ကို မီ ထပ်မေးမယ် . . . မိုးဆင့်ဝေကို ချစ်သလား . . . "

❀ ရန်ပိုင်ဦးစာပေ ❀

ကိုဆင့်

ကိုဆင့်ကို ရှင်းကျော့ချစ်ပါတယ်. . .။

" မင်းစိတ်မှာ မိုးဆင်းဝေပေါ် ဘယ်လိုရှိတယ်ဆိုတာ မီသိခဲ့တာ ကြာပါပြီ . . . ဒါပေမယ့် ရှင်းကျော့အပေါ် မိုးဆင့်ဝေက တကယ်ချစ်မချစ်လဲ သိချင်တယ်လေ . . . အချစ် ရှိမှသာ အပစ်ဆိုတာ ပျောက်ပျက်နိုင်တာမဟုတ်လား . . . မိုးဆင့်ဝေသိအောင် ပြောရဦးမယ် ရှင်းကျော့ဟာ ထိုက်ဇော်နဲ့လိုက်သွားခဲ့ပေမယ့် မီကအချိန်မီ ပြန်ခေါ်ခဲ့ နိုင်ပါတယ်။ သည်လိုအပစ်တွေပြောပြပြီး မင်းကို စိတ်ပျက်စေ ပေမယ့် မင်းစိတ်မပျက်ခဲ့ဘဲ ရှင်းကျော့ တကယ်ချစ်ခဲ့တယ် ဆိုတာ မီသိပြီ တကယ်ဆိုမင်းကသာ ရှင်းကျော့ကို တကယ် မချစ်ခဲ့ရင်တော့ ကိုညီနဲ့လက်ထပ်ပေးမလို့ပါ ခုတော့မီ စိတ်ချပါပြီ . . . "

အချစ်ကို ရှင်းကျော့ရခဲ့ပြီ . . .။

တကယ်ပါ။

အရာအားလုံးဟာ ကျွန်မဘေးမှာ ကိုဆင့်ရှိနေခြင်းဖြင့် ပြီးပြည့်စုံသွားသလိုခံစားရပါတယ်။ အပြင်မှာတော့ မိုးတွေသည်း နေဆဲပါ. . .။

ရွာလွန်းတဲ့မိုးတွေကို ခုတော့လည်း ရှင်းကျော့

ကြောက်ရွံ့တတ်ခြင်း မရှိတော့ပြန်ဘူးလေ. . .။

" ရှင်းကျော့ကို သေတပန်သက်တဆုံး ချစ်မယ် "

" ယုံပါတယ် ကိုဆင့်ရယ် . . . အပစ်တွေရှိပါတယ် ဆိုတာတောင် အချစ်နဲ့ ပယ်ဖျက်ပေးထဲက ကိုဆင့်အချစ်ကြီးမားတယ် ဆိုတာ . . . သိပါပြီ . . . "

❀ ❀ ❀

အုံ့ညြဖွယ်ရာဘဲ ။

ဒါဟာဇွဲဆုလား အချစ်ကြီးမားခြင်းရဲ့ ရလာဒ်လား ချစ်သူရဲ့ အချစ်ကိုလဲရခဲ့ပြီ ချစ်သူကို လက်ထပ်ခွင့်လဲရခဲ့ပြီ။ သိုးဖြူကလေးကတော့ ဟိုအရင်လိုကြောက်တတ်ဘဲလား. . .။

ရင်ခွင်မှာ မျက်နှာဝှက်ထားဆဲလေ . . .။

အပြင်မှာတော့ ရွာလွန်းတဲ့မိုးတွေက သည်းသည်း မည်းမည်း။

❀ ❀ ❀

**ခိုင်ဇင်သက်**